NYI SAY
MYANMAR EBOOK CREATOR

နေရီရီစာအုပ်တိုက်

2500

# ဒေါက်တာလွှမ်းဝေ

ဗန်းမော်တင်အောင်






ဒုတိယအကြိမ်

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com

နေရီရီစာအုပ်(၄၉)

# ဒေါက်တာလွမ်းဝေ

မန်းမော်တင်အောင်

ဒုတိယအကြိမ်

PDF_ Yaybawal

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com

| | |
|---|---|
| စာမူခွင့်ပြုချက်အမှတ် | ၅၀၀၁၃၃၀၂၁၀ |
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် | ၅၀၀၆၀၀၀၅၁၀ |
| ပုံနှိပ်ခြင်း | ပထမအကြိမ်၊ ငွေတာရီစာစဉ်(၇)<br>၁၉၆၁၊ ဖေဖော်ဝါရီလ<br>**ဒုတိယအကြိမ်၊ နေရီရီ၊ ၂၀၁၀၊ ဇွန်** |
| ကွန်ပျူတာစာစီ | နေရီရီ |
| မျက်နှာဖုံးဒီဇိုင်း | စုရည်သန့် |
| ကာလာခွဲ | Stars Color-Repro |
| အတွင်းဖလင် | AZ |
| စာအုပ်ချုပ် | စွယ်တော်(၂) |
| မျက်နှာဖုံးနှင့် အတွင်းပုံနှိပ် | ဒေါ်မြင့်မြင့်တင်(မြင့်သီဂီပုံနှိပ်တိုက်)<br>၂၀၈၊ လမ်း (၃၀)၊ ရန်ကုန်မြို့။ |
| ထုတ်ဝေသူ | ဒေါ်နီနီနိုင် (နေရီရီစာအုပ်တိုက်)<br>၂/က၊ အောင်ရတနာလမ်း၊<br>လမ်းမတော်မြို့နယ်၊ ရန်ကုန်။ |
| အုပ်ရေ | ၅၀၀ |
| တန်ဖိုး | ၂၅၀၀ ကျပ် |
| ဖြန့်ချိရေး | နေရီရီစာအုပ်တိုက် |

**တင်အောင်၊ ဗန်းမော်** ၈၉၅. ၈၃
ဒေါက်တာလွှမ်းဝေ /ဗန်းမော်တင်အောင်။ - ရန်ကုန်၊
**နေရီရီစာအုပ်တိုက်၊ ၂-ကြိမ်၊ ၂၀၁၀။**
၁၉၈ စာ၊ ၁၃ X ၁၉. ၈ စင်တီ။
(၁) ဒေါက်တာလွှမ်းဝေ

# မာတိကာ

| | | |
|---|---|---|
| ၁။ | ဟောင်းအိုလှသော ကြေးဝါဆိုင်းဘုတ်တစ်ခု | ၁ |
| ၂။ | ဆေးကု၍ မရသော ရောဂါ | ၉ |
| ၃။ | လူထုဆရာဝန် | ၁၈ |
| ၄။ | ဆွမ်းခံရင်း ငှက်သင့် | ၂၇ |
| ၅။ | အလုပ်လက်မဲ့ ဆရာဝန် | ၄၆ |
| ၆။ | စံပယ်မြိုင် | ၅၇ |
| ၇။ | ဆေးသိပ္ပံဆိုသော အတတ်ပညာ | ၇၀ |
| ၈။ | အာဏာဖီဆန်သော ဆရာဝန် | ၇၈ |
| ၉။ | ငယ်ရွယ်ချောမောသော လူနာရှင် | ၈၇ |
| ၁၀။ | မိသားစုဆရာဝန် | ၁၀၀ |
| ၁၁။ | အိပ်၍ မပျော်သော ဆရာဝန်ကြီး | ၁၁၀ |
| ၁၂။ | ဘူးလေးရာ ဖရုံဆင့် | ၁၂၁ |
| ၁၃။ | သေစေသူနှင့် ရှင်စေသူ | ၁၃၂ |
| ၁၄။ | ဗျာများရလှသော ဆရာဝန်ကြီး | ၁၄၀ |
| ၁၅။ | အသက်များကို ရှင်စေသူ | ၁၄၈ |
| ၁၆။ | လှည်းကျိုးကိုလည်း ဝင်၍ ထမ်းရသော ဆရာဝန်ကြီး | ၁၅၉ |
| ၁၇။ | ပတ်ထမ်းရပြန်သော ဆရာဝန်ကြီး | ၁၇၀ |
| ၁၈။ | အသက်ပေးရသော ဆရာဝန်ကြီး | ၁၈၀ |

# ဟောင်းအိုလှသော ကြေးဝါဆိုင်းဘုတ်တစ်ခု

(၁)

ဒေါက်တာလွမ်းဝေ
အချိန်မရွေး တွေ့နိုင်၊ ခေါ်နိုင်ပါသည်။
တိုင်ပင်ကြေးနှင့် ခြေကြွခများ မရှိပါ။

(၂)

အထက်ပါဆိုင်းဘုတ်၏ အနံသည် ၉ လက်မခန့်မျှ ရှိလျက် အလျားမှာမူ တစ်ပေခွဲခန့်မျှ ရှိလိမ့်မည်ဟူ၍ ခန့်မှန်းရလေသည်။ သို့ရာတွင် ထိုဆိုင်းဘုတ်ကို အပ်နှံပြုလုပ်ရစဉ်ကတည်းကပင်လျှင် နှစ်ရှည်လများ အသုံးပြုနိုင်ရန်နှင့် ခံနိုင်ရည်ရှိစေရန်အတွက် ဆိုင်းဘုတ်ရှင် ဆရာဝန်ကြီး ဦးလွမ်းဝေသည် ၎င်း၏ ဆိုင်းဘုတ်ကို ကြေးဝါဖြင့် စဉ်းစဉ်းစားစား ရွေးချယ် ပြုလုပ်ထားခဲ့ဟန်လည်း ရှိလေသည်။ ဆိုင်းဘုတ်ပြုလုပ်ရာတွင် အခြားအခြားသော ပစ္စည်းများထက် ကြေးဝါသည် ပို၍ ခံနိုင်စွမ်းရည်ရှိသည် မဟုတ်သလော။

နေရီရီ

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



အထက်ပါ ကြေးဝါဆိုင်းဘုတ်၏ သက်တမ်းသည် အချိန်ကာလနှင့် နှစ်ပရိစ္ဆေဒအားဖြင့် မည်၍ မည်မျှ ရှည်လျားကြာမြင့်ခဲ့လေပြီဆိုသည်ကိုမူကား ကာယကံရှင် ဆရာဝန်ကြီးကလွဲ၍ မြန်မာနိုင်ငံတော် ဆေးကောင်စီက သော်လည်းကောင်း၊ ထိုကောင်စီနှင့် ဆက်သွယ်လျက်ရှိသော ပင်လယ်ရပ်ခြား တိုင်းတစ်ပါးမှ ဗြိတိသျှ ဆေးကောင်စီက သော်လည်းကောင်း သိရှိနိုင်ကြလိမ့်မည် မဟုတ်ချေ။ အတိုင်းအဆမရှိသော အချိန်၏ ဖိစီးမှုနှင့် ဆိုးရွားသော ရာသီဥတု၏ ရိုက်ခတ်မှုများကြောင့် ဒေါက်တာလွမ်းဝေ၏ ဆိုင်းဘုတ်သည် များစွာ အိုမင်းကာ ဟောင်းနွမ်းလျက်ပင် ရှိနေချေပြီ။ ကြေးညှိများကို ကြေးချွတ်ဆေးဖြင့် တိုက်ချွတ်ဆေးကြောရဖန် များလှလေပြီဖြစ်၍ ဆိုင်းဘုတ်သည်ပင် ခပ်ပါးပါးမျှသာလျှင် ကျန်ရှိလေတော့သည်။ သို့ရာတွင် ဆရာဝန်ကြီး ဦးလွမ်းဝေသည် ၎င်း၏ ကြေးဝါဆိုင်းဘုတ်ကို အသစ်လဲလှယ်ခြင်းကား မပြုသေးချေ။ များစွာ ဟောင်းနွမ်း အိုမင်း လှလေပြီဖြစ်သော ထိုဆိုင်းဘုတ်ကလေးကို အမြတ်တနိုး ချိတ်ဆွဲထားရှိတုန်းပင် ဖြစ်လေသည်။

မည်သည့်အရာကိုမဆို အပေါ်ယံ လျှပ်လျှပ်ကလေးမျှလောက်သာ ကြည့်တတ် ရှုတတ်ကြသူများသည် ဒေါက်တာလွမ်းဝေ၏ ဟောင်းနွမ်းအိုမင်းလှသော ကြေးဝါဆိုင်းဘုတ်ကလေးကို ခပ်လှမ်းလှမ်းမှ ကြည့်ရှုရင်း၊ ၎င်းတို့အချင်းချင်း လက်တို့ကာ မသိမသာ ပြုံးတတ်ကြသူများသည် အများအားဖြင့် တတ်ယောင်ကားများထဲကသာ ဖြစ်တတ်ကြလေသည်။ ထိုတတ်ယောင်ကားများသည် ဟောင်းနွမ်းလှသော ဆိုင်းဘုတ်ကိုပင် ပြုံးကြလေသလား၊ သို့တည်းမဟုတ် "အချိန်မရွေး တွေ့နိုင်၊ ခေါ်နိုင်ပါသည်၊ တိုင်ပင်ကြေးနှင့် ခြေကြွခများ မရှိပါ" ဆိုသောအချက် ကိုပင် သဘောကျ၍များ ပြုံးကြလေသလား။ အမှန်ဆိုတော့မူ သူတို့ကိုယ်တိုင်သာလျှင် အသိနိုင်ဆုံး ဖြစ်ကြပေတော့သည်။ ထိုတတ်ယောင်ကားများသည် ဆရာဝန်ကြီး ဦးလွမ်းဝေ၏ ဆိုင်းဘုတ်ကို အပေါ်ယံနှင့် ခပ်လှမ်းလှမ်းမှနေ၍ ကြည့်ကာ ၎င်းတို့ ထမင်းကို ၎င်းတို့ ဘာသာစားရင်း ဒေါက်တာလွမ်းဝေနှင့် ပတ်သက်၍ အမျိုးမျိုးသော ထင်မြင်ချက်များကိုလည်း စေတနာ့ဝန် ထမ်းပေးတတ်ကြသေးသည်။ သို့ရာတွင် ထိုသူများသည် ဆရာဝန်ကြီး ဦးလွမ်းဝေနှင့် တစ်ကြိမ်တစ်ခါမျှ ဆက်ဆံဖူးကြသူများတော့ကား မဟုတ်ချေ။ ဆိုင်းဘုတ်ဟောင်းနှင့် ဆရာဝန်ကို သူတို့တစ်တွေသည် များစွာ



PDF_ Yaybawal

အထင်အမြင် သေးတတ်ကြလေသည်။ ဆိုင်းဘုတ်နှင့် ဘွဲ့ထူး ဂုဏ်ထူးများကို ဖော်ပြထားခြင်း မရှိသဖြင့် သူတို့တစ်တွေသည် ဆရာဝန်ကြီး ဦးလွမ်းဝေကို တကယ့် ဒေါက်တာ စစ်စစ် တစ်ယောက်မှပင် ဟုတ်ပါ၏လော ဟူ၍ သံသယများလည်း ရှိနေတတ်ကြလေသည်။

အချို့သော လူစားများသည် ဒေါက်တာ လွမ်းဝေ၏ ဆိုင်းဘုတ်ကို ခပ်ဝေးဝေးမှပင် ကြည့်ရှုကာ နှာခေါင်းရှုံ့တတ်ကြလေသည်။ သို့ရာတွင် ဤလူစားများသည် လူနည်းစုကလေးမျှသာ ဖြစ်ကြလေသည်။ ထိုလူနည်းစုထဲတွင် အစိုးရအရာရှိ ကြီးငယ်များ၊ ကြေးရတတ်များနှင့် ခေတ်ပညာတတ် ဆိုသူများသာ ပါဝင်လျက် ရှိတတ်ကြလေသည်။ ထိုသူများသည် ဒေါက်တာ လွမ်းဝေ၏ ဆိုင်းဘုတ်ဟောင်းကို ကြည့်ရှုကာ နှာခေါင်းရှုံ့ကြသည့်သူများတော့ကား မဟုတ်တန်ရာချေ။ ခေတ်ပညာတတ် ဆရာဝန်ကြီး တစ်ဦးတစ်ယောက် ဖြစ်ပါလျက် ၎င်းတို့နှင့် ရင်းရင်းနှီးနှီး၊ အရောတဝင် နေထိုင်ခြင်း မပြုတတ်သော ဦးလွမ်းဝေ၏ ပေါင်းသင်းဆက်ဆံရေး ညံ့ဖျင်းမှုကို အထင်သေး၍ နှာခေါင်းရှုံ့ကြခြင်း ဖြစ်လေသလား။ သို့တည်းမဟုတ် ၎င်းဘာသိဘာသာ ခပ်အေးအေး ခပ်ကုပ်ကုပ် နေထိုင်ခြင်း ပြုတတ်သော ဆရာကြီး ဦးလွမ်းဝေကို ဘဝင်မြင့်သည် ဟု အထင်ရောက်ကာ နှာခေါင်းရှုံ့ကြခြင်း ဖြစ်လေသလား။ အမှန်ကိုတော့မူ သူတို့သာလျှင် သိနိုင်ကြပေလိမ့်မည်။

အချို့သော သူများသည် ဆရာဝန်ကြီး ဦးလွမ်းဝေနှင့် ၎င်း၏ ကြေးဝါ ဆိုင်းဘုတ် အဟောင်းအမြင်းကလေးကို တွေ့လိုက် မြင်လိုက်ကြရလျှင်ပင် အလိုလို အားတက်မြူးရွှင်လာတတ်ကြလေသည်။ ထိုသူများသည် လူများစုကြီးပင် ဖြစ်လေသည်။ သူတို့သည် များသောအားဖြင့် မရှိနွမ်းပါးကြသူများ၊ ဆင်းရဲပင်ပန်းလျှက် ရှိကြသူများနှင့် မွတ်သိပ်နာကျင်လျှက် ရှိကြသူများသာ ဖြစ်ပေသည်။ တကယ်ဆိုတော့ ထိုသူများသည် ဆင်းရဲပင်ပန်းခြင်းနှင့် ဝေတ်မွတ်ရခြင်းများကြောင့် နာကျင်ကြရသူများသာ ဖြစ်လေသည်။ ထိုသူများသည် ၎င်းတို့၏ ရောဂါဝေဒနာကို ကုစားခြင်း ပြုနိုင်ဖို့ကား ဝေးလေစွ။ ၎င်းတို့၏ ဝမ်းကိုပင် အေးအောင် စွမ်းဆောင်နိုင်ကြသူများ မဟုတ်ကြချေ။ ယင်းလူတန်းစားများသည် ဆရာဝန်ကြီး ဦးလွမ်းဝေ၏ ဖောက်သည်ကြီးများ ဖြစ်ကြလေသည် တကား. . . ။

**နေရီရီ**

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



ဟောင်းနွမ်းအိုမင်းလှလေပြီဖြစ်သော အထက်ပါ ကြေးဝါဆိုင်းဘုတ်ကလေးသည် မြန်မာနိုင်ငံ အနှံ့အပြားသို့ လှည့်လည်ရောက်ရှိခဲ့ဖူးလေပြီလည်း ဖြစ်လေသည်။ မြို့ကြီးပြကြီးများလောက်သာ မဟုတ်ချေ။ တောကြိုအုံကြားနှင့် တောင်ပေါ်၊ ကမ်းပေါ်အရပ်ဒေသများသို့လည်း ရောက်ခဲ့၊ ပေါက်ခဲ့လှလေပြီ။ ကျေးတော၊ ငှက်တောနှင့် ဝေးလံဘိ၊ ခေါင်လှဘိသော ကျေးလက်ဇနပုဒ်များ၌လည်း ထိုကြေးဝါဆိုင်းဘုတ်ကို ကကြီးအား ပုတ်လောက်ရေးပြ၍မျှ ဘာမှန်း မသိကြရှာသောသူများသည်ပင် တွေ့ခဲ့၊ မြင်ခဲ့ကြပြီးလေပြီ။

မြန်မာနိုင်ငံတော်၏ မြောက်ဘက်စွန်းဖြစ်သော မြစ်ကြီးနားခရိုင်၊ ဆဒုံး၊ ဆမားနယ်များ၊ အရှေ့ဘက်စွန်းဖြစ်သော လားရှိုးနှင့် ကျိုင်းတုံနယ်များ၊ အနောက် ဘက်စွန်းဖြစ်သော ပလက်ဝနှင့် ယောနယ်၊ ဂန့်ဂေါနယ်များနှင့် တောင်ဘက်စွန်း ဖြစ်သော ရေး၊ မြိတ်၊ ထားဝယ်နယ်များ၌ ထိုဟောင်းနွမ်းအိုမင်းလှလေပြီဖြစ်သော ကြေးဝါဆိုင်းဘုတ်ကလေးကို လူပေါင်း အရာ၊ အထောင်မကတို့သည်လည်း တွေ့ခဲ့၊ မြင်ခဲ့ကြရပြီးလေပြီ။ ထိုလူပေါင်း အရာ၊ အထောင်ထဲတွင် ကချင်၊ ရှမ်းတရုတ်၊ ရှမ်း၊ ချင်း၊ ရခိုင်၊ မွန်နှင့် မြန်မာ စသော တိုင်းရင်းသားလူမျိုးများလည်း ပါဝင်လျက် ရှိခဲ့ကြလေပြီ။

ရောက်လေရာ အရပ်တကာ၌ အခြားအခြားသော ဆိုင်းဘုတ်များနှင့် မတူ ကွဲပြား၍ တစ်ဘာသာခြားလျက်ရှိသော ထိုကြေးဝါဆိုင်းဘုတ်ကို စ၍တွေ့ခါစက လူအများအဖို့ အထူးအဆန်းကဲ့သို့ ရှိခဲ့ပေသည်။ ဆရာဝန်ကြီး ဦးလွမ်းဝေ၏ ဆိုင်းဘုတ်၌ ၎င်းအောင်မြင်ရရှိထားသော ဘွဲ့ထူး ဂုဏ်ထူးများကို ပင်လျှင် ဖော်ပြထားခြင်း မပြုချေ။ များသောအားဖြင့် ဆရာဝန်များသည် ၎င်းတို့၏ လူနာများက သိရှိစေရန်နှင့် အထင်ကြီးစေရန်အတွက် ၎င်းတို့၏ ဘွဲ့ထူးဂုဏ်ထူးများကို တတ်နိုင်လျှင် တသီတတန်းကြီး ဖော်ပြတတ်လေ့ရှိကြသည်။ တကယ်ဆိုတော့ ထိုကဲ့သို့သော ဆရာဝန်များကိုမှလည်း လူနာတို့သည် အထင်ကြီးတတ်ကြသည် မဟုတ်လော. .၊ အားကိုးအားထား ပြုတတ်ကြသည်လည်း မဟုတ်လော. . .။ ဆရာဝန်ကြီး ဦးလွမ်းဝေ၏ ကြေးဝါဆိုင်းဘုတ်တွင် ၎င်းသည် အဘယ်ကဲ့သို့သော ဆရာဝန်ကြီးတစ်ဦး ဖြစ်သည့်အကြောင်းကို ပင်လျှင် ဖော်ပြထားခြင်း မရှိချေ။ တကယ်ဆိုတော့ 'ဒေါက်တာ'ဘွဲ့ တပ်ထားသော ဆရာဝန် အမျိုးမျိုး အစားစား ရှိကြသည် မဟုတ်သလော. . .။

**နေရီရီ**

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



လူနာ အများအပြားပင်လျှင် ယခင်က ၎င်းတို့ တွေ့ဆုံ ဆက်ဆံခြင်း ပြုခဲ့ကြရဖူးသော အခြားအခြားသော ဆရာဝန် ဆိုသူများနှင့် တစ်ဘာသာ ဖြစ်ကာ တိုင်ပင်ကြေးနှင့် ခြေကြွခများလည်း မယူ၊ အချိန်အခါမရွေး တွေ့နိုင် ခေါ်နိုင်ပါသည်ဟု အဆိုပြုထားသော ထိုဒေါက်တာလွမ်းဝေဆိုသူကို မည်ကဲ့သို့မျှ နားမလည်နိုင် ဖြစ်ခဲ့ကြရလေသည်။ လူနာများသည် ၎င်းတို့၏ ရောဂါဝေဒနာနှင့် ပတ်သက်၍ ဆရာဝန်ဆိုသူများအား ပြသတိုင်ပင်ခြင်း ပြုကြရသည် မဟုတ်လော။ အောင်မြင်ကျော်ကြားနေသော ဆရာဝန်ကြီးများသည် လူနာများ များပြားလှသဖြင့် အသစ်ဖြစ်သော လူနာများကိုပင်လျှင် လွယ်လွယ်နှင့် လက်ခံတွေ့ဆုံခြင်း မပြုနိုင်ကြအားချေ။ အချိန်အားနှင့် ရက်အားများကို ခဲခဲယဉ်းယဉ်း ရွေးချယ်ကြရလေသည်။ ယင်းသို့ လူနာများသည် မိမိတို့၏ ရောဂါကို ပြသစမ်းသပ်ဖို့ သက်သက်အတွက် ဆရာဝန်ကြီးများကို တိုင်ပင်ကြေးများ ပေးကြရလေသည်။ တိုင်ပင်ကြေး ဆိုသည်မှာ ဆေးဖိုးဝါးခများ၊ ကုသစရိတ်များနှင့် ဘာမျှ မဆိုင်ချေ။ သို့ရာတွင် ဒေါက်တာလွမ်းဝေသည် တိုင်ပင်ကြေး မရှိဟု ဆိုထားလေသည်။ ထို့ကြောင့် အခြားအခြားသော ဆရာဝန်အမျိုးမျိုးနှင့် ဆက်ဆံကြဖူးသော လူနာများအဖို့ တိုင်ပင်ကြေးမရှိဆိုသော ဆရာဝန်တစ်ဦးသည် အထူးအဆန်းသဖွယ် ဖြစ်နေခဲ့ကြလေသည်။ ထိုသို့ တိုင်ပင်ကြေးမရှိသည့်အတွက် ဆရာဝန်ကြီး ဦးလွမ်းဝေကို အထင်သေးချင်ချင် ဖြစ်သူ အများအပြားပင် ပေါ်ပေါက်ခဲ့လေသည်။ လူနာဆိုသူများသည် ပိုက်ဆံများများပေးရသော အလုပ်ကိုမှ အဟုတ် ထင်တတ်ကြလေသည်။ ယုံလည်း ယုံကြည်တတ်ကြလေသည်။ ဗြိတိသျှ ကိုလိုနီဝါဒသမားများ မြန်မာနိုင်ငံအား နှစ်ပေါင်း တစ်ရာကျော်ကျော် ကျွန်ပြုခဲ့ကြသည့် ကာလများအတွင်း မြန်မာ အမျိုးသားများအား ထိုစိတ်ဓာတ်များ အများဆုံး သွင်းထားပေး ခဲ့ကြလေသည်။ ထိုစိတ်ဓာတ်များသည် ကိုလိုနီစနစ်၏ လက်ကျန် အငွေ့ဆိုးဟု ခေါ်ဆိုနိုင်လိမ့်မည် ထင်ပေသည်။

လူနာ အများအပြားသည် ၎င်းတို့၏ ရောဂါဝေဒနာသည် အဘယ်မျှ ဆိုးရွားပြင်းထန်လျက် ရှိနေစေကာမူ ဆရာဝန်ဆိုသူများကို သူတို့ ကန့်သတ်ပေးထားသော အချိန်ပိုင်းအတွင်း၌သာ တွေ့ဆုံခွင့်ရှိသည်ဟု သဘောပေါက်ထားကြလေသည်။ သို့ရာတွင် ဒေါက်တာလွမ်းဝေ ဆိုသူက အချိန်မရွေး တွေ့နိုင်



PDF_ Yaybawal

သည်၊ ခေါ်နိုင်သည်ဟု အဆိုပြုလာသောအခါ သူတို့သည် နားမလည်နိုင်အောင် ဖြစ်သွားကြလေသည်။ အချိန်မရွေး တွေ့နိုင်၊ ခေါ်နိုင်ပါသည် ဟုဆိုသော ဒေါက်တာသည် အဘယ်ကဲ့သို့သော ဒေါက်တာအမျိုးအစားထဲက ဖြစ်သနည်း။ တိုင်ပင်ကြေးနှင့် ခြေကြွခလည်း မရှိ၊ အချိန်မရွေး တွေ့နိုင်၊ ခေါ်နိုင်ပါသည် ဆိုသော ဆရာဝန်သည် ကုသရမည့်လူနာ ဆင်းရဲနွမ်းပါးလှသော ဆရာဝန် အညံ့စား၊ အဖျင်းစား တစ်ယောက်ပင် ဖြစ်လေရော့သလား၊ ထိုကဲ့သို့ တွေးတောခြင်း ပြုတတ်သော လူနာများသည်လည်း ရှိကြလေသည်။

ရောဂါသည်တိုင်းလိုလိုကပင် ဆရာဝန်၊ သို့မဟုတ် ဆေးသမား ဆိုသူများသည် သူတို့ ကျေနပ်လောက်သော မတန်မဆ အခကြေးငွေများကို ရရှိကြမှသာလျှင် ဆေးကုစားတတ်ကြသော 'ရောဂါကုန်သည်' ကြီးများ အဖြစ်ဖြင့်လည်း သိမြင်နားလည်ထားကြလေသည်။ တကယ်ဆိုတော့လည်း ဆရာဝန်အများအပြားသည်ပင် ၎င်းတို့၏ အတတ်ပညာကို လူနာများနှင့် ရောဂါသည်များအတွက်ထက် ၎င်းတို့၏ ဘဏ်တိုက်အပ်ငွေစာရင်းများ တိုးတက်များပြားလာအောင်သာလျှင် အသုံးပြုနေကြသည်က များသည် မဟုတ်သလော။ ထိုကဲ့သို့ သဘောထားကာ ရောဂါသည်များသည် ဆရာဝန်ဆိုသူများ၊ အထူးသဖြင့် နာမည်ကျော်ကြား လူကြိုက်များနေသော ဆရာဝန်ကြီးများကို ချဉ်းကပ်ခြင်းပြုလေ့ရှိကြသည်။ ပေါင်းသင်းဆက်ဆံခြင်းလည်း ပြုတတ်ကြလေသည်။

သို့ရာတွင် အခြားအခြားသော ရောဂါကုသည့် ဆရာဝန်ကြီးငယ်များနှင့် မတူ ကွဲပြားသော ဆရာဝန်ကြီး ဦးလွမ်းဝေဆိုသူတစ်ယောက်ကို တွေ့ဆုံဆက်ဆံခြင်း ပြုလိုက်ကြရသောအခါ ဒေါက်တာလွမ်းဝေဆိုသော လူတစ်ယောက်အား ဆရာဝန်တစ်ယောက်မှပင် ဟုတ်ပါ၏လော ဟူသော သံသယများ ဝင်လာကြလေသည်။ ထိုဆရာဝန် ဦးလွမ်းဝေဆိုသူသည် အခြားအခြားသော ဘွဲ့ရ ဆရာဝန်များကဲ့သို့ ဘွဲ့ရသော ဆရာဝန်တစ်ဦးမှပင် ဟုတ်ပါလေ၏လော ဟူသော တွေးတောစိုးရိမ်မှုနှင့် အထင်အမြင်သေးမှုများလည်း ရှိလာကြလေသည်။ ဒေါက်တာလွမ်းဝေသည် ၎င်း၏ လူနာများကို ရှေးဦးစွာ သေသေချာချာ စမ်းသပ်ကြည့်ရှုခြင်း ပြုတတ်လေသည်။ ထို့နောက် သူသည် ထိုလူနာ၏ ရောဂါ မပျောက်မချင်း စိတ်ရှည် လက်ရှည်နှင့် ကြင်ကြင်နာနာ ကုသပေးတတ်လေသည်။ လူနာ၏ရောဂါ ပျောက်ကင်းသွားသောအခါ သူသည် ကုန်ကျခဲ့ရသော ဆေးဖိုးကိုသာ စာရင်းပြု



PDF_ Yaybawal

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



လေ့ရှိသည်။ သူ၏ ကုသခြင်းအတွက် စေတနာရှိသလောက်နှင့် တတ်အားနိုင်သလောက်သာ ပေးဖို့ တောင်းခံတတ်လေသည်။ အကယ်၍ မတတ်နိုင်လျှင်လည်း တတ်နိုင်သောအခါမှ ပေးဖို့ ပြောဆိုတတ်သည်။ ပေးနိုင်လောက်သော အခြေအနေမျိုး မရှိလျှင် သူသည် ကုသိုလ်ဖြစ် ကုသရသည့်အကြောင်းကို ပြောဆိုတတ်လေသည်။ ယင်းသို့ ကုသပေးတတ်သော ဆရာဝန်ကြီး ဦးလွမ်းဝေကို လူနာများသည် များစွာ အံ့ဩကြရလေသည်။ သို့ရာတွင် မူလက ထိုဆရာဝန်ကြီးအပေါ်၌ ထားရှိခဲ့ကြသော သံသယနှင့် အထင်သေး အမြင်သေးမှုများသည် ကင်းစင်၍ကား မသွားကြချေ။ ရှိမြဲသာ ရှိနေကြလေသည်။

ဒေါက်တာလွမ်းဝေသည် လူနာပေါင်း မြောက်မြားစွာတို့နှင့် ဆက်ဆံခဲ့ရသော ဆရာဝန်ကြီးတစ်ဦး ဖြစ်လေသည်။ သူ၏ လူနာအများအပြားသည် လူ့နောက်ပိတ် ခွေးများနှင့် ဖိုးသူညများသာလျှင် ဖြစ်ကြလေသည်။ သို့ရာတွင် သူသည် အထက်တန်းစား လူနာများနှင့် ထိုက်သင့်သလောက်တော့ ဆက်ဆံခြင်း ပြုခဲ့ရဖူးလေသည်။ ထို့ကြောင့် သူသည် လူနာများ၏ သဘာဝနှင့် စိတ်နေစိတ်ထားများကို ကောင်းစွာ အကဲခတ်တတ်လေသည်။ သို့ရာတွင် ဆရာဝန်ကြီး ဦးလွမ်းဝေသည် အလုပ်လုပ်သလောက် စကားနည်းပါးလှသော ပုဂ္ဂိုလ်တစ်ဦးမျှသာ ဖြစ်လေသည်။ အဆောင်အယောင်နှင့် အခမ်းအနား၊ ဘွဲ့ထူး ဂုဏ်ထူးနှင့် ဟိတ်ဟန်များကို အထင်ကြီး အလေးထားတတ်ကြသူများ၊ ဘွဲ့ထူး ဂုဏ်ထူးဆိုင်ရာ ကုရေးကုနည်းများဖြင့်လည်း ကုစားခြင်း ပြုရသောအမှုကို သူသည် ကောင်းစွာ သိရှိနားလည်ထားသော ဆေးသမားတစ်ဦး ဖြစ်လေသည်။ သို့ရာတွင် ထိုကုသရေးနှင့် ကုနည်းများကို သူသည် မည်ကဲ့သို့မျှ ရှောင်လွှဲ၍ မရနိုင်သော အချိန်ကာလနှင့် အခြေအနေမျိုးတွင်ကျမှ လေးကန်ဖင့်နွဲ့စွာ အသုံးပြုတတ်လေသည်။ သူ့အဖို့ အရေးအကြီးဆုံးအလုပ်မှာ လူနာကို အမြန်ဆုံး ချမ်းသာပျောက်ကင်းစေဖို့သာ ဖြစ်လေသည်။ သူ့ဆီသို့ ရောက်ရှိလာသော လူနာတစ်ဦး ပျောက်ကင်းချမ်းသာသွားသည်နှင့် တစ်ပြိုင်နက် ဆရာဝန်ကြီး ဦးလွမ်းဝေသည် ၎င်း၏ အလုပ်ကို ပီတိဖြစ်နေတတ်ပေသည်။

တစ်ခါကမူ ဆရာဝန်ကြီး ဦးလွမ်းဝေသည် သူ၏ ကြေးဝါဆိုင်းဘုတ်မှ 'ဒေါက်တာလွမ်းဝေ' ဆိုသောနေရာတွင် 'ဆေးသမားလွမ်းဝေ' ဆိုသော စာတန်းကိုပင် အစားထိုးရန်အထိ စဉ်းစားခဲ့ဖူးလေသည်။ သူသည် ရက်လအတန်ကြာမျှ



PDF_ Yaybawal

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



ထိုကိစ္စကို လေးလေးနက်နက် စဉ်းစားခဲ့လေသည်။ သို့ရာတွင် အဘက်ဘက်မှ အကြောင်းများကို ထောက်၍ သူသည် ထိုအကြံအစည်ကို စွန့်လွှတ်ခြင်း ပြုခဲ့ရပေသည်။

ယင်းသို့ဖြင့် ဆရာဝန်ကြီး ဦးလွမ်းဝေ၏ ကြေးဝါဆိုင်းဘုတ်ကလေးသည် မြန်မာနိုင်ငံအနှံ့အပြားသို့ လှည့်လည်ရောက်ရှိခဲ့လေသည်။ ဒေါက်တာလွမ်းဝေ ရောက်ရှိနေသောအရပ်၌ ထိုဆိုင်းဘုတ်ကလေးကို လူအများသည် တွေ့မြင်ကြရ သကဲ့သို့ ထိုဆိုင်းဘုတ်ကို တွေ့မြင်ရသောအရပ်၌ ဆရာဝန်ကြီး ဦးလွမ်းဝေသည် မြောက်များလှစွာသော လူနာများကို ကုသပေးရန်အတွက် ရောက်ရှိနေရပေ သည်။ ဆရာဝန်ကြီး ဦးလွမ်းဝေရောက်ရှိ၍ ထိုကြေးဝါဆိုင်းဘုတ်ကလေးကို ချိတ်ဆွဲထားသော အရပ်ဒေသများ၌ ၎င်း၏ ကြေးဝါဆိုင်းဘုတ် အဟောင်းကလေး ကို ခပ်လှမ်းလှမ်းမှကြည့်ကာ ပြုံးသူများက ပြုံး၍ နှာခေါင်းရှုံ့သူများက ရှုံ့ကာ၊ အားတက်ရွှင်မြူးသူများသည်လည်း အားတက်ရွှင်မြူးခဲ့ကြလေသည်။ သို့ရာတွင် ပြုံးသူများနှင့် နှာခေါင်းရှုံ့သူများမှာ လက်တစ်ဆုပ်စာ လူနည်းစုမျှသာ ဖြစ်ကြ လျက် အားတက်မြူးရွှင်သူများမှကား လူများစုကြီးသာ ဖြစ်လေသည်တကား . . . ။

*   *   *



PDF_ Yaybawal

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com

# ဆေးကု၍ မရသော ရောဂါ

## (၁)

မြန်မာနိုင်ငံအရပ်ရပ်သို့ နှစ်ပရိစ္ဆေဒအတန်ကြာမျှ မမောမပန်း လှည့် လည်ကာ တွေ့တွေ့သမျှ လူနာများကို လိုက်လံဆေးကုလျက်ရှိနေခဲ့ရာမှ ရန်ကုန် မြို့တော်သို့ နောက်ဆုံးတစ်ခေါက် ပြန်၍ ခြေဦးမလှည့်မီ ဆရာဝန်ကြီး ဦးလွမ်းဝေ ၏ ဟောင်းအိုလှသော ကြေးဝါဆိုင်းဘုတ်ကလေးအား လူအများ နောက်ဆုံး တွေ့လိုက် မြင်လိုက်ကြရသော အရပ်ဒေသသည်ကား. . . ပြည်မြို့ အရှေ့ဘက် မိုင်ပေါင်း အစိတ်နီးပါးခန့်မျှ ဝေးလံသော ပေါက်ခေါင်းဆိုသော မြို့ကလေးတစ်မြို့ပင် ဖြစ်လေသည်။

မြန်မာနိုင်ငံ မြေလတ်ပိုင်း၊ ပြည်ခရိုင်အတွင်းရှိ ပေါက်ခေါင်းမြို့ ကလေးသည် အလွန်တရာခေါင်၍ ခြောက်သွေ့လှသော မြို့ကလေးတစ်မြို့ ဖြစ်လေသည်။ ခရိုင်ရုံးစိုက်ထားသော ပြည်မြို့နှင့် ဆက်သွယ်ထားရသော မော်တော်ကားလမ်းတစ်ခုမှ လွဲ၍ အခြားအခြားသော မြို့များနှင့် မည်သည့် အဆက်အသွယ်မျှလည်း မရှိချေ။ ပြတ်နေသည်။ ချောင်လည်း ကျလှပေသည်။

မြို့အုပ်မင်းရုံးစိုက်သော ဂေဇက်ဝင်မြို့တစ်မြို့ပင်ဖြစ်သော်ငြားလည်း မြို့ကျဉ်းမြို့ငယ်ကလေး တစ်မြို့မျှသာ ဖြစ်လေသည်။ သို့ရာတွင် ပေါက်ခေါင်း သည် ကျေးလက်အင်အားကောင်းလှသည်နှင့်အမျှ နယ်ကျယ်သော မြို့တစ်မြို့ ကား ဖြစ်လေသည်။ ပေါက်ခေါင်းမြို့အုပ်မင်း၊ သို့မဟုတ် မြို့ပိုင်မင်းက ပိုင်သော ကျေးရွာတော်တော်များများ ရှိလေသည်။ ထိုကျေးရွာများထဲတွင် မြန်မာကျေးရွာ များအပြင် ချင်းရွာနှင့် ကရင်ရွာများ အများအပြား ပါရှိလေသည်။ အချို့သော



PDF_ Yaybawal

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



ကျေးရွာ များသည် တော်တော်ကလေး စည်ကားကြီးမားသော ကျေးရွာကြီးများ ဖြစ်ကြလေသည်။

ပေါက်ခေါင်း၏ ကျေးလက်များသည် မြန်မာနိုင်ငံအရပ်ရပ်မှ ကျေးလက်များကဲ့သို့ စိုက်ပျိုးရေးလုပ်ငန်း တစ်ခုတည်းကိုသာ အဓိက အသက်မွေးဝမ်းကျောင်းမှုအနေနှင့် အားပြုလျက်ရှိနေကြရသော ကျေးရွာများပင် ဖြစ်ကြလေသည်။ ဆန်စပါးကို အရင်းခံ သီးနှံအဖြစ်ဖြင့် အားထားစိုက်ပျိုးကြလျက် ပဲ၊ နှမ်းနှင့် ဝါ စသည်တို့ကိုလည်း တတ်အားသလောက် ထည့်တတ်ကြလေ့ရှိသည်။

စိုက်ပျိုးရေး အလုပ်အကိုင်များအပြင် သစ်ရိုင်း၊ သစ်မာနှင့် ရှားလုပ်ငန်းများလည်း ရာသီအလိုက် လုပ်ကိုင်လေ့ရှိသည်။ သို့ရာတွင် အင်းလုပ်ငန်းများကို နိုင်ငံခြားသား တရုတ်ကုလားများနှင့် မြို့နေ လူလတ်တန်းစားများကသာ ငွေရင်း စိုက်ထုတ်လုပ်ကိုင်ကြလေသည်။ ပေါက်ခေါင်းမြို့က ပိုင်ဆိုင်သော နဝင်းသုံးချောင်း၏ ရေစီးရေဝေများတွင် အလွန်တရာအဖိုးထိုက်တန်၍ နိုင်ငံခြားဈေးကွက်များသို့ ဈေးကောင်းကောင်းဖြင့် တင်ပို့ရောင်းချခြင်း ပြုရသော ကျွန်းသစ်များ တစ်နှစ် တစ်နှစ်လျှင် တန်ထောင်ပေါင်းများစွာ ထွက်လေသည်။ ထိုကျွန်းသစ်လုပ်ငန်းကို နိုင်ငံပိုင် မသိမ်းမီက စတီးဘရားသားဆိုသော ကုမ္ပဏီကြီးက လက်ဝါးကြီးအုပ် လုပ်ကိုင်ကာ တစ်နှစ် တစ်နှစ်လျှင် သိန်းပေါင်းများစွာသော အမြတ်အစွန်းများကို ယူငင်လေ့ရှိသည်။ ထို့အတူ ဆန်စပါး၊ ပဲနှင့် ဝါဂွမ်း စသော ထွက်ကုန်များကိုလည်း ၎င်းတို့ကပင် လက်ဝါးကြီးအုပ် သိမ်းပိုက်ကာ၊ တစ်နှစ် တစ်နှစ်လျှင် သိန်းပေါင်း မြောက်မြားစွာ အမြတ်ထုတ်ခဲ့ကြလေသည်။

ယင်းသို့ ပေါက်ခေါင်းမြို့နယ်သည် နိုင်ငံတော်၏ ဥစ္စာဓနကို တစ်နှစ် တစ်နှစ်လျှင် သန်းပေါင်းမြောက်မြားစွာထုတ်၍ ထုတ်၍ ပေးလျက်ရှိသော်လည်း ပေါက်ခေါင်းမြို့ကလေးနှင့်တကွ ပေါက်ခေါင်းနယ်သူနယ်သားများသည် ၎င်းတို့ ခံစားခွင့် ခံစားထိုက်သော အကျိုးအခွင့်ကိုကား မခံစားကြရရှာချေ။ သူတို့ တစ်တွေသည် ဆင်းရဲမြဲ ဆင်းရဲနေကြသည်။ ငတ်မွတ်မြဲ ငတ်မွတ်ကာ နာကျင်ပင်ပန်းမြဲ နာကျင်ပင်ပန်းနေကြရတုန်းသာ ဖြစ်လေသည်။

လွတ်လပ်ရေးမတိုင်မီ ကိုလိုနီခေတ်က တစ်နှစ် တစ်နှစ်လျှင် ဗြိတိသျှကိုလိုနီသမားများသည် ပေါက်ခေါင်းနယ်မှ ဆန်စပါး၊ ပဲ၊ နှမ်း၊ ဝါနှင့် ကျွန်းသစ်



PDF_ Yaybawal

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



စသော အဖိုးတန်ပစ္စည်းများကို တန်ထောင်ပေါင်းများစွာ ထုတ်ယူသွားကြပြီး လျှင် နိုင်ငံရပ်ခြား ဈေးကွက်များသို့ တင်ပို့ရောင်းချခြင်း ပြုခဲ့ကြလေသည်။ ယင်း လုပ်ငန်းဖြင့် သူတို့သည် နှစ်စဉ်နှစ်တိုင်းလိုလို အမြတ်ငွေ သန်းပေါင်း မြောက်မြားစွာ ကို ရရှိခဲ့ကြလေသည်။ သို့ရာတွင် ၎င်းတို့အား ထိုမျှသော အမြတ်အစွန်းများကို ထုတ်လုပ်ပေးနေခဲ့ကြသော ပေါက်ခေါင်းမြို့နှင့် နယ်သူနယ်သားများအတွက် ကိုလိုနီဝါဒသမားများသည် လုပ်ပေးသင့် လုပ်ပေးထိုက်လှသော လူမှုရေးဆိုင်ရာ အခြေခံလုပ်ငန်းကလေးများကိုပင်လျှင် လုပ်ပေးရကောင်းမှန်း မသိခဲ့ကြချေ။ မသိ ၍ပင် မလုပ်ပေးခြင်းဖြစ်သလော၊ သိလျက်နှင့်ပင် တမင် မလုပ်ပေးဘဲ ထားသလော။

ပေါက်ခေါင်းမြို့နှင့် နယ်သူနယ်သားများအတွက် အလွန်တရာ အရေး တကြီး လိုအပ်နေသော ဆေးရုံတစ်ရုံမျှပင် မရှိချေ။ လူမြင်ကောင်းရုံ ဆေးပေးခန်း ကလေး တစ်ခန်းသာ ပေးထားလေသည်။ အမျိုးသမီးများအတွက် သားဖွား ဆေးရုံနှင့် ကလေးသူငယ်များ ဆေးရုံတို့မှာကား ဝေးလေစွတကား. . .

သို့ရာတွင် ပေါက်ခေါင်းနယ်ရှိ တောင်သူလယ်သမား ဆင်းရဲသားများ ထံမှ ငွေခွန်တော်ကို စည်းကြပ်ကောက်ခံခြင်းပြုရန်အတွက် မြို့အုပ်မင်းရုံးကို မူကား အခိုင်အခံ့ ဆောက်လုပ်ထားရှိလေသည်။ မိမိတို့၏ တစ်အိုးတစ်အိမ်စာ အတွက်မှ ဝါးခုတ် ထင်းခုတ် သက်ငယ်ရိတ်ကြရသော ဆင်းရဲသားများထံမှ သစ်တောခွန်ကို တောင်းခံရန်အတွက် တောအုပ်မင်းရုံးကိုလည်း ဆောက်လုပ်ထား ရှိ လေသည်။ ထိုသို့ ဆင်းရဲသား တောသူတောင်သားများထံမှ အမျိုးမျိုးသော အခွန်တော်တို့ကို စည်းကြပ်ကောက်ခံသောအမှုကို ကျားကန်ပေးရန်အတွက် ရဲဌာနနှင့် ရဲတန်းလျားများကိုလည်း ဆောက်လုပ်ထားရှိလေသည်။

ယင်းအခြေအနေများသည်ကား ကိုလိုနီခေတ်ကဖြစ်လေသည်။ သို့ရာ တွင် လွတ်လပ်ရေးခေတ်၌လည်း မည်သို့မျှ ထူးခြားခြင်းတော့ မရှိလှချေ။ ယခင်က အတိုင်းမျှသာ ဖြစ်လေသည်တကား. . .။



PDF_ Yaybawal

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



## (၂)

ပေါက်ခေါင်းမြို့ကလေးသို့ ဆရာဝန်ကြီး ဦးလွမ်းဝေရောက်ရှိလာပြန်သောအခါ၌လည်း သူသည် ကျန်းမာရေးပျက်ပြားနေသော လူပေါင်းအမြောက်အမြားကို တွေ့ရှိရပြန်လေသည်။ ထိုအမှုသည် ဒေါက်တာလွမ်းဝေကဲ့သို့သော မိမိဘာသာ တာဝန်ယူ၍ ဆေးကုသနေသော ဆရာဝန်ကြီး တစ်ဦးတစ်ယောက်အတွက် အထူးအဆန်း မဟုတ်တော့ချေ။ သူသည် မြန်မာနိုင်ငံ အနှံ့အပြားနှင့် ရောက်လေရာ အရပ်ဒေသတိုင်း၌ ထိုကဲ့သို့ ကျန်းမာရေးပျက်ပြားနေသော လူနာပေါင်းများစွာတို့ကို တွေ့မြင်ခဲ့ရသောကြောင့်ပင် ဖြစ်လေသည်။

သူ၏ ကြေးဝါဆိုင်းဘုတ်ကလေးကို စတင်ချိတ်ဆွဲခြင်းပြုခါစက ဤတိုင်းပြည်၌ ကျန်းမာရေး ပျက်ပြားနေကြသော လူနာပေါင်း ထိုမျှများပြားလှစွာ ရှိနေလိမ့်မည်ဟု ဒေါက်တာလွမ်းဝေသည် မထင်ခဲ့ချေ။ သို့ရာတွင် ရန်ကုန်မြို့ကြီးကို စွန့်ခွာ၍ ကတ္တရာစေးလမ်းမကြီးများ၊ မီးရထားသံလမ်းများနှင့် သင်္ဘောလမ်းများနှင့် ဝေးသည်ထက်ဝေးသော အရပ်ဒေသများသို့ တစ်စထက် တစ်စ ရောက်ရှိလာတော့မှပင် သူသည် ထိတ်လန့်တုန်လှုပ်ခဲ့ရလေသည်။ ထိုမျှ ကြောက်ခမန်းလိလိ များပြားလှသော လူနာများကို တွေ့ဆုံရရင်း သူသည် ကြက်သီးများပင် တဖြန်းဖြန်း ထခဲ့မိသည်။ ဤတိုင်းပြည်၌ ထိုမျှများပြားလှသော လူနာများကို အဘယ်သို့ ချမ်းသာပျောက်ကင်းအောင် ကုစားနိုင်ပါ့မည်နည်း။ မြန်မာနိုင်ငံ၌ ဆေးကောင်စီက အသိအမှတ်ပြုထားသော ဆရာဝန် အနည်းငယ်မျှသာရှိသည့်အနက် ထိုဆရာဝန် အများအပြားသည် ကတ္တရာစေးလမ်းမကြီးများ အနီးအနား တစ်ဝိုက်လောက်၌သာ စီးပွားလမ်းဖြောင့်နေကြသောအခါ ထို လမ်းမကြီးများနှင့် ဝေးရာအရပ်မှ လူနာများအား အဘယ်သူက သွားရောက်ကုသပေးကြပါ့မည်နည်း။ ထိုလူနာများသည်လည်း လူနာများပင် မဟုတ်ကြလေသလော။ အစပထမ၌ ဒေါက်တာလွမ်းဝေသည် လယ်သမားတိုင်းပြည်၌ ကတ္တရာစေးလမ်းမကြီးကို ခုံမင်တွယ်ကပ်နေကြသော မိမိ၏ဘဝတူ ဆရာဝန်ဆိုသူများကို အပြစ်တင်ချင်သလို ဖြစ်မိခဲ့သည်။ ထိုဆရာဝန်ဆိုသူများသည် ကြေးရတတ်လူမမာများကို ခြောက်လှန့်၍ အေးဆေးပြတိုက်နေကြသော လူရိုင်းကြီးများကဲ့သို့ပင် သဘောထားခဲ့မိသည်။ တကယ်ဆိုတော့လည်း ဆရာဝန် အတတ်ပညာဖြင့် သူဌေး ဖြစ်လမ်းကို လိုက်နေကြသောသူ အများ



PDF_ Yaybawal

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



အပြားပင်။ ဘာရောဂါမျှမရှိသော လူတစ်ဦးကိုပင် ရောဂါအမည်များမှည့်ကာ ရေပြန်ထိုး၍ ပိုက်ဆံရှာနေကြသည် မဟုတ်သလော။

မြန်မာနိုင်ငံအရပ်ရပ်သို့ လှည့်လည်ရောက်ရှိကာ ထောင်ပေါင်းများစွာသော လူနာတို့နှင့် တွေ့ဆုံဆက်ဆံခြင်း ပြုခဲ့ရပြီးသည့်နောက်ပိုင်းတွင် ဆရာဝန်ကြီး ဦးလွမ်းဝေ၏အဖြစ်နှင့် သဘောထားများသည် တစ်စထက်တစ်စ ပြောင်းလွဲ လာခဲ့လေသည်။ လူတစ်ဦး၏အသားကို အခြားလူတစ်ယောက်က ခုတ်ပိုင်းစားသောက်လျက် တစ်ယောက်သောသူ၏ လည်ချောင်းသွေးကို အခြားလူတစ်ဦးက ဓားမြှောင်ဖြင့်ဖောက်၍ သောက်နေကြသော ပစ္စက္ခလူနေမှုစနစ်ကြီးအတွင်း ဆေးဆရာဆိုသူများက မိခင်၏ ဝမ်းဗိုက်အတွင်းမှ ဘာအပြစ်မျှမရှိသော သန္ဓေသားကို ရက်ရက်စက်စက် သတ်ပြစ်၍ ယင်းလူသတ်မှုအတွက် အခကြေးငွေများ တောင်းခံနေခြင်းသည် ထူးဆန်းလှသော အမှုမဟုတ်တော့ချေ။ ကြေးဝါဆိုင်းဘုတ်ကလေးကို ပြုလုပ်ပြီးခါစက ဆရာဝန်ဦးလွမ်းဝေသည် လူနာများ အပေါ်၌ ကြင်နာတတ်ခြင်းရှိလှသော ဆရာဝန်ကြီးတစ်ဦးအနေနှင့်သာ မြင်ခဲ့လေသည်။ သို့ရာတွင် အရပ်တကာသို့ လှည့်လည် ရောက်ရှိခဲ့ပြီးနောက် အတွေ့အကြုံများ များပြားရင့်ကျက်လာသောအခါ ဆရာဝန်ကြီး ဦးလွမ်းဝေသည် ဆရာဝန်ကြီးတစ်ဦး၏ အမြင်ထက် ကျော်လွန်၍ မြင်လာခဲ့လေသည်။ ငယ်ရွယ်နုပျိုသော သမားဘဝနှင့်တုန်းက သူ၏ အမြင်များသည် အပေါ်ယံမျှသာ ဖြစ်လေသည်၊ ကွက်တိကွက်ကြားမျှသာ ဖြစ်လေသည်။ သို့ရာတွင် သမားအိုကြီး ဖြစ်လာသည်နှင့်အမျှ သူ၏အမြင်များသည် တစ်စထက်တစ်စ နက်ရှိုင်းလာလေသည်၊ ယခင်ကကဲ့သို့ ဟိုတစ်ကွက် ဒီတစ်ကွက်မဟုတ်တော့ဘဲ ကျယ်ကျယ်ပြန့်ပြန့်နှင့် ခြုံ၍ မြင်လာလေသည်။

## (၃)

သာမန်လူတစ်ဦးတစ်ယောက်၏ ကျန်းမာရေးသည် တော်ရုံသင့်ရုံ ရောဂါဘယပိုးမွှားများ၏ ဖိစီးတိုက်ခိုက်ခြင်းခံရရုံမျှတော့ကား ရုတ်တရက် မပျက်နိုင်ချေ။ သဘာဝက ကြည့်ရှုထည့်သွင်းပေးလိုက်သော လူသတ္တဝါများ၏ ခန္ဓာကိုယ်အတွင်းမှ ကိုယ်ခံပိုးများသည် အပြင်အပမှ ဖိစီးဝင်ရောက်ရန် ထိုး



PDF_ Yaybawal

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



ဖောက် အားထုတ်ခြင်း ပြုလေ့ရှိကြသော ရောဂါဘယပိုးမွှားများကို ကောင်းစွာ ခုခံတိုက်ခိုက်နိုင်ကြသော စွမ်းပကားများ ရှိလေသည်။ သို့ရာတွင် အပြင်အပမှ ပိုးမွှားများကို အတွင်းသို့ မဝင်ရောက်နိုင်အောင် တွန်းလှန်တိုက်ခိုက်ခြင်း ပြုနိုင်ရန်အတွက် လူသတ္တဝါများ၏ ခန္ဓာကိုယ်အတွင်းရှိ ကိုယ်ခံပိုးများသည် အင်အားနှင့် ပြည့်စုံကြဖို့ လိုအပ်လေသည်။ ယင်းသို့ လူတို့၏ ခန္ဓာကိုယ်အတွင်းရှိ ကိုယ်ခံပိုးများ အင်အားနှင့် ပြည့်စုံဖို့ အရေးမှာ လူတစ်ဦးတစ်ယောက်သည် ၎င်းအတွက် အခြေခံအားဖြင့် လိုအပ်လျက်ရှိသော အာဟာရများကို မှန်မှန်ကန်ကန် ဖြည့်စွမ်းပေးနိုင်ဖို့ လိုအပ်ပေသည်။ ထိုအမှုကို လူမှန်သမျှ အလိုအလျောက် သိရှိနားလည်ကြပြီးလည်း ဖြစ်လေသည်။ သို့ရာတွင် သိရှိနားလည်ကြသောကိစ္စနှင့် လက်တွေ့ လိုက်နာဆောင်ရွက်ခြင်းတို့သည် ကိစ္စတစ်ခုစီဖြစ်ကြလေသည်။ လူတို့သည် မိမိတို့ အတွက် မရှိမဖြစ်သော လိုအပ်ချက် အာဟာရကို အဘယ်မျှ သုံးဆောင်လိုကြစေကာမူ၊ သုံးဆောင်နိုင်သော အခြေအနေများ မရှိပါက အဘယ်သို့ တတ်နိုင်ပါ့မည်နည်း။ ဤတိုင်းပြည်တွင် လူပေါင်းတစ်ရာလျှင် လူပေါင်း ၅၀ ကျော်ကျော်ခန့်တို့သည် ၎င်းတို့အတွက် ကျန်းမာရေးနှင့် ပြည့်စုံရန် လိုအပ်သော အာဟာရကို မရရှိကြချေ။ အာဟာရ ချို့တဲ့သူ အများအပြားနှင့် ငတ်မွတ်နေရသူ အများအပြားပင် ရှိနေကြသည်။ ထိုသို့ ကိုယ်ခံပိုးများ ကြုံလှီ အားနည်းနေကြသူများသည် အပြင်အပမှ ရောဂါဘယပိုးမွှားတို့၏ တိုက်ခိုက်ခြင်းကို အဘယ်သို့ တွန်းလှန် တိုက်ခိုက် နိုင်ပါ့မည်နည်း။

အစစအရာရာကို စီမံခန့်ခွဲခြင်းပြုတတ်သော သဘာဝသည် လူသတ္တဝါများအား မိမိတို့၏ ဝန်ကို ထမ်းဆောင်နိုင်ရန်အတွက် ပခုံးနှစ်ဖက်နှင့် ကြွက်သားများကို ပြုလုပ်ပေးထားလေသည်။ သို့ရာတွင် လူတို့သည် မိမိတို့၏ စွမ်းပကားနှင့် မဆန့်သောဝန်ကို ထမ်းဆောင်ခြင်းပြုကြရသောအခါ အင်အားကုန်ခန်းကြလေသည်။ ယင်းသို့ အင်အားကုန်ခန်းသောအမှုသည် နာတာရှည်ကဲ့သို့ ဖြစ်လာသောအခါ လူသည် ခန်းခြောက်လာတတ်လေသည်။ ယင်းသို့ ခန်းခြောက်နေသော လူများကို ရောဂါဘယပိုးမွှားတို့သည် လွယ်လင့်တကူ တိုက်ခိုက်ဖျက်ဆီး ပြုနိုင်ကြလေသည်။ ပင်ပန်း၍ အားအင်ကုန်ခန်းနေသော လူများသည် ရောဂါဘယ၏ သားကောင်ကဲ့သို့ ဖြစ်နေတတ်ကြလေသည်။

**နေရိရိ**

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



ဤတိုင်းပြည်၌ ထိုကဲ့သို့သော သားကောင်များ အဘယ်မျှ ရှိနေကြပြီနည်း။ ရှိသမျှသော သားကောင်များတွင် တောလက်ကျေးရွာများ၌ ပိုမို၍ များပြား ကြဖွယ်ရာသာ ရှိလေသည်။

ဆရာဝန်ကြီး ဦးလွမ်းဝေသည် မြန်မာနိုင်ငံ အရပ်ရပ်သို့ လှည့်လည် ခဲ့ဖူးသော ဆေးသမားတစ်ဦး ဖြစ်လေသည်။ သူသည် ထောင်ပေါင်းများစွာသော လူနာများ၊ သူနာများ၊ ရောဂါသည်များ၊ မကျန်းမာနေသူများ၊ ကျန်းမာရေး ပျက်ပြားနေသူများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံဆက်ဆံခဲ့ရဖူးသော ဆရာဝန်ကြီး တစ်ဦးလည်း ဖြစ်လေသည်။

မေတ္တာတရားနှင့် စေတနာတို့ကို အဓိကထား၍ ဆေးကုနေသော ဆေးသမားတစ်ဦး ဖြစ်ခြင်းကြောင့် လူနာပေါင်း မြောက်မြားစွာတို့ကို လက် မလည်နိုင်အောင် ဆေးကုသပေးခဲ့ရပြီးလေပြီ။ သူသည် နာကျင်ပင်ပန်းသော လူနာများကို ၎င်း၏ သားသမီးများကဲ့သို့လည်းကောင်း၊ ညီအစ်ကို မောင်နှမများ ကဲ့သို့ လည်းကောင်း မေတ္တာထားရှိတတ်လေသည်။ ကုသခကိုကား ထားဘိဦး၊ ဆေးဖိုးမျှပင် မတတ်နိုင်သော လူနာပေါင်း ထောင်ပေါင်းများစွာတို့ကိုလည်း သူသည် မေတ္တာဖြင့် ကုသခဲ့သော ဆေးသမားတစ်ဦး ဖြစ်လေသည်။ သူကုသ ခြင်းပြုခဲ့ရသော လူနာဆယ်ဦးလျှင် ငါးဦးသည် ဆေးဖိုးပင် မတတ်နိုင်ကြသူများ ဖြစ်လျက်၊ ကျန် ငါးဦးအနက် သုံးဦးခန့်လောက်သာ ဆေးဖိုးကို အနိုင်နိုင် ပေးကြရသူများ ဖြစ်လေသည်။

ယင်းသို့ နှစ်ပရိစ္ဆေဒ ကြာမြင့်စွာအတွင်း ဖြတ်သန်းခြင်း ပြုလာခဲ့ရ သော အတွေ့အကြုံများမှ ဆရာဝန်ကြီး ဦးလွမ်းဝေသည် အလွန်တရာ လေးနက်သော ကောက်ချက်တစ်ရပ်ကိုလည်း ဆွဲနိုင်ခဲ့လေသည်။ ဤတိုင်းပြည် ၌ လူအများအပြား၏ ကျန်းမာရေးပျက်ပြားလျက် သေကြေပျက်စီးမှု အဆ မတန် များပြားနေရခြင်း၏ အခြေခံအကြောင်းရင်းမှာ **'လူများသည် အလွန်တရာ ဆင်းရဲပင်ပန်းလှသောကြောင့် ဖြစ်ပါသည်'** ဆိုသော ကောက်ချက်ပင် ဖြစ်လေသည်။



PDF_ Yaybawal

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



(၄)

လူတို့၏ ပင်ပန်းဆင်းရဲရသော ရောဂါသည် လူ့အစွယ်ကြီး၏ သက်တမ်းနှင့်အမျှ အိုမင်းလှလေပြီဖြစ်သော နာတာရှည် ရောဂါကြီးတစ်ပါးသာ ဖြစ်လေသည်။ ထိုရောဂါသည် (၉၆)ပါးသော ရောဂါစာရင်းတွင် မပါရှိချေ။ ထိုသို့စာရင်းထဲမှ ပယ်ထားခဲ့ခြင်းသည် မည်သည့်ဆေးသမားကမျှ ကုစားခြင်း မပြုနိုင်တော့၍ လက်လွှတ်ထားခဲ့သောကြောင့်လည်း ဖြစ်တန်ရာလေသည်။

ဆရာဝန်ကြီး ဦးလွမ်းဝေသည် အတွေ့အကြုံ များပြား ကြွယ်ဝလှသော သမားတော်ကြီးတစ်ဦး ဖြစ်လေသည်။ အတွေ့အကြုံများပြားလာသည်နှင့်အမျှ တပ်ပျက်လာသော ဆရာဝန်ကြီးတစ်ဦးလည်း ဖြစ်လာလေသည်။ သို့ရာတွင် ထိုဆင်းရဲပင်ပန်းခြင်း ရောဂါကို သူသည် မည်သည့်ဆေးဝါးဖြင့် ကုစားနိုင်ပါ့မည်နည်း။ သမားသက်အိုမင်းလှသည်နှင့်အမျှ ထိုရောဂါသည်ဆေး သမားများ ကုစားခြင်းငှာ မတတ်နိုင်သော ရောဂါတစ်ပါးမှန်း ဒေါက်တာလွမ်းဝေသည် တစ်စထက်တစ်စ သဘောပေါက် နားလည်လာလေသည်။ တွေ့စမြင်စ ပြုလာလေသည်။

ထိုသို့ သဘောပေါက်နားလည်ကာ ပြည်သူတို့၏ အထွေထွေကျန်းမာရေးနှင့် ပတ်သက်၍ အခြေခံအကြောင်းရင်းများကို မျက်ဝါးထင်ထင်တွေ့လာ မြင်လာရစဉ်က ဆရာဝန်ကြီး ဦးလွမ်းဝေသည် အတွေးခေါင်ကာတစ်ဖက်စွန်းသို့ပင် ရောက်သွားလုမတတ် ဖြစ်ခဲ့ဖူးလေသည်။ ဒါလောက်ဆင်းရဲပြီး ရောဂါရလှတဲ့ တိုင်းပြည်မျိုးမှာ ဆရာဝန်လုပ်နေလို့ အလကားထင်ပါရဲ့. . . ဟူ၍ပင် ညည်းတွား ပြောဆိုရင်း မိမိလုပ်ကိုင်နေသော လုပ်ငန်းကိုပင် သံသယများ ဝင်လာခဲ့ဖူးသည်။ ရောဂါများအားလုံး၏ ပေါက်ဖွားရာအခြေခံအကြောင်းရင်းဖြစ်သော ဆင်းရဲပင်ပန်းခြင်း ရောဂါကို လုံးဝ ရှင်းလင်းပျောက်ကင်းသွားအောင် ကုစားခြင်း မပြုနိုင်သေးသ၍ ကာလပတ်လုံး သူသည်မိမိသဘောနှင့်မိမိ မြန်မာနိုင်ငံ အရပ်ရပ်သို့ လှည့်လည်ကာ ယခုကဲ့သို့ တွေ့သမျှ လူနာများအား လိုက်လံဆေးကုနေခြင်းသည် အဓိပ္ပာယ်မှ ရှိပါသေး၏လော။ ထိုမေးခွန်းကိုလည်း ဒေါက်တာလွမ်းဝေသည် ၎င်း၏ ကိုယ်ကို အကြိမ်ပေါင်း မြောက်မြားစွာ မေးမြန်းကြည့်ခဲ့ဖူးလေသည်။ ထိုသို့ မေးမြန်းရင်း သူအမြတ်တနိုးနှင့် ခဲခဲယဉ်းယဉ်း သင်ကြားတတ်မြောက်၍ လာခဲ့ရသော



PDF_ Yaybawal

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



ဆေးသိပ္ပံအတတ်ကိုပင်လျှင် စိတ်ပျက်ချင်သလိုလိုများပင် ဖြစ်လာခဲ့ဖူးလေသည်။ အသက်အရွယ် ငယ်စဉ်က စိတ်ကူး ခပ်ယဉ်ယဉ်နှင့် ဆေးသိပ္ပံကို တက်ရောက် သင်ကြားခြင်းမပြုခဲ့ဘဲ တိုင်းပြည်၏ တိုးတက်ရာ တိုးတက်ကြောင်းများကိုသာ လုပ်ခဲ့ကိုင်ခဲ့ရလျှင် အဘယ်မျှ ကောင်းလိုက်လေမည်နည်း ဟူ၍လည်း နောင်တရချင်သလိုလိုအထိလည်း ဖြစ်လာခဲ့ဖူးလေသည်။

သို့ရာတွင် သူသည် ဆေးသိပ္ပံအတတ်ကို သင်ကြားတတ်မြောက်ခဲ့ပြီးလေပြီ။ သူသည် ရင့်ကျက်လျက်ရှိသော ဆရာဝန်ကြီးတစ်ဦးတစ်ယောက်လည်း ဖြစ်နေခဲ့လေပြီ။ ယင်းသို့ မျက်မှောက်ပြုနေရသော ပစ္စက္ခဘဝမှ သူသည် နောက်ကြောင်းသို့ ပြန်ပြေး၍ မဖြစ်တော့သကဲ့သို့ ဘေးနှစ်ဖက်သို့လည်း ပြေးထွက်၍ မရနိုင်တော့ချေ။ အစကတည်းက သူ၏သဘောနှင့် သူ့ဘာသာ ရွေးချယ်ခြင်း ပြုခဲ့သော လမ်းအတိုင်း မဆုံးမခြင်း သူသည် လျှောက်လိုက်ရပေတော့မည်။ သူသည် ကလေးသူငယ်တစ်ယောက်လည်း မဟုတ်တော့ချေ။ အသက်ပင် ၄၀ ကျော်လွန်လာခဲ့ပြီဖြစ်သော ဆရာဝန်ကြီးတစ်ဦး ဖြစ်လေပြီ။

* * *



PDF_ Yaybawal

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com

# လူထုဆရာဝန်

## (၁)

ပေါက်ခေါင်းမြို့ကလေးသို့ ရောက်ရှိမလာမီကတည်းကပင် ဒေါက်တာလွမ်းဝေသည် ၎င်း၏ လုပ်ငန်းကို တစ်စထက်တစ်စ သံသယဝင်လျက်ရှိနေခဲ့သူ တစ်ဦးမျှသာ ဖြစ်လေသည်။ သို့ရာတွင် တစ်ခါတည်း စွန့်လွှတ်ခြင်း ပြုပစ်လိုက်ချင်လောက်အောင် အယုံအကြည် ကင်းမဲ့နေသော အခြေအနေမျိုးတွင်တော့ မဟုတ်သေးချေ။

သူသည် နှစ်ပရိစ္ဆေဒ အတန်ကြာမျှ မြန်မာနိုင်ငံ အရပ်ရပ်သို့ သူ့ကိုယ်ကို သူ့ဘာသာ တာဝန်ပေးကာ သူ့စရိတ်နှင့်သူ လှည့်လည်ခြင်း ပြုခဲ့သူ တစ်ဦးမျှသာ ဖြစ်လေသည်။ သူ၏သဘောနှင့် သူ့ဘာသာသူ တိုင်းပြည်၏ တာဝန်ကို ထမ်းဆောင်လျက် ရှိနေခဲ့သော မျိုးချစ်ဆရာဝန်ကြီးတစ်ဦးလည်း ဖြစ်လေသည်။

ထိုသို့မှ မဟုတ်ဘဲ သူသည် သူ၏ တစ်ကိုယ်ကောင်း အခွင့်အလမ်းများကိုသာ ရှာဖွေလုပ်ကိုင်ခြင်း ပြုခဲ့မည်ဆိုလျှင် ဆရာဝန်ကြီး ဦးလွမ်းဝေသည် သန်းပေါင်းများစွာ ချမ်းသာကြွယ်ဝနေသော လူချမ်းသာကြီးတစ်ဦး ဖြစ်နိုင်ပေသည်။ သူသည် ဒုတိယကမ္ဘာစစ်ကြီး မဖြစ်ပွားမီကပင် ရန်ကုန်တက္ကသိုလ် ဆေးသိပ္ပံမှ အမ်၊ဘီ၊ဘီ၊အက်စ်ကို အခြားအခြားသော ကျောင်းသူ ကျောင်းသားများထက် ထူးထူးချွန်ချွန် အောင်မြင်ခဲ့သူတစ်ယောက် ဖြစ်လေသည်။ အလွန်တရာ ထက်မြက်လှသော ဆေးသိပ္ပံကျောင်းသား မောင်လွမ်းဝေကို အင်္ဂလန်သို့ပင် အစိုးရ ပညာတော်သင် အဖြစ်ဖြင့် စေလွှတ်ခြင်းပြုရန် သက်ဆိုင်ရာမှ

နေရီရီ

PDF_ Yaybawal

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



ရွေးချယ်ခဲ့ကြလေသည်။ ထိုစဉ်တုန်းကတည်းက မောင်လွမ်းဝေသည် မိမိ၏ တစ်ကိုယ်ကောင်း အခွင့်အလမ်းများကို ရှာဖွေလုပ်ကိုင်မည်ဆိုပါက သူသည် အင်္ဂလန်သို့ အစိုးရပညာတော်သင်အဖြစ်ဖြင့် သွားရောက်ကာ(M. R. C. P.) ဘွဲ့ကို လွယ်လင့်တကူ ရယူနိုင်လေသည်။ ထို့နောက် သူသည် မြန်မာနိုင်ငံသို့ ပြန်လာပြီးလျှင် အောင်မြင်သော ဆရာဝန်ကြီးတစ်ဦးအနေနှင့် သူ၏ အခွင့်အရေးများကို ကြိုက်သလို ရှာဖွေ နိုင်ပေသည်။ သို့ရာတွင် ထိုစဉ်ကတည်းက ပင် အစိုးရပညာတော်သင်အဖြစ်ဖြင့် ရွေးချယ်ခံရခြင်းကို မောင်လွမ်းဝေသည် ခါးခါးသီးသီး ငြင်းဆန်ခဲ့သည်။ သူသည် ဗြိတိသျှကိုလိုနီအစိုးရက ခိုင်းစေသော အလုပ်ကို လက်ခံလုပ်ကိုင်ခြင်း မပြုလိုဟု တိတိကျကျ အကြောင်းပြခဲ့သည်။ သူ ခဲခဲယဉ်းယဉ်း သင်ကြားတတ်မြောက်ထားသော ဆေးသိပ္ပံအတတ်သည် သူ၏ အမျိုးသားများအတွက်သာ ဖြစ်ရမည်ဟုလည်း ပြန်လည်ပြောဆိုခဲ့ဖူးလေသည်။

အလွန်တရာ ရရှိခဲလှသော အခွင့်အရေးကြီးတစ်ခုကို အမ်၊ ဘီ၊ ဘီ၊ အက်စ် ဘွဲ့ရကာစ ဆရာဝန်ကလေး မောင်လွမ်းဝေ ယင်းသို့ ခါးခါးသီးသီး နှင့် တင်းတင်းမာမာ ငြင်းဆန်လိုက်သောအခါ ဘေးမှ ထိုသတင်းကို ကြားသိရသော သူများသည် အံ့သြခြင်းမက အံ့သြကြလေသည်။ ထိုစဉ်က အသက် အစိတ်ခန့်မျှလောက်သာ ရှိလိမ့်ဦးမည်ဖြစ်သော မောင်လွမ်းဝေကို မည်သူကမျှ နားမလည် နိုင်အောင် ဖြစ်ခဲ့ကြရသည်။

ထိုကဲ့သို့ ရခဲလှသော ကိုယ်ရေးကိုယ်တာ အခွင့်အရေးကြီးတစ်ခုကို ငြင်းဆန်လိုက်ပြီးနောက် ဆရာဝန်မောင်လွမ်းဝေသည် ရန်ကုန်မြို့၌ ဆေးတိုက် တစ်တိုက်ကိုဖွင့်၍ အလုပ်အကိုင်လုပ်မည်ဆိုလျှင်လည်း ထက်မြက်သော ဆရာဝန်တစ်ဦးအနေနှင့် သူသည် ကျော်ကြားအောင်မြင်လှသော ရောဂါကုန်သည်ကြီး တစ်ဦးလည်း ဖြစ်လာနိုင်ပေသည်။ သူ၏နောက်မှ ဘွဲ့ရကာ ရန်ကုန်မြို့၌ ဆေးတိုက်တစ်တိုက်ဖွင့်၍ လုပ်ကိုင်နေကြသော ဆရာဝန်အများအပြားပင် လူချမ်းသာများ ဖြစ်နေလေပြီ။ အချို့သောသူများသည် ဘဏ်တိုက်ကြီးများ၌ ငွေကို သိန်းနှင့်ချီ၍ပင် အပ်နှံထားကြလေပြီ။ အချို့သော သူများသည် ရန်ကုန်မြို့၌ တိုက်ကြီးများပင် သုံးလေးတိုက်မျှ ဆောက်ထားပြီးကြလေပြီ။

ဆရာဝန်ကြီး ဦးလွမ်းဝေသည် နုနယ်ငယ်ရွယ်သော ကျောင်းသား



PDF_ Yaybawal

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



သူငယ်ဘဝကတည်းက အလွန်တရာ မြင့်မြတ်ရင့်ကျက်လှသော စိတ်နေသဘောထားများ ရှိနေခဲ့သည်။ သူသည် ဆယ်တန်းကို အောင်မြင်ခဲ့ပြီးနောက် တက္ကသိုလ်သို့ ဝင်ရောက်သင်ကြားခြင်း ပြုနိုင်သော အခွင့်အရေးကို တစ်နှစ်မျှ စောင့်ဆိုင်းခဲ့ရသည်။ အဘယ်ကြောင့်ဆိုသော် သူသည် အသက်မစေ့မီ ၁၀ တန်းကို အောင်မြင်ခဲ့သောကြောင့် ဖြစ်လေသည်။

ငယ်ရွယ်စဉ်ကတည်းကပင် ဆရာဝန်ကြီးတစ်ဦး ဖြစ်ချင်လှသော မောင်လွမ်းဝေသည် ရန်ကုန်တက္ကသိုလ်ကျောင်းသို့ ဝင်ရောက်ပညာသင်ကြားရသောအခါ ဆေးသိပ္ပံ၏ အခြေခံအတန်းကို သူ၏သဘောနှင့် သူ့ဘာသာ တက်ရောက် သင်ကြားခြင်း ပြုခဲ့သည်။ ထိုအချိန်တွင် မောင်လွမ်းဝေ၏ မိခင်သေဆုံးပြီးနောက် ဒုတိယအိမ်ထောင်ဆက်နှင့် သားသမီးများပင် ရရှိနေပြီဖြစ်သော ၎င်း၏ ဖခင်က သားလုပ်သူကို ကောလိပ်သို့ မပို့လိုလှချေ။ မပို့မဖြစ်၍ ပို့ရသောအခါ၌ လည်း ၇ နှစ်မျှပင် သင်ကြားခြင်းပြုရန်ဖြစ်သော ဆေးသိပ္ပံအတတ်ကို သင်ကြားခြင်း မပြုစေလိုချေ။ ထိုကိစ္စအတွက် သားအဖနှစ်ယောက်တို့သည် တော်တော်ကြီး စကားပြောဆိုခဲ့ကြရလေသည်။

"မင်းကို ဘီအေ ဖြစ်ဖြစ်၊ ဘီအက်(စ်)စီ ဖြစ်ဖြစ် အောင်သည်အထိသာ ဖေဖေ ထောက်ပံ့နိုင်လိမ့်မယ် မောင်လွမ်းဝေ၊ မင်းအပြင် ဖေဖေ့မှာ နောက်ထပ် ကျောင်းထားပေးရဦးမယ့် ကလေးတွေလည်း ရှိသေးတယ်" စပါး ၁၅၀ လောက်ကျသော ဆန်စက်ကလေးတစ်လုံးနှင့် စက်သူဌေး အခေါ်ခံနေသော ၎င်း၏ ဖခင်က သားလုပ်သူကို ထိုကဲ့သို့ တိတိကျကျပင် သတိပေးပြောဆိုခဲ့သည်။

"ကျွန်တော့်အတွက် ၄ နှစ်ပဲ ဖေဖေ ထောက်ပံ့တာပေါ့၊ ကျန်တဲ့နှစ်တွေအတွက် ကျွန်တော့်ဘာသာ ကျွန်တော် တာဝန်ယူပါ့မယ်" ဆရာဝန်အတတ်ကို သင်ကြားလိုလှသော မောင်လွမ်းဝေသည် မိမိကိုယ်ကိုယ် မိမိ တာဝန်ယူခဲ့ရသည်။

ရန်ကုန်တက္ကသိုလ်၌ ဆေးသိပ္ပံအတတ်အတွက် အခြေခံအတန်းများကို နှစ်နှစ်ဆက်၍ သင်ကြားပြီးနောက် သားအဖနှစ်ယောက်တို့သည် စကားများ ကြရပြန်လေသည်။

ဥပစာ အထက်တန်းကို သင်ချင်သော သားလုပ်သူအား ဖခင်ဖြစ်သူ



PDF_ Yaybawal

က ဆေးသိပ္ပံသို့ မသွားစေလိုချေ။ ဝိဇ္ဇာတန်းကိုသာ ဆက်လက်သင်ကြားဖို့ ပြောဆိုလေသည်။ သို့ရာတွင် မောင်လွမ်းဝေသည် ဖခင်လုပ်သူ၏ စကားကို နားမထောင်ချေ။ ဆေးသိပ္ပံသို့ ဝွတ်တိုးသွားခဲ့သည်။ ထို့ကြောင့် ဆေးသိပ္ပံ ဒုတိယနှစ်တွင် သားအဖနှစ်ယောက်တို့သည် အကြီးအကျယ် စကားများကြရပြန်လေသည်။ ဖခင်လုပ်သူက မည်သည့်နည်းနှင့်မျှ ဆက်လက်၍ မထောက်ပံ့နိုင်တော့သည့် အကြောင်းကို ပြောဆိုလေသည်။ နောက်အိမ်ထောင်နှင့် ရရှိထားသော သမီးနှစ်ယောက်နှင့် သားတစ်ယောက်တို့ကို ပညာသင်ကြားနေရသော ကိစ္စကို အကြောင်းပြပြောဆိုလေသည်။

မောင်လွမ်းဝေသည် ဆရာဝန်အတတ်ကို တစ်ပိုင်းတန်းလန်းနှင့် စွန့်ခွာခြင်း ပြုရတော့မည်ကဲ့သို့ ဖြစ်ခဲ့ရလေသည်။ နောက်ဆုံး၌ ၎င်းမိခင်၏ အစ်မဖြစ်သူ မုဆိုးမ မင်းကတော်ကြီးတစ်ဦးက မောင်လွမ်းဝေအတွက် တာဝန်ယူပေးသဖြင့် သူသည် ဆေးအတတ်ကို ဆုံးခန်းတိုင် သင်ကြားနိုင်ခဲ့ခြင်း ဖြစ်လေသည်။

ဆေးသိပ္ပံမှ ဆရာဝန်ဘွဲ့ကို ရယူခဲ့ပြီးနောက် သူသည် ရန်ကုန်ဆေးရုံကြီး၌ နှစ်နှစ်ခန့်မျှ လေ့ကျင့်လုပ်ကိုင်နေခိုက် စစ်ဖြစ်လာခဲ့ခြင်း ဖြစ်လေသည်။ ဂျပန်ခေတ်၌ ဗမာ့တပ်မတော် ဆေးဌာနတွင် သူသည် အမှုထမ်းခဲ့သည်။ ဗိုလ်ကြီးအဆင့်ဖြင့် တပ်မတော် ဆေးဌာနတွင် စစ်အတွင်း အမှုထမ်းပြီးနောက် စစ်ကြီးပြီးသွားသောအခါ ဆရာဝန် ဦးလွမ်းဝေသည် ရန်ကုန်မြို့မှ တစ်ခါတည်း ထွက်လာခဲ့ခြင်း ဖြစ်လေသည်။

ယင်းသို့ ရန်ကုန်မြို့မှ စတင်ထွက်ခွာလာစဉ်က ဆရာဝန် ဦးလွမ်းဝေတွင် ကြေးဝါဆိုင်းဘုတ်တစ်ခု၊ သားရေသေတ္တာတစ်လုံး၊ အိပ်ရာလိပ်တစ်ခု၊ စာအုပ်သေတ္တာတစ်လုံး၊ ဆေးပစ္စည်းသေတ္တာတစ်လုံး၊ လက်ဆွဲဘာဂျာတစ်လုံးနှင့် တယောတစ်လက်သာ ပါလေသည်။ သူသည် တပည့်တစ်ယောက်မျှပင် ငှားရမ်းခြင်းငှာ တတ်နိုင်သူ မဟုတ်ချေ။ သူသည် ထိုပစ္စည်းကလေးများဖြင့် မြန်မာနိုင်ငံ အရပ်ရပ်သို့ လှည့်လည်ခဲ့ခြင်းဖြစ်လေသည်။



PDF_ Yaybawal

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



(၂)

ယင်းသို့ အသက် ငယ်ငယ်ရွယ်ရွယ်နှင့် မိမိလုပ်ချင်ကိုင်ချင်လှသော အလုပ်ကို မိမိသဘောတစ်ခုတည်းနှင့် လွတ်လွတ်ကျွတ်ကျွတ် လုပ်ကိုင်လာရသဖြင့် ဒေါက်တာလွမ်းဝေသည် ချမ်းမြေ့ပျော်ရွှင်ခဲ့လေသည်။ မိမိလုပ်ကိုင်နေရသော အလုပ်အကိုင်၌ ကျေနပ်မှု၊ သာယာမှုနှင့် အားရမှုများလည်း ရှိခဲ့လေသည်။ သူသည် အခက်အခဲနှင့် အကျပ်အတည်းများကို တွေ့သောအခါ တွေ့ရတတ်လေသည်။ သို့ရာတွင် သူသည် ညှိုးငယ်ခြင်းတော့ကား မရှိခဲ့ချေ။

သူ့အလုပ်သည် လှည့်လည်ခြင်းပြုရသော အလုပ်ဖြစ်သဖြင့် တစ်နေရာ၌ သူသည် ကြာရှည်သဖြင့် မနေနိုင်ချေ။ သူသည် မြို့ကလေးနားတွင် သူ၏ ဆိုင်းဘုတ်ကိုတင်၍ စခန်းချရလေသည်။ ထိုအခြေခံစခန်းမှ သူသည် တောလက် ကျေးရွာများသို့ ဆင်းလေ့ရှိ၏။ လူနာများ ကုန်သလောက် ရှိသောအခါ သူသည် ရွှေ့ပြောင်းခြင်း ပြုခဲ့ပြန်လေသည်။

သူသည် မြို့တစ်မြို့၌ ၃ လမှ ၆ လခန့်အထိ မြို့အခြေအနေ နယ်အခြေအနေကိုလိုက်၍ စခန်းချ နေထိုင်လေ့ရှိသည်။ သူ စခန်းချနေထိုင်သော မြို့၌သာလျှင် သူသည် လူနာများကလာခေါ်မှ လိုက်လံကုသခြင်း ပြုလေ့ရှိသော်လည်း ကျေးလက်တောရွာများ၌ကား ထိုကဲ့သို့မဟုတ်ချေ။ သူကိုယ်တိုင် လူနာများ ရှိရာသို့ လိုက်လံရှာဖွေကာ ကုသတတ်လေသည်။

မေ့လျော့စွန့်ပစ်ထားခြင်းကို ခံနေကြရသော တောသားလူနာများသည် ၎င်းတို့ရှိရာသို့ အိမ်တိုင်ရာရောက် လိုက်လံကုသပေးသော ဆရာဝန်ဦးလွမ်းဝေကို ကျေးဇူးတင်၍မဆုံး ရှိနေတတ်ကြသည်။ ဆေးကုခကိုလည်း မတောင်း၊ ဆေးဖိုးဝါးခကိုလည်း မပေးနိုင်လျှင် မယူသော ထိုဆရာဝန်အား တောသားများက "သူတော်ကောင်း ဆရာဝန်ကြီး" ဟု ရည်ညွှန်းပြောဆို တတ်ကြလေသည်။ အချို့သော အဘိုးကြီး၊ အမယ်ကြီးများကမူ "ဘုရားလောင်း ဆရာဝန်ကလေးပါကွယ်' 'ဟူ၍ပင်လျှင် ပြောဆိုကာ သာဓုခေါ်ကြလေသည်။

ဦးလွမ်းဝေသည် တတ်ကျွမ်းသောဆရာဝန်ကြီးငယ်များနှင့် ဆေးရုံကြီးငယ်များရှိတတ်သော မြို့ကြီး ပြကြီးများ၌ ဘယ်တော့မျှ စခန်းချလေ့မရှိတတ်ချေ။ လုံလုံလောက်လောက်မဟုတ်သည့်တိုင်အောင် ပြည်သူများ၏ ကျန်းမာရေးအတွက် ရှိတန်သလောက် ရှိနေကြသည် မဟုတ်သလော။ သူသည်



PDF_ Yaybawal

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



ဆေးသမားနှင့် ဆေးပေးဌာနများမရှိသော အရပ်ဒေသများ၌သာ စခန်းချ နေထိုင်ခြင်း ပြုသည်က များလေသည်။ ထိုအရပ်ဒေသများရှိ ပြည်သူတို့၏ ကျန်းမာရေးအတွက် စောင့်ရှောက် ကြည့်ရှုပေးမည့်သူများ မရှိသောကြောင့်ပင် ဖြစ်လေသည်။

ရိုးသားသော ကျေးလက် တောရွာများမှ လူနာများသည် ဆရာဝန် ဦးလွမ်းဝေကို အားကိုးအားထားပြုကာ ခင်မင်တတ်ကြသကဲ့သို့ မြို့အရပ်မှ အလုပ်သမားများနှင့် လူဆင်းရဲများသည်လည်း သူ့ကိုသာ အားထားကြလေ့ရှိသည်။ သူ့ကိုသာ ချစ်ခင်ကြလေသည်။ အဘယ်ကြောင့်ဆိုသော် စျေးကြီးသော အခြား ဆရာဝန်ကြီးများနှင့် သူသည် ဆန့်ကျင်ဘက်ဖြစ်သောကြောင့်ပင်။ အခြားအခြားသော ဆရာဝန်ဆိုသူများသည် ငွေကြေး အတွက် ၎င်းတို့၏ ဆေး အတတ်ပညာကို အသုံးပြုကြသော်လည်း ဆရာဝန် ဦးလွမ်းဝေ တစ်ယောက် ကတော့မူ ဆေးကုသပေးသည့်အတွက် လူနာများ၏ မေတ္တာနှင့် တတ်အားသမျှ ထောက်ပံ့မှုကို ရရှိခဲ့သော ဆေးသမားမျှသာ ဖြစ်လေသည်။

သဘောထား သေးနုပ်ညံ့ဖျင်းသော ဆေးသမားအချို့၏ ငြိုငြင်မှု၊ အမနာပပြောဆိုမှုနှင့် ရန်လိုမှုများကိုပင် ဦးလွမ်းဝေသည် ခံခဲ့ရဖူးလေသည်။ သို့ရာတွင် ထိုကဲ့သို့သော ဆေးသမားများနှင့် ဒေါက်တာလွမ်းဝေသည် ဖက်ပြိုင်ခြင်း မပြုခဲ့ချေ။ လျစ်လျူရှုထားခဲ့သည်။ ထိုသူများနှင့် ဖက်ပြိုင်ခြင်း ပြုရန် သူသည် အချိန်အကုန်မခံနိုင်ချေ။ လုပ်စရာအလုပ်တွေကလည်း များပြားသည် မဟုတ်သလော။ အားလပ်ခွင့်ရသော အချိန်ပိုင်းများ၌ ဆရာဝန် ဦးလွမ်းဝေသည် သူ၏ အတတ်ပညာနှင့်ဆိုင်သော စာအုပ်စာတမ်းများကို ဖတ်လိုက ဖတ်နေတတ်သည်။ ထိုကဲ့သို့ လေးပင်လှသော စာအုပ်များကို ဖတ်ရလွန်း၍ ငြီးငွေ့လာသောအခါများ၌ ကမ္ဘာကျော် စာရေးဆရာကြီးတစ်ဦးလည်း ဖြစ်သည့် ဆရာဝန်ကြီး ခရိုနင် ရေးသော ဝတ္ထုများကို လည်းကောင်း၊ အမေရိကန် စာရေးဆရာကြီး စင်ကလဲယားလူးဝစ်(စ်)ရေးသော အဲရိုးစမစ်နှင့် ဆရာဝန်ကြီး အဲက်စဲ(လ်)မွန်သီရေးသော စင်မိုက်ကယ်(လ်)ကို သော်လည်းကောင်း ဖတ်ရှုနေတတ်လေသည်။ စာဖတ်ခြင်းအမှုကို မပြုနိုင်သောအချိန် ကာလနှင့် ညပိုင်းများတွင် ကျောင်းသားလူငယ် ဘဝနှင့်တုန်းကတည်းက ဝါသနာအားကြီးခဲ့သော တယော ကို ဖြစ်စေ၊ လက်ဆွဲ ဘာဂျာကို ဖြစ်စေ သူသည် ကိုင်တွယ်တတ်လေသည်။



PDF_ Yaybawal

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



လူခြေတိတ်ကာ ငွေလရောင်လက်နေတတ်သော ညများ၌ သူသည် တယောလေးကို ပခုံးထက်၌တင်ကာ မေးနှင့်ညှပ်၍ ဘောလယ်တစ်ပုဒ် တလေကို ဖြစ်စေ၊ ပတ်ပျိုးတစ်ပုဒ်ပုဒ်ကို ဖြစ်စေ ခပ်တိုးတိုး ခပ်အုပ်အုပ် ထိုးနေတတ်သည်။ သူသည် တယောထိုး အလွန်ကောင်းသော ဆေးသမားတစ်ဦးလည်း ဖြစ်သည်။ လူခြေတိတ်ကာ မှောင်မိုက်နေတတ်သော ညများ၌ မူကား သူသည် လက်ဆွဲဘာဂျာကို ဒူးအထက်တွင်တင်ကာ တေးထပ် တစ်ပုဒ်တလေကို ဖြစ်စေ၊ ကာလပေါ် သီချင်းတစ်ပုဒ်ပုဒ်ကို ဖြစ်စေ မတိုးမကျယ် ဆွဲငင်နေလေ့ရှိသည်။ ဦးလွမ်းဝေသည် ဆေးသမားကောင်းတစ်ဦးမျှသာ မဟုတ်ချေ။ လက်ဆွဲဘာဂျာလည်း အဆွဲကောင်းသူတစ်ဦးပင် ဖြစ်လေသည်။

## (၃)

မြို့ကလေးတစ်မြို့၌ ၃ လမှ ၆ လခန့်မျှအထိ နေထိုင်ကာ သူ၏ တာဝန်ကို ထမ်းဆောင်ပြီးစီး၍ ဆရာဝန်ကြီးဦးလွမ်းဝေ အခြားအရပ်တစ်ပါးပါးသို့ ပြောင်းရွှေ့မည် ပြုရသောအခါတိုင်း တစ်မြို့လုံး တစ်နယ်လုံးက ဝိုင်း၍ လွမ်းတတ်ကြလေသည်။ အထူးသဖြင့် လူဆင်းရဲများသည် ၎င်းတို့၏ မိတ်ဆွေ ဆရာဝန်ကြီး အခြားအရပ်တစ်ပါးသို့ မပြောင်းရွှေ့စေလိုကြချေ။ သူတို့နှင့်သာ အတူရှိစေလိုကြလေသည်။ သူ့ထက်ငါ ဝိုင်းဝန်း၍ တားဆီးခြင်း ပြုကြသည်။ ဆွဲကြသည်။

ဒေါက်တာလွမ်းဝေသည် သာမန်လူသားတစ်ဦးမျှသာ ဖြစ်လေသည်။ ဝမ်းနည်းစရာရှိလျှင် သူသည် ဝမ်းနည်းတတ်ပေသည်။ ဝမ်းသာစရာရှိပါလျှင်လည်း ဝမ်းသာတတ်လေသည်။ သို့ရာတွင် သူ၏အလုပ်သည် ဝမ်းနည်းဝမ်းသာ နေရသော အလုပ်မဟုတ်ချေ။ ဆေးဝါးကုသပေးမည့်သူ မရှိ၍ နာကျင်ညည်းညူနေရသော လူမမာများကို လိုက်လံရှာဖွေ၍ ဆေးကုပေးရသော အလုပ်မျှသာ ဖြစ်လေသည်။ ထို့ကြောင့် သူ့အား သူ့ထက်ငါ အလုအယက် ဝိုင်းဝန်းတားဆီးနေကြသော မြို့သူ မြို့သားများကို အကျိုးသင့်အကြောင်းသင့် ပြောပြရလေသည်။ ထိုသူများ သဘောပေါက်လက်ခံလာအောင် စိတ်ရှည်လက်ရှည် ရှင်းပြရလေသည်။ နောက်ဆုံး၌ လူနာများသည် သူ၏ ရှင်းလင်း



PDF_ Yaybawal

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



ပြောပြချက်ကို လက်ခံလာကြရလေသည်။

ဒေါက်တာလွမ်းဝေ နေထိုင်ခဲ့သော အရပ်ဒေသတိုင်းမှ အရပ်သူအရပ်သားများသည် ၎င်းပြောင်းရွှေ့ခြင်းပြုသောအခါတိုင်း နှုတ်ဆက်ပွဲများကို ၎င်းတို့ စွမ်းပကားရှိသလောက် ပြုလုပ်လေ့ရှိကြသည်။ သူ့ထက်ငါ ဝိုင်းဝန်း၍ လက်ဆောင် ပစ္စည်းများ ပေးကမ်းတတ်ကြလေသည်။ နှုတ်ဆက်ပွဲ၌လည်း သူ့ထက်ငါ အလု အယက် ချီးကျူးစကားများ ပြောဆိုကြလေသည်။

လူများသည် ၎င်းတို့အပေါ်၌ တကယ် စေတနာထား၍ လုပ်ကိုင်ပေးတတ်သောသူများကို ရင်ထဲအသည်းထဲက ချစ်တတ်ခင်တတ်ကြလေသည် တကား ဆိုသော ကောက်ချက်တစ်ရပ်ကိုလည်း ဆရာဝန်ကြီးဦးလွမ်းဝေသည် ၎င်း၏ မြောက်မြားလှစွာသော အတွေ့အကြုံများအတွင်းမှ ဆွဲထုတ်ယူငင်ခြင်း ပြုနိုင်ခဲ့လေသည်။ သူသည် များစွာလည်း အားတက်ခဲ့ရပေသည်။ မရှိဆင်းရဲသော လူထုများသည် တကယ်ပင် ရိုးသားဖြူစင်၍ အလွန်တရာ လေးမြတ်စရာ၊ ချစ်ခင်စရာ ကောင်းလှပေသည်တကားဆိုသော ကောက်ချက်တစ်ရပ်ကိုလည်း သူသည် ထုတ်ယူရရှိခဲ့လေသည်။

ယင်းသို့ မြန်မာနိုင်ငံအရပ်ရပ်သို့ လှည့်လည်ရင်း မရှိဆင်းရဲသားလူထုများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံဆက်ဆံလာခဲ့ရသည်နှင့်အမျှ ထိုလူထုများအပေါ်၌ တာဝန်မဲ့လှသော သက်ဆိုင်ရာ အာဏာပိုင်များအား သူသည် အစပထမ၌ ခံပြင်း သောစိတ်များ ပေါ်ပေါက်လာလေသည်။ လွတ်လပ်ရေး မတိုင်မီက ဗြိတိသျှကိုလိုနီ ဝါဒသမားများသည် ၎င်းတို့ ကျွန်ပြုထားသော ပြည်သူများ၏ ကျန်းမာရေးနှင့် ပတ်သက်၍ လူကြားကောင်း လူမြင်ကောင်းရုံမျှလောက်သာ ပြုသလုပ်ကိုင်ခဲ့ကြလေသည်။ ဘာမျှ ထိထိရောက်ရောက် စီမံဆောင်ရွက်ခြင်းများ မပြုခဲ့ကြချေ။ သို့ရာတွင် ထိုအမှုသည် ဆန်းပြားလှသောကိစ္စတော့ကား မဟုတ်ချေ။ အဘယ်ကြောင့်ဆိုသော် ဗြိတိသျှကိုလိုနီဝါဒသမားများသည် **"ဘယ်သူသေသေ ငတေ တစ်ယောက်မာလျှင် ပြီးရော"** ဆိုသော ဥပေက္ခာဝါဒကို ကျင့်သုံးခဲ့ကြသော လူရိုင်းများ ဖြစ်ကြသောကြောင့်ပင် ဖြစ်လေသည်။ သို့ရာတွင် ဆရာဝန်ကြီး ဦးလွမ်းဝေ မျက်မှောက်ပြုနေရသော မြန်မာနိုင်ငံသည် သူ့ကျွန်နိုင်ငံ မဟုတ်တော့ချေ။ မိမိတို့၏ လွတ်လပ်ရေးကို လူသိရှင်ကြား ကြေညာခဲ့ပြီးဖြစ်သော နိုင်ငံတစ်နိုင်ငံ ဖြစ်လေသည်။



PDF_ Yaybawal

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



သို့ရာတွင် လွတ်လပ်ရေးရပြီးနောက် မြန်မာနိုင်ငံအစိုးရအဖွဲ့သည် ယခင်က ဗြိတိသျှကိုလိုနီ ဝါဒသမားများနှင့် ဘာမျှမခြား၊ ပြည်သူတို့၏ ကျန်းမာရေးကို လျစ်လျူရှုမြဲတိုင်းသာလျှင် ရှုထားခဲ့လေသည်။ ဆင်းရဲသားပြည်သူများထံမှ အမျိုးမျိုးသော အခွန်တော်များကိုသာ လည်မျိုနင်း၍ လုယက်ကောက်ခံနေသော်လည်း ပြည်သူတို့၏ ကျန်းမာရေးအတွက် ဘာမျှ ထိုက်ထိုက်တန်တန် သုံးစွဲခြင်း မပြုခဲ့ကြချေ။ ပြည်သူတို့အတွက် ဆေးရုံများ၊ ဆေးပေးခန်းများ၊ သားဖွား ဆေးရုံများ၊ ဆေးဝါးများနှင့် ဆေးသမားများကို လုံလောက်အောင် ထားပေးဖို့ ဆင့်ပါးစပ် နှမ်းပက်မျှသလောက်ပင် ထားရှိရကောင်းမှန်း အလေး မထားခဲ့ကြချေ။

တကယ်ဆိုတော့ ပြည်သူတို့၏ ကျန်းမာရေးအတွက် သုံးစွဲခြင်းပြုရသော ငွေကြေးများကို အစိုးရအဖွဲ့သည် ဘာမျှ ပြန်လမ်းမရှိဘဲ မသုံးစွဲလျှင် မဖြစ်၍ သုံးစွဲခြင်းပြုနေရသော ငွေကြေးအဖြစ်ဖြင့် သဘောထားနေခဲ့ပုံရလေသည်။ ထိုကဲ့သို့ သဘောမထားလျှင်လည်း ထိုကဲသို့ သဘောထားနေပုံ ရောက်လေသည်။

ပြည်သူတို့၏ ကျန်းမာရေးအတွက် သုံးစွဲခြင်းပြုရသော တိုင်းပြည် တစ်ပြည်၏ ဘဏ္ဍာငွေကြေးသည် ပြန်လမ်းမရှိဘဲ သုံးစွဲပစ်လိုက်ရသော ငွေကြေး မဟုတ်ချေ။ အခြားအခြားသော စက်မှုလုပ်ငန်းကြီးများအား ရင်းနှီး မြှုပ်နှံရသလို ရင်းနှီးမြှုပ်နှံခြင်း ပြုရသော လူမှုရေးဆိုင်ရာ အရင်းအနှီးသာ ဖြစ်လေသည်။ ပြည်သူအများ၏ ကျန်းမာရေး တိုးတက်ကောင်းမွန်လာအောင် ငွေကြေးသုံးစွဲမှုနှင့် ရင်းနှီးမှုများကို ပြုနိုင်မှသာလျှင် ပြည်သူတို့၏ အထွေထွေ ကျန်းမာရေး အခြေအနေသည် တိုးတက်ကောင်းမွန်လာနိုင်လိမ့်မည်မဟုတ် သလော။ ယင်းသို့ ပြည်သူအများ၏ ကျန်းမာရေး အခြေအနေ ပြည့်စုံကောင်း မွန်မှသာလျှင် ပြည်သူများသည် ၎င်းတို့၏ လုပ်ငန်းကိုင်ငန်းများကို ဖိဖိစီးစီးနှင့် လုပ်ကိုင်နိုင်ကြမည် မဟုတ်သလော။ ပြည်သူတို့က ယင်းသို့ လုပ်နိုင်ကိုင်နိုင် လေလေ၊ နိုင်ငံတစ်နိုင်ငံ၏ ဘဏ္ဍာအရင်းသည် ပိုမိုကြွယ်ဝလာလိမ့်မည်လည်း မဟုတ်သလော။ ကုန်ပစ္စည်းများသည်လည်း ပိုမို၍ ထွက်လာနိုင်လိမ့်မည်ပင် မဟုတ်သလော။

သို့ရာတွင် အစိုးရအဖွဲ့သည် ပြည်သူတို့၏ ကျန်းမာရေးနှင့် ပတ်သက်၍ ထိုကဲ့သို့ မြင်မိခဲ့ဟန်မတူချေ။ လျစ်လျူရှုထားခဲ့လေသည်တကား. . . ။

**နေရိရိ**

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com

# ဆွမ်းခံရင်းငှက်သင့်

## (၁)

ဒေါက်တာလွမ်းဝေသည် မူလကတည်းက ရေးဆွဲပြုလုပ်ထားခဲ့သော ၎င်း၏ခရီးစဉ်နှင့် အလုပ်အစီအစဉ်များအတိုင်း ပေါက်ခေါင်းမြို့ကလေးတွင် အနည်းဆုံး ၃ လမှ၊ အများဆုံး ၆ လခန့်မျှအထိ နေထိုင်ကာ ၎င်း၏တာဝန်ကို ထမ်းဆောင်ရန်သာ ဖြစ်လေသည်။ ထို့နောက် သူ၏ ခရီးစဉ်အတိုင်း ဧရာဝတီမြစ် အနောက်ဘက်ကမ်းဖြစ်သော သရက်ခရိုင် မင်းတုန်းနယ်ဘက်သို့ ပြောင်းရွှေ့ခြင်းပြုရန်ပင် ဖြစ်လေသည်။ မင်းတုန်းနယ်မှတစ်ဆင့် သူသည် မင်းဘူးနောက်ဖေးဘက်မှ ပတိမ်း၊ ငဖဲနယ်များနှင့် ကျောင်းတော်ရာတို့ဘက်သို့ ဆက်လက်လှည့်ပတ်ဖို့ အစီအစဉ်ရှိလေသည်။ သူသည် ရန်ကုန်သို့ပြန်ရန် တော်တော်နှင့် စိတ်ကူး၍ပင် မရသေးချေ။ တကယ်ဆိုတော့လည်း ရန်ကုန်ကဲ့သို့ မြို့တော်အရပ်၌ ကျော်ကြား၍ ကျွမ်းကျင်သော ဆေးသမားများ အများအပြားပင် ရှိနေသည် မဟုတ်သလော။ ဆေးရုံများ၊ ဆေးပေးခန်းများနှင့် ဆေးတိုက်များလည်း အလုံအလောက်ရှိနေကြသည် မဟုတ်သလော။

ဒေါက်တာလွမ်းဝေ၌ နောက်ပိုင်းအား ငဲ့စရာ ထောက်ထားစရာလည်း မရှိလှချေ။ သူ့ဖခင်သည်လည်း ဂျပန်ခေတ်ကပင် သေဆုံးသွားခဲ့လေပြီ။ သူ၏ မိထွေးသည်လည်း အိမ်ထောင်ကျသွားပြီဖြစ်သော သမီးကြီးနှင့် သမီးလတ်တို့ အိမ်များတွင် တစ်လှည့်စီ နေထိုင်လျှက် ရှိလေသည်။ သူနှင့် အဖေတူ အမေကွဲ ညီအငယ်ဆုံးသည် ရန်ကုန်တက္ကသိုလ်၌ ဘီအေကို ၃ နှစ်မျှဆက်၍ ဖြေသော်လည်း မအောင်သဖြင့် ဗမာ့ရေတပ်မတော်သို့ ဝင်ရောက်သွားလေပြီ။ ထို့ကြောင့်



PDF_ Yaybawal

ဆရာဝန်ကြီး ဦးလွမ်းဝေအတွက် ငွေညှာထောက်ထားစရာနှင့် နောက်ပိုင်း သံယောဇဉ်များ မရှိသလောက်ပင် ဖြစ်လေသည်။ သူသည် မိမိလုပ်ချင်ကိုင်ချင်ရာကို အေးအေးဆေးဆေးနှင့် လွတ်လွတ်လပ်လပ် လုပ်နိုင်ကိုင်နိုင်သူတစ်ဦး ဖြစ်လေသည်။

သို့ရာတွင် လူ့ဘဝဆိုသည်မှာ မမျှော်လင့်ဘဲ ဆင်းရတက်ရသော အတက်အဆင်းကလေးများနှင့် ပြွတ်သိပ်နေတတ်သည် မဟုတ်သလော။ ပေါက်ခေါင်းမြို့ကလေးသို့ ရောက်ရှိပြီးနောက် များမကြာမီ ဆရာဝန်ကြီး ဦးလွမ်းဝေ၏ ခရီးစဉ်နှင့် အလုပ်အစီအစဉ်များ အားလုံးတို့သည် ကမောက်ကမ ဖြစ်ရန် အကြောင်းတစ်ရပ်နှင့် ဆုံစည်းခြင်း ပြုရလေသည်။ ထိုအဖြစ်အပျက်သည် ဆရာဝန်ကြီး ဦးလွမ်းဝေ၏ ခရီးစဉ်နှင့် အလုပ်အစီအစဉ်များကိုသာလျှင် မဟုတ်၊ ၎င်း၏ ဘဝကြီးတစ်ခုလုံးကိုပါ အရင်းအမြစ်မှစ၍ ပြောင်းလွဲသွားစေခဲ့ပေသည်တကား။

(၂)

ဒေါက်တာလွမ်းဝေသည် မြန်မာနိုင်ငံအရပ်ရပ်သို့ လှည့်လည်ရာ၌ မြို့ကလေးများတွင် စခန်းချနေထိုင်သည်ဆိုသော်ငြားလည်း ဆင်းရဲသား လူများစုကြီး နေထိုင်ကြရာ တောလက်ကျေးရွာများတွင်သာ အချိန်ကုန်လွန်လေ့ရှိသည့်အတိုင်း ပေါက်ခေါင်းမြို့ကလေးသို့ ရောက်ရှိလာသောအခါ၌လည်း မြို့ပေါ်၌ အနေအထိုင်နည်းပါးကာ ကျေးလက်တောရွာများ၌ လှည့်လည်ဆေးကုသနေသည်ကသာ များလေသည်။

သူသည် တနင်္ဂနွေတစ်ပတ်လျှင် ပေါက်ခေါင်းမြို့ပေါ်၌ နှစ်ရက်၊ သုံးရက်ခန့်မျှလောက်သာ အများဆုံး နေထိုင်လေ့ရှိသည်။ ပေါက်ခေါင်းပတ်ဝန်းကျင်ရှိ ကျေးလက်တောရွာများတွင် လေးရက်မှ ငါးရက်ခန့်အထိ တစ်ရွာမှ တစ်ရွာသို့ ကူးကာသန်းကာ နေထိုင်ခြင်းပြုတတ်လေသည်။ တစ်ခါတစ်ရံ လူနာများပြားနေလျှင် သူသည် တနင်္ဂနွေနှစ်ပတ်မှ သုံးပတ်ခန့်အထိ မြို့သို့ပင် ပြန်မလာတတ်ချေ။ လူနာများအတွက် အရေးတကြီး လိုအပ်လာသောဆေးဝါးများကို ဝယ်ယူရန် သူ၏ တပည့်ကလေး 'မနော်' အား မြို့သို့ ပြန်လွှတ်လိုက်တတ်လေသည်။

နေရီရီ

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



ဆရာဝန်ကြီးဦးလွမ်းဝေ၏ တပည့် မနော်ဆိုသော သူငယ်မှာ ကချင်အမျိုးသားကလေးတစ်ဦး ဖြစ်လေသည်။ ထိုသူငယ်သည် အသက် ၂၀ သာသာခန့် အရွယ် လူငယ်တစ်ဦးဖြစ်၍ ဒေါက်တာလွမ်းဝေအတွက် အလွန်တရာအသုံးဝင်ကာ များစွာ အားကိုးအားထားခြင်းလည်း ပြုနေရသော တပည့်ကလေးတစ်ဦး ဖြစ်လေသည်။

ဦးလွမ်းဝေသည် မြစ်ကြီးနားခရိုင် ဆဒုံး၊ ဆမားနယ်များတွင် လှည့်လည်ဆေးကုစဉ်က ထိုကချင်အမျိုးသားကလေး မနော်ဆိုသူကို တွေ့ဆုံရရှိခဲ့ခြင်းဖြစ်လေသည်။ ထိုသို့ မနော်ကို ဆရာဝန်ကြီးဦးလွမ်းဝေ စ၍တွေ့ရစဉ်က ထိုသူငယ်သည် အသက် ၁၅ နှစ်သာသာခန့်ဖြစ်၍ နာတာရှည်ဖြစ်သော ငှက်ဖျားရောဂါ စွဲကပ်လျက် ရှိလေသည်။ ငှက်ဖျားရောဂါ၏ နှိပ်စက်မှုကြောင့်လူရုပ်ပင် မပေါ်တော့ချေ။

မနော်၌ မိဘများ မရှိကြတော့ချေ။ ညီအစ်ကို မောင်နှမများလည်း မရှိကြချေ။ သူသည် လူ့ဒုက္ခိတကလေးတစ်ဦးမျှသာ ဖြစ်လေသည်။ သူသည် ခိုကိုးရာမဲ့နေသဖြင့် သားသမီးများပြား၍ အလွန်တရာဆင်းရဲလှသော ဦးကြီးဝမ်းကွဲတစ်ဦး၏ နေအိမ်၌ မှီခိုကပ်ရပ်နေထိုင်ခြင်း ပြုနေရလေသည်။

ကချင်အမျိုးသားများ နေထိုင်လျက်ရှိကြသော ဆဒုံးနယ်သို့ လှည့်လည်ဆေးကုခဲ့စဉ်က ဦးလွမ်းဝေသည် ကျောပြင်တွင် အနာကြီးများ တစ်လုံးပြီးတစ်လုံး ပေါက်နေသော မနော်၏ ဦးကြီးလုပ်သူကို ဆေးကုသပေးရင်း မနော်ကိုတွေ့ဆုံခဲ့ရခြင်း ဖြစ်လေသည်။ သူသည် လူရုပ်မျှပင် မပေါ်တော့သော ထိုကလေးကို တွေ့လျှင်တွေ့ခြင်း များစွာ သနားကြင်နာမိလေသည်။ သူသည် မနော်၏ ဦးလေး လုပ်သူကို ဆေးကုသပေးရင်း မနော်၏ ငှက်ဖျားရောဂါကိုလည်း ကိုယ်ဖိ ရင်ဖိ ကုသပေးလေသည်။ အာဟာရချို့ငဲ့နေသော မနော်ကို အားရှိလာအောင် အစားကောင်း အသောက်ကောင်းများကိုလည်း ဂရုတစိုက် ကျွေးမွေးလေသည်။

မနော်၏ ဦးကြီးသည် အလွန်တရာ ဆင်းရဲချို့တဲ့လှရသည့်အထဲ သားသမီး များပြားလှသော ကချင်အမျိုးသားကြီးတစ်ဦး ဖြစ်လေသည်။ ထို့ကြောင့် မိမိ၏ သားသမီးများကို သော်လည်းကောင်း၊ တူကလေး မနော်ကိုလည်းကောင်း ထမင်းနပ်မှန်အောင် ကျွေးမွေးထားရှိနိုင်သူတစ်ဦး မဟုတ်ချေ။



PDF_ Yaybawal

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



ဤကဲ့သို့သော အခြေအနေတွင် ၎င်း၏ကျေးဇူးရှင် ဆရာဝန်ကြီး ဦးလွမ်းဝေအား မနော်၏ ဦးကြီးလုပ်သူက ၎င်း၏တူကလေးကို အပြီးအပိုင် ပေးကမ်းလိုက်ခြင်း ဖြစ်လေသည်။ မနော်ကို ယင်းသို့ ရရှိလိုက်သဖြင့် ဆရာဝန်ကြီး ဦးလွမ်းဝေသည် များစွာ ဝမ်းသာ၍သွားလေသည်။ သူသည် ထိုကချင်ကလေးကို မြင်လျှင်မြင်ရကတည်းက သနားလည်း သနား၊ ချစ်လည်း ချစ်ခင် မိလေသည်။

ယင်းသို့ မြစ်ကြီးနားနယ်မှ ရရှိလာခဲ့သော မနော်ကို ဒေါက်တာလွမ်းဝေသည် ဆွေးနွေးတိုင်ပင်ကာ ပြုစုစောင့်ရှောက်ခဲ့လေသည်။ မနော်အား ၎င်း၏ လုပ်ငန်းတွင် အားကိုးအားထားပြုနိုင်လောက်သော အတတ်ပညာများကိုလည်း စိတ်ရှည်လက်ရှည် လေ့ကျင့်သင်ကြားပေးခြင်း ပြုခဲ့လေသည်။ မြန်မာစကားနှင့် ဘာစာတစ်လုံးမျှမတတ်သော ထိုကချင်ကလေးကို မြန်မာစကား၊ မြန်မာစာနှင့် အင်္ဂလိပ်စာများကိုပါ ထိုက်သင့်သလောက် ရေးတတ်၊ ဖတ်တတ်အောင်လည်း အချိန်အားများ ရသောအခါတိုင်း ဦးလွမ်းဝေသည် ဂရုတစိုက်နှင့် ဖိဖိစီးစီး သင်ကြားပေးခဲ့လေသည်။

ဒေါက်တာလွမ်းဝေသည် ထိုကဲ့သို့ ဂရုတစိုက် လေ့ကျင့်သင်ကြားပေးခြင်း ပြုခဲ့သဖြင့် ၎င်း၏လက်ဝယ်သို့ ရောက်ရှိပြီးနောက် ၄၊ ၅၊ ၆ နှစ် ခန့်မျှအတွင်း မနော်သည် များစွာ အားကိုးလာရသော သူငယ်တစ်ဦး ဖြစ်လာလေသည်။ သူသည် မြန်မာစကားကို ကောင်းစွာ ပြောတတ်၊ ရေးတတ်ရုံသာမက အင်္ဂလိပ်စာကိုပင် အနည်းအကျဉ်း ဖတ်နိုင်လာသည်။ ဒေါက်တာလွမ်းဝေ၏ လုပ်ငန်းတွင်လည်း တစ်စထက်တစ်စ အသုံးဝင်ကာ အကူအညီများလည်း ပေးစွမ်း နိုင်လာလေသည်။

မနော်သည် ဆရာဝန်ကြီးဦးလွမ်းဝေ၏ နေရေးထိုင်ရေးနှင့် စားရေးသောက်ရေးများကိုသာလျှင် ကြည့်ရှုလုပ်ကိုင်ပေးခြင်း ပြုနိုင်ရုံမျှမက ၎င်း၏ ဆေးကုသသောလုပ်ငန်းများ၌လည်း အောက်ခြေသိမ်းလုပ်ငန်းများကို ကျွမ်းကျွမ်းကျင်ကျင် လုပ်ပေးကိုင်ပေးနိုင်လာသည်။ သူသည် ဆေးစပ်၊ အပ်ဖြုတ်နှင့် အနာဆေးထည့်သော အလုပ်များကို လုပ်တတ်ပေသည်။ ဆေးဝါးများကိုလည်း ကောင်းစွာ ဝယ်တတ် ခြမ်းတတ်လာလေသည်။

မြို့အရပ်များမှ တနင်္ဂနွေတစ်ပတ်မှ နှစ်ပတ်ခန့်အထိ ခရီးလွန်ကာ ဆေးဝါးများ ပြတ်သွားသောအခါများတိုင်း ဒေါက်တာလွမ်းဝေသည် ၎င်း၏



PDF_ Yaybawal

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



တပည့်ကလေး မနော်ကို မြို့အရပ်သို့ ပြန်လွှတ်၍ အရေးတကြီး လိုအပ်နေသော ဆေးဝါးများကို ဝယ်ခြမ်းခိုင်းရလေသည်။ ပေါက်ခေါင်းနယ်သည် တော်တော်ကလေး ကျယ်ဝန်းသဖြင့် သူသည် တစ်ခါတစ်ရံ တနင်္ဂနွေနှစ်ပတ်မျှပင် မကဘဲ သုံးပတ်ခန့်အထိ မြို့သို့ ပြန်မရောက်နိုင်ဘဲ ဖြစ်နေတတ်လေသည်။ သူသည် နဝင်းသုံးချောင်း၏ ရေစီးရေဝေတွင်ရှိသော ကျေးရွာမှန်သမျှ ရောက်လေသည်။ တစ်ခါတစ်ရံ ရိုးမပေါ်ရှိ ဆင်တွင်းဝတ် ကရင်ရွာကလေးများသို့ပင် ရောက်လေသည်။

ရောက်လေရာအရပ်၌ တွေ့သမျှလူနာများကို ဆရာဝန်ကြီး ဦးလွမ်းဝေသည် ဆင်းရဲချမ်းသာမရွေး ကိုယ်ဖိရင်ဖိ ကုသခြင်း ပြုလေသည်။ လူနာမှန်သမျှ သူနှင့် သက်ဆိုင်သည်ဟု သဘောထားကာ သူသည် ကြင်ကြင်နာနာ ပြုစုကုသတတ်လေသည်။ ထို့ကြောင့်လည်း ဆရာဝန်ကြီး ဦးလွမ်းဝေနှင့် တွေ့ဖူးသော လူနာမှန်သမျှတို့သည် သူ့ကို တစ်ခါတည်း စွဲလမ်းချစ်ခင်သွားကြခြင်းလည်း ဖြစ်တန်ရာပေသည်။

## (၃)

ပေါက်ခေါင်းသို့ ပြန်ရောက်သောအခါများ၌လည်း ဆရာဝန်ကြီး ဦးလွမ်းဝေသည် အားလပ်ခွင့်ရသည်ဟူ၍ မရှိချေ။ မြို့အရပ်မှ လူနာများသည် သူ့ကို ဝိုင်းအုံ၍ စောင့်နေကြသည်။ သူ့ကိုသာ အားကိုးအားထားနှင့် စောင့်ဆိုင်းနေကြသည်။

ထိုလူနာများသည် အခြားအခြားသော ဆရာဝန်များဆီသို့ မသွားကြချေ။ ပေါက်ခေါင်းနှင့် မိုင်ပေါင်း အစိတ်ခန့်မျှလောက်သာ ဝေးသော ပြည်မြို့၌ နာမည်ကျော် ဆရာဝန်ကြီးများနှင့် ပြည်သူ့ဆေးရုံ ကြီးများ ရှိလေသည်။ သို့ရာတွင် ဒေါက်တာလွမ်းဝေ၏ လူနာများအားလုံးသည် ၎င်းတို့၏ ဦးလွမ်းဝေမှသာ ဦးလွမ်းဝေ ဖြစ်နေကြပေသည်။

ကြင်နာ၍ စိတ်ရှည်သော ဆေးသမားများကို လူနာများသည် အလွန်တရာ ယုံကြည်အားထားတတ်ကြလေသည်။ အဘယ်မျှ နာမည်ကျော်ကြားကာ တတ်ကျွမ်းသော ဆရာဝန်ကြီးများပင် ဖြစ်နေကြစေကာမူ ၎င်းတို့အပေါ်၌



PDF_ Yaybawal

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



ကြင်နာခြင်းမရှိသော ဆေးသမားများကို လူနာများသည် အားကိုးယုံကြည်ခြင်း မရှိတတ်ကြချေ။ လူနာများသည် ငယ်ရွယ်သော ကလေးများနှင့်တူလျက် ဆရာဝန်များသည် လူကြီးမိဘတို့နှင့် တူလေသည်။

ကျေးလက်တောရွာများ၌ ခြေကုန်လက်ပန်းကျကာ မြို့သို့ပြန်ရောက်လာသောအခါ၌လည်း ဆရာဝန်ကြီးဦးလွမ်းဝေသည် များပြားလှသော လူနာများကို ကြည့်ရှုခြင်း ပြုရပြန်လေသည်။ ဦးလွမ်းဝေသည် သူ၏ လုပ်ငန်း၌ မောပန်း ငြီးငွေ့ခြင်း မရှိချေ။ မိမိနှင့်အတူ လူသားတစ်ဦး၏ နာကျင်ခြင်းအား သက်သာပြေငြိမ်းခြင်း အမှုကို ပြုနေရလျှင် ဆရာဝန်ကြီး ဦးလွမ်းဝေသည် လန်းဆန်းပျော်ရွှင် နေတတ်လေသည်။ သူသည် ပင်ပန်းသည် ဟူ၍ ၎င်း၏ ကိုယ်ကို မထင်ချေ။

ပေါက်ခေါင်းမြို့ကလေး တစ်မြို့လုံးက ဆရာဝန်ကြီး ဦးလွမ်းဝေကို ကျေးဇူးတတင်တင်နှင့် ရှိနေကြသည်။ လေးစားချစ်ခင်နေကြသည်။ ပေါက်ခေါင်း တစ်နယ်လုံးကမူ အတိုင်းအဆ မရှိတော့ချေ။

ပေါက်ခေါင်းမြို့၌ နေထိုင်ကာ သူ၏ တာဝန်ကို ထမ်းဆောင်ပြီးနောက် ၆ လခန့် အကြာတွင် ဆရာဝန်ကြီးဦးလွမ်းဝေသည် ၎င်း၏ အစီအစဉ်အတိုင်း မင်းတုန်းနယ်သို့ ပြောင်းရွှေ့ရန် စီစဉ်ခြင်းပြုလေသည်။ ထိုအစီအစဉ်ကို မြို့သူမြို့သားများနှင့် နယ်သူနယ်သားများ သိရှိကြသည်နှင့် တစ်ပြိုင်နက် သူ့ထက်ငါ ဝိုင်းဝန်း၍ တောင်းပန်တားဆီးကြလေသည်။ ထိုသို့ တားဆီးကြသူများထဲတွင် တောင်ရိုးပေါ်မှ သင်တိုင်းဝတ် ကရင်အိုကြီးများ၊ ပြည်အောင်လံနယ်စပ်တွင် နေထိုင်ကြသော ချင်းအမျိုးသားများ၊ ဘုန်းတော်ကြီးများနှင့် နိုင်ငံခြားသားပါ မကျန် ပါဝင်ကြလေသည်။ ထို့ကြောင့် ဆရာဝန်ကြီး ဦးလွမ်းဝေသည် မင်းတုန်းနယ်ဘက်သို့ ရုတ်တရက် မပြောင်းဖြစ်သေးဘဲ ပေါက်ခေါင်းတွင် နောက်ထပ်၍ ၃ လခန့်မျှ ဆက်လက် နေထိုင်ခြင်း ပြုပါမည့်အကြောင်း ပြန်လည် ကတိပြုလိုက်ရလေသည်။

ထိုကတိစကားကိုရလျှင် ပေါက်ခေါင်းမြို့သူမြို့သားများနှင့် တစ်နယ်လုံးသည် အားတက်ဝမ်းသာကြလေသည်။ သို့ရာတွင် ထိုသို့ ပြောင်းလွဲခြင်း ပြုလိုက်ရသည့် အစီအစဉ်ကြောင့် ဘဝကြီးတစ်ခုလုံးပါ အရင်းအမြစ်မှစ၍ ပြောင်းလွဲခြင်း ပြုရတော့မည်ဖြစ်သည့်အကြောင်းကို ဆရာဝန်ကြီး ဦးလွမ်းဝေ



PDF_ Yaybawal

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



သည် မရိပ်မိ၊ မသိရှိခဲ့ချေ။ ထို့အတူ ပေါက်ခေါင်းမြို့ သူမြို့သားများနှင့် နယ်သူနယ်သားများကပါ မရိပ်မိ။ မသိရှိခဲ့ကြချေ။

(၄)

ပေါက်ခေါင်း၌ ၇ လ သာသာခန့်အကြာတွင် အစပထမ၌ မည်သည့် အကြောင်းအရာ တစ်စုံတစ်ရာကိုမျှ ပြသခြင်းမပြုဘဲ ဆရာဝန်ကြီး ဦးလွှမ်းဝေ ကို ကာကွယ်ရေးပုဒ်မ (၅) နှင့် ရုတ်တရက် ဖမ်းဆီးခြင်းပြုလိုက်လေသည်။ ထိုသို့ မိမိစားရိတ်နှင့် မိမိဘာသာ တိုင်းပြည်၏တာဝန်ကို အနစ်နာခံကာ ထမ်းဆောင်နေသော ပုဂ္ဂိုလ်ကြီးတစ်ဦးအား အလွန်တရာ နာမည်ပျက်စေသော ပုဒ်မ (၅) နှင့် ပြန်းခနဲ ဖမ်းဆီး၍ ပေါက်ခေါင်းမှ ပြည်ထောင်ကြီးသို့ ခေါ်ဆောင် သွားသောအခါ အခြားအခြားသော သူများကိုကား ထားဘိဦး၊ ကာယကံရှင် ဒေါက်တာလွှမ်းဝေကိုယ်တိုင်ပင်လျှင် ၎င်းအား မည်ကဲ့သို့သော ပြစ်မှုနှင့် အကြောင်း များကြောင့် ထိုကဲ့သို့ ဖမ်းဆီးခြင်းပြုသည်ကိုပင် မစဉ်းစား မတွေးတောတတ် အောင် ဖြစ်နေရလေသည်။

ဆရာဝန်ကြီး ဦးလွှမ်းဝေကို ပြည်ခရိုင် ရာဇဝတ်ဝန်ကြီးကိုယ်တိုင် ဖမ်းဆီးရန် ဖြစ်သော်လည်း ထိုရဲအရာရှိကြီးသည် အလွန်တရာ မျက်နှာပူလှ သဖြင့် ၎င်းကိုယ်တိုင် ဖမ်းဆီးခြင်းမပြုရအောင် ရှောင်ကွင်းခြင်း ပြုလေသည်။ ဒေါက်တာလွှမ်းဝေကဲ့သို့ ပြည်သူများအား ကူညီလျက်ရှိသော ပြည်သူ့ဝန်ထမ်း တစ်ဦးကို ခိုင်လုံသော အကြောင်းပြချက် မရှိပါဘဲ အဘယ်သူသည် ဖမ်းဆီးနိုင် ပါ့မည်နည်း။ သူသည် နိုင်ငံတော်၏ လုံခြုံရေးကို သော်လည်းကောင်း၊ ငြိမ်ဝပ် ပိပြားရေးကို သော်လည်းကောင်း မည်ကဲ့သို့မျှ အနှောင့်အယှက်ပေးသူ တစ်ဦး လည်း မဟုတ်ချေ။ တရားဥပဒေကိုလည်း ချိုးဖောက်ရန် ကြံစည်အားထုတ် နေသော လူဆိုးကြီးတစ်ဦးလည်း မဟုတ်ချေ။ သို့ရာတွင် ပြည်ထဲရေးဌာနမှ ရောက်ရှိလာ သော ညွှန်ကြားချက်နှင့် အမိန့်အရ သူသည် ဆရာဝန်ကြီး ဦးလွှမ်းဝေကို မဖမ်း ဆီးလျှင် မဖြစ်တော့ချေ။ သူသည် ဘာအပြစ်မျှ စွဲချက်တင် ပြစရာမရှိသော ဆရာဝန်ကြီးတစ်ဦးကို အထက်အမိန့်အရ အဖမ်းခိုင်းလိုက်ရ လေသည်။ ထိုသို့ ဖမ်းဆီးလိုက်သည့်အတွက် သူသည် လူအများ၏ ငြိုငြင်ခြင်းနှင့် မုန်းတီးခြင်းခံ ရမည့် အဖြစ်ကိုလည်း ကောင်းစွာ တွက်ချက်စဉ်းစားထားပြီး ဖြစ်လေသည်။

**နေရီရီ**

PDF_ Yaybawal

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



ဒေါက်တာလွမ်းဝေသည် ပြည်ခရိုင် ရဲအဖွဲ့မှ တိုက်ပိုင် အင်စပက်တော် တစ်ဦး၊ ရဲအုပ်နှစ်ဦးနှင့် ရဲသား သုံးလေးယောက်တို့ လာရောက် ဖမ်းဆီးခြင်း ပြုစဉ်က သူသည် ပေါက်ခေါင်းမြို့ပေါ်တွင် မရှိချေ။ ပေါက်ခေါင်းအရှေ့ဘက် ၁၀ မိုင်ခန့် ဝေးကွာလိမ့်မည်ဖြစ်သော၊ ဝမ်းရောဂါဖြစ်ချင်သကဲ့သို့ ဖြစ်နေသော ရွာသားများကို ဆေးထိုးပေးနေရခိုက် ဖြစ်လေသည်။

သူ့ကို ဖမ်းဆီးခေါ်ဆောင်ခြင်းပြုရန် လယ်တီရွာသို့ တကူးတက လိုက်လာကြသော တိုက်ပိုင် အင်စပက်တော်တစ်ဦး ခေါင်းဆောင်သည့် ရဲအဖွဲ့ဝင်များကိုပင် ဆရာဝန်ကြီး ဦးလွမ်းဝေသည် ၎င်းအား ဖမ်းဆီးခြင်းပြုရန် လိုက်လာသည်ဟု မည်ကဲ့သို့မျှ မထင်ချေ။ တရားဥပဒေကို ထိန်းသိမ်းစောင့်ရှောက်ခြင်းပြုရန် တာဝန်အတွက် နယ်လှည့်လာကြသည်ဟုပင် ထင်လေသည်။

ရဲအဖွဲ့၏ ခေါင်းဆောင်လုပ်သူသည် ဆရာဝန်ကြီး ဦးလွမ်းဝေကဲ့သို့ လူကြီးလူကောင်းတစ်ဦးကို ဖမ်းဆီးခြင်းပြုရသည့်အကြောင်း အပြောရကျပ်နေသည်။ တကယ်ဆိုတော့ ရဲအဖွဲ့ဝင်များ၏ တာဝန်သည် လူကောင်းသူကောင်းများကို ဖမ်းဆီးရန် မဟုတ်ချေ။ အထူးသဖြင့် ဆရာဝန်ကြီး ဦးလွမ်းဝေကဲ့သို့ အများပြည်သူတို့၏ ကျန်းမာရေးအတွက် မိမိစရိတ်နှင့် မိမိဘာသာ ထမ်းဆောင်နေသော ပြည်သူ့အကျိုးဆောင်များကို ဖမ်းဆီးခြင်းပြုရန်မှာ သာ၍ မဟုတ်သေးချေ။ သို့ရာတွင် သူသည် အထက်အမိန့်ကို ထမ်းဆောင်ခြင်း ပြုရရုံမျှသာ ဖြစ်သော အမှုထမ်းတစ်ဦး ဖြစ်ပေသည်။

နောက်ဆုံး၌ ရဲအဖွဲ့၏ ခေါင်းဆောင်သည် ၎င်း၏ တာဝန်ကို မထမ်းဆောင်လျှင် မဖြစ်တော့သဖြင့် လူနာများကို မအားမလပ် ဆေးထိုးနေသော ဆရာဝန်ကြီး ဦးလွမ်းဝေအား ၎င်းလိုက်လာရသည့်အကြောင်းကို ထုတ်ဖော်ပြောကြားခြင်း ပြုရလေတော့သည်။ သူသည် အလွန်တရာ အားလည်းနာ၊ မျက်နှာလည်း ပူလှသဖြင့် ဆရာဝန်ကြီး ဦးလွမ်းဝေ၏ မျက်နှာကိုပင် မကြည့်ရဲချေ။ အသံများမှာလည်း တုန်နေပေသည်။

"အော်. . . ကျွန်တော့်ကို ဖမ်းဖို့ဝရမ်းပါလာတာကိုး"

ဒေါက်တာလွမ်းဝေသည် ထိုမျှသာ ပြန်လည်ပြောဆိုလေသည်။ သို့ရာတွင် သူ့အား ဘာကြောင့်ဖမ်းသည်ဆိုသော အကြောင်းကိုမူ သူသည် ပြန်လည် မေးမြန်းခြင်း မပြုတော့ချေ။ အဘယ်ကြောင့်ဆိုသော် သူသည်



PDF_ Yaybawal

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



မည်သည့် ပြစ်မှုမျှ မရှိသော လူတစ်ယောက် ဖြစ်သည်ဆိုသော အကြောင်းကို သူကိုယ်တိုင် ကောင်းစွာ စိတ်ချထားသောကြောင့်ပင် ဖြစ်လေသည်။

"ကျွန်တော်တော့ ဘာမှ မသိပါဘူးဆရာ၊ အထက်က ခိုင်းလို့သာ ကျွန်တော့်တာဝန်ကို ထမ်းရတာပါ"

ရဲအရာရှိက အကျိုးအကြောင်း ပြောလေသည်။

"ဝရမ်းပါလာရင်လည်း ကျွန်တော် လိုက်ပါ့မယ်ခင်ဗျာ၊ ဒါပေမဲ့ လူနာ ၅ ယောက်လောက် ဆေးထိုးပေးစရာ ကျန်နေသေးလို့ နာရီဝက်လောက်တော့ ဆိုင်းကြပါဦး"

ဆရာဝန်ကြီး ဦးလွမ်းဝေသည် ဦးခေါင်းအေးအေးနှင့်ပင် ခွင့်တောင်းခြင်းပြုလေသည်။

ကျန်ရှိနေသေးသော ဆေးထိုးရန် လူနာများကို ဆေးထိုးပေးပြီးနောက် ဒေါက်တာလွမ်းဝေသည် ၎င်း၏ အစီအစဉ်ကိုဖျက်ကာ ရဲအဖွဲ့ဝင်များနှင့် ပေါက်ခေါင်းသို့ ပြန်လိုက်လာသည်။ သူသည် ပေါက်ခေါင်းတွင် သူ၏ တပည့် ပနော်နှင့် သူ၏ ပစ္စည်းများကို နေရာချ စီစဉ်ပေးပြီးနောက် ရဲအဖွဲ့ဝင်များနှင့် အတူ ပြည်မြို့သို့ လိုက်ပါသွားလေသည်။

ယင်းသို့ ၎င်းတို့၏ မိတ်ဆွေနှင့် ကျေးဇူးရှင် ဆရာဝန်ကြီး ဦးလွမ်းဝေ ကို ရဲအဖွဲ့ဝင်များက ကာကွယ်ရေးပုဒ်မဖြင့် ဖမ်းဆီးခေါ်ဆောင်သွားကြသည့် အကြောင်းကို ပေါက်ခေါင်း မြို့သူမြို့သားများနှင့် နယ်သူနယ်သားများသည် ရုတ်တရက် မသိလိုက်ကြချေ။ သတင်းစာများတွင် ပါရှိလာတော့မှပင် သူတို့ သည် ထိုအကြောင်းကို သိရှိကြလေသည်။ သတင်းစာများ၌လည်း ဆရာဝန်ကြီး ဦးလွမ်းဝေအား မည်ကဲ့သို့သော ပြစ်မှုများကြောင့် ဖမ်းဆီးခြင်းပြုသည့် အကြောင်းကို မဖော်ပြကြချေ။ ပြည်ခရိုင် ရဲအဖွဲ့ကြီးက ဒေါက်တာလွမ်းဝေကို ပုဒ်မ (၅) ဖြင့် ဖမ်းဆီးခြင်းပြုလိုက်သည့် သတင်းကိုသာ ဖော်ပြကြသည်။

ပေါက်ခေါင်းမြို့ပေါ်နှင့် မြို့နယ်မှ လူနာများသည် တော်တော်ကြီး စိတ်မကောင်း ဖြစ်ကြရလေသည်။ သို့ရာတွင် ထိုအချိန်ကာလက လွတ်လပ်သော ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်သားတစ်ဦးကို ကာကွယ်ရေးပုဒ်မ ဖြင့် ကြက်ကလေး ငှက်ကလေးများဖမ်းသလို လွယ်လွယ်နှင့် ဖမ်းဆီးခြင်းပြုနေ သော ကာလဖြစ်၍ လူနာများသည် မိမိတို့ မကျေမနပ်ဖြစ်နေကြသော ကိစ္စ



PDF_ Yaybawal

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



များကို ကျယ်ကျယ်လောင်လောင်ကလေးပင် ပြောဝံ့ဆိုဝံ့ကြသည် မဟုတ်ချေ။ နိုင်ငံရေးတန်ခိုးအာဏာ ရရှိထားသူများက သောက်မြင်ကပ်လျှင် ကပ်သလို အဖမ်းခံနေရသော ကာလကြီးပင်တည်း။

## (၅)

ဆရာဝန်ကြီး ဦးလွမ်းဝေအား သက်ဆိုင်ရာ အာဏာပိုင်များက ကာကွယ်ရေးပုဒ်မ (၅) ဖြင့် ပြည်ထောင်ကြီးတွင် ၆ လ သာသာခန့်မျှ ဖမ်းဆီး ချုပ်နှောင်ခြင်း ပြုလေသည်။ သို့ရာတွင် ရုံးတော်သို့တင်၍ တရားစွဲဆိုခြင်း အမှုကိုမူကား တရားလိုများသည် မပြုလုပ်နိုင်ကြချေ။ တရားလိုဆိုသူများသည် မည်ကဲ့သို့ ရုံးတင်တရားစွဲဆိုခြင်း မပြုနိုင်စေကာမူ လွတ်လပ်သော ပြည်ထောင်စု သား တစ်ဦးတစ်ယောက်ကို ၎င်းတို့ စိတ်ထင်သလို ထိုသို့ ဖမ်းဆီး ချုပ်နှောင်ကာ အကျဉ်းချထားနိုင်သော တန်ခိုးအာဏာများ ရှိ၍ နေကြလေသည်။

ပြည်ထောင်စုကြီးအတွင်း၌ အကျဉ်းချထားခြင်းခံနေရသော ဒေါက်တာလွမ်းဝေသည် ၎င်းအား မည်သည့်ရာဇဝတ်ပြစ်မှုရှိ၍ ထိုကဲ့သို့ ချုပ်နှောင်ထားသည့် အကြောင်းကို မသိရှာချေ။ သူသည် တရားဥပဒေအား ချိုးဖောက်ခြင်း ပြုသော မည်သည့်အမှုကိုမျှ ပြုခဲ့သူတစ်ယောက် မဟုတ်သဖြင့် သူ၏ အပြစ်ကို အံ့ဩခြင်း ဖြစ်ရုံမှတစ်ပါး အခြားအဘယ်သို့မျှ မတတ်နိုင်ချေ။

ဒေါက်တာလွမ်းဝေအား ဖမ်းဆီးခြင်းပြုလိုက်ပြီးနောက် တနင်္ဂနွေ တစ်ပတ်ခန့်အကြာတွင် ၎င်းနှင့် အဖေတူ အမေကွဲ နှမနှစ်ယောက်တို့သည် ပြည်သို့ လိုက်လာကြလေသည်။ သို့ရာတွင် ညီအငယ်ဆုံးလုပ်သူကား ပါမလာ ချေ။ သူသည် ရေတပ်မတော်၌ အမှုထမ်းနေရသော ပုဂ္ဂိုလ်တစ်ဦးဖြစ်၍ လိုက်ပါမလာခြင်း ဖြစ်ဟန်တူသည်။

ဒေါက်တာလွမ်းဝေသည် ငိုယိုခြင်းပြုကြသော နှမနှစ်ယောက်ကို ချော့မော့၍ ပြန်လွှတ်လိုက်သည်။ ထိုသို့ လွှတ်လိုက်ပြီးနောက် တစ်ပတ်ခန့် အကြာတွင် ၎င်းအား ဆေးသိပ္ပံအတတ်ကို ပြီးဆုံးအောင် ဆက်လက် သင်ကြား ပေးခဲ့သော ကြီးတော်သည် ဒေါ်ကြီးမောကြီးနှင့် လိုက်လာပြန်လေသည်။

"အစိုးရက မတရားလုပ်တိုင်း မင်းက ဘာပြုလို့ ငုံ့ခံရမှာလဲ၊ ဒီနိုင်ငံ



PDF_ Yaybawal

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



မှာ တရားလွှတ်တော်ချုပ်ဆိုတာ ရှိသေးသားပဲ"

မင်းကတော်ကြီးသည် လက်သီးလက်မောင်းတန်းကာ ပြောဆိုလေသည်။

"ကျွန်တော့်အတွက် ထပ်ပြီးတော့ ကြီးကြီး ကိုယ်ကိုယ်ကိုယ် ဒုက္ခရှာမနေပါနဲ့တော့ ခင်ဗျာ၊ တစ်နေ့တော့လည်း အမှန်အတိုင်း ဖြစ်လာလိမ့်မပေါ့"

ဒေါက်တာလွမ်းဝေသည် ကြီးတော်လုပ်သူကို နှစ်သိမ့်ပြောဆိုလေသည်။

"မတရားသဖြင့်လုပ်တာကို ဘာပြုလို့ ငုံ့ခံရမှာလဲကွယ့် မောင်လွမ်းဝေ၊ ကြီးကြီးမှာ ရှိတဲ့ပစ္စည်း ကုန်ပါစေ၊ ကြီးကြီးမခံဘူး"

ကံဘဲ့ဘက်တွင် ဝင်းခြံနှင့် တိုက်နှင့်နေနိုင်သော မင်းကတော်ကြီးက ဆက်လက် ပြောဆိုနေသည်။

သားသမီးတစ်ယောက်မျှ မရှိ၍ မိမိကို ၎င်း၏ သားအရင်းကဲ့သို့ ချစ်သော ကြီးတော်လုပ်သူ၏စေတနာကို ဆရာဝန်ကြီး ဦးလွမ်းဝေသည် ကောင်းစွာ နားလည်ပေသည်။ သို့ရာတွင် အသက်အရွယ် ကြီးရင့်အိုမင်းကာမှ သူ့အတွက်နှင့် ထိုအဘွားကြီး ဆင်းရဲပင်ပန်းရခြင်းကို သူသည် မကြည့်လိုတော့ချေ။

"ကျွန်တော့်အတွက်နဲ့ ကြီးကြီး ကိုယ့်ကိုယ်ကိုယ် ဒုက္ခမပေးပါနဲ့တော့လေ၊ ကျွန်တော့်အကြောင်းကို ကျွန်တော် အသိဆုံးပါ ကြီးကြီးရယ်"

"မင်း ဘာမှပြောမနေနဲ့တော့ မောင်လွမ်းဝေ၊ ကြီးကြီး ရန်ကုန်ပြန်ပြီး တရားလွှတ်တော်ချုပ်က စကားပြောတော့မယ်ဟေ့"

မင်းကတော်ကြီးသည် ထိုကဲ့သို့ လက်သီးလက်မောင်းတန်းကာ ပြောဆိုပြီးနောက် ရန်ကုန်သို့ ချက်ချင်းပင် ပြန်သွားလေသည်။ ထိုသို့ ရန်ကုန်ကို ပြန်သွားပြီးနောက် တစ်ပတ်ခန့်မကြာမီ နာမည်ကျော် ဝတ်လုံကြီးတစ်ဦးကို ငွေကြေး အများအပြား အကုန်အကျခံကာ တရားလွှတ်တော်ချုပ်သို့တက်၍ ရှေ့တော်သွင်း စာချွန်တော်အမိန့်ကို တင်လေသည်။

ထုံးစံအတိုင်း တရားလွှတ်တော်မှ တရားမင်းများက ဆရာဝန်ကြီး ဦးလွမ်းဝေအား ဖမ်းဆီးထားသော တရားလိုများကို စစ်ဆေးမေးမြန်းကြလေသည်။ ထိုအခါ တရားလိုပြုလုပ်ရသော ထောက်လှမ်းရေးဆိုင်ရာ ရဲအရာရှိကြီးက ဒေါက်တာလွမ်းဝေသည် နိုင်ငံတော်အစိုးရမင်းများအား လက်နက်ကိုင်တိုက်ခိုက်နေကြသော သူပုန်သူကန်များကို ဆေးဝါးကုသပေးခြင်းအားဖြင့် အားပေးအားမြှောက်ပြုလုပ်နေ၍ ယင်းသို့ ဖမ်းဆီးထားရသည့်အကြောင်းကို



PDF_ Yaybawal

ထုချေကြလေသည်။ ယင်းသို့ဖြစ်လျှင် တရားဥပဒေ အပြင်အပမှ အစိုးရကို ခြားနားပုန်ကန်နေကြသော သူပုန်များအား ဆေးဝါးဖြင့် အကူအညီပေးနေလျှင် အဘယ်ကြောင့် သက်ဆိုင်ရာ ဥပဒေပုဒ်မများဖြင့် တရားရုံးတော်များ၌ တရားစွဲဆိုခြင်း မပြုသေးသည့်အကြောင်းကို မေးမြန်းလာသောအခါ တရားလိုရဲအရာရှိသည် ထုံးစံအတိုင်း အမှုအတွက် ပြင်ဆင်နေပါသေးသည်ဟု ထုချေပြန်လေသည်။

တရားလွှတ်တော်ချုပ်၌ တရားလိုများက စွပ်စွဲပြောဆိုသံများကို ကြားရတော့မှပင် ဒေါက်တာလွမ်းဝေသည် ၎င်းအား ဖမ်းဆီးချုပ်နှောင်ထားသော အကြောင်းကို သိရှိလာရပေသည်။ တရားလိုများ စွပ်စွဲပြောဆိုသည့်အတိုင်း သူသည် တရားဥပဒေ အပြင်အပမှ သူပုန်များကို ဆေးဝါးကုသပေးခဲ့မိလေသလော။ သူသည် ထိုအကြောင်းကို ပြန်၍ စဉ်းစားရလေသည်။

သူပုန်များကိုလည်း သူသည် ဆေးဝါးကုသပေးခဲ့မိချင်လည်း ကုသပေးမိပေလိမ့်မည်။ သို့ရာတွင် တရားဥပဒေအရ ဖွဲ့စည်းထူထောင်၍ ထားသော အစိုးရကို လက်နက်ကိုင် ပုန်ကန်ခြင်းပြုသောအမှုကို သူသည် အားပေးထောက်ခံခြင်း ပြုခဲ့သည်တော့ မဟုတ်တန်ရာချေ။ သူသည် ဆရာဝန်ကြီး တစ်ဦးမျှသာ ဖြစ်လေသည်။ သူ့ဆီသို့ လာရောက်ပြသကြသော လူနာများကို သူသည် ကျောသားရင်သား ခွဲခြားနိုင်လိမ့်မည်တော့ကား မဟုတ်ချေ။ ဆရာဝန်သည် မိမိ၏ အတတ်ပညာအား လည်းကောင်း၊ မိမိ၏ အလုပ်အား လည်းကောင်း သစ္စာရှိရပေသည်။ သူ့ဆီသို့ ရောဂါကင်းငြိမ်းလို၍ လာရောက်ခြင်း ပြုကြသော လူနာများအား သူသည် အဘယ်သို့ ခွဲခြားခြင်း ပြုရပါ့မည်နည်း။ လူနာများသည် လူနာများသာ ဖြစ်ကြလေသည်။ သူတို့၌ ဆင်းရဲချမ်းသာမရှိ၊ အဆင့်အတန်းမရှိ၊ အစိုးရဘက်နှင့် သူပုန်ဘက် ဟူ၍လည်း မရှိချေ။ လူနာမှန်သမျှတို့သည် နာကျင်နေကြသော လူသားများသာ ဖြစ်လေသည် မဟုတ်သလော။ ဆရာဝန်၏ တာဝန်မှာ ၎င်းတို့ထံ သို့ ရောက်ရှိလာသော လူနာမှန်သမျှကို ပျောက်ကင်း ချမ်းသာရအောင် ကုသပေးဖို့သာပင် မဟုတ်သလော. . . ။

ဆရာဝန်ကြီး ဦးလွမ်းဝေသည် မြန်မာနိုင်ငံ အရပ်ရပ်သို့ ၎င်း၏ စရိတ်နှင့် ၎င်းဘာသာ လှည့်လည်ကာ ရောက်လေရာအရပ်ရပ်တို့၌ တွေ့သမျှသော လူနာများကို ကုသလျက်ရှိသော ဆေးသမားတစ်ဦးမျှသာ ဖြစ်လေသည်။

**နေရီရီ**

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



သူ၏ လူနာများထဲတွင် လူဆင်းရဲနှင့် လူချမ်းသာများ ပါရှိ သကဲ့သို့ အစိုးရ အရာရှိကြီးများကအစ ကယ်ပါများလည်း ပါလေသည်။ ၎င်းအပြင် သူပုန်များလည်း မပါဟူ၍ သူသည် မပြောနိုင်ချေ။ သူပုန်မကဍ် ၎င်း၏ ဘိုးအေကြီးပင် ဖြစ်စေကာမူလည်း ဆရာဝန်တစ်ဦးထံသို့ လာသော လူနာသည် လူနာမျှသာ ဖြစ်လေသည်။

ထိုကဲ့သို့သော လူနာကို သူသည် ဆေးဝါးကုသပေးခြင်း ပြုမိသည့် အတွက် တရားဥပဒေအရ အပြစ်ရှိသည်ဆိုလျှင်လည်း သူသည် ဘာမှ မတတ်နိုင်ချေ။ တရားမင်း၏ အဆုံးအဖြတ်ကိုသာ နာခံဖို့ရှိပေသည်။

(၆)

သို့ရာတွင် တရားမင်းများသည် သူပုန်၊ သူကန်များကို ဆေးဝါးကုသပေးသည်ဆိုသော ဆရာဝန်ကြီး ဦးလွမ်းဝေအား တရားစီရင်ခွင့် မရရှိခဲ့ကြချေ။ အဘယ်ကြောင့်ဆိုသော် ၎င်းအား သက်ဆိုင်ရာ တရားလိုများက တရားရုံးတော်၌ တရားစွဲဆိုခြင်း မပြုဘဲ နောက်ထပ် သုံးလသာသာခန့်မျှ ဆက်လက်ချုပ်နှောင်မြဲ ချုပ်နှောင်ထားကြသောကြောင့် ဖြစ်လေသည်။

၎င်းအား သူပုန်များကို အားပေးကူညီခဲ့သည်ဟု စွပ်စွဲခဲ့သဖြင့် မည်သည့်အချိန်တွင် ရုံးတင်တရားစွဲပါမည်နည်းဟု ဆရာဝန်ကြီး ဦးလွမ်းဝေသည် စိတ်ရှည်လက်ရှည် စောင့်ဆိုင်းခြင်း ပြုခဲ့လေသည်။ သူသည် ထိုစွဲချက်ဖြင့်သာ တရားရုံးတော်၌ တရားလိုများကို ရင်ဆိုင်ရမည် ဆိုလျှင် သူ၏ အမှုသည် သေးငယ်သော အမှုမဟုတ်မှန်း ဒေါက်တာလွမ်းဝေသည် စဉ်းစားခြင်း ပြုရလေသည်။

သူ၏ကြီးတော်သည် ရန်ကုန်မှ ပြည်သို့ တစ်ခေါက်လိုက်လာ ပြန်လေသည်။ တရားလိုများက တရားခံဆိုလျှင် မည်သို့မည်ပုံ ခုခံရန်နှင့် ဝတ်လုံများ ငှားရမ်းရန် ကိစ္စတို့ကို တိုင်ပင်ပြောကြားရန်အတွက် ဖြစ်လေသည်။

သူသည် ဆရာဝန်တစ်ဦးအနေနှင့် ထုချေခြင်းပြုရမည့် အမှုအတွက် ဝတ်လုံများ ငှားရမ်းခြင်း မပြုလိုသည့်အကြောင်း ကြီးတော်လုပ် သူအား ပြောဆိုလိုက်သည်။ သူ၏အမှုကို သူကိုယ်တိုင် ထုချေမည့် အစီအစဉ်များကိုလည်း ပြောဆိုလေသည်။

သို့ရာတွင် ကြီးတော်လုပ်သူက ထိုကိစ္စကို တော်တော်နှင့် သဘော



PDF_ Yaybawal

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



မတူနိုင်သဖြင့် ဒေါက်တာလွမ်းဝေသည် ထိုအမယ်ကြီး နားဝင်လာအောင်နှင့် လက်ခံ လာအောင် ရှင်းလင်းပြောကြားခြင်း ပြုရလေသည်။

ဦးလွမ်းဝေသည် ၎င်းအား တရားရုံးတော်သို့ တင်ကြမည့်နေ့ရက်များကို စောင့်ဆိုင်းရင်း အကျဉ်းထောင်အတွင်း၌ ၎င်း၏အချိန်တို့ကို အလဟဿ အကုန်မခံချေ။ အကျဉ်းထောင်အတွင်း၌ ဖြစ်ကတတ်ဆန်း ထားရှိသော အကျဉ်းထောင်ဆေးရုံတွင် အကူအညီပေးလေသည်။ သို့ရာတွင် ထိုကဲ့သို့ ကူညီရသော အလုပ်ကို သူသည် တိတိလင်းလင်းနှင့် တရားဝင် လုပ်ကိုင်ခြင်း မပြုရချေ။ ဘာမျှ မတတ်ကျွမ်းသေးသော ဆရာဝန်ပေါက်စကလေးတစ်ဦးကို တိတ်တဆိတ် ကူညီရခြင်းမျှသာ ဖြစ်လေသည်။ မည်ကဲ့သို့ပင်ဖြစ်စေ. . . ဆရာဝန်ကြီး ဦးလွမ်းဝေ တစ်ယောက်ကတော့မူ သူ ရောက်ရှိလေရာအရပ်၌ တွေ့ရသမျှသော လူနာများကို သက်သာပျောက်ကင်းအောင် လုပ်ပေးကိုင်ပေး ရမှ နေလို့ ထိုင်လို့ ရသော လူတစ်ယောက်မျှသာ ဖြစ်လေသည်တကား. . . ။

သို့ရာတွင် ဆရာဝန်ကြီး ဦးလွမ်းဝေကို တရားလိုများသည် ကြီးကြီးကျယ်ကျယ်သာ စွပ်စွဲပြောဆိုခြင်း ပြုခဲ့ကြသော်လည်း တရားစွဲဆိုရန်မူကား တွန့်ဆုတ်တွန့်ဆုတ် ဖြစ်နေကြပုံရလေသည်။ ၎င်းအပြင် မြန်မာနိုင်ငံ အရပ်ရပ်မှ လူနာ အများအပြား၏ ချစ်ခင်လေးစားခြင်းကိုခံရသော ဆရာဝန်ကြီးတစ်ဦးကို သူတို့သည် ဖမ်းဆီးခြင်းပြုစဉ်ကသာ လွယ်လွယ်ကူကူ ဖမ်းဆီးခြင်းပြုခဲ့ကြ သော်လည်း တကယ်တရားစွဲဆိုခြင်း ပြုရမည်ဆိုသောအခါ၌ သူတို့ ထင်သလောက် မလွယ်ကူလှသည်ကို တဖြည်းဖြည်း ရိပ်မိသိရှိလာကြပုံလည်း ရပေသည်။

စင်စစ်တော့ ထိုအမှု၌ တရားလိုလုပ်သူများ၏ အပြစ်နှင့် ချို့ယွင်းချက်သက်သက်ချည်းတော့လည်း မဟုတ်ချေ။ ဒေါက်တာလွမ်းဝေကို မနာလိုမရှုဆိမ့် ဖြစ်နေကြသောသူများ၏ ပယောဂသည် အဓိက ဖြစ်လေသည်။ လူတစ်ဦးတစ်ယောက်သည် အဘယ်မျှပင် သူတော်ကောင်းစေကာမူလည်း၊ ၎င်းအား တစ်နည်း မဟုတ်လျှင် တစ်နည်းနည်းနှင့် မလိုမုန်းထားသော သူများသည် ပေါ်ပေါက်မြဲ ရှိနေမြဲသာ ဖြစ်လေသည်။ လူသုံးပါးတို့ကို ဒုက္ခဘုံမှ ချွေးနုတ်ခြင်း ပြုရန် ရှေ့ဆောင် လမ်းပြတော်မူခဲ့သော ဘုရားသခင်ကိုပင်လျှင် ဆန့်ကျင်ဘက်ပြုသော ဒေဝဒတ်သည် ပေါ်ပေါက်ရသေးသည် မဟုတ်သလော။ ၎င်းနှင့် ဘဝတူ ဆရာဝန် အများအပြားရှိသည့်အနက် ၎င်း၏ အောင်မြင် ကျော်ကြားနေခြင်း



PDF_ Yaybawal

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



ကို မရှုဆိမ့် မနာလိုသောသူများ အဘယ်မျှ ရှိနေသနည်း။ ထိုလူစားများ၏ ပယောဂသည်လည်း ပါရှိကောင်းပါရှိလိမ့်မည် ဖြစ်လေသည်။ သို့ရာတွင် ဒေါက်တာလွမ်းဝေ တစ်ယောက်ကတော့မူ ၎င်း၌ ထိုကဲ့သို့သော ရန်ဆက်များ ရှိနေလိမ့်မည်ဟု မထင်ခဲ့ချေ။ သူသည် မွန်မြတ်သော လုပ်ငန်းတစ်ခုကို သူ့ ဘာသာ သူ အေးအေးချမ်းချမ်း လုပ်ကိုင်နေသူ တစ်ယောက်သာ ဖြစ်သည် လည်း မဟုတ်သလော။

(၇)

ကာကွယ်ရေးပုဒ်မ (၅)ဖြင့် ပြည်ထောင်ကြီးအတွင်း ၆ လသာသာ ခန့်မျှ ဖမ်းဆီးချုပ်နှောင်ထားခြင်းကို ခံခဲ့ရပြီးနောက် ရုံးတင်တရားစွဲဆိုခြင်း မပြုဘဲ ဒေါက်တာလွမ်းဝေအား သက်ဆိုင်ရာ တရားလိုများက ရုတ်တရက် လွှတ်ပေးလိုက်ကြပြန်လေသည်။ အကျဉ်းထောင်တံခါးဝမှ ထွက်လျှင်ထွက်ရ ခြင်း ဆရာဝန်ကြီး ဦးလွမ်းဝေသည် ၎င်းအား လွှတ်လိုက်သည့်အကြောင်းကို ရန်ကုန်မှ ကြီးတော် ဖြစ်သူကို သံကြိုးရိုက် အကြောင်းကြားပြီးနောက် ပေါက်ခေါင်း သို့ ချက်ချင်း ပြန်လာခဲ့လေသည်။ သူသည် ပေါက်ခေါင်း၌ တစ်ညမျှသာ အိပ်စက်ပြီး နောက်တစ်နေ့တွင် ဘဝင်ငါးဆင့်နှင့် မျောက်ပြင်သာရွာများဘက် သို့ ထွက်သွားလေသည်။

သူသည် မြောက်နဝင်းချောင်း ရေစီးရေဝေတွင် ရှိသော ကျေးရွာများ သို့ တနင်္ဂနွေ နှစ်ပတ်သာသာခန့်မျှ လှည့်လည်ဆေးကုလေသည်။ ဆရာဝန်ကြီး ဦးလွမ်းဝေ လွတ်လာပြီဆိုသော သတင်းကို တစ်ဆင့်စကား တစ်ဆင့်ကြားရ သော ပေါက်ခေါင်းနယ်သူနယ်သားများသည် ၎င်းတို့၏ မိတ်ဆွေကြီးကို တွေ့ဆုံ နှုတ်ဆက်ရန် ပေါက်ခေါင်းသို့ လာရောက်ကြလေသည်။ သို့ရာတွင် ပေါက်ခေါင်း ၌ ဆရာဝန်ကြီး ဦးလွမ်းဝေကို မတွေ့ရသောအခါ သူတို့သည် ၎င်းနောက်သို့ စုပြုံ၍ လိုက်ကြလေသည်။

ပြည်ထောင်မှ လွတ်လာပြီးနောက် ဒေါက်တာလွမ်းဝေသည် တော၌ တနင်္ဂနွေ နှစ်ပတ်သာသာခန့်မျှ ကြာလေသည်။ သို့ရာတွင် သူသည် မြို့သို့ မပြန်လိုလှသေးချေ။ ရန်ကုန်မှ ကြီးတော်ဖြစ်သူ ၎င်းအား တွေ့ရန် ပေါက်ခေါင်း သို့ လိုက်လာသည့်အကြောင်း ပေါက်ခေါင်းမှ လွှတ်လိုက်သော လူတစ်ယောက်

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



က လာရောက်ပြောကြားတော့မှပင် သူသည် မြို့သို့ ပြန်လာခဲ့လေသည်။

ပေါက်ခေါင်းသို့ ပြန်ရောက်လျှင် ရောက်ခြင်း အသက် ၄၀ ပင် ကျော်လွန်နေလေပြီဖြစ်သော နာမည်ကျော် ဆရာဝန်ကြီးတစ်ဦးသည် ၎င်း ကြီးတော်လုပ်သူ၏ မြည်တွန်ခြင်းကို ကျောင်းသားသူငယ်ကလေး တစ်ယောက်လို ခံရလေသည်။ သူသည် အများလူတကာ၏ ရှေ့တွင် ဆရာဝန်ကြီးတစ်ယောက် ဖြစ်လေသည်။ သို့ရာတွင် ထိုအမယ်ကြီး၏ မျက်စိအောက်တွင်မူကား နို့ရည်သော်မှပင် မစင်သေးသော ကလေးသူငယ်တစ်ယောက်လို ဖြစ်နေရလေသည်။

"မင်းလည်း. . . ငယ်တော့တဲ့ကလေးတစ်ယောက်မှ မဟုတ်တာ မောင်လွမ်းဝေ၊ မင်းလုပ်ချင်တာတွေကို ခုလောက် လုပ်ရကိုင်ရလည်း တော်ရောပေါ့ကွယ်"

ညီမလုပ်သူက မွေးထားခဲ့သော်လည်း ၎င်းကသာ လူတစ်လုံး သူတစ်လုံး ဖြစ်အောင် ပညာသင်ကြားပေးခဲ့ရသော တူဖြစ်သူအား အမယ်ကြီးသည် မြည်တွန်ပြောဆိုခြင်း ပြုလေသည်။

ဦးလွမ်းဝေသည် ဘာတစ်ခွန်းမျှ ပြန်မပြောချေ။ ဦးခေါင်းကိုသာ ငုံ့၍ ငြိမ်သက်စွာ နားထောင်နေလေသည်။

"နောက်ပြီးတော့ ကြီးကြီးလည်း အရင်ကလို ကောင်းကောင်းမာလှတော့တာ မဟုတ်ဘူး၊ အရေးရယ်အကြောင်းရယ်ရှိလာရင် မင်းကို ကြီးကြီးအနားမှာ ရှိစေချင်တယ် မောင်လွမ်းဝေ"

အသက်အရွယ် အိုမင်းကြီးရင့်နေပြီဖြစ်သော အမယ်ကြီးသည် လူကြီးတို့၏ ထုံးစံအတိုင်း ဆက်လက်ပြောဆိုနေသည်။

၎င်း၏ ကြီးတော်လုပ်သူ ပြောဆိုသော စကားများသည် များစွာ နည်းလမ်း ကျနသော စကားများပင် ဖြစ်လေသည်။ ထိုအမယ်ကြီး၌ သားထောက်သမီးခံ တစ်ယောက်တလေမျှ မရှိချေ။ ဦးလွမ်းဝေကလွဲလျှင်လည်း ဆွေမျိုးသားချင်း ဆို၍ တစ်ယောက်တလေမျှ မရှိချေ။ ထိုအမယ်ကြီးသည် အခိုင်းအစေ လင်မယားနှစ်ယောက်တို့ကိုသာ ဆေးပေးမီးယူပြု၍နေထိုင်ရလေသည်။

ရန်ကုန်သို့လိုက်၍ ၎င်းနှင့်အတူ နေထိုင်ခြင်းပြုရန် နားပူနားဆာခေါ်နေသော ကြီးတော်လုပ်သူကို ဆရာဝန်ကြီး ဦးလွမ်းဝေသည် တစ်ချက်မျှမော့၍ ကြည့်လေသည်။ သို့ရာတွင် ဘာမျှတော့ ပြန်မပြောချေ။ သူသည်



PDF_ Yaybawal

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



ကယ်ပါယူပါ တစာစာ ညည်းညူနေသော ၎င်း၏ လူနာများကို ဒီအတိုင်း ပစ်ထားခဲ့ရတော့မည်လော။ သို့တည်းမဟုတ် ၎င်းအား ဆေးအတတ်ပညာကို သင်ကြားပေးခဲ့သော ထိုအမယ်ကြီးအား ဒီအတိုင်းလျစ်လျူရှုထားရတော့မည်လော။ သို့ရာတွင် ထိုအမယ်ကြီးသည် ဥစ္စာပစ္စည်း အသင့်အတင့် ချမ်းသာကြွယ်ဝသူ တစ်ဦးဖြစ်လေသည်။ ရန်ကုန်မြို့၌ ပိုက်ဆံပေးနိုင်လျှင် တတ်ကျွမ်းသော ဆေးသမားများကို မိမိကြိုက်သလို ခေါ်ယူအသုံးပြုနိုင်သည်လည်း မဟုတ်သလော။ ဆရာဝန်ကြီးဦးလွမ်းဝေသည် ထိုကဲ့သို့ စဉ်းစားခြင်းပြုလေသည်။

နောက်ဆုံး၌ သူ့အား အလွန်တရာ ချစ်ခင်အလိုလိုက်သော ကြီးတော်လုပ်သူကို လှည့်ပတ်ပြောဆို၍ ပြည်ဘူတာရုံသို့ ချော့မော့လိုက်ပို့ရလေသည်။

"တစ်လတစ်ခါလောက် မလာနိုင်ရင်လည်း နှစ်လတစ်ခါ၊ သုံးလတစ်ခါလောက်တော့ ကြီးကြီးကို ကျွန်တော် လာကြည့်ပါ့မယ်"

ရန်ကုန်အစုန်ရထား ထွက်ခါနီးတွင် သူသည် အမယ်ကြီးအား ထိုကဲ့သို့ ချော့မော့လိုက်လေသည်။

"မင်းစကားအတိုင်း တည်စေနော်"

၎င်း၏ ကြီးတော်လုပ်သူကလည်း ထိုကဲ့သို့ ပြောဆိုသွားလေသည်။

ဆရာဝန်ကြီးဦးလွမ်းဝေသည် ၎င်း၏ ကြီးတော်လုပ်သူကို ပေးလိုက်သော ကတိစကားအတိုင်း တည်ရှဲမှုသာမက ထိုထက်ပိုမို၍ ထိုအမယ်ကြီးအတွက် စိတ်ချမ်းသာ ကိုယ်ချမ်းသာရန် အကြောင်းများသည် ဖြစ်ပွားပေါ်ပေါက်လာလေသည်။ ၎င်း၏ ကြီးတော်လုပ်သူ ရန်ကုန်သို့ ပြန်သွားပြီးနောက် တနင်္ဂနွေ တစ်ပတ်ခန့်အကြာတွင် ဆရာဝန်ကြီးဦးလွမ်းဝေထံသို့ ရုံးအလုပ်သဘောနှင့် သက်ဆိုင်သော စာတစ်စောင် ရောက်ရှိလာလေသည်။ သူသည် ထိုစာအိတ်ကို ပြည်မြို့ ဆေးရုံကြီးမှ ဆရာဝန်က တစ်ဆင့် ရရှိခြင်း ဖြစ်လေသည်။ စာမှာ မြန်မာနိုင်ငံတော် ဆေးကောင်စီအဖွဲ့ထံမှ ၎င်းအား အကြောင်းကြားသော စာ ဖြစ်လေသည်။

ဒေါက်တာလွမ်းဝေသည် မြန်မာနိုင်ငံ ဆေးကောင်စီအဖွဲ့မှ အကြောင်းကြားလိုက်သောစာကို ဖတ်ရင်း ၎င်း၏ လက်များသည် တုန်လျက် ရှိလေသည်။ စာပါအကြောင်းအရာများကို ဖတ်၍ဆုံးလျှင် ၎င်း၏ ကမ္ဘာမြေကြီးတစ်ခုလုံးသည် ဇောက်ထိုးမိုးမျှော် ဖြစ်၍သွားသည်ဟုပင် အောက်မေ့လိုက်လေသည်။



PDF_ Yaybawal

အဘယ်ကြောင့်ဆိုသော် ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ ပြည်ထဲရေး ဌာန၏ အကြောင်းကြားချက်နှင့် မေတ္တာရပ်ခံချက်အရ မြန်မာနိုင်ငံတော် ဆေးကောင်စီမှ နောက်ထပ် တစ်စုံတစ်ရာ အကြောင်းမကြားမီ ကာလသို့တိုင် အောင် ဆရာဝန်ကြီး ဦးလွမ်းဝေအား ၎င်းတို့၏ မှတ်ပုံတင်စာရင်းဝင် ဆရာဝန် တစ်ဦး အဖြစ်မှ ရပ်ဆိုင်းထားခြင်း ပြုလိုက်ပြီဆိုသော အကြောင်းကြားစာ ဖြစ်နေသောကြောင့်ပင်။

ဒေါက်တာလွမ်းဝေသည် ထိုအကြောင်းကြားစာကို နောက်တစ်ကြိမ် ပြန်၍ ဖတ်ရှုပြန်လေသည်။ စာပါအကြောင်းအရာများသည် ပြောင်းလွဲခြင်း မရှိချေ။ မူလဖတ်ရှုခဲ့စဉ်ကအတိုင်းမျှသာ ဖြစ်လေသည်။

ဦးလွမ်းဝေ၌ အလွန်တရာ ကြင်နာတတ်လျက် သိမ်မွေ့လှသော နှလုံးသား ရှိလေသည်။ သူသည် အလွန်တရာ အမျက်ထွက်ခဲလှသော လူသား တစ်ဦးလည်း ဖြစ်လေသည်။ သို့ရာတွင် ထိုစာရွက်ကို သူသည် ကျစ်ကျစ်ပါ အောင်ပင် ဆုပ်ကိုင်ထားလိုက်မိပေသည်။

"သွားပြီ. . . သွားပြီ"

သူသည် ထိုကဲ့သို့ ညည်းတွားရင်း ဆုပ်ကိုင်ထားသော စာရွက်ကို လွှင့်ပစ်လိုက်လေသည်။

ထိုကဲ့သို့ မျက်နှာများ ပျက်လောက်အောင် စိတ်ဆိုးခြင်းကို တစ်ကြိမ် တစ်ခါမျှ မတွေ့ခဲ့ရဖူးသော ၎င်း၏တပည့် ပနော်သည် ဆရာဝန်ကြီး ဦးလွမ်းဝေ ကို မလှမ်းမကမ်းမှ ပါးစပ်အဟောင်းသားနှင့် ငေးစိုက်ကြည့်ရှုနေသည်။

ဦးလွမ်းဝေသည် ၎င်း၏ ဆံပင်များကို ကုတ်ဖွလိုက်လေသည်။ သူ သည် ကမ္ဘာမြေကြီးတစ်ခုလုံးကို ဆုံးရှုံးလိုက်ရသူတစ်ဦး ဖြစ်နေလေပြီ မဟုတ် သလော။ သူသည် ငယ်စဉ်ကပင် လူသားအချင်းချင်းကို မဆိုထားဘိ၊ အသက် ရှိသော အခြားသတ္တဝါကလေးများကိုပါ ကြင်နာတတ်သူ ဖြစ်လေသည်။ ကလေး သူငယ်များ ပစ်ခတ်လိုက်၍ အတောင်များကျိုးကာ နာကျင်နေသော ကြက် ကလေး၊ ငှက်ကလေးများကိုပင် ဆေးဝါးထည့်ပေးခဲ့သူ ဖြစ်သည်။ ကျောင်းသား လူမမည် ဘဝကတည်းကလည်း သူသည် ဆရာဝန်အတတ်ကို အိပ်မက်မက်ခဲ့ ရသူ ဖြစ်လေသည်။ ဆရာဝန် အတတ်ပညာကို သူသည် ပင်ပင်ပန်းပန်းနှင့် ခက်ခက်ခဲခဲ သင်ကြားခြင်းပြုလာခဲ့ရသူတစ်ဦးလည်း ဖြစ်လေသည်။ ယခု

အခါတွင် သူ အလွန်တရာ မြတ်နိုးလှသော အလုပ်ကို လုပ်ကိုင်နိုင်ခွင့် မရှိတော့ချေ။

ဆရာဝန်ကြီး ဦးလွမ်းဝေသည် ဝမ်းနည်းလျက် ရှိပေသည်။ သူသည် ဘဝတူ လူသားများ၏ နာကျင်ခြင်းကို အဘယ်သို့မျှ ကူညီနိုင်ခွင့် မရရှိတော့ချေ။ သူသည် ဒီအတိုင်းကြည့်နေရပေတော့မည်။

သူသည် ပေါက်ခေါင်းမှ မင်းတုန်းသို့ ပြောင်းရွှေ့ရန် အစီအစဉ်ကို လည်းကောင်း၊ အခြားအခြားသော အရပ်ဒေသများသို့ လှည့်လည်ရန် အစီအစဉ်ကို လည်းကောင်း တစ်ခါတည်း စွန့်လွှတ်ခြင်း ပြုလိုက်ရလေပြီ။ သူ၏ ဘဝသည် ဆေးသမားအဖြစ်မှ ရပ်ဆိုင်းခြင်း ခံခဲ့ရလေပြီ။ သူသည် ရှေ့တွင် ဘာလုပ်ရဦးမည်နည်း။ အဘယ်သို့ သွားရောက်ရဦးမည်နည်း။

သူသည် ကြီးတော်လုပ်သူကို ပေးထားခဲ့သော ကတိအတိုင်း ရန်ကုန်သို့ ပြန်ရန်သာ ရှိပေတော့သည်။ ထိုအမယ်ကြီး၏ နေအိမ်တွင် အလုပ်လက်မဲ့ ဆေးသမားတစ်ဦးအနေနှင့် နေထိုင်ဖို့သာ ရှိပေတော့သည်။

မနော်သည် သူ၏ဆရာ ဆုတ်ချေ၍ လွှင့်ပစ်လိုက်သော စာရွက်လိပ်ကလေးကို သွားရောက် ကောက်ယူလာခဲ့ပြီးနောက် ဆရာလုပ်သူကို မော့၍ ကြည့်လေသည်။

ဆရာဝန်ကြီး ဦးလွမ်းဝေသည် သူ၏ သားတပည့်ကဲ့သို့ ဖြစ်နေသော ကချင်ကလေး မနော်ကို ပြုံး၍ ကြည့်လေသည်။

မနော်သည် ဆရာလုပ်သူ၏ အပြုံးကို နားမလည်ရှာချေ။

"မနော်ရေ. . . တို့ ပစ္စည်းတွေကို ထုပ်တော့ ပိုးတော့ကွာ၊ မနက်ဖြန် ကျရင် တို့ ရန်ကုန်ကို ပြန်ကြမယ်ဟေ့"

ဒေါက်တာလွမ်းဝေသည် ထိုကဲ့သို့ ပြောဆိုပြီးနောက် ၎င်း၏ အိပ်ရာဘေးမှ လက်ဆွဲဘာဂျာကိုသွား၍ ယူလေသည်။ ထို့နောက် ကုတင်ပေါ်တွင် တင်ပါးလွှဲထိုင်ကာ လေဘာတီမမြရင် အသက်ရှင်စဉ်က သီဆိုခဲ့သော စိမ်းရောင်စို သီချင်းကို ခပ်သွက်သွက်ကလေး ဆွဲနေလေသည်။

* * *



PDF_ Yaybawal

# အလုပ်လက်မဲ့ဆရာဝန်

## (၁)

ဆရာဝန်ကြီး ဦးလွမ်းဝေအဖို့ အခြားနည်းလမ်းသည် မရှိတော့ချေ။ ရန်ကုန်သို့ ပြန်ဖို့သာရှိပေသည်။ မရှိဆင်းရဲသော လူနာများကို မိမိစရိတ်နှင့် မိမိဘာသာ လိုက်လံရှာဖွေကာ ဆေးဝါးကုသပေးရသော အလုပ်၌ ပျော်မွေ့နေခြင်း ရှိနေခဲ့သော ဒေါက်တာလွမ်းဝေသည် ယခုအခါတွင် ထိုအလုပ်ကို လုပ်ကိုင်ခွင့် မရတော့ချေ။ ဆေးဝါးကုသခွင့်ရှိသော ဆရာဝန်ကြီးတစ်ဦး၏ အရေးအခွင့်များကို သူသည် ဆုံးရှုံးလိုက်ရလေပြီ။

သူသည် များစွာ အခံရခက်လျက် ရှိလေသည်။ သို့ရာတွင် ထိုအခံရခက်သောအမှုကို လောလောဆယ်တွင် သူသည် ဘာမှတော့ မတတ်နိုင်ချေ။ သူ၏အရေးအခွင့်ကို ပြန်လည်တောင်းဆိုရန် ကိစ္စများကိုသာ သူသည် စဉ်းစားကြံဆဖို့ ရှိလေသည်။ သူသည် ရှေးဦးစွာ ရန်ကုန်သို့ ပြန်ရပေမည်။ ရန်ကုန်သို့ ရောက်တော့မှပင် သူ၏ ရုပ်သိမ်းခြင်းခံထားရသော အရေးအခွင့်များကို ပြန်လည်ရယူရေးတိုက်ပွဲကို သက်ဆိုင်ရာ အာဏာပိုင်များနှင့် ဆင်နွှဲခြင်း ပြုနိုင်ပေလိမ့်မည်။

နောက်ဆုံး၌ ဒေါက်တာလွမ်းဝေသည် ရန်ကုန်သို့ ပြန်ရန် ပြင်ဆင်ရလေသည်။ ယင်းသို့ ၎င်းတို့၏ ဆရာဝန်ကြီး ဦးလွမ်းဝေ ရန်ကုန်သို့ ပြန်တော့မည် ဆိုသည့်အတွက် ၎င်း၏ များပြားလှသော မိတ်ဆွေလူနာများသည် လာရောက် နှုတ်ဆက်စကားနှင့် ဝမ်းနည်းစကားများကို ပြောဆိုကြလေသည်။ ၎င်းတို့ တတ်အားသမျှ လက်ဆောင်ပစ္စည်းကလေးများကိုလည်း

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



လေးလေးစားစား ယူလာပေးကြလေသည်။

ဆရာဝန်ကြီး ဦးလွမ်းဝေသည် ၎င်း၏ မိတ်ဆွေလူနာများနှင့် ခွဲခွာခြင်း ပြုရသည့်အတွက် စိတ်မကောင်းလှချေ။ သို့ရာတွင် သူသည် နောက်ထပ်၍ မြန်မာနိုင်ငံ အနှံ့အပြား၌ ကျန်ရှိနေသေးသော လူနာများကို သက်သာ ပျောက်ကင်းအောင် တတ်နိုင်သမျှ ကူညီပေးဖို့ ၎င်း၏တာဝန်များကို စဉ်းစားရပေသည်။ ရုပ်သိမ်းခြင်းခံထားရသော ၎င်း၏ အရေးအခွင့်များကို ပြန်လည်ရရှိပါမှ သူသည် မိမိ၏ အစီအစဉ်အတိုင်း ရှေ့တွင် လုပ်စရာကိုင်စရာ ကျန်ရှိနေသေးသော လုပ်ငန်းများကို ဆက်လက်၍ လုပ်ကိုင်နိုင်လိမ့်မည် ဖြစ်သည် မဟုတ်သလော။

ဆရာဝန်များ လိုအပ်သည်ထက် ပိုလျှံများပြားလျက်ရှိနေသော ရန်ကုန်မြို့သို့ ဆရာဝန်ကြီးတစ်ဦးတစ်ယောက်ဖြစ်ပါလျက် ဆေးဝါးကုသခွင့် ရုပ်သိမ်းခြင်းခံထားရသော ဆရာဝန်ကြီးဦးလွမ်းဝေသည် ထိုင်းထိုင်းမှိုင်းမှိုင်းနှင့် လေးလေးလံလံ ပြန်လာရလေသည်။

(၂)

ရန်ကုန်သို့သာ ပြန်ရသော်လည်း ဒေါက်တာလွမ်းဝေ၌ အခြားအခြားသော ဆရာဝန်ကြီးများကဲ့သို့ အိုးပိုင်အိမ်ပိုင်တော့ကား မရှိချေ။ သို့ရာတွင် ကံဘဲ့တွင် ၎င်းကြီးတော်၏ အိမ်နှင့်ခြံ ရှိလေသည်။ သူသည် ကျော်ကြားအောင်မြင်လျက်ရှိနေသော ဆရာဝန်ကြီးတစ်ဦး ဖြစ်နေစေကာမူ မုဆိုးမ ကြီးတော်လုပ်သူ၏ အိမ်တွင် ခိုကပ်နေထိုင်ရပေသည်။

ရန်ကုန်ဘူတာတွင် ၎င်း၏ကြီးတော်လုပ်သူက ကိုယ်တိုင်အိမ်မှ အော်စတင်ကားကလေးနှင့် လာ၍ ကြိုလေသည်။ သားထောက် သမီးခံ တစ်ယောက်တလေမျှ မရှိရှာသော အမယ်ကြီးသည် တူလုပ်သူက ၎င်းနှင့်အတူ လာရောက်နေထိုင်တော့မည်ဖြစ်သည့်အတွက် များစွာ ဝမ်းသာရွှင်လန်းနေပေသည်။ တူလုပ်သူကို အရိပ်တကြည့်ကြည့်နှင့်ကြည့်၍ အားမရနိုင်အောင်လည်း ဖြစ်နေပုံရပေသည်။

ဒေါက်တာလွမ်းဝေသည် ကံဘဲ့ဘက်တွင် လွန်ခဲ့သော ၅ နှစ်ခန့်လောက်က ၎င်းကြီးတော် ဝယ်ယူနေထိုင်လျက်ရှိသော စံပယ်မြိုင်အိမ်ကြီးနှင့် ခြံကြီးသို့ တစ်ခါတစ်ခေါက်မျှ မရောက်ဖူးသေးချေ။ ယခင် လန်ကက်စတာ



PDF_ Yaybawal

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



လမ်းတွင် ငှားရမ်းနေထိုင်ခဲ့သော တိုက်သို့သာလျှင် ရောက်ရှိဖူးလေသည်။

ကံဘဲ့ဘက်တွင် ၎င်း၏ကြီးတော် ဝယ်ယူနေထိုင်လျက်ရှိသော စံပယ်မြိုင်ခြံကြီးသည် ၅ ဧကခန့်မျှ ကျယ်ဝန်းလျက် အိမ်ဘေးပတ်ပတ်လည်တွင်လည်း ကြီးမားသော စံပယ်ရုံကြီးများဖြင့် စိမ်းစိုသာယာလှပေသည်။ သို့ရာတွင် ဒေါက်တာလွမ်းဝေသည် စံပယ်မြိုင်ခြံကြီး၏ စိမ်းလန်းစိုပြည်ခြင်းနှင့် ဆိတ်ငြိမ်သာယာခြင်းများကို အလျဉ်းပင် ဂရုမပြုအားခဲ့ချေ။ သူသည် ရန်ကုန်သို့ ပြန်ရောက်ပြီး နောက်တစ်နေ့မှစ၍ ကြီးတော်၏ မော်တော်ကားကလေးဖြင့် ၎င်းတွေ့သင့်တွေ့ထိုက်သော ဆေးဝါးဘက်ဆိုင်ရာ အာဏာပိုင်လူကြီးများနှင့် အုပ်ချုပ်ရေးဘက်ဆိုင်ရာ အာဏာပိုင်လူကြီးများကို တစ်ယောက်ပြီး တစ်ယောက်လိုက်လံတွေ့ဆုံခြင်း ပြုလေသည်။ ယင်းသို့ အာဏာပိုင်လူကြီးများအား လူချင်းတွေ့ဆုံစကားပြောဆိုရန် အလုပ်နှင့် အခွင့်သည် များစွာ ချောမောလွယ်ကူခြင်း ရှိလှသော အလုပ်တော့ကား မဟုတ်ချေ။ ထိုလူကြီးများသည် တာဝန်ကြီးလေးများပြားလှသူများ ဖြစ်ကြ၍ ၎င်းတို့အား တွေ့ဆုံစကားပြောဆိုလိုသူများသည် အချိန်ပေး စောင့်ဆိုင်းခြင်း ပြုကြရလေသည်။ တစ်ရက်နှင့် မတွေ့နိုင်လျှင် ၊ နှစ်ရက်မှ သုံးရက်အထိ စောင့်ဆိုင်းတတ်ရပေသည်။ မတွေ့လျှင် မဖြစ်သော အာဏာပိုင်လူကြီးများနှင့် တွေ့သင့်တွေ့ထိုက်သော လူကြီးများအားလုံးကို လူချင်းတွေ့ဆုံ၍ အကျိုးအကြောင်း ပြောဆိုခြင်းပြုရန်အတွက် ဒေါက်တာလွမ်းဝေသည် တနင်္ဂနွေ နှစ်ပတ်သာသာခန့်မျှ အချိန်ကုန်ခံရလေသည်။ သို့ရာတွင် သူ၏ ကိစ္စသည် သေးငယ် လွယ်ကူလှသော ကိစ္စ မဟုတ်တော့သည်ကို တနင်္ဂနွေ နှစ်ပတ်သာသာခန့်မျှ အပင်ပန်းခံ၊ အချိန်ကုန်ခံခဲ့ရပြီးမှ တဖြည်းဖြည်း ရိပ်မိသိရှိစ ပြုလာရပေသည်။

သူသည် ဆေးကောင်စီတွင် များစွာ ဩဇာညောင်းသောပုဂ္ဂိုလ်ကြီး တစ်ဦးနှင့် ခဲခဲယဉ်းယဉ်း တွေ့ဆုံခဲ့လေသည်။ ထိုလူကြီးသည် ဒေါက်တာလွမ်းဝေ ဆေးသိပ္ပံ ကျောင်းသားဘဝတုန်းက ဆေးသိပ္ပံကျောင်းအုပ်ကြီးလည်း ဖြစ်လေသည်။ ဒေါက်တာလွမ်းဝေကို ဆေးသိပ္ပံကျောင်းသား မောင်လွမ်းဝေ ဘဝတုန်းကတည်းက ကောင်းစွာ သိရှိထားသော ဆရာသမားလည်း ဖြစ်လေသည်။ ထို့နောက် အစိုးရပညာတော်သင်အဖြစ် နိုင်ငံခြားသို့ သွားရောက်သင်ကြားခြင်း ပြုရမည့် အခွင့်အရေးများကိုပင် ငြင်းပယ်ကာ ၎င်းစရိတ်နှင့် ၎င်းဘာသာ



PDF_ Yaybawal

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



တိုင်းပြည်၏ တာဝန်ကို ထမ်းဆောင်နေသော ဆေးသမားတစ်ဦးအနေနှင့်လည်း ကောင်းစွာ သိရှိထားသူတစ်ဦး ဖြစ်လေသည်။

"မင်းကိစ္စက မင်းထင်သလို လွယ်လိမ့်မယ် မဟုတ်ဘူး မောင်လွမ်းဝေ"

ထိုကဲ့သို့ ၎င်း၏ဆရာကြီး ဖြစ်ခဲ့ဖူးသော လူကြီးက ပြောဆိုလိုက်ခြင်းကို အစပထမ၌ ဒေါက်တာလွမ်းဝေသည် ရုတ်တရက် ဘာမှန်းမသိလိုက်ချေ။

သူသည် ဆေးသမားတစ်ဦးက ထိန်းသိမ်းလိုက်နာခြင်း ပြုရမည့် ကျင့်ဝတ်ကို ချိုးဖောက်ခဲ့သူလည်း မဟုတ်ချေ။ ဆေးသမားတစ်ဦးနှင့် ဆေးသမားလောက၏ ဂုဏ်သိက္ခာကို ထိခိုက်ညှိုးနွမ်းအောင် ပြုလုပ်ခဲ့သူတစ်ဦးလည်း မဟုတ်ချေ။

"ကျွန်တော့်မှာ ဘယ်လို ကြီးကျယ်တဲ့ အပြစ်များ ရှိလို့လဲဆရာ"

မေးသင့်မေးထိုက်သည်ထင်သော မေးခွန်းကို သူသည် မေးမြန်းလိုက်လေသည်။

"ဒါကိုတော့ သက်ဆိုင်ရာ ပြည်ထဲရေးဌာနက အာဏာပိုင်တွေ အသိဆုံးဖြစ်နိုင်လိမ့်မယ် မောင်လွမ်းဝေ"

ဆရာကြီးက ထိုမျှသာ ပြောဆိုသည်။

"ပြည်ထဲရေးဌာန အာဏာပိုင်တွေက ကျွန်တော့်မှာ အပြစ်ရှိနေတယ်လို့ ယုံကြည်ရင်လည်း တရားရုံးကိုတင်ပြီး တရားစွဲဖို့ သင့်ပါတယ်။ ခုတော့ ဖမ်းရုံသာဖမ်းပြီး တရားလည်း မစွဲဘဲ ခုလို ဟိုမရောက် ဒီမရောက် လုပ်ထားတာကတော့ မတော်ဘူး ထင်ပါတယ်"

ဒေါက်တာလွမ်းဝေသည် ၎င်း၏ နစ်နာချက်နှင့် ခံစားရချက်များကို ဆရာရင်းဖြစ်သူအား ပွင့်ပွင့်လင်းလင်းပင် ထုတ်ဖော်ပြောဆိုလိုက်လေသည်။

ဆရာကြီးသည် ၎င်း၏ တပည့်ဟောင်းအား ပြုံး၍သာ ကြည့်လေသည်။ ထို့နောက် ဦးခေါင်းကိုလည်း တညိတ်ညိတ် လုပ်နေသည်။

"ကျွန်တော့်ဘက်ကနေပြီး ဆရာစဉ်းစားကြည့်ပေးစမ်းပါဦး ဆရာရယ်"

ဒေါက်တာလွမ်းဝေသည် ၎င်း၏ ဆရာကြီးဟောင်းအား တောင်းပန်ခြင်း ပြုလိုက်သည်။

"မင်းကို ရဲဘက်ကဖမ်းတုန်းက တိုင်းပြည်ပုန်ကန်မှုကို အားပေးတယ်ဆိုပြီး အရေးပေါ်ဥပဒေပုဒ်မ ၅(ခ)နဲ့တောင် တရားစွဲဖို့ စီစဉ်ခဲ့ကြတာ



PDF_ Yaybawal

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



မောင်လွမ်းဝေ၊ ဆရာတို့ ဆေးကောင်စီက ကြားဝင်လိုက်ခဲ့ကြလို့ မင်းကိစ္စဟာ ခုလောက်နဲ့ ပြီးသွားတာကို မင်းသိထားဖို့ ဆရာ့မှာ ပြောပြဖို့ ဝတ္တရားရှိနေတယ်"

ဆရာကြီးက ထိုကဲ့သို့ အကြောင်းစုံကို ရှင်းလင်းပြောပြလိုက်တော့မှ ဒေါက်တာလွမ်းဝေသည် ၎င်း၏ အနေအထားကို ရိပ်မိသိရှိစ ပြုလာလေသည်။

သို့ရာတွင် သူသည် ထိုအဖြေကို လက်ခံခြင်း မပြုနိုင်ချေ။ ထိုအကြောင်း ပြချက်ကိုလည်း လုံလောက်သည်ဟု မထင်ချေ။

သူသည် ဆေးသမားတစ်ဦး ဖြစ်လေသည်။ သူ၏ စေတနာ အလျောက် သူ၏စရိတ်နှင့် မြန်မာနိုင်ငံအရပ်ရပ်သို့ လှည့်လည်ဆေးကုနေခဲ့သော ဆေးသမားတစ်ဦးလည်း ဖြစ်လေသည်။ ရောက်လေရာအရပ်၌ တွေ့ရသမျှသော လူနာများကို အယုတ်၊ အလတ်၊ အမြတ်မရွေး သူသည် ဆေးကုသခဲ့သော ဆေးသမား တစ်ယောက်မျှသာ ဖြစ်လေသည်။ ယင်းသို့ သူ ဆေးကုသခြင်းပြုခဲ့သော လူနာများထဲတွင် လူကောင်းများလည်း ရှိမည်ဖြစ်သကဲ့သို့ လူဆိုးသူဆိုးများ၊ တရားဥပဒေ အပြင်အပမှ ဝရမ်းပြေးများနှင့် သူပုန်များလည်း ပါရှိကောင်း ပါရှိပေလိမ့်မည်။ သို့ရာတွင် ဆေးသမားတစ်ဦးအနေနှင့် သူသည် လူနာများကို အဘယ်သို့ ခွဲခြားရပါမည်နည်း။ ၎င်းအပြင်လည်း တရားဥပဒေ ပြင်ပမှ လူဆိုးသူဆိုးနှင့် ဝရမ်းပြေးများသည် လည်းကောင်း၊ သူပုန်သူကန်များသည် လည်းကောင်း ဦးခေါင်းတွင် ချိုပေါက်ကြသူများလည်း မဟုတ်ကြချေ။ သူလိုငါလိုပင် ဖြစ်ကြသည် မဟုတ်သလော။

သို့ရာတွင် ထိုအကြောင်းကို သူသည် ဆရာကြီးလုပ်သူနှင့် ဆက်လက် ပြောဆိုခြင်းပြုနေရန် မလိုတော့ဟု ယူဆလေသည်။ တကယ်ဆိုတော့လည်း ဟုတ်သည်ဖြစ်စေ၊ မဟုတ်သည်ဖြစ်စေ ထိုအဘိုးကြီးသည် ၎င်း၏ဘက်မှ တတ်နိုင်သလောက် စေတနာထား၍ ဆောင်ရွက်ပေးခဲ့သည်ပင် မဟုတ်သလော။

သူသည် ပြည်ထဲရေးဌာနသို့ ပြေးရပြန်လေသည်။ ပြည်ထဲရေးဌာန၌လည်း ကံအားလျော်စွာ ယခင်စစ်ကြီးမဖြစ်မီက ရန်ကုန်တက္ကသိုလ် သထုံ ကျောင်းဆောင်တွင် အတူနေခဲ့ရဖူးသော ကျောင်းနေဖက် အသိတစ်ယောက်ကို တွေ့ရလေသည်။ ထိုသူသည် လက်ထောက်အတွင်းဝန် ဖြစ်နေသည်။ ဝန်ကြီးနှင့် အတွင်းဝန်ကလွဲလျှင် တန်ခိုးအာဏာ တော်တော်ကလေးရှိနေသူတစ်ဦးလည်း ဖြစ်လေသည်။



PDF_ Yaybawal

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



ဒေါက်တာလွမ်းဝေသည် ထိုကျောင်းနေဖက်သူငယ်ချင်းလုပ်သူအား ၎င်း၏ဆန္ဒကို ပွင့်ပွင့်လင်းလင်းပင် ထုတ်ဖော်ပြောဆိုကာ အကူအညီတောင်း ကြည့်ခြင်း ပြုလေသည်။

"ခင်ဗျားကိစ္စက သိပ်မလွယ်ဘူး ကိုလွမ်းဝေ" ထိုသူက မလွယ်ကူ သော အကြောင်းကိုသာ ပြောဆိုလေသည်။ သို့ရာတွင် အခြားဘာမျှတော့ မပြောချေ။

"ကျွန်တော့်မှာ ရာဇဝတ်ပြစ်မှု ရှိနေတယ်လို့ထင်ရင်လည်း ရုံးတင် တရားစွဲဆိုဖို့ ကောင်းတယ်ထင်တယ်။ ခုတော့ တရားလည်းမစွဲ၊ အပြစ်လည်း မပေးနိုင်ဘဲ ခုလို ကျွန်တော့်အရေးအခွင့်တွေ ရုပ်သိမ်းထားတာဟာ တစ်ဖက်သတ် ကြမနေဘူးလား ခင်ဗျ"

ဒေါက်တာလွမ်းဝေသည် ၎င်း၏ သဘောထားနှင့် ခံစားရချက်များကို ထုတ်ဖော်ပြောဆိုလိုက်မိလေသည်။

ပြည်ထဲရေးဌာန လက်ထောက်အတွင်းဝန်က ပြုံး၍ နားထောင်နေ သည်။ ဘာမျှတော့ ပြောဆိုခြင်း မပြုချေ။ ထို့ကြောင့် ဆရာဝန်ကြီး ဦးလွမ်းဝေ သည် ထိုင်ရာမှ လေးလံထိုင်းမှိုင်းစွာ ထလိုက်ရပေသည်။ သူသည် အလုပ်များပြား လှသော ပုဂ္ဂိုလ်တစ်ယောက်၏ အချိန်ကို ထိုထက်ပိုမို၍ အသုံးမပြုနိုင်တော့ချေ။

လက်ထောက်အတွင်းဝန်သည် ၎င်း၏ ကျောင်းနေဖက်သူငယ်ချင်း ဖြစ်သူအား ၎င်း၏အခန်းတံခါးဝအထိ နောက်မှလိုက်၍ ပို့လေသည်။ သူသည် လည်း ရုတ်တရက်တွင် မည်သို့မျှ အကူအညီမပေးနိုင်သေးသည့်အတွက် စိတ်မ ကောင်းဖြစ်နေပုံ ရှိလေသည်။

အတွင်းဝန်မင်း၏ ရုံးခန်းတံခါးဝတွင် ဒေါက်တာလွမ်းဝေသည် ခေတ္တ ရပ်လိုက်သည်။ သူသည် အတွင်းဝန်မင်းကို စောင်းငဲ့ကြည့်လေသည်။ အတွင်း ဝန်မင်းသည် ဦးခေါင်းကိုငုံ့၍ ထားလေသည်။

"ဒီအလုပ်မှ ကျုပ်မလုပ်ရတော့ရင်လည်း ကျုပ် ဘဝကြီးတစ်ခုလုံး ဟာ ဘာမှ အဓိပ္ပာယ်ရှိတော့မယ် မဟုတ်ပါဘူးဗျာ"

ဟုပြောဆိုပြီးနောက် အပြင်ဘက် သို့ ထွက်သွားတော့မည်အပြုတွင် အတွင်းဝန်မင်းက သူ၏လက်မောင်းကို ဖမ်း၍ ဆွဲထားလိုက်သည်။

အတွင်းဝန်မင်း၏ အပြုအမူကို နားမလည်နိုင်သောကြောင့် သူသည်



PDF_ Yaybawal

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



ပြန်လှည့်၍ ကြည့်လိုက်လေသည်။

"သိပ်ပြီးတော့လည်း အားမငယ်နေစမ်းပါနဲ့ ကိုလွမ်းဝေ၊ ကျုပ်လည်း တတ်နိုင်သလောက် ခင်ဗျားအတွက် လုပ်ပေးကိုင်ပေးဖို့ စဉ်းစားထားပါတယ်"

ထိုသူက ဒါပဲပြောဆိုလိုက်လေသည်။

"ကျေးဇူးပါပဲဗျာ"

ဒေါက်တာလွမ်းဝေသည် ထိုကဲ့သို့ ပြန်ပြောဆိုပြီး နောက် အတွင်းဝန်များရုံးခန်းမှ ပြန်ထွက်လာခဲ့လေသည်။

(၃)

ရန်ကုန်သို့ ပြန်ရောက်ပြီးနောက် တနင်္ဂနွေ နှစ်ပတ်သာသာခန့် အတွင်း ဒေါက်တာလွမ်းဝေသည် ၎င်း၏ အရေးအခွင့်များ ရုပ်သိမ်းခြင်းခံနေရသော ကိစ္စနှင့် ပတ်သက်၍ တစ်ရက်တလေမျှပင် အိမ်၌ မနားမနေဘဲ ၎င်း တွေ့သင့် တွေ့ထိုက်သော လူကြီးများကို လိုက်လံတွေ့ဆုံခြင်း ပြုခဲ့လေသည်။ သို့ရာတွင် ၎င်း၏ အခြေအနေကမူကား များစွာ မကောင်းလှချေ၊

နောက်ဆုံး "ကျုပ်လည်း တတ်နိုင်သလောက် ခင်ဗျားအတွက် လုပ်ပေးကိုင်ပေးဖို့ စဉ်းစားထားပါတယ်"

ဟူ၍ အားပေး ပြောဆိုလိုက်သော ကျောင်းနေဖက် သူငယ်ချင်းဟောင်း အတွင်းဝန်၏ စကားကိုသာ အားကိုးရတော့မည်ကဲ့သို့ ဖြစ်နေပေသည်။

မည်ကဲ့သို့ပင်ဖြစ်စေ ရုပ်သိမ်းခြင်းခံထားရသော ၎င်း၏ အရေးအခွင့်များကို ပြန်လည်ရရှိဖို့အရေးသည် စောစောက ၎င်းထင်သလောက် မလွယ်ကူလှသည်ကို ဒေါက်တာလွမ်းဝေသည် ကောင်းစွာ ရိပ်မိသိရှိလာလေသည်။ သို့ရာတွင် ထို့ထက်တော့ သူသည် ဘာမျှမတတ်နိုင်တော့ချေ။ လုပ်စရာကိုင်စရာ ရှိသမျှတို့ကို လုပ်ကိုင်လျက် တွေ့သင့်တွေ့ထိုက်သောသူ မှန်သမျှကိုလည်း သူသည် လိုက်လံတွေ့ဆုံကာ အကျိုးအကြောင်း ရှင်းလင်းပြောကြားခဲ့ပြီးလေပြီ။

အတွင်းဝန်များရုံးမှ စံပယ်မြိုင်သို့ ပြန်လာရသောနေ့က ဒေါက်တာလွမ်းဝေသည် ခြေကုန်လက်ပန်းကျ၍ လာပေသည်။ သူသည် မိမိ၏ဦးခေါင်းကို ပင် ပခုံးထက်တွင် တည့်တည့်မတ်မတ် ထူထောင်၍ မထားနိုင်တော့ချေ။ ဇက်သည် ကျိုးလျက် ရှိလေသည်။

**နေရိရိ**

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



တိုက်ရှေ့ ဆင်ဝင်အောက်တွင် ကားကိုရပ်ကာ အိမ်ပေါ်သို့ တက်လာသောအခါ သူသည် မိမိ၏ခြေလှမ်းများကို အနိုင်နိုင်သယ်ယူနေရပေသည်။ တူလုပ်သူ၏ အရိပ်အခြည်ကို တစေ့တစောင်း အကဲခတ်ကြည့်ရှုနေသော ကြီးတော်က . . .

"မင်းလည်း ရန်ကုန်ကို ရောက်တဲ့နေ့ကစပြီး တစ်ရက်တလေမှ အိမ်မှာ အေးအေးဆေးဆေးနဲ့ ငြိမ်ငြိမ်သက်သက် နေတယ်ရယ်လို့ မရှိသေးပါ ကလား မောင်လွှမ်းဝေရယ်၊ ကိုယ့်ကိုယ်ကိုယ်လည်း အနားပေးပြီး အေးအေး ဆေးဆေးများ နေစမ်းပါဦးလားကွယ်"

ဟူ၍ပင် ထုတ်ဖော်ပြောဆိုယူရလေသည်။

"ကျွန်တော့်ကိစ္စလေးတွေက မပြီးတတ်သေးလို့ပါ ကြီးကြီးရဲ့"

ကြီးတော်လုပ်သူ စိတ်ကောင်းအောင် သူသည် ထိုကဲ့သို့ပြန်၍ ပြောဆိုလိုက်သည်။

"မြန်မာပြည်မှာ ကိုယ့်တိုင်းပြည်နဲ့ ကိုယ့်လူမျိုးတွေရဲ့အကျိုးကို တကယ် လုပ်ပေးကိုင်ပေးချင်တဲ့ ဆရာဝန်ကြီးတွေ အင်မတန် ရှားပါးနေတာ မင်းလို ဆရာဝန်ကြီးတစ်ယောက်ကို သူတို့ ခုလို အကြာကြီးတော့ လုပ်မထား နိုင်ပါဘူးကွယ်၊ ဒီအတောအတွင်းတော့ မင်းကိုယ်မင်း သက်သက်သာသာ ကလေးများ နေစမ်းပါဦး မောင်လွှမ်းဝေ"

ထိုသို့ပြောဆိုလိုက်သော ကြီးတော်လုပ်သူ၏ စကားကို နားထောင်ရင်း ဒေါက်တာလွှမ်းဝေသည် ၎င်း၏အဖြစ်ကို ပြန်လည် စဉ်းစားခြင်း ပြုလာရပေ သည်။ တကယ်တော့ ဦးလွှမ်းဝေသည် မိမိကိုယ်ကို အနားပေးရမှန်း မသိနိုင် လောက်အောင် ဆေးသမားအလုပ်ကို မနားမနေ လုပ်ကိုင်ခဲ့သူ တစ်ဦးပင် ဖြစ် လေသည်။ ထိုကဲ့သို့ နှစ်ပေါင်းများစွာ လုပ်ကိုင်ပင်ပန်းလာခဲ့ရသော ဆရာဝန် တစ်ဦးသည် ရံဖန်ရံခါ မိမိကိုယ်ကို သက်သာမှုပေးဖို့ လိုအပ်သည် မဟုတ်သလော။ သို့ရာတွင် ဒေါက်တာလွှမ်းဝေသည် မိမိ၏ ကိုယ်ကို စက်ရုပ်တစ်ခုနှင့် မခြား ခိုင်းစေခြင်း ပြုခဲ့လေသည်။ မည်ကဲ့သို့ ပင်ဖြစ်စေ ယခုအခါ သူသည် နားနေ ခွင့်ကို အတင်းအကျပ် ပေးအပ်ခြင်းကို ခံရလေပြီ။ သူသည် မိမိ၏ ကိုယ်ကို ယခင်ကကဲ့သို့ ခိုင်းလိုတိုင်း မခိုင်းနိုင်တော့ချေ။ သက်သာခွင့် မပေးလိုလှ သော်လည်း သူသည် မိမိ၏ ကိုယ်ကို သက်သာခွင့် ပေးရလေပြီ။



PDF_ Yaybawal

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



ထိုအမယ်ကြီး သတိပေးပြောဆိုသည့်အတိုင်းပင် ဒေါက်တာလွမ်းဝေသည် ၎င်း၏ကိုယ်ကို သက်သက်သာသာ ထားပေးဖို့ လိုအပ်လာကြောင်း စဉ်းစားမိလေသည်။ ယင်းသို့ နားနေရသည့်အခိုက် မိမိကိုယ်ကို ကျန်းမာသည်ထက် ကျန်းမာအောင်နှင့် အရည်အချင်း ပြည့်စုံသည်ထက် ပြည့်စုံအောင် ပြင်ဆင်ပြုလုပ်ထားပါမှ နောက်တစ်ကြိမ် မိမိလုပ်ငန်းကို ပြန်လည်လုပ်ကိုင်ရသောအခါတွင် ယခင်ကထက် ပိုမိုလုပ်ကိုင်နိုင်မည် မဟုတ်သလော။ ထိထိရောက်ရောက်လည်း လုပ်ကိုင်နိုင်လိမ့်မည် မဟုတ်သလော။

ဒေါက်တာလွမ်းဝေသည် ၎င်း၏ အဝတ်အစားများကိုပင် လဲလှယ်ခြင်း မပြုနိုင်သေးဘဲ ကြီးတော်လုပ်သူ သတိပေး ပြောဆိုလိုက်သောစကားကို ဧည့်ခန်းအလယ်ရှိ ကုလားထိုင်တစ်လုံးတွင် ခြေပစ်လက်ပစ်ထိုင်ကာ ငိုင်၍ စဉ်းစားလျက် ရှိပေသည်။ သို့ရာတွင် နှစ်ကာလအတန်ကြာမျှ တစ်နယ်မှ တစ်နယ်သို့ ကူးသန်းသွားလာကာ လူအများအပြားနှင့် အလုပ်လုပ်ကိုင်နေထိုင်လာခဲ့သော ဦးလွမ်းဝေ ကဲ့သို့ ဆေးသမားတစ်ဦးတစ်ယောက်အတွက် ဘယ်ကိုမှလည်း မသွား၊ ဘာမျှလည်း မလုပ်၊ အိမ်ထဲတွင်သာ ကုပ်၍ နေထိုင်ရမည့်အလုပ်မှာ အလွန်တရာ ငြီးငွေ့စရာ၊ ပင်ပန်းစရာ ကောင်းလှသော အလုပ်သာလျှင် ဖြစ်နေပေတော့သည်။

ထိုအခိုက် ၎င်း၏တပည့်ကလေး မနော်သည် ၎င်း၏ဆရာ နေ့ခင်းနေ့လယ် သောက်နေကျဖြစ်သော လက်ဖက်ရည်နှင့် သစ်သီးမုန့်များကို ယူလာကာ ဘေးတွင်ချထားပေးပြီးနောက် တော်တော်နှင့် ပြန်မထွက်သွားသေးဘဲ၊ ၎င်းဆရာ ထိုင်နေသော ကုလားထိုင်နှင့် မလှမ်းမကမ်းတွင် ရှိသော ကုလားထိုင်တစ်လုံးတွင် ဝင်၍ ထိုင်လိုက်လေသည်။ အစဉ်းစားလွန်နေသော ဦးလွမ်းဝေသည် ၎င်း၏ ပတ်ဝန်းကျင်မှ အခြင်းအရာနှင့် အဖြစ်အပျက်များကို သတိထားမိဟန် မရှိချေ။

ပနော်သည် ဆရာလုပ်သူ၏ အရိပ်အခြည်ကို အတန်ကြာမျှ သည်းညည်းခံစောင့်ဆိုင်းကြည့်ရှုနေပြီးမှ . . .

"ဆရာ" ဟု မရဲတရဲနှင့် ခေါ်လိုက်သည်။

ဦးလွမ်းဝေသည် စဉ်းစားငိုက်မျဉ်းနေရာမှ ရုတ်တရက် လန့်နိုးလာပုံရလေသည်။ သူသည် မနော်ကို အလန့်တကြား လှမ်း၍ ကြည့်လေသည်။



PDF_ Yaybawal

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



"ဆရာ အိပ်များ ပျော်နေသလားဟင်၊ ကျွန်တော် လက်ဖက်ရည် လာပို့တာပါ ဆရာ"

မနော်သည် ၎င်း၏ ဆရာလုပ်သူကို ရိုသေစွာ ပြန်၍ ပြောလေသည်။ ထို့နောက် ထိုင်ရာမှထကာ စောစောက ၎င်းချထားပေးသော လက်ဖက်ရည် ပန်းကန်ကို ဦးလွမ်းဝေအား ယူငင်၍ ပေးလေသည်။

ဒေါက်တာလွမ်းဝေသည် မနော်လှမ်းပေးသော လက်ဖက်ရည် ပန်းကန် ကိုယူကာ တစ်ငုံမျှ သောက်ချလိုက်သည်။ ထို့နောက် မနော် လှမ်းပေးနေသော မုန့်ပန်းကန်ထဲမှ သစ်သီးမုန့်တစ်ခုကို လှမ်းယူရင်း . . .

"မင်း ပျင်းနေပြီလား မနော်"

ဟု တပည့်လုပ်သူကို အနည်းငယ်ပြုံး၍ မေးမြန်းလိုက်သည်။

မနော်သည် များစွာပျင်းရိနေပုံရပေသည်။ ယခင်က သူသည် သူ့ ဆရာ၏ အလုပ်အကိုင်များတွင် မအားမလပ် ကူညီလုပ်ကိုင်ပေးနေရသဖြင့် ပျင်းရိရသောအလုပ်ကို သိလည်း မသိ၊ နားလည်း မလည်ချေ။

"အလုပ်လုပ်စရာမရှိတာ ပျင်းစရာကြီးပဲပေါ့ ဆရာရယ်"

သူသည် ရိုးရိုးသားသားပင် ပြောလေသည်။

"ပျင်းရင် မင်း ရန်ကုန်မှာနေရတုန်း လျှောက်လည်ပါလားကွာ"

ဦးလွမ်းဝေသည် သောက်၍ ပြီးစီးသွားသော လက်ဖက်ရည်ပန်းကန် ကို ပြန်ပေးရင်း ဆိုလိုက်သည်။ ထို့နောက် မနော်၏ အမူအရာကို အကဲခတ် ကြည့်ရှုရင်း ၎င်းပြန်လည် ပြောဆိုမည့်စကားကိုလည်း နားစွင့်နေမိသည်။

"အလကားလျှောက်လည်နေမဲ့အစား အလုပ်တစ်ခုခု လုပ်နေရ တာက ပိုကောင်းပါတယ် ဆရာ"

မနော်သည် ရိုးရိုးသားသားပင် ပြန်လည်ပြောဆိုလေသည်။

သို့ရာတွင် ပနော်အား ဦးလွမ်းဝေသည် ယခင်ကကဲ့သို့ အလုပ်မပေး နိုင်တော့ချေ။ သူသည် ထိုအကြောင်းကိုလည်း မနော်အား ပြောပြခြင်း မပြုခဲ့ ချေ။

"ကျွန်တော်တို့ ဘယ်တော့လောက် တောကို သွားကြမလဲဟင် ဆရာ"

မနော်သည် ၎င်းစိတ်ဝင်စားသိရှိလိုသော အကြောင်းကို မေးလေ သည်။



PDF_ Yaybawal

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



ထိုမေးခွန်းအတွက် ဒေါက်တာလွမ်းဝေ၌ အဖြေမရှိသေးချေ။

ထို့ကြောင့်. . .

"မင်း တောကို သိပ်သွားချင်နေပြီလားကွ ပနော်"

ဟု ပြန်၍ မေးခွန်း ထုတ်လိုက်ရသည်။

"သွားချင်တယ် ဆရာ၊ ကျွန်တော်တို့ ဘယ်တော့လောက် တောကို သွားကြမှာလဲ ဟင်"

ပနော်သည် ၎င်း၏ဆန္ဒကို ထုတ်ဖော်ပြောဆိုခြင်း ပြုလေသည်။

"ငါလည်း မင်းလိုပဲ လူနာတွေရှိတဲ့တောကို သွားချင်တာပါပဲကွာ၊ ဒါပေမယ့် တို့ ဘယ်တော့လောက်မှ တောကို သွားရလိမ့်မယ်ဆိုတာ ငါလည်း သေသေချာချာတော့ မပြောနိုင်သေးဘူး ပနော်"

၎င်း၏ ဆရာထံမှ အကျိုးအကြောင်း သိရှိရသောအခါ ပနော်သည် နောက်ထပ် ဘာမျှ မေးမြန်းပြောဆိုခြင်းမပြုဘဲ လက်ဖက်ရည်နှင့် မုန့်ပန်းကန်များကိုယူကာ နောက်ဖေးဘက်သို့ ပြန်ထွက်သွားလေသည်။ သို့ရာတွင် မျက်နှာကတော့ များစွာ မကောင်းလှချေ။

* * *



PDF_ Yaybawal

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com

# စံပယ်မြိုင်

## (၁)

နေဝင်၍ မှောင်စပြုလျှင်ပင် စံပယ်မြိုင်ခြံကြီးနှင့် ကံဘဲ့ဘက်ပတ်ဝန်းကျင်တစ်ဝိုက်သည် တိတ်ဆိတ်ငြိမ်သက်လျက် ရှိလေသည်။ သို့ရာတွင် အမြဲတစေ လိုလို ကယ်ပါ ယူပါ တစာစာနှင့် ညည်းတွားအော်ဟစ်နေကြသော လူနာများ အကြားတွင် လှုပ်ရှားသွားလာလျက် ရှိနေခဲ့သော အလုပ်လက်မဲ့ဆရာဝန်ကြီး ဦးလွမ်းဝေတစ်ယောက်အဖို့ စံပယ်မြိုင်နှင့် ဘေးပတ်ဝန်းကျင်တို့၏ တိတ်ဆိတ် ငြိမ်သက်နေခြင်းသည် ပျင်းရိဖွယ်ကဲ့သို့ ရှိချေသည်။ ၎င်း၏ လုပ်ငန်းကို ၎င်း၏ သဘောအတိုင်း ပြန်လည်လုပ်ကိုင်နိုင်ရန် အခွင့်အလမ်းနှင့် အလားအလာသည် တော်တော်ကြီး ဝေးနေသော ဆရာဝန်ကြီး ဦးလွမ်းဝေအဖို့ ငြိမ်သက်နေရခြင်း အမှုသည် သည်းညည်းမခံနိုင်လောက်စရာကဲ့သို့လည်း ဖြစ်လာလေသည်။

သူ၏နားထဲတွင် လူနာများ၏ ကမ္ဘာပျက်လုမတတ်သော အော်ဟစ်ညည်းညူသံများနှင့် ငိုယိုညည်းတွားသံများကိုသာလျှင် ကြားယောင်လျက် ရှိလေသည်။ သို့ရာတွင် လူနာများကို ဆေးကုသပေးမည့် ဆေးသမားကိုမူကား သူသည် မတွေ့မမြင်မိချေ။ ဆေးသမားမရှိသော ကျေးလက်ဇနပုဒ်များမှ ဆင်းရဲ မွဲကျုံလှသော ထိုလူနာများ၏ နာကျင်ခြင်းကို အဘယ်သူသည် သက်သာပြေငြိမ်းစေပါမည်နည်း။ ဆေးသမားမရှိသောကြောင့် သူတို့၏ နာကျင်ခြင်းကို ဒီအတိုင်း ပစ်ထားကြတော့မည်လော။ မသေမပျောက်သင့်ပါဘဲနှင့် ဆေးသမားမရှိ၍ သူတို့၏ အသက်များကို ဒီအတိုင်း အဆုံးရှုံးခံကြရတော့မည်လော။

နေရီရီ

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



ညဘက်များတွင်လည်း ဦးလွမ်းဝေသည် တော်တော်နှင့် အိပ်စက်၍ မပျော်တတ်ချေ။ သူသည် နှစ်ပေါင်းများစွာ မြန်မာနိုင်ငံ အနှံ့အပြား၌ သူ လုပ်ကိုင် ဆောင်ရွက်ခဲ့သော အကြောင်းအရာနှင့် အဖြစ်အပျက်များကို ပြန်လည် စဉ်းစား နေလေ့ရှိသည်။ ယင်းသို့ အတိတ်ကာလက သူ လုပ်ကိုင် ဆောင်ရွက်ခဲ့သော အလုပ် အကိုင်နှင့် အကြောင်းအရာများကို ပြန်လည် စဉ်းစားမိရင်း ယခုအခါတွင် ဘာမျှ မလုပ်ရ မကိုင်ရဘဲ အထီးတည်းနေရသော အဖြစ်ကို ခံပြင်းလျက် ရှိလေသည်။ ယင်းသို့ ခံပြင်းလျက်ရှိရာမှ ရံဖန်ရံခါ အသက် ၄၀ မျှပင် ကျော်လွန်လျက် ရှိနေပြီ ဖြစ်သော ဆရာဝန်ကြီး ဦးလွမ်းဝေသည် ကျောင်းသားလူငယ် စိတ်များပင် ဝင်လာ တတ်လေသည်။ သူသည် သူ၏ သဘောတစ်ခုတည်းနှင့် ရန်ကုန်မှ ထွက်သွားပြီး နောက် တောအရပ်ဒေသများ၌ လှည့်လည် ဆေးကုလိုသော စိတ်များပင် ပေါ် ပေါက်လာလေသည်။ သို့ရာတွင် သူသည် ဆရာဝန်ကြီးတစ်ဦး ဖြစ်လေသည်။ ကျောင်းသားသူငယ်ကလေး တစ်ဦးတစ်ယောက်လို မိမိ သဘောတစ်ခုတည်းနှင့် ထင်သလိုလုပ်၍လည်း မဖြစ်သေးချေ။ တော်လည်း မတော်လှချေ။ သူသည် သူ၏ ကိုယ်ကို ထိန်းသိမ်းချုပ်တည်းခြင်း ပြုရလေသည်။

ယင်းသို့ မိမိကိုယ်ကို ထိန်းသိမ်းချုပ်တည်းရဖန် များပြားလာသော အခါ ဦးလွမ်းဝေသည် စိတ်ရှိသော လူသတ္တဝါတစ်ကောင်ပီပီ စိတ်တိုစပြုလာ လေသည်။ တကယ်ဆိုတော့ လူသတ္တဝါ၏ လွတ်လပ်မှုကို ချုပ်ချယ်ခြင်း ပြုအား ကြီးလျှင် ဤသတ္တဝါသည် လူ၏အဆင့်မှ လျောကျလာတတ်လေသည်။

စံပယ်မြိုင်သည် ကျယ်ဝန်း၍ စိမ်းစိုလှပသောခြံကြီးတစ်ခြံ ဖြစ်ပေ သည်။ အိမ်ကြီး၏ ဘေးပတ်ပတ်လည်တွင် မွှမ်းမံပြုစုထားသော စံပယ်ရုံကြီးများ အပြင်ကုံ့ကော်ပင်များ၊ မရန်းပင်များ၊ ကွမ်းသီးပင်များဖြင့် စိမ်းလန်းဝေဆာ လျက် ရှိလေသည်။ သို့ရာတွင် စံပယ်မြိုင်သို့ ရောက်ရှိလာပြီးကတည်းက ဒေါက်တာလွမ်းဝေသည် ၎င်းနေထိုင်လျက်ရှိသော ခြံကြီးအတွင်းသို့ တစ်ကြိမ် တစ်ခါမျှ လှည့်ပတ်ကြည့်ရှုခြင်း မပြုမိသေးချေ။ သူသည် စိတ်တိုလျက် ရှိလေသည်။ လူနာများ၏ အကြားတွင် မရပ်မနား အလုပ်လုပ်နေခဲ့သော ဆရာဝန်ကြီးသည် ပန်းအလှများအကြား၌ တစ်ကိုယ်ကောင်း သာယာကြည်နူး ၍ မနေနိုင်ချေ။ သူ၏ များလှစွာသော လူနာများသည် ဆေးကုသပေးမည့် ဆရာဝန်မရှိ၍ ငိုယို ညည်းညူနေကြရစဉ် သူသည် စံပယ်၏ အလှနှင့်



PDF_ Yaybawal

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



အနံ့တို့ကို အဘယ်သို့ မွှေးကြူခံစား၍ ရနိုင်ပါ့မည်နည်း။

တောကြိုအုံကြားများ၌ တပည့် မနော်နှင့် နှစ်ယောက်သား လှည့်လည်ဆေးကုသခြင်း ပြုခဲ့စဉ်က ဒေါက်တာလွမ်းဝေသည် မိုးလုံလေလုံသော အိမ်များ၌ပင် တည်းခိုနေထိုင်ခြင်း မပြုခဲ့ရချေ။ သူသည် အဆီအသားမပါသော ထမင်းဟင်းများကိုသာ စားသောက်ခြင်း ပြုခဲ့ရသည်။ သို့ရာတွင် သူသည် သူ၏ကိုယ်ကို ဆင်းရဲပင်ပန်းလှသည်၊ သို့မဟုတ် ဒုက္ခခံရသည်ဟု အနည်းငယ်မျှ မထင်ခဲ့ချေ။ သူသည် သူ နှစ်သက်ခုံမင်သော အလုပ်နှင့် လုပ်ချင်ကိုင်ချင်လှသော အလုပ်ကို သူ၏ သဘောတစ်ခုတည်းအတိုင်း လွတ်လွတ်လပ်လပ် လုပ်ကိုင်နေရသဖြင့် ပျော်ပင် ပျော်သေးသည်။

ယခုအခါ၌ သူသည် ဥစ္စာပစ္စည်းများစွာ ချမ်းသာကြွယ်ဝလှသော ကြီးတော်လုပ်သူ၏ အရိပ်အာဝါသအောက်တွင် ခိုလှုံနေထိုင်ရပေသည်။ သားသမီးတစ်ယောက်မျှမရှိရှာသော ထိုအမယ်ကြီးသည် တူဖြစ်သော ၎င်းညီမ၏ သားကို ၎င်း၏ သားအရင်းကဲ့သို့ ချစ်ခင်လှပေသည်။ အလိုလိုက်၊ အရေးပေးလှပေသည်။ တူလုပ်သူအတွက် ဘာမျှလိုလေသေး မရှိရအောင် စီမံခန့်ခွဲထားပေသည်။ စံပယ်မြိုင်တိုက်ကြီးနှင့် ခြံကြီးတို့သည် ရာသီဥတု၏ဒဏ်ကို ကောင်းစွာကာကွယ်ခြင်းပြုရုံမျှမက အနေရအထိုင်ရလည်း စည်းစိမ်ရှိလှပေသည်။ အစားအသောက်သည်လည်း ယခင် တောကြိုအုံကြားများ၌ စားရသောက်ရသော အစားအစာများထက် နှိုင်းယှဉ်၍ မရအောင် ကောင်းမွန်လှပေသည်။ မည်ကဲ့သို့ပင်ဖြစ်စေ ဆရာဝန်ကြီး ဦးလွမ်းဝေသည် ၎င်း၏ ကြီးတော်လုပ်သူက မသေမီကပင် ၎င်းအား အမွေပေးထားပြီဖြစ်သော စံပယ်မြိုင်ခြံကြီးနှင့် တိုက်ကြီးတို့ကို တောလက်ကျေးရွာအရပ်များမှာလောက် မမက်မောလှချေ။ ရန်ကုန်မြို့တော်မှ ဆီဦးထောပတ်များထက် လယ်သမား တဲပုတ်မှ ငါးပိထောင်းနှင့် ရေလုံပြုတ်ဟင်းချိုကို သူသည် ပိုမို၍ မက်မောခြင်း ရှိလေသည်။

ညဘက်များတွင် ဆရာဝန်ကြီး ဦးလွမ်းဝေသည် တော်တော်နှင့် အိပ်စက်၍ မပျော်တတ်ချေ။ သူသည် နှစ်ပေါင်းများစွာ မြန်မာနိုင်ငံ အနံ့အပြား၌ သူ လုပ်ကိုင်ဆောင်ရွက်ခဲ့သော အကြောင်းအရာနှင့် အဖြစ်အပျက်များကို ပြန်လည် စဉ်းစားနေလေ့ရှိသည်။ လွမ်းဆွတ်နေတတ်လေ့ရှိသည်။



PDF_ Yaybawal

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



(၂)

အလုပ်လက်မဲ့ ဆရာဝန်တစ်ဦးအဖြစ်ဖြင့် ၂ လသာသာ၊ ၃ လခန့် အကြာ တစ်ညသ၌ ဆရာဝန်ကြီး ဦးလွမ်းဝေသည် ၎င်း၏ ထုံးစံအတိုင်း အိပ်စက်၍ မရသဖြင့် ဗြိတိသျှ ဗဟိုဆေးကောင်စီမှ ထုတ်ဝေသော ဆေးပညာဘက်ဆိုင်ရာ မဂ္ဂဇင်းတစ်စောင်ကို ဖတ်ရှုနေလေသည်။ သူသည် ဒုတိယကမ္ဘာစစ်ကြီး အပြီး ဗြိတိန်နိုင်ငံတွင် ဥပဒေတစ်ရပ်အဖြစ်ဖြင့် ပြဋ္ဌာန်းလိုက်သော တစ်မျိုးသားလုံးဆိုင်ရာ ကျန်းမာရေးဝန်ထမ်းလုပ်ငန်း အကြောင်းနှင့် ပတ်သက်ရေးသားထားသော ဆောင်းပါးတစ်စောင်ကို စိတ်ပါဝင်စားစွာ ဖတ်ရှုနေပေသည်။ ထိုဆောင်းပါးကို ရေးသူမှာ လော့(ဒ်)ကိုဟင်း ဆိုသူဖြစ်၍ ဆောင်းပါးရှင်သည် ဆေးသိပ္ပံအတတ်နှင့် ပတ်သက်၍ များစွာ အကျိုးပြု တိုးပွားစေခဲ့သော ဆေးသိပ္ပံ ပါမောက္ခကြီးတစ်ဦးလည်း ဖြစ်လေသည်။ ဗြိတိန်ရှိ အများပြည် သူတို့၏ လုံခြုံရေးနှင့် ကာကွယ်ရေးတို့အတွက် သုံးစွဲခြင်း ပြုရသော ငွေကြေး ပမာဏများအနက် လက်နက်ကိုင်တပ်ဖွဲ့များအတွက် သုံးစွဲခြင်းပြုရသော ငွေကြေးပမာဏက လွဲလျှင် ပြည်သူတို့၏ ကျန်းမာရေးအတွက် သုံးစွဲခြင်းပြုသော ငွေကြေးပမာဏသည် ဒုတိယအများဆုံးပင် ဖြစ်လေသည်။ ၁၉၄၉-၅၀ ခုနှစ်များက တစ်နှစ်လျှင် ပြည်သူ့ကျန်းမာရေးအတွက် ရွှေဒင်္ဂါး သန်းပေါင်းလေးရာမျှ သုံးစွဲခြင်း ပြုလျက်ရှိရာမှ တစ်နှစ်ထက် တစ်နှစ် တိုးတက်သုံးစွဲလာခဲ့ရာ ၁၉၅၉-၆၀ ခုနှစ် များတွင် ရွှေဒင်္ဂါး သန်းပေါင်း ၇၀၀ မျှအထိ တိုးတက်သုံးစွဲလာခဲ့လေသည်။

ယင်းသို့ စိတ်ဝင်စားဖွယ်ရာကောင်းလှသော ဆောင်းပါးတစ်စောင်ကို စူးစိုက်ဖတ်ရှုနေခိုက် တစ်စုံတစ်ယောက်၏ နာနာကျင်ကျင် ညည်းတွားသံလိုလို အသံတစ်ခုကို သူသည် ကြားလိုက်ရပေသည်။ ထို့ကြောင့် သူသည် ဖတ်ရှုနေသော မဂ္ဂဇင်းကို ဘေးသို့ချကာ နားစွင့်နေမိသည်။

အချိန်မှာ ည နာရီပြန် တစ်ချက်တီးခန့် ရှိနေပြီဖြစ်၍ စံပယ်မြိုင်တိုက်ကြီးနှင့် ဘေးပတ်ဝန်းကျင်တစ်ဝိုက်သည် တိတ်ဆိတ်ငြိမ်သက်လျက်ရှိလေသည်။ ခပ်စောစောက စာဖတ်နေရာမှ ကြားလိုက်ရသော တစ်စုံတစ်ယောက်၏ ညည်းတွားသံကို နောက်ထပ် သူသည် မကြားရတော့ချေ။ သူသည် ထိုကဲ့သို့ လူနာများ ၏ ညည်းညူသံကို ကြားနေကြဖြစ်၍ စိတ်တွင်စွဲလမ်းကာ ကြားရခြင်းပင် ဖြစ်လေသလော။ ဦးလွမ်းဝေသည် ထိုကဲ့သို့ စဉ်းစားတွေးတော



PDF_ Yaybawal

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



မိသဖြင့် ဖတ်လက်စ မဂ္ဂဇင်းကို ဆက်လက်ဖတ်ရှုရန် ပြန်၍ ကောက်ယူလေသည်။ ယင်းသို့ ကောက်ယူ ၍ ဆက်ဖတ်ရှုတော့မည်အပြုတွင် သူသည် ခပ်စောစောက ညည်းညူသံကို ကြားရပြန်လေသည်။ ထို့ကြောင့် သူသည် ဖတ်ရှုလက်စဖြစ်သော ဆောင်းပါးကို မဖတ်ဖြစ်သေးဘဲ နားကို ဂရုစိုက်၍ စွင့်ထားလိုက်မိပေသည်။

ဝေဒနာတစ်ပါးပါးကို နာနာကျင်ကျင် ခံစားနေရာမှ ညည်းညူလိုက်သော လူမမာတစ်ဦး၏ အသံကို သူသည် တစ်စထက်တစ်စ ပီပီသသကြီး ကြားလာရပေသည်။ ထိုအသံသည် အဘယ်က လာသနည်း။ ထိုလူမမာသည် အဘယ်သူ ဖြစ်သနည်း။

ညည်းညူသံသည် ၎င်းကြီးတော်၏ အခန်းဘက်ဆီမှ ဖြစ်လေသည်။ အသံမှာလည်း ထိုအမယ်ကြီး၏ အသံဖြစ်လေသည်။

ဆရာဝန်ကြီး ဦးလွမ်းဝေသည် စာဖတ်နေသော ပက်လက်ကုလားထိုင်ထက်မှ ကမန်းကတန်း ထလိုက်သည်။ ထို့နောက် သူသည် ကြီးတော် လုပ်သူ အိပ်စက်သော အခန်းဘက်ဆီသို့ အပြေးကလေး ထွက်လာခဲ့သည်။

အမယ်ကြီး အိပ်စက်သော အခန်းအတွင်း၌ မှောင်နေသဖြင့် သူသည် မီးခလုတ်ကို ရှေးဦးစွာ ဖွင့်လိုက်ရသည်။ ကုတင်ပေါ်တွင် ထိုအမယ်ကြီးသည် လူမှန်းသူမှန်း မသိနိုင်လောက်အောင် အဖျားတက်ကာ သတိလစ်နေပေသည်။

သမားသက်ရင့်လှပြီ ဖြစ်သော်ငြားလည်း၊ အပြင်းဖျားကာ လူမှန်းသူမှန်း မသိနိုင်လောက်အောင် သတိလစ်နေသော လူမမာကို တွေ့မြင်လိုက်ရလျှင်ပင် ဦးလွမ်းဝေသည် မျက်လုံးပြူးသွားလေသည်။ အစပထမ၌ သူသည် ဘာလုပ်၍ ဘာကိုင်ရမှန်း မသိနိုင်လောက်အောင် ဖြစ်နေပေသည်။

ဆေးသမားများသည် အခြားအခြားသော လူနာများကိုသာလျှင် ကုစားတတ်သော်လည်း၊ ၎င်းတို့၏ သွေးသားများထဲမှ လူနာများကို မကုစားတတ်ဆိုသော စကားသည် ဟုတ်များ ဟုတ်လေသလား။

ဒေါက်တာလွမ်းဝေသည် အတန်ကြာမျှရပ်ကာ ၎င်း၏ ကြီးတော် လူမမာကို မျက်လုံးအပြူးသားနှင့် ငေးစိုက်ကြည့်ရှုနေမိသည်။ သူသည် သူ၏ ကိုယ်ကို ပြန်၍ သတိရလာအောင် တော်တော်ကြီး သတိပေးလှုံ့ဆော်ခြင်း ပြုနေပုံလည်း ရပေ၏။

နေရီရီ

PDF_ Yaybawal

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



ၵင်း၏ကိုယ်ကို သတိပြန်ရလျှင်ရခြင်း ဒေါက်တာလွမ်းဝေသည် လူနာ၏ လက်သွေးကို စမ်းသပ်ကြည့်လေသည်။ ထိုသို့ လက်သွေးကိုစမ်းရင်း ဆရာဝန်သည် မျက်လုံးပြူးလျက် ရှိသည်။ လက်သွေးသည် ကြောက်မက်ဖွယ်ရာ ကောင်းလောက်အောင် တိုးနေပေသည်။

လက်သွေးကိုစမ်း၍ ပြီးစီးသောအခါ သူသည် လူနာ၏နဖူးပြင်နှင့် လက်ဖဝါး၊ ခြေဖဝါးများကို တစ်ခုပြီးတစ်ခု လျင်မြန်စွာ စမ်းသပ်ကြည့်လေသည်။ အပူချိန်သည် အဘယ်မျှ တက်နေသည်မသိ၊ သို့ရာတွင် ကြောက်မက်ဖွယ်ရာ စိုးရိမ်ဖွယ်ရာ တက်နေသည်ကိုကား ဦးလွမ်းဝေသည် ကောင်းစွာ သိရှိလိုက်သည်။ သမားသက်ရလှပြီဖြစ်သော ဦးလွမ်းဝေသည် ပြဒါးချိန်ကိုပင် အသုံးပြုနေရန် မလိုလှတော့ချေ။ ၁၀၅ နှင့် ၁၀၆ ဒီဂရီ ၏ ပတ်ဝန်းကျင်တွင် ရှိလိမ့်မည်ဆိုသော အချက်ကို ကောင်းစွာ တွက်ချက်ခန့်မှန်းနိုင်လေသည်။

သူသည် ဘာလုပ်ရမည်နည်း။ ဆရာဝန်ကြီးတစ်ဦးအနေနှင့် ထိုအမယ်ကြီးအတွက် သူနာပြုဆရာမတစ်ဦး လိုသည်ကို သူသည် စဉ်းစားမိလေသည်။ သို့ရာတွင် ယခုကဲ့သို့အချိန်တွင် သူနာပြုဆရာမ တစ်ယောက်ကို အဘယ် သို့ လိုက်လံရှာဖွေရမည်နည်း။

ချက်ချင်းဆိုသလိုပင် သူသည် တပည့်ကျော် မနော်ကို သတိရလေသည်။ ထို့ကြောင့် သူသည် လူမမာအခန်းအတွင်းမှ ကတိုက်ကရိုက် ထွက်လာပြီးနောက် မနော် အိပ်စက်သော အိမ်အောက်ထပ်သို့ ပြေးဆင်းလာခဲ့သည်။ သူသည် ငယ်ရွယ်သူတို့ ဘာသာဘာဝ အိပ်၍ကောင်းတုန်းအချိန်တွင် နှစ်နှစ်ခြိုက်ခြိုက် အိပ်မောကျလျက်ရှိသော မနော်ကို အိပ်ရာထက်မှ အတင်းဆွဲထူကာ နှိုးရသည်။ ထို့နောက် အိမ်အပေါ်ထပ်သို့ ကတိုက်ကရိုက် ဆွဲခေါ်ခဲ့လေသည်။

ဆရာကောင်း တပည့်ဖြစ်သော မနော်သည် လူမမာအဘွားကြီး၏ လက်သွေးကို သူ့ဘာသာသူ စမ်းကြည့်ရင်း သူ၏ဆရာအား အလန့်တကြား လှမ်း၍ ကြည့်လိုက်သည်။ ဒေါက်တာလွမ်းဝေသည် ၎င်းလုပ်ရကိုင်ရမည့် အလုပ်အကြောင်းကို ခေါင်းအေးအေးထား၍ စဉ်းစားနိုင်ရန် အားထုတ်နေပုံပေါ်သည်။

မနော်သည် လူမမာ၏ သွေးတိုးကို စမ်းသပ်ကြည့်ရှုပြီးနောက် ၎င်း၏ဆရာအား လှမ်း၍ ကြည့်ရင်း. . .

**နေရိရိ**

PDF_ Yaybawal

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



"အဖျားရှိးရှိးတော့ မဟုတ်နိုင်ဘူးထင်တယ် ဆရာ"

ဟု ၎င်း၏ ထင်မြင်ချက်ကို မရဲတရဲနှင့် ပြောဆိုလေသည်။

ဦးလွမ်းဝေသည် မနော်၏ ထင်မြင်ချက်ကို ကြားလိုက်ရလျှင် ကြားလိုက်ရခြင်း ကြက်သီးမွေးညင်းများပင် ထသွားလေသည်။ မနော်သည် မည်သည့် ဆေးသိပ္ပံ၌မျှ ဆေးသိပ္ပံအတတ်ကို သင်ကြားခြင်းပြုခဲ့ရသော သူတစ်ယောက် မဟုတ်သော်လည်း လူနာပေါင်း မြောက်မြားစွာနှင့် ဆက်ဆံခဲ့ဖူးသော လူတစ်ယောက်တော့ကား ဖြစ်လေသည်။

ဒေါက်တာလွမ်းဝေသည် မနော်ကို အလန့်တကြား ကြည့်ရှုလျက် ရှိရာမှ. . .

"မင်းဘယ်လို ထင်သလဲဟင်. . . မနော်" ဟု မေးမြန်းလိုက်သည်။

"တိုက်ဖွိုက်ဖြစ်ချင်လည်း ဖြစ်နိုင်တယ် ဆရာ"

မနော်သည် ၎င်း၏ ထင်မြင်ချက်ကို ရဲရဲတင်းတင်းနှင့် စိတ်ချ လက်ချ ထုတ်ဖော်ပြောကြားခြင်း ပြုလိုက်ပေသည်။

## (၃)

ဆရာဝန်ကြီး ဦးလွမ်းဝေသည် သတိလစ်နေသော လူမမာ၏ ခြေရင်းဘက်တွင် ရပ်ခါ ချီတုံချတုံဖြစ်နေသည်။ ထိုသို့ ချီတုံချတုံဖြစ်နေရ သည့်အခိုက်မှာပင် ၎င်း၏ အခြေအနေနှင့် အကြောင်းကိုလည်း ရုတ်တရက် စဉ်းစားမိလာသည်။

သူသည် ဆေးသိပ္ပံအတတ်ကို တတ်ကျွမ်းသော ဆေးသမားတစ်ဦး ဖြစ်သည်။ သမားသက်ရင့်လှပြီဖြစ်သော ဆေးသမားတစ်ဦးလည်း ဖြစ်လေသည်။ သို့ရာတွင် သူသည် မြန်မာနိုင်ငံ ဆရာဝန်များ မှတ်ပုံတင်စာရင်းမှ ပယ်ဖျက်ခြင်းကို ခံထားရသော ဆေးသမားတစ်ဦးမျှသာ ဖြစ်လေသည်။ သူသည် ဆေးသိပ္ပံအတတ်ကို တတ်ကျွမ်းသော်လည်း ထိုအတတ်ပညာကို အသုံးချခွင့် မရှိတော့သော လူတစ်ယောက်လည်း ဖြစ်နေပေသည်။

ယခင်က သူသည် လူနာမှန်သမျှကို ဆင်းရဲချမ်းသာ ကျောသား ရင်သား မခွဲခြားဘဲ ဆေးကုသခဲ့မိသဖြင့် ဆရာဝန်ဘဝမှ ရပ်ဆိုင်းခြင်းကို ခံခဲ့ရသူတစ်ဦး ဖြစ်လေသည်။ ယခုအခါတွင် ထိုကဲ့သို့ ဆရာဝန်တစ်ဦး၏



PDF_ Yaybawal

အဖြစ်မှ ရပ်ဆိုင်းထားခြင်း ခံနေရသော လူတစ်ယောက်အနေနှင့် သူသည် မိမိ၏ အတတ်ပညာကို အဘယ်သို့ အသုံးချနိုင်ခွင့်ရှိသေးသနည်း။ မိမိအား ပိတ်ပင်ရပ်ဆိုင်းထားသော အခွင့်အရေးကို မိမိသဘောတစ်ခုတည်းနှင့် အသုံးချမည်ဆိုလျှင် မည်ကဲ့သို့ ဖြစ်ပျက်လာဦးမည်နည်း။

ဒေါက်တာလွမ်းဝေသည် လူမမာ၏ ခြေရင်းဘက်တွင်ရပ်ကာ ငိုင်၍ စဉ်းစားလျက် ရှိပေသည်။

ခုတင်ပေါ်တွင် ၎င်း၏ကိုယ်ကို ဘာဖြစ်နေမှန်း မသိနိုင်လောက်အောင် သတိလစ်နေသော လူမမာသည် ၎င်းမိခင်၏ အစ်မ ဖြစ်သည်။ ၎င်း၏ ကြီးတော် လည်း ဖြစ်သည်။ ထိုလူမမာသည် ငယ်ရွယ်သော မောင်လွမ်းဝေကို ယခုကဲ့သို့ ဆရာဝန်ကြီးတစ်ယောက်ဖြစ်လာအောင် ဆုံးခန်းတိုင် ပညာသင်ကြား ပေးလာခဲ့သော ကျေးဇူးရှင်မကြီးလည်း ဖြစ်သည်။ ၎င်း အဖမ်းအဆီး အချုပ် အနှောင်ခံရစဉ် ဦးလွမ်းဝေအတွက် ရုံးပြင်ကနားသို့ပင် တက်ရောက်အရေးဆို ခဲ့သော အမယ်ကြီးလည်း ဖြစ်ပေသည်။ တကယ်ဆိုတော့ ထိုအမယ်ကြီးသည် ၎င်း၏ မိခင်နှင့် ဘာများ ထူးသေးသနည်း။

ဒေါက်တာလွမ်းဝေသည် သက်ပြင်းကို ခပ်ပြင်းပြင်း ချလိုက်သည်။ သို့သော် ဦးခေါင်းကို နာနာကလေး ခါရမ်းရင်း. . .

"မနော်. . . အိမ်အောက်ထပ်က ထမင်းချက်တဲ့ ဟိုအဘိုးကြီး၊ အဘွားကြီး လင်မယားကို သွားပြီး ခေါ်လာခဲ့စမ်းကွာ" ဟု ပြောဆိုလိုက်သည်။

မနော်သည် ၎င်း၏ဆရာကို နားမလည်နိုင်သကဲ့သို့ တစ်ချက်မျှ လှည့် ကြည့်လိုက်ပြီးနောက်. . .

"ကျွန်တော် အပ်ပြုတ်လိုက်ရတော့မလား ဆရာ"

ဟု ၎င်း သိရှိပြုလုပ်ချင်ဟန်တူသော ကိစ္စကို မေးနေပြန်သေးသည်။

"ဒါတွေကို မင်းကို ငါမှ မခိုင်းတာ မနော်၊ ငါ ခိုင်းတာသာ ခပ်မြန်မြန် လုပ်ချေစမ်း"

ဦးလွမ်းဝေက ခပ်တိုတိုပဲ ပြောဆိုလိုက်သည်။

မနော်သည် နောက်ထပ် ဘာမျှမေးမြန်းပြောဆိုခြင်း မပြုတော့ချေ။ သူသည် ဆရာကောင်းတပည့်ပီပီ ဆရာစေခိုင်းလိုက်သည်ကိုသာ ဆောင်ရွက် ရန် အောက်ထပ်သို့ ခပ်သုတ်သုတ် ပြေးဆင်းသွားလေသည်။

**နေရီရီ**

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



ဒေါက်တာလွမ်းဝေသည် လူမမာ အမယ်ကြီးကို အနေရ အထိုင်ရ သက်သာအောင် ပြင်ဆင်ပြုလုပ်ပေးပြီးနောက် တအင်အင်နှင့် ညည်းနေသော ထိုအမယ်ကြီးကို မကြည့်နိုင်သကဲ့သို့ တစ်ဖက်သို့ မျက်နှာလွှဲ၍ နေလေသည်။ သူသည် မိမိ၏အဖြစ်ကို စိတ်နာကြည်းနေပုံရလေသည်။ မြန်မာနိုင်ငံအား အလျားလိုက် လည်းကောင်း၊ အနံလိုက် လည်းကောင်း လှည့်လည်ဆေးကုခဲ့သော ဆရာဝန်ကြီးတစ်ဦးသည် သူ၏ မိခင်နှင့် မခြားလှသော ကြီးတော်နှင့် ကျကာမှပင် ဆေးမကုစားနိုင်ရှာချေ။

ထိုအခိုက် မနော်နှင့် စံပယ်မြိုင်အိမ်ကြီးတွင် ထမင်းဟင်းများ ချက်ပြုတ်ကျွေးနေသော ဦးခန့်နှင့် ဒေါ်လှတို့လင်မယားသည် ပျာပျာသလဲ အခန်းတွင်းသို့ ဝင်လာကြလေသည်။ ထိုလင်မယားနှစ်ယောက်စလုံးပင် ၎င်းတို့၏ သခင်မကြီး ဒေါ်ဒေါ်စု၏ ဖြစ်အင်ကို ကြည့်ကာ မျက်စိပျက် မျက်နှာပျက် ဖြစ်နေကြလေသည်။

ဒေါက်တာလွမ်းဝေသည် ၎င်းအရေးတကြီး သိရှိလိုသောအကြောင်းကိုသာ ခပ်တိုတိုတုတ်တုတ် မေးလေသည်။

"ခါတိုင်း ကြီးကြီးစု နေထိုင်မကောင်းဖြစ်တတ်ရင် ဘယ်က ဆရာဝန်ကို ခေါ်တတ်သလဲဆိုတာ ဦးခန့်တို့ ဒေါ်လှတို့သိရင် ကျွန်တော့်ကို ပြောပြစမ်းပါ"

ထိုလင်မယားနှစ်ယောက်တို့သည် တစ်ယောက်မျက်နှာကို တစ်ယောက်ကြည့်နေကြသည်။ သို့ရာတွင် ဒေါက်တာလွမ်းဝေ အရေးတကြီး တောင်းနေသော အဖြေကိုမူကား ရုတ်တရက် မပေးနိုင်ကြချေ။

"ခင်ဗျားတို့ မသိကြဘူးလားဟင်"

ဒေါက်တာလွမ်းဝေက အပြစ်တင်ချင်သော လေသံမျိုးဖြင့် မေးလိုက်တော့မှ. . .

"ဒေါက်တာ ချောင်ဒရီဆိုတဲ့ ကုလား ဆရာဝန်ကြီးကို ခေါ်တတ်ပါတယ်၊ ဒါပေမယ့် ဒေါက်တာ ချောင်ဒရီလည်း လွန်ခဲ့တဲ့ ၃ လလောက်ကမှ ဘင်္ဂလားကို ပြန်သွားပါတယ်" ဟု ဦးခန့်က ၎င်းသိရှိသမျှကို ပြန်ပြောလေသည်။

"အဲဒီ ဆရာဝန်ကြီး ပြန်သွားပြီးတဲ့နောက် တခြား ဘယ်ဆရာဝန်ကို များ ခေါ်ရသေးသလဲဗျ"

ဒေါက်တာလွမ်းဝေသည် ၎င်းသိရှိလိုသော အကြောင်းအရာကိုသာ မေးမြန်းလေသည်။



PDF_ Yaybawal

"ဒီအတောအတွင်းတော့ မင်းကတော်ကြီးလည်း ကျန်းကျန်းမာမာနဲ့မို့ ဆရာဝန် တစ်ခါမှ ခေါ်ရတယ်လို့ မရှိခဲ့ပါဘူး"

ဒေါ်လှက ဒေါက်တာလွမ်းဝေကို အဖြေပေးလေသည်။

"ဒါဖြင့် ဒီအနီးအနားတစ်ဝိုက်မှာကော ဆရာဝန် တစ်ယောက်ယောက်များ ရှိသလားဟင်"

ဦးခန့်နှင့် ဒေါ်လှတို့လင်မယားသည် တစ်ယောက်မျက်နှာ တစ်ယောက် လှမ်းကြည့်ကြပြန်လေသည်။ ဒေါက်တာလွမ်းဝေ မေးခွန်းကို ရုတ်တရက် ပြန်မဖြေကြချေ။

ဦးလွမ်းဝေသည် လူမမာကို တစ်ချက်မျှ လှမ်း၍ ကြည့်လိုက်သည်။ ထို့နောက် သက်ပြင်းကိုချရင်း အဖြေကို စောင့်ဆိုင်းခြင်း ပြုလေသည်။

"ကျောက်ကုန်းမှာ ဒေါက်တာဦးခင် ဆိုတာ တစ်ယောက်တော့ ရှိတယ်"

"ဒါဖြင့် အဲ့ဒီ ဒေါက်တာဦးခင်ဆိုတာကိုပဲ ခင်ဗျားနဲ့ မနော်နဲ့ အိမ်ကကားနဲ့ ခပ်မြန်မြန်ကလေး သွားပင့်လာစမ်းပါဦးဗျာ"

ထိုကဲ့သို့ ဆရာဝန်ကို အရေးတကြီး သွားအပင့်ခိုင်းသော်လည်း ဦးခန့်သည် အေးစက်စက်လုပ်နေသည်။ ထို့ကြောင့်. . .

"ခပ်မြန်မြန်ကလေး သွားပင့်စမ်းပါ ခင်ဗျာ"

ဟု ဦးလွမ်းဝေကပင် ထပ်မံ ပြောဆိုရလေသည်။

ဦးခန့်သည် ၎င်း၏နေရာမှ မရွေ့သေးချေ။ တစ်စုံတစ်ရာကို စဉ်းစားနေသကဲ့သို့ ခပ်ငိုင်ငိုင်လုပ်နေပြီးမှ. . .

"အဲဒီ ဒေါက်တာဦးခင်ဆိုတာကို ပင့်လို့မဖြစ်ဘူး ထင်တယ်"

ဟု ပြောဆိုလိုက်သည်။

"ဘာဖြစ်လို့တုန်းဗျ"

ဒေါက်တာလွမ်းဝေသည် မျက်လုံးပြူး၍ သွားလေသည်။

"တခြားကြောင့်တော့ မဟုတ်ပါဘူး၊ အရင်တုန်းက မင်းကတော်ကြီးနဲ့ စကားများဖူးလို့ပါ"

"ဘာပြုလို့ စကားများတာလဲဗျ"

"သူ့ဆီမှာ ဆေးကုတဲ့ မင်းကတော်ကြီးကို ဆေးဖိုးဝါးခတွေ မတရား တောင်းလို့ပါ"

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



"ဩော်. . . ဒီလိုလား၊ ဒီအတွက်နဲ့တော့ ကိစ္စမရှိပါဘူးလေ၊ ခင်ဗျားနဲ့ မနော်သာ အရေးကြီးလို့ ခပ်မြန်မြန် လိုက်လာပါလို့ ပြောပြီး ပင့်ချေပါ"

ဦးခန့်နှင့် မနော်တို့နှစ်ယောက်ကို အိမ်မှကားကလေးနှင့် ဆရာဝန် အပင့်ခိုင်းလိုက်ပြီးနောက် ဆရာဝန်ရောက်ရှိလာလျှင် အစစအရာရာ အဆင်သင့် ရှိနေစေရန် ဦးလွမ်းဝေသည် ပြင်ဆင်လုပ်ကိုင်စရာရှိသည်တို့ကို ကိုယ်တိုင် ကိုယ်ကျ လုပ်ကိုင်ရင်း ယောင်ချာချာလုပ်နေသော ဒေါ်လှကိုလည်း ရေနွေးအိုး အတည်ခိုင်းလိုက်ရလေသည်။

လူမမာသည် ကုတင်ထက်တွင် သတိပြန်မရသေးချေ။ တအင်အင်နှင့် ညည်းနေတုန်းသာ ဖြစ်လေသည်။

ဦးလွမ်းဝေသည် လူမမာကို ငေးစိုက်၍ ကြည့်ရင်း တောက်တစ်ချက်ပင် ခေါက်လိုက်မိလေသည်။ သူသည် သမားတော်ဝါ ရင့်လှပြီဖြစ်သော ဆရာဝန်ကြီးတစ်ဦး ဖြစ်သော်လည်း လူမမာတစ်ဦး၏ ဝေဒနာကို မည်သို့မျှ သက်သာအောင် မကူညီနိုင်ဘဲ ဒီအတိုင်း ရပ်ကြည့်နေရပေသည်။ ၎င်းအပြင် ထိုလူမမာသည်လည်း အခြားသူမဟုတ်၊ ၎င်းကို ဆေးသိပ္ပံဘွဲ့ရရှိအောင် ပညာသင်ကြားပေးခဲ့သော အမယ်ကြီး ကိုယ်တိုင် ဖြစ်နေသည်တကား. . . ။

(၄)

သူသည် အဘယ်မျှ ကြာမြင့်သည်တိုင်အောင် ငိုင်နေမိသည်ကို သတိ မရလိုက်တော့၊ ခြံအတွင်းသို့ အိမ်မှမော်တော်ကား ပြန်ဝင်လာသံကို ကြားလိုက် ရတော့မှ သတိရလာသည်။

ဦးခန့်ထက်အရင် မနော်သည် အပေါ်ထပ်သို့ ရောက်ရှိလာလေသည်။

"ဆရာဝန် ပါလာသလား မနော်"

ဦးလွမ်းဝေသည် ၎င်းသိရှိလိုလှသော အကြောင်းကိုသာ ရှေးဦးစွာ မေးလေသည်။

"မပါလာဘူးဆရာ"

မနော်သည် မျက်စိပျက်၊ မျက်နှာပျက်နှင့် ပြောဆိုလေသည်။

"ဘာဖြစ်လို့လဲကွ၊ အိမ်မှာ မရှိလို့လား"

"မဟုတ်ဘူးဆရာ"



PDF_ Yaybawal

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



"ဒါဖြင့် ဘာပြုလို့ မလိုက်လာတာလဲ"

"အရင်က ဆေးဖိုးတွေကို ကျေအောင်မပေးသေးလို့ မလိုက်နိုင်ဘူးလို့ ပြောလွှတ်လိုက်တယ်ဆရာ"

ဒေါက်တာလွမ်းဝေသည် အလွန်တရာ ထူးဆန်းလှသောစကားကို ကြားလိုက်ရသကဲ့သို့ ၎င်း၏မျက်လုံးများကို မှိတ်ထားလိုက်လေသည်။ သူ၏ တစ်ကိုယ်လုံးသည်လည်း တုန်၍နေပေသည်။

ထိုအခိုက် ဦးခန့်သည် လူမမာအခန်းအတွင်းသို့ မျက်စိမျက်နှာ မကောင်းဖြစ်ကာ မရဲတရဲနှင့် ဝင်လာလေသည်။

ဒေါက်တာလွမ်းဝေသည် ၎င်းကိုယ်ကို ပြန်လည်ထိန်းသိမ်းခြင်း ပြုပြီးနောက် မျက်လုံးများကို ပြန်၍ ဖွင့်လိုက်သည်။ သူသည် ဦးခန့်ကို မြင်လိုက်လျှင်. . .

"ဆေးဖိုးတွေ ကျေအောင်မပေးသေးလို့ ဆရာဝန်လို့ဆိုတဲ့လူက မလိုက်နိုင်ဘူးလို့ ပြောလိုက်တယ်ဆို ဟုတ်ကဲ့လားဗျ ဦးခန့်"

ဟု လှမ်း၍ မေးလိုက်ပြန်သည်။

ဦးခန့်သည် ဘာမျှပြန်မပြောဘဲ ခေါင်းငုံ့နေလိုက်သည်။

ဒေါက်တာလွမ်းဝေသည် အမယ်ကြီး၏ ခုတင်ခေါင်းရင်းဘေးရှိ စားပွဲငယ်ထက်မှ စားပွဲတင်နာရီကို လှမ်း၍ကြည့်လိုက်သည်။ ၂ နာရီပင် ခွဲပြီးသွားလေပြီ။ ထို့နောက် သူသည် တစ်စုံတစ်ရာကို လျင်မြန်စွာ ဆုံးဖြတ်လိုက်သည်။

ဦးလွမ်းဝေသည် ဦးခန့်ကို အဖော်ခေါ်ကာ အိမ်မှကားနှင့် ကျောက်ကုန်းဘက်သို့ ထွက်လာခဲ့လေသည်။ ဆရာဝန်ကြီး ဦးခင် အိမ်သို့ ရောက်သောအခါ သူကိုယ်တိုင်ဆင်း၍ တံခါးကို ခေါက်လေသည်။

အိမ်ရှင်သည် တံခါးကို တော်တော်နှင့် မဖွင့်ချေ။ ဒေါက်တာလွမ်းဝေသည် အိမ်တံခါးကို အကြိမ်ကြိမ် ခေါက်ရလေသည်။ နာနာကလေးလည်း ခေါက်ရလေသည်။

ဒီတော့မှပင် အိမ်ရှင်သည် အိမ်တံခါးကို ဖွင့်ပေးလေသည်။ သို့ရာတွင် ဆရာဝန်ကြီး ဦးခင် ကိုယ်တိုင်တော့ကား မဟုတ်ချေ။ အိမ်တွင် ခိုင်းစေထားသော လူကြီးတစ်ယောက် ဖြစ်သည်။

"ညကြီးအချိန်မတော် ဘာကိစ္စရှိလို့လဲ"



PDF_ Yaybawal

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



ထိုသူက အိမ်တွင်းသို့ အဝင်မခံဘဲ မေးလာသည်။

"ဒေါက်တာ ဦးခင်ကို တွေ့ချင်လို့ပါ"

ဦးလွမ်းဝေက ထိုသို့ ပြောလိုက်သည်။

"ဆရာကြီး မရှိဘူးဗျ"

"ဘယ်သွားနေလို့တုန်း၊ ခုတင်ကပဲ ကျုပ်တို့ လာခေါ်သေးတယ်"

ဦးလွမ်းဝေက ပြောလေသည်။

"ဟုတ်တယ်၊ ခင်ဗျားတို့လာခေါ်ပြီး ပြန်သွားတုန်း တခြားလူမမာတစ်ဦး အိမ်က လာပင့်လို့ ခုတင်ကပဲ လိုက်သွားတယ်"

ဟု ပြန်ပြောလိုက်ပြီးနောက် အိမ်တံခါးကို ခပ်ရိုင်းရိုင်းကလေးပိတ်၍ အတွင်းသို့ ပြန်ဝင်သွားလေသည်။

ဒေါက်တာလွမ်းဝေသည် သက်ပြင်းကို ခပ်ပြင်းပြင်းချလိုက်သည်။ သူသည် မော်တော်ကားပေါ်သို့ ပြန်တက်လေသည်။ ဦးခန့်သည် ကားကို စက်နှိုးလေသည်။ ထို့နောက် ဦးလွမ်းဝေကို လှမ်း၍ ကြည့်လေသည်။

"ဒီအနီးအနားတစ်ဝိုက်မှာ ဒို့ပြင်ဆရာဝန် မရှိတော့ဘူးလားဟင် ဦးခန့်"

ဟု ဒေါက်တာလွမ်းဝေက စိတ်မလျှော့သေးသကဲ့သို့ မေးလေသည်။

အိမ်သို့လှည့်၍ ပြန်ရန် ဂီယာကို ညင်သာစွာ သွင်းရင်း. . .

"ရန်ကုန်မြို့လို့သာဆိုရပေမဲ့ ဒီအပိုင်းက တောပိုင်းဖြစ်နေတော့ တခြားဘယ်ဆရာဝန်မှလည်း လာမနေကြပါဘူး ဆရာရယ်"

ဟု ဦးခန့်က ပြန်၍ပြောဆိုလေသည်။

ဆေးကုသခွင့် ရုပ်သိမ်းခြင်းခံထားရသော ဆရာဝန်သည် ဦးခေါင်းကိုသာ တညိတ်ညိတ်လုပ်နေသည်။ သူသည် ဘာမျှပြန်လည်ပြောဆိုခြင်း မပြုတော့ချေ။ မိုးလင်းတော့မှပင် အခြားသင့်လျော်သော ဆေးသမားတစ်ဦးဦးကို ရှာဖွေခြင်း ပြုရန် အောက်မေ့ထားရပေတော့သည်။

* * *



PDF_ Yaybawal

# ဆေးသိပ္ပံဆိုသော အတတ်ပညာ

## (၁)

မနော် အကဲဖြတ်သည့်အတိုင်းပင် ကြီးကြီးစု၏ အဖျားသည် သာမန် အဖျားမဟုတ်ဘဲ တိုက်ဖွိုက် ဖြစ်နေပေသည်။ တိုက်ဖွိုက် ရောဂါသည် အလွန် တရာ ပြင်းထန်လှသော အဖျားရောဂါတစ်မျိုး ဖြစ်လေရာ အသက်အရွယ် အိုမင်းကြီးရင့်သူများကို မဆိုထားဘိ ငယ်ရွယ် ၍ ခံနိုင်ရည်ရှိသူများကိုပင် တော်တော်နှင့် လူစဉ်မမီနိုင်အောင်နှင့် နာလန်မထူနိုင်အောင် နှိပ်စက်ညည်းပန်း တတ်လေ့ရှိသည်။

၇၀ အနားသို့ ကပ်နေပြီဖြစ်သော ကြီးကြီးစုသည် ပြင်းထန်လှ သော တိုက်ဖွိုက်ရောဂါ၏ ဒဏ်ကို ပြန်လည်တွန်းလှန်နိုင်သော ခံနိုင်ရည်နှင့် စွမ်းအား မရှိတော့ချေ။ အဖျားဝင်သည်ဆိုကတည်းက အိပ်ရာထက်တွင် ပက်လက် ကလေး ဖြစ်နေသည်။ ထနိုင်ခြင်းလည်း မရှိတော့ချေ။

သမားသက်ရင့်လှပြီဖြစ်သော ဆရာဝန်ကြီး ဦးလွမ်းဝေသည် ၎င်း၏ ကြီးတော်လူမမာကို အိန္ဒိယအမျိုးသားလက်သို့အပ်ကာ ဘေးမှ ဒီအတိုင်းရပ်၍ ကြည့်ရှုနေရသည်။ အိန္ဒိယဆရာဝန်ကြီးသည် မြန်မာနိုင်ငံ၌ ဆရာဝန် မလုံလောက်၍ ဘင်္ဂလားမှ မှာယူတင်သွင်းခြင်း ပြုရသော ဆရာဝန်များအနက် မှ တစ်ဦး ဖြစ်လေသည်။ ထို့ကြောင့် လူမမာရှင် လုပ်နေသော လူမမာ၏ တူသည် နာမည်ကျော် ဆရာဝန်ကြီး တစ်ဦးမှန်းလည်း မသိချေ။ ဆရာဝန်ကြီး ဦးလွမ်းဝေ ကလည်း ၎င်းကိုယ်ကို ဘာကောင်ဟူ၍လည်း ပြောပြခြင်း မပြုချေ။ သူသည် လူမမာရှင်တစ်ဦး အနေနှင့်သာလျှင် ထိုအိန္ဒိယအမျိုးသား ဆရာဝန်ကြီးကို

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



ကိုယ်တိုင်ကိုယ်ကျ သွားရောက်ပင့်ခဲ့ခြင်းမျှသာ ဖြစ်လေသည်။

"ဒေါက်တာဆင်းကို တွေ့ချင်လို့ပါ"

ဦးလွမ်းဝေသည် မင်္ဂလမ်း(ရွှေဘုံသာလမ်း) ဆေးတိုက်တစ်တိုက် တွင် အိန္ဒိယဆရာဝန်ကြီး၏ သူနာပြုဆရာမကလေးနှင့် ရှေးဦးစွာ စကားပြောဆိုရလေသည်။

"အိမ်ကို လိုက်ရမှာလားဟင်"

သူနာပြုဆရာမကလေးက ဆရာဝန်ကြီးကိုယ်စား ဦးလွမ်းဝေအား ၎င်း သိရှိလိုသောအကြောင်းကို မေးလေသည်။

"ဟုတ်ကဲ့. . . ညက စဖျားတဲ့ လူမမာတစ်ယောက်ကို ကြည့်ပေးဖို့ လာပင့်တာပါ"

"ဘယ်လောက်ဝေးသလဲ ဟင်"

"ကံဘဲ့ ဘက်မှာပါ"

"ခြေကြွခ ၁၆ ကျပ် ပေးရတယ်ဆိုတာ သိလိမ့်မယ် ထင်ပါရဲ့နော်"

သူနာပြုဆရာမကလေးက ယဉ်ယဉ်ကျေးကျေး မေးမြန်းလိုက်သည်။

"ဒေါက်တာဆင်းကို တွေ့ပါရစေ၊ ဒါတွေကတော့ ထုံးစံအတိုင်း ပေါ့"

ဦးလွမ်းဝေသည် ၎င်း၏ကိုယ်ကို တော်တော်ကြီး ထိန်းသိမ်းချုပ်တီး. ၍ ပြောဆိုခြင်း ပြုလိုက်ရပုံရသည်။

ဒေါက်တာဆင်းကို လူချင်းမတွေ့ရမီ ၎င်း၏ သူနာပြုဆရာမ ကလေးနှင့် ဦးလွမ်းဝေသည် ရှေးဦးစွာ တွေ့ဆုံ၍ ငွေရေးကြေးရေးကိစ္စကို စတင်ပြောဆိုရလေသည်။

"ဘယ်လို ကိစ္စရှိပါသလဲ"

ဒေါက်တာဆင်းက အင်္ဂလိပ်လို မေးလေသည်။

"ညကစပြီး အဖျားဝင်တဲ့ လူမမာတစ်ယောက်ကို ကြည့်ပေးစေချင်လို့ လာပင့်တာပါ"

"ဆရာမနဲ့ တွေ့ပြီးပြီလားဟင်"

"ဟုတ်ကဲ့"

"ခြေကြွခတို့ ဆေးဖိုးတို့ စတဲ့ကိစ္စတွေကိုကော ပြောပြီးပြီ မဟုတ်လား"

"ဒါဖြင့်. . . ခြေကြွခငွေ ၁၆ ကျပ် အခု ပေးစေချင်တယ်"



PDF_ Yaybawal

ဦးလွမ်းဝေသည် ငွေ ၁၀၀ ကျပ် တန် တစ်ချပ်ကို ဒေါက်တာဆင်းအား လှမ်း၍ ပေးလိုက်သည်။ အိန္ဒိယဆရာဝန်ကြီးသည် ငွေ ၁၀၀ ကျပ်တန်ကို ယူငင်လိုက်ပြီးနောက် ကျန်သောပိုက်ဆံကို ပြန်အမ်းရန် ၎င်း၏ပိုက်ဆံအိတ်ကို ဖွင့်နေသည်။

"ကျန်တဲ့ပိုက်ဆံကို ဆရာသိမ်းထားပါ ဆရာ"

ဟု ဦးလွမ်းဝေက ပြောဆိုလိုက်သည်။

အိန္ဒိယဆရာဝန်ကြီးသည် ဦးလွမ်းဝေကို ကောင်းစွာ နားမလည်နိုင်သော အမူအရာဖြင့် လှမ်းကြည့်နေပြီးမှ. . .

"ခြေကြွခနဲ့ ဆေးဖိုးကို တစ်နေ့တစ်ခါ ဘီ(လ်)လုပ်ပြီး တစ်နေ့တစ်ခါ ရှင်းဖို့အကြောင်း ဆရာမက ခင်ဗျားကို ပြောမပြလိုက်သေးဘူးထင်တယ်"

ဟု ပြောဆိုလိုက်ပြန်သည်။

"ပြောပြီးပါပြီဆရာ၊ ဒီငွေ ၁၀၀ ကျပ်ကို ဆရာက စရန်အနေနဲ့ ယူထားပြီး၊ တစ်နေ့တစ်ခါ ဘီ(လ်)လုပ်တာပေါ့ ဆရာ၊ ပြည့်တဲ့နေ့ကျတော့ ကျွန်တော်က ထပ်ပြီး စရန်ပေးပါ့မယ်"

"သြော်. . . ဒီလိုဆိုရင် ကောင်းပါတယ်၊ ကျွန်တော်က အိန္ဒိယကလာပြီး ခင်ဗျားတို့ တိုင်းပြည်မှာ ပိုက်ဆံရှာရတဲ့ လူတစ်ယောက်ဆိုတော့ အလုပ်သဘောမျိုး လုပ်ရလို့ပါ"

အိန္ဒိယနိုင်ငံမှ မြန်မာနိုင်ငံသို့ ဆရာဝန်အလုပ်နှင့် ပိုက်ဆံလာရှာရပါသည်ဟု ပွင့်ပွင့်လင်းလင်း ထုတ်ဖော်ပြောဆိုသော ဒေါက်တာဆင်း၏ စကားကို ကြားနာရသောအခါ ဒေါက်တာလွမ်းဝေသည် ရယ်ချင်လှသော်လည်း ပြုံးရုံမျှ ပြုံးလိုက်ရလေသည်။ ဆေးသမားတို့သည် မိမိတို့၏ ဆေးသိပ္ပံအတတ်ကို ပိုက်ဆံရှာဖွေဖို့ တစ်ခုတည်း သက်သက်အတွက်သာ သဘောထား အသုံးပြုကြမည်ဆိုလျှင် ဤလောကရှိ လူကောင်းတို့ကို အဘယ်သို့ အဘယ်မှာ ရှာဖွေရနိုင်ပါဦးမည်နည်း။

ဦးလွမ်းဝေသည် ၎င်း၏ မော်တော်ကားဖြင့် ဒေါက်တာဆင်းကို ကံဘဲ့ စံပယ်မြိုင်သို့ ပင့်ခေါ်လာခဲ့သည်။ ဒေါက်တာဆင်းသည် လူမမာကို ခဏခန့်မျှ ဟိုစမ်းဒီစမ်း ကြည့်ရှုလေသည်။ ထို့နောက် ဆေးတစ်လုံး ထိုးပေးသွားလေသည်။

**နေရိရိ**

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



ဦးလွမ်းဝေသည် ဒေါက်တာဆင်းကို မော်တော်ကားပေါ်သို့လိုက်၍ ပို့ပေးရင်း လူမမာ၏ ရောဂါနှင့် ပတ်သက်၍ ၎င်း၏ထင်မြင်ချက်ကို မေးမြန်းကြည့်လေသည်။ ဒေါက်တာဆင်းသည် ရုတ်တရက် မဖြေချေ။ မော်တော်ကားပေါ်သို့ တက်ထိုင်ပြီးကာမှ. . .

"အပြင်းဖျားတာတော့ အပြင်းဖျားပဲ၊ ဒါပေမယ့် အချိန်က စောလွန်းအားကြီးသေးလို့ ဘယ်လိုအဖျားလဲဆိုတာကိုတော့ ပြောဖို့ ခက်သေးတယ်"

ဟုသာ ပြောဆိုခြင်း ပြုလေသည်။

(၂)

ဒေါက်တာဆင်းကို ပင့်ခေါ်၍ ဆေးကုသပြီးနောက် ၃ ရက်ခန့်ကြာတော့မှ အိန္ဒိယဆရာဝန်ကြီးက လူမမာ၏အဖျားသည် တိုက်ဖွိုက်ဖြစ်လိမ့်မယ်ထင်ကြောင်း ပြောဆိုခြင်း ပြုလေသည်။ ၎င်း၏တပည့် မနော်ထက် ၃ ရက်သာသာမျှ နောက်ကျနေသော တိုင်းတစ်ပါးသား ဆရာဝန်ကြီး၏ ပြောဆိုချက်ကို ဦးလွမ်းဝေသည် ပြုံး၍ နားထောင်နေလိုက်ရပေသည်။

ဒေါက်တာဆင်းကို ပင့်၍ ၄ ရက်မြောက်သောနေ့တွင် ဦးလွမ်းဝေ စပင့်သောနေ့က ပေးထားခဲ့သော ငွေ ၁၀၀ ကျပ်သည် ကုန်၍သွားသဖြင့် သူသည် နောက်ထပ် ငွေ ၁၀၀ ကျပ် ပေးလိုက်ရပြန်သည်။ သို့ရာတွင် ထိုငွေ ၁၀၀ ကျပ် သည် ၂ ရက် မျှသာ ခံလေသည်။ အဘယ်ကြောင့်ဆိုသော် လူမမာ၏ အခြေအနေသည် ဆိုးရွားလာသောကြောင့် ဒေါက်တာဆင်းကို တစ်နေ့လျှင် နှစ်ခေါက်မျှ ပင့်ခေါ်နေရသောကြောင့်ပင် ဖြစ်လေသည်။

ဒေါက်တာလွမ်းဝေသည် နိုင်ငံခြားသား ဆရာဝန်တစ်ဦးက ၎င်း၏ကြီးတော် လူမမာအား ဆေးကုသနေခြင်းကို ဘာတစ်ခွန်းမှ ဝင်ရောက် အကြံပေး ပြောဆိုခြင်းနှင့် ကူညီခြင်းမပြုနိုင်ဘဲ ဘေးမှရပ်၍ ကြည့်နေရပေသည်။ ထိုသို့ ဘာမှမပြုလုပ်ပေးနိုင်ဘဲ ရပ်ကြည့်နေရသည့်အတွက် ဒေါက်တာလွမ်းဝေသည် ဆေးသိပ္ပံကမ္ဘာလေးကို ဆိုးဆိုးရွားရွား မြင်စပြုလာပေသည်။ ဆေးသမားတစ်ဦးတစ်ယောက်သည် မိမိ၏ စေတနာအလျောက် လူနာများကို လွတ်လပ်စွာ ကုသခွင့် မရှိတော့ပြီလော။ ဆေးသမားတစ်ဦးသည် မိမိ၏ မြင့်မြတ်လှသော



PDF_ Yaybawal

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



အတတ်ပညာနှင့် စွမ်းပကားတို့ကို ငွေကြေးရှာဖွေဖို့နှင့် မိမိ တစ်ဦးတည်း၏ ချမ်းသာကြွယ်ဝမှုအတွက်သာလျှင် အသုံးပြုတော့မည်လော။

ဆေးသိပ္ပံအတတ်ကို မြင်ပုံမြင်နည်းတွင် ဒေါက်တာလွမ်းဝေသည် အခြားအခြားသော ဆေးသမားများနှင့် တောင်နှင့်မြောက်ကဲ့သို့ ကွာလှမ်းနေပေသည်။ ဆေးသိပ္ပံ အတတ်ပညာသည် ရောဂါဘယတစ်ခုခုက စွဲကပ်လိုက်သော လူနာတစ်ဦးကို သက်သာပျောက်ကင်းသွားအောင် ကူညီကုသဖို့အတွက်သာလျှင် ဖြစ်သလော၊ ဒေါက်တာလွမ်းဝေသည် ဆေးသိပ္ပံ အတတ်ပညာ၏ ရည်မှန်းချက်ကို ထိုကဲ့သို့ မမြင်ချေ။ ဆေးသိပ္ပံ အတတ်ပညာသည် ရောဂါဘယ ဖြစ်ပွားစေတတ်သော အဆိပ်ပိုးမွှားများအားလုံးနှင့် အခြေအနေ အရပ်ရပ်တို့ကို ကမ္ဘာမြေပြင်မှ လုံးဝကင်းရှင်းပျောက်ကွယ်သွားအောင် တိုက်ခိုက်ပြုလုပ်ရမည်ဟု ယုံကြည်ပေသည်။ ယင်းသို့ ရောဂါဘယ ဖြစ်ပွားစေတတ်သော အခြေခံ အကြောင်းရင်းများနှင့် အခြေအနေအကြောင်းရင်းများကို ပျောက်ကွယ်သွားအောင်၊ ရှင်းလင်းသွားအောင် မပြုလုပ်ဘဲနှင့် ထိုအခြေခံများနှင့် အခြေအနေများကြောင့် ပေါ်ပေါက်လာရသော ရောဂါဘယများကို တိုက်ခိုက်နေရုံမျှနှင့် လုံလောက်လိမ့်မည် မထင်ချေ။ ဆေးသိပ္ပံ အတတ်ပညာရှင်ကြီးများနှင့် ပါရဂူကြီးများသည် ယင်းသို့ ရောဂါဘယ ဖြစ်ပွားပေါ်ပေါက်စေသော အခြေခံနှင့် အခြေအနေများကို ရှင်းလင်းသွားအောင် ဖယ်ရှားရန် ကြိုးပမ်းခြင်း မပြုကြသေးသည်မှာ အဘယ့်အတွက် ဖြစ်သနည်း။ သူတို့သည် မသိကြ၍၊ နားမလည်ကြ၍ကား မဟုတ်နိုင်ရာချေ။ ယင်းသို့ သိရှိနားလည်ထားလျက်နှင့် ထိုအမှုကို ထမ်းဆောင်ရန် ဘာတစ်ခုမျှ မပြုလုပ်၊ မပြင်ဆင်ကြသေးခြင်း၌ အကြောင်း ဘယ်သို့ ရှိမည်နည်း။ ယင်းပညာရှင်ကြီးများနှင့် ပါရဂူကြီးများသည် ရောဂါဘယ ဖြစ်ပွားပေါ်ပေါက်စေသော အခြေခံနှင့် အခြေအနေများကို တမင်သက်သက် ထားရှိခြင်းပင် ဖြစ်လေမည်လော၊ ဒေါက်တာလွမ်းဝေသည် ထိုကဲ့သို့ပင် စဉ်းစားမိလေသည်။

ထိုကဲ့သို့ ဆိုးဆိုးရွားရွား စဉ်းစားခြင်း ပြုမိသော ဆရာဝန်ကြီးဦးလွမ်းဝေကို အတွေးခေါင်လှချည်လား ဟူလည်း အပြစ်မတင်သာချေ။ အဘယ်ကြောင့်ဆိုသော် ယင်းဆေးသိပ္ပံ ပညာရှင်ကြီးများ၊ ပါရဂူကြီးများနှင့်တကွ အခြားအခြားသော အထွေထွေသိပ္ပံပညာရှင်ကြီးများနှင့် ပါရဂူကြီးများသည် လူသတ္တဝါများ



PDF_ Yaybawal

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



ကို အစုလိုက်၊ အပြုံလိုက် သန်းနှင့်ချီ၍ သတ်ဖြတ်ခြင်း ပြုနိုင်သော အဆိပ်ပိုးမွှား လက်နက်များ၊ ရောဂါဘယလက်နက်များ၊ ဓာတုဗေဒလက်နက်များနှင့် အဏုမြူလက်နက်များကို စစ်ပြုလိုသော ၎င်းတို့နှင့် သက်ဆိုင်ရာ စစ်ရူးများ အား ဝိုင်းဝန်း လုပ်ကိုင်ပေးလျက် ရှိနေကြသည်ပင် မဟုတ်သလော။

ဒေါက်တာလွမ်းဝေသည် ဆေးသိပ္ပံ အတတ်နှင့်တကွ ပညာရှင်ကြီး များ၊ ပါရဂူကြီးများကို များစွာ ကျော်ချမ်းလေသည်။ တကယ်ဆိုတော့ကော သူသည်လည်း ဆေးသိပ္ပံ အတတ်ပညာရှင်တစ်ဦးပင် မဟုတ်သလော။ ဟုတ်တော့ ဟုတ်ပါ၏။ သို့ရာတွင် အသက်ရှင်လျက်နှင့် သေဆုံးနေရသော ဆေးသမားတစ်ဦးမျှသာ ဖြစ်လေသည်တကား. . . ။

(၃)

ကြီးကြီးစု၏ တိုက်ဖွိုက်ရောဂါသည် မည်ကဲ့သို့မျှ ကုစားခြင်းပြု၍ ရနိုင်တော့မည် မဟုတ်သည့်အကြောင်းကို ဆရာဝန် ဦးလွမ်းဝေသည် ဒေါက်တာဆင်းထက် ကြိုတင်၍ ရိပ်မိသိရှိထားလေသည်။ ထိုအမယ်ကြီးသည် အမှည့်လွန်နေသော သစ်သီးနှင့် တူလေသည်။ သဘာဝ၏ ဖိစီးမှုကိုပင် ပြန်လည် ခုခံနိုင်သော အင်အားနှင့် စွမ်းပကားမျှပင် ရှိတော့သည်လည်း မဟုတ်ချေ။ လေညင်းကလေးလောက် ခပ်ရမ်းရမ်းကလေး တိုက်ခတ်ခြင်း ပြုလျှင်ပင် ကြွေတော့ မည့် သစ်သီးကဲ့သို့ ဖြစ်နေသော ထိုအမယ်ကြီးအား အလွန်တရာ မြန်ဆန်လှ သော တိုက်ဖွိုက်ကဲ့သို့ အပြင်းဖျားရောဂါက တိုက်ခိုက်လိုက်သောအခါတွင် အဘယ်ဆိုဖွယ်ရာ ရှိနိုင်တော့အံ့နည်း။

ပထမ တနင်္ဂနွေ တစ်ပတ်အတွင်း ထိုအမယ်ကြီး၏ အခြေအနေသည် သိသိသာသာကြီး ဆိုးရွားလာလေသည်။ ခံနိုင်ရည်အားသည်လည်း ထင်ထင် ရှားရှားကြီးပင် ဆုတ်ယုတ်၍ သွားလေသည်။

မနက်တစ်ကြိမ် ခြေကြွခ ၁၆ ကျပ်နှင့် ညနေတစ်ကြိမ် ခြေကြွခ ၁၆ ကျပ်၊ စုစုပေါင်း ၃၂ ကျပ်အပြင် ဆေးဖိုးနှင့် ကုသခများကို မှန်မှန်ကြီး ရရှိနေသော အိန္ဒိယဆရာဝန်ကြီးကတော့မူ မှန်မှန်ကြီး လာရောက် ကြည့်ရှုကာ ဆေးထိုးပေးခြင်း၊ ဆေးတိုက်ခြင်းအမှုများကို ပြုလုပ်မြဲ ပြုလုပ်နေပေသည်။



PDF_ Yaybawal

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



ကျသင့်သော အဖိုးအခများကို တစ်နေ့တစ်ကြိမ် မှန်မှန်ကြီး ဘီ(လ်) ပြုလုပ်လျက် ရှိလေသည်။

ဒုတိယပတ်ကုန်ဆုံး၍ လူမမာ၏ အခြေအနေသည် မည်ကဲ့သို့မျှ မျှော်လင့်စရာ မရှိတော့သောအခါတွင် ဆရာဝန်ကြီး ဦးလွမ်းဝေသည် တစ်နေ့ နှစ်ခေါက်လာ၍ ခြေကြွခများနှင့် ဆေးဖိုးဝါးခများကို မတရားသဖြင့် ဘီ(လ်) ပြုလုပ်နေသော ဒေါက်တာဆင်းအပေါ်၌ သည်းညည်းမခံနိုင်တော့လောက်အောင် ဖြစ်လာပုံရလေသည်။

ကြီးကြီးစု မဆုံးမီ ၂၄ နာရီလောက်အထိ ဘီ(လ်) ပြုလုပ်နေသော ဒေါက်တာဆင်းအား ဦးလွမ်းဝေက မနက်ဖြန်မှအစပြု၍ လာဖို့မလိုတော့ကြောင်း ပြောဆိုခြင်း ပြုလိုက်လေသည်။ ဒေါက်တာလွမ်းဝေ၏ စကားကို ဒေါက်တာဆင်းသည် ကောင်းစွာ သဘောပေါက် နားလည်ပုံ မရလှချေ။

"မနက်ဖြန်ကာ ဘာပြုလို့ မလာရမှာလဲဟင်"

ဟူ၍ပင် ပြန်၍ မေးနေလိုက်ပြန်သေးသည်။

"ဆရာ့လူနာရဲ့ အခြေအနေကိုမှ ဆရာ မရိပ်မိသေးဘူးလား ခင်ဗျာ"

ဦးလွမ်းဝေသည် အိန္ဒိယအမျိုးသား ဆရာဝန်ကို မကြည့်ဘဲ တစ်ဘက်သို့ မျက်နှာလွှဲ၍ ပြောဆိုလေသည်။

"လူနာအခြေအနေ ဘာဖြစ်လို့လဲ"

ထိုကဲ့သို့ မြန်မာနိုင်ငံသို့ ပိုက်ဆံရှာရန်လာသော ဆရာဝန်ကြီးက မေးမြန်းလာသောအခါ ဦးလွမ်းဝေသည် စိတ်မရှည်နိုင်တော့ချေ။

"ခင်ဗျားကုနေတဲ့ လူမမာကိုမှ ခင်ဗျား မသိဘူးလား၊ ခင်ဗျား. . . ဒါမှမဟုတ် ခင်ဗျား မသိချင်ယောင်ဆောင်နေတာများလား"

ဒေါက်တာဆင်းသည် မျက်လုံးပြူးသွားလေသည်။ သို့ရာတွင် သူသည် ငြိမ်၍ကား မနေချေ။

"ကျုပ်ဟာ အမ်၊ ဘီ၊ ဘီ၊ အက်(စ်) ဘွဲ့ရလာတဲ့ ဆရာဝန်ကြီး တစ်ဦးပါ၊ လူနာအကြောင်းကို ခင်ဗျားထက် ပိုပြီး နားလည်ပါလိမ့်မယ်"

"ဪ. . . ဪ. . . ဪ ဒါထက် ဆရာဘယ်နှခုနှစ်လောက်က အမ်၊ ဘီ၊ ဘီ၊ အက်(စ်) အောင်ပါသလဲခင်ဗျာ"

"နိုင်တင်းဖော်တီးအိပ်(တ်)"



PDF_ Yaybawal

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



"ဆရာက ကွန်တော့်ထက် ၂ နှစ်လောက် နောက်ကျပါသေးတယ် ခင်ဗျာ"

"အိုး. . . ခင်ဗျားလည်း အမ်၊ ဘီ၊ ဘီ၊ အက်(စ်) အောင်သလား"

"လူနာပေါင်း ၁၀,၀၀၀ ကျော်ကျော်၊ ၁၅,၀၀၀ လောက် ဆေးကုခဲ့ဖူးပါတယ် ဆရာ"

"ဒါဖြင့် ခင်ဗျားလူနာကို ခင်ဗျားဘာပြုလို့ ဆေးမကုဘဲ ပိုက်ဆံအလကား အကုန်ခံပြီး ကျုပ်ကို ဆေးအကုခိုင်းသလဲ"

ဒေါက်တာဆင်းက နားမလည်နိုင်သောအမူအရာဖြင့် မေးလိုက်သည်။

"ဒါကတော့ ကျုပ်ရဲ့ ကိုယ်ရေးကိုယ်တာကိစ္စပါ ဒေါက်တာဆင်း၊ ခင်ဗျားနဲ့ မဆိုင်ပါဘူး"

ဒေါက်တာလွမ်းဝေသည် ထိုကဲ့သို့ ပြောဆိုခြင်းပြုရသည့်အတွက် စိတ်မကောင်းခြင်း ဖြစ်ရသကဲ့သို့ ဒေါက်တာဆင်းကို ကျောခိုင်း၍ ထွက်လာခဲ့သည်။

မြန်မာနိုင်ငံ၌ ၎င်း၏ ဆေးသိပ္ပံအတတ်ဖြင့် စီးပွားလာရှာရပါသည်ဆိုသော အိန္ဒိယဆရာဝန်ကြီးသည် မျက်စိပျက်၊ မျက်နှာပျက်နှင့် စံပယ်မြိုင်ခြံကြီးအတွင်းမှ ပြန်ထွက်သွားလေသည်။

* * *



PDF_ Yaybawal

# အာဃာတဓိဆန်သော ဆရာဝန်

(၁)

တိုက်ဖွိုက်ရောဂါဖြင့် ကွယ်လွန်သွားသော ကြီးတော်လုပ်သူအား သင်္ဂြိုဟ်ပြီးစီးပြီးနောက် ၎င်း၏ အနာဂတ်အရေးနှင့် ပတ်သက်၍ ဆရာကြီး ဦးလွမ်းဝေသည် လေးလေးနက်နက်နှင့် ရှည်ရှည်ဝေးဝေး တွေးတောစဉ်းစားခြင်းများ ပြုလာရလေသည်။

၎င်းမသေမီကလေးအတွင်း ရှိသမျှသော ၎င်းပိုင်ဆိုင်သည့် ပစ္စည်းအရပ်ရပ်တို့ကို ၎င်း၏ ဝတ်လုံမှတစ်ဆင့် တူလုပ်သူ ဆရာဝန်ကြီး ဦးလွမ်းဝေအား အမွေစားအမွေခံ အဖြစ်ဖြင့် အပြီးအပိုင် လွှဲအပ်ပေးခဲ့သည်။ ထိုအမယ်ကြီး နေထိုင်သော စံပယ်မြိုင်ခြံနှင့် တိုက်ကြီးသည် ကာလတန်ဖိုးနှင့်ဆိုလျှင် အနည်းဆုံး ငါးသောင်းသာသာခန့် တန်ပေသည်။ အမယ်ကြီး၏ စိန်ရွှေရတနာနှင့် လက်ဝတ်လက်စားများသည် နှစ်သောင်းဖိုးခန့် ရှိပေသည်။ ၎င်းအပြင် မော်တော်ကားတစ်စီးနှင့် ဘဏ်တိုက်တစ်ခုတွင် စာရင်းရှင်ဖွင့်၍ အပ်ထားသော ငွေငါးသောင်းခန့်လည်း ရှိပေသေးသည်။ ထိုအမယ်ကြီးက တူလုပ်သူအား အမွေပေးခဲ့သော ပစ္စည်းအရပ်ရပ်၏ တန်ဖိုးသည် တစ်သိန်းခွဲသာသာခန့်ပင် ရှိပေသည်။

ထိုမျှ အဖိုးတန်၍ များပြားလှသော အခြေနှင့် ဥစ္စာပစ္စည်းများကို ၎င်းတစ်ဦးတည်းပိုင် အနေနှင့် ရရှိလိမ့်မည် ဟူ၍ ဆရာဝန်ကြီး ဦးလွမ်းဝေသည် ဘယ်တုန်းကမှ မျှော်လင့်ခြင်း မရှိခဲ့ဖူးချေ။ ၎င်းအား ဆေးသိပ္ပံ အတတ်

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



ပညာကို ဆုံးခန်းသို့တိုင်အောင် သင်ကြားပေးခဲ့သော ကြီးတော်လုပ်သူ၌ ဥစ္စာပစ္စည်း ချမ်းသာကြွယ်ဝသည့် အကြောင်းကို ဦးလွမ်းဝေသည် သိတန်သလောက်တော့ သိထားပေသည်။ သို့ရာတွင် သိန်းနှင့်ချီ၍ ချမ်းသာကြွယ်ဝခြင်း ရှိလိမ့်မည်ဟုကား အနည်းငယ်မျှ မမြင်ခဲ့ချေ။

မိမိ၏ အတတ်ပညာဖြင့် နိုင်ငံတော်နှင့် ပြည်သူတို့၏တာဝန်ကို စေတနာအလျောက် ထမ်းဆောင်ခြင်းပြုနေခဲ့ရာမှ ထိုအခွင့်အရေးများကို လက်လွှတ် ဆုံးရှုံးလိုက်ရပြီးနောက် ဒေါက်တာလွမ်းဝေသည် ထိုမျှများပြားသော ဥစ္စာပစ္စည်းနှင့် ငွေကြေးတို့ကို အမွေဆက်ခံရခြင်းပင် ဖြစ်လေသည်။ တကယ်ဆိုတော့ ဆရာဝန်ကြီး ဦးလွမ်းဝေသည် သူ၏အတတ်ပညာဖြင့် ဥစ္စာပစ္စည်းရှာဖွေနေသူတစ်ဦးတော့ကား မဟုတ်ခဲ့ချေ။ ထို့ကြောင့် သူ့တွင် သူပိုင်ဆိုင်သော ပစ္စည်းဆို၍ ဆေးသေတ္တာကြီးတစ်လုံး၊ ဆေးကုပစ္စည်းသေတ္တာကလေး တစ်လုံးနှင့် အခြား သူ၏ ကိုယ်ရေးကိုယ်တာ ပစ္စည်းကလေးများလောက်သာ ရှိတတ်သူ ဖြစ်လေသည်။ ထိုမျှလောက်သော ပစ္စည်းများ ရှိနေလျှင်ပင် သူသည် သူ၏ဘဝကို ကျေနပ်ရောင့်ရဲနေခဲ့သူ တစ်ယောက် ဖြစ်လေသည်။ သို့ရာတွင် ယခုအခါ၌ ဆရာဝန်ကြီး ဦးလွမ်းဝေသည် အမွေရရှိလိုက်သော ဝင်းခြံနှင့်တိုက်၊ မော်တော်ကား၊ ဘဏ်ငွေစာရင်းများနှင့် ကြေးရတတ်တစ်ယောက် ဖြစ်လာလေပြီ။

သူ့ကို ဆေးသိပ္ပံ အတတ်ပညာ သင်ကြားပေးခဲ့သော ကြီးတော်လုပ်သူအား သူကိုယ်တိုင် ဆေးဝါး ကုသခြင်း မပြုလိုက်ရသောကြောင့် ဒေါက်တာလွမ်းဝေသည် ၎င်း၏ ပတ်ဝန်းကျင်နှင့် ရန်ဖြစ်ချင်နေသော လူတစ်ယောက်တော့ ဖြစ်နေပေသည်။ သို့ရာတွင်သူသည် ကာလတန်ဖိုးနှင့် တစ်သိန်းခွဲခန့်တန်သော ဥစ္စာပစ္စည်းများကို အမွေရရှိလိုက်သူတစ်ယောက်လည်း ဖြစ်လေသည်။ မိမိ၏ အတတ်ပညာကို နိုင်ငံတော်နှင့် ပြည်သူတို့၏ အကျိုးစီးပွားအတွက် အသုံးပြုနိုင်ခွင့် မရှိဘဲ သူသည် တိုက်နှင့်နေကာ မော်တော်ကား စီး၍ စိတ်ချမ်းသာ ပျော်ရွှင်နိုင်ပါမည်လော. . . ဤလောက၌ လူတစ်ယောက်သည် အဘယ်သို့သော စည်းစိမ်ဥစ္စာကို ရရှိနိုင်စေကာမူ မိမိနှစ်သက်ခုံမင်သော အလုပ်တစ်ခုကို လုပ်ကိုင်နိုင်ခွင့် မရရှိခဲ့လျှင် ထိုသူတစ်ယောက်သည် မည်ကဲ့သို့ စိတ်အေးချမ်း ပျော်ရွှင်နိုင်ပါ့မည်နည်း။

**နေရီရီ**

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



တိုက်ဖွိုက်ရောဂါဖြင့် ကွယ်လွန်သွားရှာသော ကြီးတော်လုပ်သူအား သင်္ဂြိုဟ်ပြီးစီးပြီးနောက် ၎င်း၏ အနာဂတ်အရေးနှင့် ပတ်သက်၍ ဆရာဝန်ကြီး ဦးလွမ်းဝေသည် လေးလေးနက်နက်နှင့် ရှည်ရှည်ဝေးဝေး တွေးတောစဉ်းစားခြင်း များ ပြုလာရလေသည်။ ကြီးတော်လုပ်သူက အမွေပေးထားခဲ့သဖြင့် သူသည် အေးအေးချမ်းချမ်း နေနိုင်စားနိုင်သော လူတစ်ယောက်တော့ကား ဖြစ်လေ သည်။ သို့ရာတွင် ဦးလွမ်းဝေသည် အေးအေးချမ်းချမ်း စားသောက်နေလိုသူ တစ်ဦး သက်သက်မျှသာ မဟုတ်ချေ။ သူ၏နားထဲတွင် မြောက်မြားလှစွာသော လူနာများ၏ ညည်းတွားသံတို့ကို ကြားယောင်နေသော ဆရာဝန်ကြီး တစ်ဦး ဖြစ်လေသည်။ ထိုသို့ ကြားနေရသော လူနာများကို သက်သာပျောက်ကင်းအောင် ဘာတစ်ခုမျှ မလုပ်ပေး မကိုင်ပေးဘဲနှင့် သူသည် အဘယ်သို့ တိုက်နှင့် နေကာ မော်တော်ကား စီးနိုင်ပါ့မည်နည်း။ စိတ်အေးချမ်းသာ နေနိုင်ပါ့မည်နည်း။

(၂)

ကြီးကြီးစု သေဆုံးပြီးနောက် တနင်္ဂနွေ သုံးပတ်ခန့် အကြာတွင် ဒေါက်တာ လွမ်းဝေသည် မြန်မာနိုင် ဆေးအာဏာပိုင်များနှင့် သွားရောက် တွေ့ဆုံခြင်းပြုရန် ကြိုးစားပြန်လေသည်။ ဆေးကောင်စီအဖွဲ့တွင် လူကြီးများကို သူသည် တစ်ယောက် ပြီး တစ်ယောက် တွေ့ဆုံကာ သူ၏ ကိစ္စကို ရှင်းလင်း ပြောပြခြင်းပြုလေသည်။ လူကြီးများသည် ၎င်းတို့၏ ဝတ္တရားရှိသည့်အတိုင်း ဒေါက်တာလွမ်းဝေ၏ ရှင်းလင်းပြောကြားချက်ကို စိတ်ရှည် နားထောင်ခြင်း ပြုကြပေသည်။ သို့ရာတွင် အင်းမလုပ်။ အဲမလုပ်ကြချေ။ လူကြီးများ၌လည်း သူတို့ အခက်အခဲနှင့် သူတို့ ရှိကြပေလိမ့်မည်။ တွေ့သင့်တွေ့ထိုက်သော လူကြီးများအားလုံးတို့ကို လိုက်လံ တွေ့ဆုံကာ ရှင်းလင်းပြောကြားပြီးနောက် အကြောင်းမည်ကဲ့သို့မျှ မထူးခြား သည့်အတွက် ဒေါက်တာလွမ်းဝေသည် ဦးခေါင်း လေးလေးလံလံနှင့် ပြန်လာခဲ့ ရပေသည်။ဆေးအာဏာပိုင် လူကြီးများထံမှ ပြန်လာခဲ့ပြီးနောက် ဒေါက်တာ လွမ်းဝေသည် သုံးရက်ခန့်မျှ အချိန်ယူကာ ခေါင်းအေးအေးထား၍ စဉ်းစားခြင်း ပြုပြန်လေသည်။ ဆေးကောင်စီလူကြီးများအားလုံးသည် ၎င်းအပေါ်၌ များစွာ သက်ညှာလိုကြသော သဘောရှိပေသည်။ ကိုယ်ချင်းလည်း စာလိုဟန် ရှိပေ သည်။ သို့ရာတွင် လူကြီးများသည် ၎င်း၏အမှုနှင့် ပတ်သက်၍ ဘာမျှ တတ်



PDF_ Yaybawal

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



နိုင်ကြဟန် မရှိချေ။ သို့ဖြင့်လျှင် သူသည် ဘာလုပ်ရမည်နည်း။

သူသည် ၃ရက်ခန့်မျှ အချိန်ယူ စဉ်းစားပြီးနောက် ပြည်ထဲရေးဌာနမှ ကျောင်းနေဘက် အတွင်းဝန်ထံသို့ သွားရောက်တွေ့ဆုံရန် ကျိုးစားပြန်လေသည်။ အတွင်းဝန်မင်းသည် တော်တော် အလုပ်များနေပုံရလေသည်။ သူသည် နှစ်နာရီသာသာခန့်မျှ စောင့်ဆိုင်းရလေသည်။

"အကြောင်းဘယ်လိုများ ထူးလာပြန်လို့လဲ. . . ဆိုစမ်းပါဦး" အတွင်းဝန်မင်းက ရင်းရင်းနှီးနှီးပင် နှုတ်ဆက်မေးမြန်းလေသည်။

"အကြောင်းထူးလို့တော့ မဟုတ်ပါဘူးဗျာ. . . ထူးများ ထူးမလားလို့ လာတွေ့တာပါ. . . "

သူကတော့ ရယ်သလို မောသလိုနှင့် ပြောဆိုလိုက်ပေသည်။ အတွင်းဝန်မင်းသည် အနည်းငယ် မျက်မှောင်ကုတ်သွားလေသည်။ မျက်မှောင်ကုတ်ရင်း သူသည် အတန်ကြာမျှ စဉ်းစားနေပုံရသည်။

ဦးလွမ်းဝေသည် အတွင်းဝန်မင်းက ပြန်လည် ပြောကြားခြင်း ပြုမည့် စကားကို စောင့်မျှော် နားဆင်လျက် ရှိလေသည်။ ထိုသို့ နားဆင်ရင်း အတွင်းဝန်မင်း၏ နောက်ကြောဘက် ထရံတွင် ချိတ်ဆွဲထားသော နိုင်ငံတော် သမ္မတကြီးနှင့် ဝန်ကြီးချုပ်တို့၏ ဓာတ်ပုံများကို လှမ်း၍ကြည့်နေမိသည်။

"ခင်ဗျားကိစ္စက လွယ်တော့ မလွယ်လှဘူး ကိုလွမ်းဝေ. . . " အတွင်းဝန်မင်းက ထိုကဲ့သို့ ပြောဆိုလိုက်သောအခါ ဒေါက်တာလွမ်းဝေသည် အားလျော့၍ သွားလေသည်။ သို့ရာတွင် သူသည် ဘာမျှတော့ ပြောဆိုခြင်း မပြုချေ။

"ထောက်လှမ်းရေးဘက်က ရဲမင်းကြီးကိုတောင် ခင်ဗျားကိစ္စနဲ့ ပတ်သက်ပြီး ကျွန်တော် မေးမြန်းကြည့်ပါသေးတယ်"

"အော်. . . အော်. . . အော်"

"ရဲမင်းကြီးကတော့ သူ့ဝတ္တရားအတိုင်း ခင်ဗျားကိစ္စနဲ့ ပတ်သက်တဲ့ အမှုတွဲကို လာပြတယ်. . . ဒီကိစ္စဟာ ဝန်ကြီး ပြီးမှ ပြီးနိုင်တဲ့ ကိစ္စလို့ ပြောတယ်"

"အော်. . . ဒီလိုကိုး"

သူသည် ထိုကဲ့သို့သာ အာမေဋိတ် ပြုပြီးနောက် ထိုင်ရာမှ လေးလံစွာ ထလိုက်လေသည်။



PDF_ Yaybawal

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



"ခင်ဗျား ပြန်တော့ မလို့လား ကိုလွမ်းဝေ. . . ကော်ဖီ မှာထားတာ သောက်သွားပါဦးဗျ. . . "

အတွင်းဝန်မင်းက ကော်ဖီသောက်သွားရန် တားဆီးဖို့ အားထုတ်လေသည်။

ဒေါက်တာလွမ်းဝေသည် ဦးခေါင်းကိုသာ ခါရမ်း၍ ပြလိုက်သည်။

"ဝန်ကြီးနဲ့ ခင်ဗျား တွေ့ကြည့်စမ်းပါဦးလားဗျ. . . "

အတွင်းဝန်မင်းက ပြည်ထဲရေးဝန်ကြီးနှင့် အကြံသစ်ပေးလာပြန်သည်။

"ကျုပ်ကိစ္စကို ကျုပ်ဘာသာ လုပ်မှတော့မယ့်အတူတူ ခင်ဗျားတို့ ဝန်ကြီးကိုလည်း အချိန်ကုန်ခံပြီး တွေ့မနေတော့ပါဘူးဗျာ"

သူသည် ထိုကဲ့သို့ ပြောဆိုပြီးနောက် အတွင်းဝန်များရုံးအတွင်းမှ ပြန်ထွက်လာခဲ့သည်။

သူသည် စံပယ်မြို့သို့ ပြန်လာခဲ့ပြီးနောက် သူ၏ အနာဂတ်အရေးနှင့် ပတ်သက်၍ လည်းကောင်း၊ သူ၏ ဘဝကြီးတစ်ခုလုံးနှင့် ပတ်သက်သော အရေးကိုလည်းကောင်း လေးလေးနက်နက် စဉ်းစားခြင်းပြုရလေသည်။ သူသည် သည်အတိုင်း ၎င်း၏ အချိန်တို့ကို အဓိပ္ပာယ်မရှိ ကုန်လွန်ခံရမည်လော။ သို့တည်းမဟုတ် တန်ဖိုးရှိရှိနှင့် ဆက်လက်အသုံးချမည်လော။ ဒေါက်တာလွမ်းဝေသည် ပြတ်ပြတ်သားသား ဆုံးဖြတ်၍ ယင်းဆုံးဖြတ်ချက်ကို ရဲရဲတင်းတင်း ပြုလုပ်ဖို့ အခိန်တန်၍ လာလေပြီ။

**ဒေါက်တာလွမ်းဝေ**
**တိုင်ပင်ကြေးနှင့် ခြွေကြွေခများ မရှိ၊**
**အချိန်မရွေး တွေ့နိုင် ခေါ်နိုင်ပါသည်၊**

## (၃)

လူတို့သည် မိမိတို့၏ ဆုံးရှုံးနေသော အခွင့်အရေးကို ဖြစ်စေ၊ ပိတ်ပင်ရပ်ဆိုင်းထားခြင်းခံနေရသော အခွင့်အရေးများကို ဖြစ်စေ ငြိမ်သက်စွာ



PDF_ Yaybawal

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



စောင့်ဆိုင်းနေခြင်းဖြင့် ကပ်ကမ္ဘာကုန်ဆုံးသော နေ့ရက်၌မျှပင် ပြန်လည်ရရှိလိမ့်မည်မဟုတ်ချေ။ မိမိတို့၏ အခွင့်အရေးကို မိမိတို့ဘာသာ တိုက်ပွဲဝင်တောင်းဆိုခြင်းပြုမှသာလျှင် ရနိုင်ပေလိမ့်မည် မဟုတ်သလော။ ယင်းသို့ တိုက်ပွဲဝင် တောင်းဆိုခြင်း ပြုနိုင်ရန်အတွက် လူတို့သည် မှန်ကန်ရဲရင့်ဖို့ လိုသည်။

လေးလေးနက်နက်နှင့် အချိန်ယူ စဉ်းစားခြင်းပြုလုပ်လာခဲ့ပြီးနောက် ၎င်း၏ ကြီးတော် သေဆုံး၍ တစ်လပြည့်သောနေ့က ဆရာဝန်ကြီး ဦးလွမ်းဝေသည် လပေါင်းများစွာ ချောင်ထိုး၍ ထားခဲ့ရသော ၎င်း၏ ကြေးဝါဆိုင်းဘုတ်ကလေးကို စံပယ်မြိုင်ခြံကြီး၏ အိမ်ရှေ့ ဝင်းတံခါးတိုင်တွင် မနော်အား အချိပ်ခိုင်းလိုက်လေသည်။

"မနော်ရေ့ . . တို့ ဆိုင်းဘုတ်ကလေးကို အိမ်ရှေ့ ဝင်းတံခါး ပေါက်မှာ သွားချိတ်လိုက်တော့ကွာ. . ."

ဟု ဦးလွမ်းဝေက ပြောကြားခိုင်းစေလိုက်သောအခါ ၎င်း၏ တပည့်ကလေး မနော်သည် ရုတ်တရက်သော် ခပ်ကြောင်ကြောင်အမ်းအမ်း ဖြစ်နေပုံရသည်။

တပည့်လုပ်သူ၏ ဖြစ်အင်ကို ဆရာဝန်ကြီး ဦးလွမ်းဝေသည် ကောင်းစွာ နားလည်နိုင်ပေသည်။

"တို့အလုပ်တွေ ပြန်စတော့မယ်ဟေ့ မနော်. . . အဲဒီတော့ တို့ ကြေးဝါဆိုင်းဘုတ်ကို အိမ်ရှေ့ ဝင်းတံခါးပေါက်မှာ သွားပြီး ဆွဲထားလိုက်ချေတော့ကွာ"

ဦးလွမ်းဝေသည် ၎င်း၏ သားဆိုလည်း ဟုတ်နိုင်သော မနော်၏ ဦးခေါင်းမှ ဆံပင်များကို ပွတ်သပ်ရင်း ထပ်မံပြောဆိုလိုက်လေသည်။

"ဟင်. . . ဆရာ ဆေးပြန်ကုတော့မယ်. . . ဟုတ်လား ဆရာ"

မနော်သည် နားကိုပင်လျှင် အကြားမှားလေသလားဟု ထင်နေသလား မပြောနိုင်ချေ။

"အေး. . . မနော်. . . ဒီဆိုင်းဘုတ် ဆွဲထားပြီးတဲ့နောက်ပိုင်းမှာ မင်းခါတိုင်းလို လုပ်စရာ ကိုင်စရာ ရှိတာတွေ အဆင်သင့် လုပ်ထားပေါ့ကွာ"

"တကယ်လား ဆရာ. . ."

မနော်သည် ၎င်း၏ နားကို စိတ်ချစေရန်အတွက် ပြန်၍ မေးမြန်းလိုက်ဟန် ရှိလေသည်။



PDF_ Yaybawal

ဒေါက်တာ လွမ်းဝေက ပြုံး၍ ခေါင်းကိုသာ ညိတ်ပြလိုက်သည်။

"ကျွန်တော်တို့ ရန်ကုန်မှပဲ ဆေးကုမှာလား ဆရာ. . . "

ဦးလွမ်းဝေသည် မနော်ကို သဘောကျလှသော အမူအရာဖြင့် ကြည့်ရင်း ဦးခေါင်းကိုသာ ဆက်၍ ညိတ်ပြလိုက်သည်။

"ကျွန်တော်တို့ တောကို ဘယ်တော့လောက် ပြန်သွားကြရဦးမှာလဲ ဟင်. . . ဆရာ"

မနော်သည် ၎င်းစိတ်ဝင်စား သိရှိလိုသော အကြောင်းကို ဆက်လက် မေးမြန်းနေလိုက်ပြန်သည်။

"မင်း တောကို သိပ်သွားချင်သလားဟင်. . . မနော်"

ဦးလွမ်းဝေသည် မနော်၏ ဆံပင်များကို ပွတ်သပ်ပေးရင်း မေးလိုက်သည်။

"သွားခင်တာပေါ့ ဆရာ. . . ဆရာကော သွားချင်တာပဲ မဟုတ်လား"

မနော်သည် ၎င်း၏ သဘောကို ရိုးသားစွာ ပြောကြားပြီးနောက် ဦးလွမ်းဝေ၏ သဘောထားကိုလည်း မေးမြန်းကြည့်လိုက်သည်။

"ငါလည်း မင်းလိုပါပဲ မနော်ရာ. . . မြို့က လူနာတွေအတွက် ဆရာဝန်တွေ ရှိနေကြသားပဲ မဟုတ်လား"

"ဒါဖြင့် ကျွန်တော်တို့ ဆရာဝန် မရှိတဲ့ တောက လူနာတွေဆီကို ဘယ်တော့လောက် သွားကြမလဲ ဟင် ဆရာ"

မနော်သည် ၎င်းသိရှိလိုသော အကြောင်းကို မေးမြန်းခြင်း ပြုလေသည်။ ထိုမေးခွန်းအတွက် ဆရာဝန်ကြီး ဦးလွမ်းဝေ၌ အဖြေသည် အဆင်သင့် မဖြစ်သေးချေ။ သူသည် ယခုမှ သူ၏ ပိတ်ထားခြင်းခံရသော အခွင့်အရေးများ အတွက် စတင် တိုက်ပွဲဝင်ကာစ ဖြစ်လေသည်။

"ဘယ်တော့လောက် ကျွန်တော်တို့ တောကို သွားကြမလဲ ဟင် ဆရာ. . " မနော်သည် ၎င်း၏ ဆရာထံမှ အဖြေကိုသာ တောင်းဆိုလေသည်။

ဒေါက်တာလွမ်းဝေသည် သက်ပြင်းကို ခပ်လေးလေးချရင်း . . .

" တစ်နေ့တော့ တို့သွားချင်လှတဲ့ တောအရပ်က လူနာတွေဆီကို သွားရလိမ့်မပေါ့ကွာ. . . ဒါပေမယ့် ဘယ်တော့လောက် သွားရမယ် . . . သွားနိုင်လိမ့်မယ် ဆိုတာကို ငါလည်း အခုတော့ သေသေချာချာ မပြောနိုင်သေးဘူး မနော်ရာ. . . " ဟု ခပ်ဖြေးဖြေး ခပ်လေးလေး ပြန်ပြောလေသည်။

နေရိရိ

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



"တောကို ပြန်သွားရမှာကတော့ သောချာတယ်နော်. . . ဆရာ"

မနော်သည် သေချာသည်ထက် သေချာအောင်ထပ်၍ မေးလိုက်ပြန်လေသည်။ ဆရာကြီး ဦးလွမ်းဝေသည် တပည့်လုပ်သူကို ပြုံး၍ ဦးခေါင်းကို ညိတ်ပြလိုက်ပြီးနောက် ၎င်းကို အချိန်မရွေး တွေ့နိုင် ခေါ်နိုင်ပါသည်ဟု အဆိုပြုထားသည့်အတိုင်း လူနာတစ်စုံတစ်ယောက် ရောက်ရှိလာလျှင် အဆင်သင့်ဖြစ်စေရန်အတွက် စတင်ပြင်ဆင်ခြင်း ပြုလေသည်။

မနော်သည် ၎င်း၏ အခန်းကလေးအတွင်း၌ တရိုတသေ သိမ်းဆည်းထားသော ကြေးဝါဆိုင်းဘုတ်ကလေးကို ထုတ်ယူလာသည်။ကြေးဝါဆိုင်းဘုတ်သည် ကြေးညှိများတက်ကာ မွဲညစ်ညစ် ဖြစ်နေသဖြင့် ထိုချေးများကို တိုက်ချွတ်ရန်အတွက် သူသည် ကြေးချွတ်ဆေးကို လိုက်လံ ရှာဖွေရပြန်လေသည်။

"ဟဲ့ မနော်. . . မင်း ဘာလိုက်ရှာနေတာလဲကွဲ့. . . "

ဟု အိမ်တွင် ကြီးကြီးစု လက်ထက်ကစ၍ ချက်ပြုတ်ကျွေးမွေးနေခဲ့သော ဒေါ်ခင် က မေးလိုက်တော့မှ. . .

"ဘာရာရှိများ ရှိမလားလို့ ရှာတာပါ ဒေါ်ဒေါ်. . . "

ဟု မနော်က ပြန်၍ ဖြေကြားလိုက်သည်။

"ကြေးချွတ်ဆေးလား. . . မင်း ဘာလုပ်မလို့လဲ"

မိန်းမသားတို့ သဘာဝအတိုင်း ဒေါ်ခင်သည် ၎င်းစပ်စု သိရှိလိုသော အကြောင်းကို မေးနေပြန်သည်။ မနော်သည် ၎င်း၏ လက်ဝယ်မှ ကြေးဝါဆိုင်းဘုတ်ကို ပြသရင်း. . .

"ဆရာ့ဆိုင်းဘုတ်ကို ချေးချွတ်ချင်လို့ပါ ဒေါ်ဒေါ်" ဟု ပြောဆိုလိုက်သည်။

ဒေါ်ခင်သည် အိမ့်နောက်ဖေး မီးဖိုချောင်ဘက်သို့ ကတိုက်ကရိုက်ပြန်ဝင်သွားပြီးနောက် ခဏမျှကြာလျှင် ကြေးချွတ်ဆေးဘူးကလေးကို ယူ၍ ပြန်ထွက်လာသည်။ ထို့နောက် ကြေးချွတ်ဆေးနှင့် မနော် တိုက်ချွတ်နေသောဆိုင်းဘုတ်ကို ဘေးမှ ရပ်ကြည့်နေရင်းက. . . '

"ဒါထက် မင်း ဆရာက ဒေါက်တာလားကွဲ့ မနော်. . . "

ဟုစပ်စုနေလိုက်ပြန်လေသည်။ မနော်သည် ဒေါ်ခင်ကို အလန့်တကြား လှမ်းမော့ကြည့်လေသည်။ ထိုမိန်းမကြီးသည် တကယ်ပင် မသိ၍ မေးနေခြင်းပင် ဖြစ်သလော။



PDF_ Yaybawal

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



"ကျွန်တော့်ဆရာဟာ ဆရာဝန်ကြီးတစ်ယောက်ဆိုတာကို အဒေါ် တကယ်မသိဘူးလားဟင်. . . "

သူသည် ဒေါ်ခင်အား နားမလည်နိုင်သော အမူအရာဖြင့် ပြန်၍ မေးလိုက်မိသည်။

"မင်း ဦးလေးခန့်ကတော့ မင်းတို့ ဆရာတပည့် ရောက်လာခါစတုန်းက ဆရာဝန်နဲ့တူတယ်လို့ အပြောသား. . . ငါက ဆေးကုတာ မမြင်လို့ ဟုတ်မှ ဟုတ်ပါ့မလားလို့ အောက်မေ့နေလို့ပါ. . . "

မနော်သည် ကြေးဝါဆိုင်းဘုတ်ကို ပြောင်လက် စင်ကြယ်နေအောင် တိုက်ချွတ်သန့်ရှင်းပြီးနောက် အိမ်ရှေ့ဘက် ထွက်လာခဲ့သည်။ ထိုကြေးဝါဆိုင်းဘုတ်ကလေးကို အချိန်ကြာမြင့်စွာ ချောင်ထိုး၍ ထားခဲ့ရရာမှ ပြန်လည်ချိတ်ဆွဲခြင်းပြုရသည့်အတွက် မနော်သည် ပျော်ရွှင်လျက် ရှိပေသည်။ အိမ်ဝင်းတံခါးဝတွင် ၎င်းဆရာ၏ ကြေးဝါဆိုင်းဘုတ်ကလေးကို ချိပ်ဆွဲလျက်ရှိစဉ် မနော်သည် သီချင်းကလေးတစ်ပုဒ်ကိုပင် ခပ်တိုးတိုး ညည်းနေသည်။ ယင်းသို့ ဆရာဝန်ကြီး ဦးလွမ်းဝေ၏ တပည့်ကလေး မနော်သည် တဖိတ်ဖိတ် တောက်နေသော ကြေးဝါဆိုင်းဘုတ်ကို အိမ်ဝင်းတံခါးဝတွင် သီချင်းတအေးအေးနှင့် စိတ်ရှည် လက်ရှည် တပ်ဆင်ချိတ်ဆွဲနေခိုက် ရန်ကုန်မြို့ထဲမှ ပြန်လာဟန်ရှိသော ဇိမ်ခံ ကားသစ်ကြီးတစ်စီးသည် စံပယ်မြိုင်ခြံကြီးရှေ့မှ ခပ်ဖြေးဖြေး ခပ်မှန်မှန် မောင်း၍ သွားလေသည်။

မော်တော်ကားသည် နိုင်ငံခြားငွေ မြောက်မြားစွာပေး၍ တင်သွင်းဝယ်ယူလာရဟန် ရှိသော ဇက်ဖာ အမျိုးအစား ဖြစ်သည်။ ကားကို ဝယ်ယူခြင်းပြုသည်မှာလည်း များစွာ ကြသေးဟန် မတူ၊ အသစ်စက်စက် ဖြစ်သည်။

မော်တော်ကား မောင်းနှင်သူနှင့် စီးနင်းလိုက်ပါလာသူမှာ တစ်ဦးတည်းသာ ဖြစ်သည်။ ထိုသို့ စီးနင်း၍ ကိုယ်တိုင်မောင်းနှင်သူမှာ အသက်အစိတ်သာသာခန့်အရွယ်၊ ချောမောလှပသော အမျိုးသမီးတစ်ဦးလည်း ဖြစ်လေသည်။ ဇက်ဖာကားသစ်ကြီးကို ခပ်ဖြေးဖြေး ခပ်မှန်မှန် ကိုယ်တိုင်မောင်းလာသော အမျိုးသမီးသည် ၎င်း၏လမ်းအတိုင်း ရှေ့သို့ ကြည့်ကာ ဖြောင့်ဖြောင့် တန်းတန်း မောင်းမသွားလိုက်သေးဘဲ၊ စံပယ်မြိုင်ခြံကြီး၏ ဝင်းတံခါးဝတွင် ချိပ်ဆွဲလျက်ရှိသော ကြေးဝါဆိုင်းဘုတ်ကလေးကို ဂရုတစိုက်နှင့် စေ့စေ့ စပ်စပ် ကြည့်ရှု၍ သွားလေသည်။

* * *

**နေရီရီ**

PDF_ Yaybawal

# ယော်ရွယ်ချောမောသော လူနာရှင်

(၁)

စံပယ်မြိုင်တွင် ကြေးဝါဆိုင်းဘုတ် စ၍တင်သောနေ့က တစ်နေ့လုံးလိုလို မနော်သည် လူနာများကို မျှော်လေသည်။ သူသည် အလုပ်လုပ်ကိုင်ချင်သော လူငယ်တစ်ဦးပီပီ အိမ်ထဲ၌ပင် ဣန္ဒြေရရကလေး မနေနိုင်ချေ။ အိမ်ရှေ့သို့ ထွက်ကာ ခြံရှေ့မှ ဖြတ်၍ ဖြတ်၍သွားသော လူများကို လှမ်း၍ ကြည့်ရှုနေတတ်လေသည်။

ကံဘဲ့သည် ရန်ကုန်မြို့၏ ဆင်ခြေဖုံးရပ်ကွက်ဖြစ်၍ လူသူအသွားအလာ ပါးလေသည်။ သွားစရာ လာစရာရှိ၍ သွားကြလာကြသူများသည်လည်း များသောအားဖြင့် ကိုယ်ပိုင်မော်တော်ကားကလေးများနှင့် ခရီးသွားနိုင်လာနိုင်ကြသူများသာ များလေသည်။ ယင်းသို့ မိမိတို့၏ ကိုယ်ပိုင်ကားကလေးများနှင့် သွားကြလာကြသူများသည် စံပယ်မြိုင် အိမ်ဝင်းတံခါးဝတွင် စတင်ချိတ်ဆွဲကာစ ဖြစ်သော ကြေးဝါဆိုင်းဘုတ်ကလေးကို ရုတ်တရက် မကြည့်နိုင်၊ မမြင်နိုင်ကြချေ။

ဆိုင်းဘုတ်ကို ဆွဲချိတ်ပြီးနောက် မနော်သည် တစ်နေ့လုံးလိုလို အိမ်ရှေ့သို့ထွက်၍ လူနာများကို စောင့်မျှော်ခြင်း ပြုလေသည်။ သို့ရာတွင် နေဝင်၍ မီးများသာလျှင် ထွန်းညှိခဲ့လေသည်။ မနော် မျှော်လင့်သော လူနာတစ်ယောက် တလေမျှ ပေါ်မလာချေ။

လူနာတစ်ယောက်မျှ မပေါ်လာသဖြင့် တော်တော်ကလေး မှောင်သောအခါ မနော်သည် အိမ်တွင်းသို့ စိတ်ပျက်လက်ပျက်နှင့် ပြန်၍ ဝင်လာလေသည်။

နေရီရီ

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



အိမ်အောက်ထပ် ဧည့်ခန်းတွင် ဆရာဝန်ကြီး ဦးလွမ်းဝေသည် ၎င်းနှစ်သက်စွဲလမ်းခြင်း ရှိလှ၍ အခေါက်ခေါက် အခါခါ ပြန်၍ ပြန်၍ ဖတ်ရှုခြင်းပြုလေ့ရှိသော **(The Story of San Michael)** အမည်ရှိသော ဥရောပတိုက် ဆရာဝန်ကြီးတစ်ဦး၏ ဖွင့်ဟဝန်ခံချက်များကို ဖတ်ရှုနေသည်။

မနော်သည် စာဖတ်နေသော ၎င်း၏ဆရာကို အနှောင့်အယှက် မပေးလိုလှချေ။ သို့ရာတွင် ၎င်း၏ ခံစားရချက်ကိုလည်း ဝမ်းထဲတွင် မျိုသိပ်၍ မထားနိုင်သောကြောင့် ဧည့်ခန်းထဲသို့ ဝင်လာသည်။

ဒေါက်တာလွမ်းဝေသည် ဖတ်နေသော စာအုပ်ကို လက်ဝယ်မှ မချဘဲ မနော်ကို လှမ်း၍ ကြည့်လိုက်သည်။

"လူနာတော့ တစ်ယောက်မှ မလာဘူးဆရာ"

မနော်သည် ၎င်းဆိုင်းဘုတ် တင်ထားရပြီးနောက် ပေါ်၍မလာသော လူနာများကို မကျေမနပ်ဖြစ်ကာ အပြစ်တင်ချင်လိုသော လေသံဖြင့် ၎င်း၏ ဆရာ လုပ်သူအား လှမ်း၍ ပြောဆိုလိုက်သည်။

ဒေါက်တာလွမ်းဝေသည် တပည့်လုပ်သူ၏ ပြောဆိုလိုက်ပုံကို များစွာ သဘောကျသွားသကဲ့သို့ လက်ထဲမှ စာအုပ်ကို ဘေးသို့ချထားလိုက်ပြီးနောက် ပြုံးလေသည်။ ထို့နောက် မနော်၏ မအီမသာသကဲ့သို့ ဖြစ်နေသော မျက်နှာကို လှမ်း၍ ကြည့်နေသည်။ သူသည် မနော်ကို ထိုကဲ့သို့ အတန်ကြာမျှ ကြည့်ရှုနေပြီးမှ. . .

"လူနာတွေ တစ်ယောက်မှ မလာလို့ မင်း ဝမ်းနည်းနေသလားကွ မနော်" ဟု မေးမြန်းလိုက်သည်။

ပနော်သည် ၎င်းဆရာ၏ စကားကို နာမလည်နိုင်သကဲ့သို့ ဦးခေါင်းကို ငုံ့နေရာမှ မော်၍ကြည့်လေသည်။ သို့ရာတွင် ဘာမျှတော့ မပြောချေ။

"လူတွေဟာ ကျန်းမာနေရင် ဆရာဝန်ဆီကို လာဖို့ မလိုဘူး မဟုတ်လားကွ မနော်"

ဦးလွမ်းဝေသည် မနော်ကို လှမ်း၍ မေးလိုက်သည်။

မနော်သည် ၎င်း၏ ဆရာလုပ်သူကို ကလေးသူငယ်တစ်ယောက်၏ အမူအရာဖြင့် ကြည့်နေသည်။ ဘာမျှတော့ ပြန်မပြောချေ။

"တို့ အလုပ်ဟာ လူတွေ ကျန်းမာဖို့အတွက် ဖြစ်လေတော့ လူတွေ



PDF_ Yaybawal

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



ကျန်းမာကြလေ တို့အလုပ် သက်သာလေပဲ မဟုတ်လားကွာ"

"ဒီလိုသာ လူတွေ ကျန်းမာနေကြလို့ ကျွန်တော်တို့ဆီကို တစ်ယောက်မှ မလာကြရင် ကျွန်တော်တို့ ဘာလုပ်ရဦးမှာလဲ ဆရာရဲ့"

ဟု မနော်က ၎င်းသိရှိလိုသော အကြောင်းကို မေးလေသည်။

"တစ်ကမ္ဘာလုံးမှာ ရှိနေကြတဲ့ ဆရာဝန်တွေ အားလုံးဟာ လူတွေရဲ့ ကျန်းမာရေး ကောင်းမွန်ပြည့်စုံနေကြလို့ သူတို့ကိုယ်ကို ဆရာဝန်အလုပ်က ဖြုတ်ပစ်လိုက်ကြရရင် ပိုမကောင်းပေဘူးလားကွ ပနော်"

မနော်သည် ၎င်းဆရာပြောဆိုလိုက်သော စကား၏ အဓိပ္ပာယ်ကို ကောင်းစွာ နားမလည်နိုင်ချေ။ ထိုအချက်ကို ဦးလွမ်းဝေသည် ပြောဆိုပြီးကာမှ ပြန်၍ စဉ်းစားမိပုံရသည်။ ထို့ကြောင့် သူသည် ထိုင်နေရာမှ ထလာခဲ့ပြီးလျှင် မနော်နှင့် ဘေးချင်းယှဉ်၍ ရပ်လိုက်သည်။ သူသည် မနော်၏ ဦးခေါင်းကို ပွတ်သပ်ပေးရင်း. . .

"ငါတော့ ထမင်းဆာပြီကွ မနော်၊ အဲဒီအကြောင်း ဦးခန့်တို့ လင်မယားကို ကျေးဇူးပြုပြီးတော့ မင်း အကြောင်းကြားပေးပါလားကွာ"

ဟု ချော့မော့ပြောဆိုခြင်း ပြုလိုက်ရသည်။

## (၂)

ထိုညက ဒေါက်တာလွမ်းဝေသည် ၎င်း၏ သဘောတစ်ခုတည်းနှင့် ၎င်းဘာသာ ပြုလုပ်လိုက်ပြီဖြစ်သော အမှု၏ အကြောင်းကို တော်တော်ကလေး ညဉ့်နက်သည့်တိုင်အောင် ၎င်း၏ ဧည့်ခန်းထဲတွင် စဉ်းစားလျက် ရှိလေသည်။ သူ ပြုလိုက်သော အမှုသည် သေးငယ်လွယ်ကူလှသော အမှုတစ်ခုတော့ကား မဟုတ်ချေ။ တကယ်ဆိုတော့ သူသည် သူ၏ သဘောတစ်ခုတည်းနှင့် ပုန်ကန်ခြင်း ပြုလိုက်သော အမှုပင် ဖြစ်လေသည်။

ယင်းသို့ မိမိအပေါ်၌ ဝိတ်ပင်တားမြစ်ထားခဲ့သော အမှုကို ပုန်ကန်လိုက်ခြင်းအားဖြင့် မည်ကဲ့သို့သော အကျိုးသက်ရောက်မှုများသည် ဆိုက်ရောက်လာမည်နည်း။ ထိုအကြောင်းများကိုလည်း ဆရာဝန်ကြီး ဦးလွမ်းဝေသည် စဉ်းစားခြင်း ပြုလျက်ရှိလေသည်။



PDF_ Yaybawal

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



ထိုသို့ စဉ်းစားစရာရှိသည်တို့ကို စဉ်းစားရင်း၊ လူနာ တစ်ယောက် တလေမှ မလာသောကြောင့် စိတ်ပျက်နေဟန်ရှိသော ၎င်း၏တပည့် မနော်၏ အကြောင်းကိုလည်း ဆက်၍ စဉ်းစားမိပြန်လေသည်။

မနော်သည် ငယ်ရွယ်သော သူတစ်ယောက်ဖြစ်၍ လုပ်စရာ ကိုင်စရာ ရှိသော အလုပ်ကို လုပ်ကိုင်ချင်ဟန်ရှိလေသည်။ ယင်းသို့ အလုပ်လုပ်ကိုင်လိုလှ သော မနော်သည် လုပ်စရာ ကိုင်စရာ မရှိသောအခါ ငယ်ရွယ်သူတို့၏ ဓမ္မတာ အတိုင်း မရှိသောအလုပ်ကို အပြစ်တင်လိုခြင်းပင် ဖြစ်လေသည်။ သို့ရာတွင် အနော်သည် ဆေးသိပ္ပံအတတ်ပညာနှင့် လုပ်ငန်းတို့၏ အဆုံးစွန်ဖြစ်သော ရည်ရွယ်ချက်ကို သိနားမလည်ရှာသေးချေ။ သူသည် မနော်ကို ထိုအကြောင်း နှင့် ပတ်သက်၍ တစ်ခါမှ ပြောဆိုရှင်းလင်းခြင်းလည်း မပြုခဲ့ဖူးချေ။ ထို့အတွက် မနော်ကို ရှင်းလင်းပြောကြားဖို့ သူ့တွင် တာဝန်ရှိနေသေးကြောင်းကိုလည်း ဒေါက်တာလွမ်းဝေသည် စဉ်းစားမိလေသည်။

ယင်းသို့ စဉ်စားစရာရှိသည်တို့ကို စဉ်းစားရင်း ၁၂ နာရီထိုးသွား လေသည်။ သို့ရာတွင် ဒေါက်တာလွမ်းဝေသည် အိပ်ချင်စိတ်ကား မရှိသေးချေ။ ထို့ကြောင့် သူသည် အိပ်ရာထက်သို့တက်ကာ လှဲရင်း သူနှင့် သက်ဆိုင်သော ဆေးသိပ္ပံ အတတ်ဆိုင်ရာ ကျမ်းတစ်ကျမ်းကို ဖတ်ရှုခြင်း ပြုလေသည်။ ယင်းသို့ ဆေးသိပ္ပံအတတ်ဆိုင်ရာ ကျမ်းစာအုပ်ကို ဖတ်ရှုနေရာမှ အချိန်တို့သည် မည်၍ မည်မျှ ကုန်လွန်ကာ ညဥ့်သည် အဘယ်မျှ နက်နေပြီဆိုသည်ကို ဦးလွမ်းဝေ သည် သတိမထားလိုက်မိချေ။ အိမ်ရှေ့တွင် ကားတစ်စီးရပ်သံနှင့် လူသံသူသံ များလိုလို ကြားလိုက်ရသောကြောင့် ဖတ်နေသော ကျမ်းစာအုပ်ကို ဘေးသို့ချ လိုက်ပြီးလျှင် သတိထား၍ နားကို စွင့်နေမိသည်။

အိမ်အောက်ထပ်မှ ဦးခန့်၏ တံခါးဖွင့်သံကို ကြားရလေသည်။ ထို့နောက် အိမ်အောက်ထပ်တွင် စကားပြောသံ ဆိုသံများကိုလည်း မသဲမကွဲ ကြားရလေသည်။

ဦးလွမ်းဝေသည် ခုတင်ခေါင်းရင်းဘေးရှိ စားပွဲထက်မှ စားပွဲတင် နာရီကို လှမ်း၍ ကြည့်လိုက်သည်။ တစ်နာရီခွဲပြီး၍ ဆယ်မိနစ်မျှပင် ကျော်လွန် လျက် ရှိလေပြီ။

ဤကဲ့သို့ အချိန်မဟုတ် အခါမဟုတ် ဘယ်သူဘယ်ဝါသည် ဘာကိစ္စ



PDF_ Yaybawal

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



နှင့် စံပယ်မြိုင်အိမ်သို့ လာသနည်း။ ဆေးဝါးကုသခြင်းအမှုကို မပြုဘဲ နေခဲ့ရသည်မှာ လပေါင်းအတော်အတန် ကြာမြင့်ခဲ့ပြီဖြစ်သော ဆရာဝန်ကြီး ဦးလွမ်းဝေသည် ထိုအကြောင်းကို စဉ်းစားလျက် ရှိလေသည်။ ယခင်အခါများက အရပ်ရှစ်မျက်နှာတို့မှ လူနာများသည် အချိန်မရွေး တွေ့ဆုံနိုင်သော ဆရာဝန် ဦးလွမ်းဝေထံသို့ အချိန်မဟုတ်လည်း လာရောက်တတ်ကြပေသည်။ သို့ရာတွင် ဦးလွမ်းဝေသည် ထိုအကြောင်းကို ယခုအခါတွင် မေ့လျော့လျက် ရှိလေသည်။ အဘယ်ကြောင့်ဆိုသော် သူသည် သူ၏ကိုယ်ကို ဆရာဝန်ကြီးတစ်ဦး ဖြစ်သည် ဆိုသောအကြောင်းကိုပါ မေ့လျော့လျက် ရှိနေသောကြောင့် ဖြစ်လေသည်။

ယင်းသို့ စားပွဲတင်နာရီကို လှမ်း၍ကြည့်ကာ ငိုင်၍စဉ်းစားနေခိုက် ပိတ်ထားသော ၎င်း၏ အခန်းတံခါးမကြီး၏အပြင်မှ မနော်၏အသံကို ရုတ်တရက် ကြားလိုက်ရသည်။

"ဆရာ. . . ဆရာ. . . အိပ်နေပြီလား"

မနော်သည် တံခါးကို မတိုးမကျယ်ခေါက်ရင်း လှမ်း၍မေးနေသည်။

"မနော်လားဟေ့၊ ဘာဖြစ်လို့လဲ"

အိပ်ရာထက်တွင် လှဲနေရာမှ ဦးလွမ်းဝေက ပြန်၍မေးမြန်းလိုက်သည်။

"လူနာဆရာ. . . လူနာ"

မနော်သည် အားရဝမ်းသာ ပြောဆိုလိုက်ဟန် ရှိပေသည်။

"ဘာကွ. . . မနော်၊ မင်းပြောတာ ငါ ကောင်းကောင်းမကြားရလို့"

ဦးလွမ်းဝေသည် လှဲနေရာမှ ထ၍ထိုင်ရင်း ပြန်၍ မေးလိုက်ရပြန်သည်။

"လူနာလာခေါ်တယ် ဆရာ၊ အရေးကြီးလို့တဲ့"

မနော်သည် ပိတ်ထားသောတံခါးကို ခပ်နာနာကလေးခေါက်ရင်း ပြောလေသည်။

ဒေါက်တာလွမ်းဝေသည် အိပ်ရာထက်မှ ခပ်သွက်သွက်ကလေး ဆင်းလာခဲ့ပြီးနောက် ပိတ်ထားသော တံခါးကို ဖွင့်ရင်း. . .

"လူနာလာခေါ်တယ် ဟုတ်လားကွ မနော်" ဟု မေးလိုက်ပြန်သည်။

"အိမ်အောက်ထပ်မှာ ရောက်နေတယ် ဆရာ၊ မိန်းမတစ်ယောက် ခပ်ငယ်ငယ် ခပ်ချောချောပဲ"

လူနာ ရရှိသောကြောင့် များစွာ အားတက်နေပုံရသော မနော်သည်



PDF_ Yaybawal

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



လူနာအကြောင်းကိုသာ မဟုတ်သေးဘဲ မိန်းမတစ်ယောက်နှင့် ခပ်ချောချော ခပ်ငယ်ငယ်ဆိုသည့် နာမဝိသေသနာများကိုပါ ပြောကြားလျက် ရှိလေသည်။

"ဘယ်ကတဲ့လဲကွ"

ဦးလွမ်းဝေသည် ၎င်းသိရှိလိုသော ကိစ္စကိုသာ မေးနေတုန်း ဖြစ်သည်။

"ကျွန်တော်တော့ မသိဘူးဆရာ၊ ဦးလေးခန့်က ဆရာ့ကို သွားနှိုးပါဆိုလို့ လာနှိုးရတာပဲ"

ဦးလွမ်းဝေသည် စွပ်ကျယ်နှင့် ချည်လုံကွင်းများကိုသာ ညအိပ်ခါနီး ဝတ်ဆင်ထားသော ၎င်း၏ ကိုယ်ကို ငုံ့ကြည့်လိုက်ပြီးနောက် ခုတင်ခြေရင်းဘက်တွင် ချိတ်ဆွဲထားသော ညဝတ်အင်္ကျီသွားယူ၍ ဝတ်ဆင်ပြီးနောက် မနော်နှင့်အတူ အိမ်အောက်ထပ်သို့ ဆင်းလာခဲ့လေသည်။

ဧည့်ခန်းလယ်၌ လူနာအတွက် ဆရာဝန်ကို ညကြီးအချိန်မတော်နှင့် အရေးတကြီးလာပင့်ဟန်ရှိသော အသက်အစိတ်ခန့် မိန်းမပျိုနှင့်တကွ ၎င်းနှင့်အတူ အဖော်အဖြစ် လိုက်ပါလာဟန်ရှိသော အသက် ၅၀ ခန့် မိန်းမကြီးတစ်ဦးတို့သည် စောင့်နေကြပေသည်။ ဦးခန့်နှင့် ဒေါ်လှတို့ လင်မယားနှစ်ယောက်ကမူ လာခေါ်သူများကို ဧည့်ခံ၍ စကားပြောဆိုလျက် ရှိကြလေသည်။

ဦးလွမ်းဝေသည် ၎င်းအား လာရောက်ပင့်ခေါ်ကြသော လူနာရှင်များကို မသိချေ။ သို့ရာတွင် လူနာရှင်နှစ်ဦးအနက် ငယ်ရွယ်ချောမောသော အမျိုးသမီးသည် ဦးလွမ်းဝေကို ယခင်ကပင် တွေ့ဖူး မြင်ဖူးသကဲ့သို့ လှမ်း၍ ပြုံးလေသည်။ မိမိအား ပြုံးသောသူကို ပြန်၍ ပြုံးရရိုးဖြစ်သော လူတို့၏ ယဉ်ကျေးမှု အစဉ်အလာ ရှိသည့်အတိုင်း ဒေါက်တာလွမ်းဝေသည် ပြန်လှန်၍ ပြုံးလိုက်ရသည်။ သူသည် ပြုံးရင်း လူနာရှင်များနှင့် မျက်စောင်းထိုးခပ်ကျကျ ကုလားထိုင်လွတ်တစ်လုံးတွင် ဝင်၍ ထိုင်လိုက်လေသည်။

"စက်ရှင်မင်းကြီး ဦးဘ. . . ရုတ်တရက် မူးပြီးလဲလို့ ဆရာ့ကို လာပင့်တာတဲ့"

ဦးခန့်ကပင် လူနာရှင်များ လာရောက်ခေါ်ပင့်သော ကိစ္စကို စတင် ပြောဆိုလေသည်။

ဒေါက်တာလွမ်းဝေသည် လူနာရှင်များက ပြောဆိုမည့်စကားကို နားစွင့်လိုက်ရင်း၊ ၎င်းတို့နှစ်ယောက်စလုံးကို လှမ်း၍ ကြည့်လိုက်လေသည်။



PDF_ Yaybawal

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



"ဖေဖေ ညတစ်နာရီလောက်က အိမ်သာအထမှာ မူးပြီးလဲသွားလို့ လိုက်ကြည့်ပေးပါဦးရှင်"

စက်ရှင်မင်းကြီး ဦးဘ၏ သမီးလုပ်သူက ဒေါက်တာလွမ်းဝေအား ပင့်ခေါ်ခြင်း ပြုလေသည်။

"အရင်ကကော ခုလို မူးပြီး လဲတတ်ဖူးသလားဟင်"

ဆရာဝန်သည် ထိုင်ရာမှ ထရင်း ၎င်းသိလိုသော အချက်ကို ရှေးဦးစွာ မေးမြန်းလိုက်လေသည်။

"အစ်ကိုကြီးဟာ အရင်ကတော့ မူးလည်း မမူး၊ လဲလည်း မလဲဖူးပါဘူး ဆရာ"

လူနာ၏ နှမလုပ်သူနှင့် တူသော အမယ်ကြီးက ဦးလွမ်းဝေ သိရှိလိုသော အချက်ကို ဖြေကြားပြောဆိုလေသည်။

"မနော်ရေ. . . ငါ့ဆေးအိတ်နဲ့ နားကျပ်ကို သွားယူလာခဲ့စမ်းဟေ့"

ဦးလွမ်းဝေသည် မနော်ကို ထိုကဲ့သို့စေခိုင်းပြီးနောက် အိမ်အပေါ်ထပ်သို့ ပြန်တက်လာခဲ့သည်။ သူသည် ညအိပ်ရင်း ဝတ်သော အဝတ်အစားများကို ကတိုက်ကရိုက် လဲလှယ်ပြီးနောက် အိမ်အောက်ထပ်သို့ ပြန်ဆင်းလာသည်။ အိမ်အောက်ထပ်သို့ ရောက်သောအခါ မနော်သည် ဆေးအိတ်နှင့် အဆင်သင့်စောင့်နေလေပြီ ဖြစ်၍ သူသည် လူနာရှင်များနှင့် အိမ်တွင်းမှ တစ်ပါတည်း ထွက်လိုက်လာခဲ့သည်။

## (၃)

ငယ်ရွယ်သော လူနာရှင် အမျိုးသမီးက ၎င်း၏ ဇက်ဖာကားကလေးကို ကိုယ်တိုင်မောင်းလေသည်။ ထိုအမျိုးသမီး၏ ဒေါ်လေးလုပ်သူက မော်တော်ကား ၏ ရှေ့ခန်းတွင် အတင်းတက်၍ အထိုင်ခိုင်းသဖြင့် ဒေါက်တာလွမ်းဝေသည် မော်တော်ကားကို ကိုယ်တိုင်မောင်းသော ထိုအမျိုးသမီးနှင့်အတူ ယှဉ်တွဲ၍ ထိုင်ရလေသည်။ မော်တော်ကား၏ နောက်ခန်း၌မူကား မောင်းသူအမျိုးသမီး၏ အဒေါ်လုပ်သူနှင့် ဆရာဝန်ကြီး ဦးလွမ်းဝေ၏ တပည့်ကလေးတို့သည် အတူထိုင်ကြလေသည်။



PDF_ Yaybawal

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



"အစ်ကိုကြီးက မိမိကို ကောင်းကောင်း မမှတ်မိတော့ဘူး ထင်တယ်"

၎င်း၏ကိုယ်ကို မိမိဟု ခေါ်ဝေါ်သော အမျိုးသမီးသည်ကား စက်ကို ကျင်လည်စွာ နှိုးရင်းက ဆရာဝန်ကြီး ဦးလွမ်းဝေအား လှမ်း၍ မေးလေသည်။ သို့ရာတွင် သူမသည် စက်နှိုးနေသောကားကို ဂီယာသွင်းနေရသဖြင့် ဦးလွမ်းဝေကိုတော့ မကြည့်အားချေ။

ဒေါက်တာလွမ်းဝေသည် မိမိ ဆိုသူကလေးကို သိလည်း မသိ၊ မှတ်လည်း မမှတ်မိချေ။ လူနာများက လွဲလျှင် သူသည် အဘယ်သူ တစ်ဦး တစ်ယောက်ကိုမျှ စေ့စေ့စပ်စပ်နှင့် သေသေချာချာ ကြည့်ရှုတတ်သူတစ်ဦး မဟုတ်သောကြောင့်လည်း ဖြစ်တန်ရာလေသည်။

ပြန်ပြောစရာစကားကို မစဉ်းစား မရှာဖွေတတ်သောကြောင့် ဦးလွမ်းဝေသည် ငြိမ်၍ နေလိုက်သည်။

"ကြီးကြီးစု မမာတုန်းက မိမိ ကိုယ်တိုင် လာမေးဖူးပါတယ်၊ အဲဒီတုန်းက အစ်ကိုကြီးကို တွေ့ဖူးတာပေါ့"

မော်တော်ကားကို ခပ်မှန်မှန်ကလေး လိုမ့်ထွက်ရင်း မိမိက ပြောဆိုလေသည်။

"အော်. . . ကြီးကြီးစု မမာတုန်းက လာဖူးသလား၊ အဲဒီတုန်းက အဘွားကြီးအတွက် စိတ်ပူနေရတာနဲ့မို့ ဟိုကဒီက လာမေးကြတဲ့ မိတ်ဆွေတွေကိုတောင် ကုန်စင်အောင် စကားမပြောလိုက်ရပါဘူးလေ"

လှပချောမောခြင်းရှိသော ငယ်ရွယ်သူ အမျိုးသမီးကလေးများနှင့် စကားပြောနေကြဆိုနေကြ မရှိစေကာမူ ဒေါက်တာလွမ်းဝေသည် မိမိနှင့် စကားပြောဆို၍ ရရှိလာလေသည်။ ထိုကဲ့သို့ ပြောဆိုနိုင်သည့်အတွက် လူပျိုကြီး ဦးလွမ်းဝေသည် ၎င်း၏ကိုယ်ကိုပင် အံ့သြချင်သလို ဖြစ်နေသည်။

"ကြီးကြီးစု အသုဘတုန်းကလည်း မိမိရော၊ ဖေဖေရော လိုက်ပို့ကြပါသေးတယ် အစ်ကိုကြီး"

"အော်. . . အော်. . . အော်"

"ကြီးကြီးစုနဲ့ မိမိတို့က ခုမှသာ သိကြခင်ကြတာ မဟုတ်ပါဘူး။ အရင် ကြီးကြီးစု ယောက်ျား အန်ကယ်လ်ကြီး မဆုံးခင် မကွေးမှာ အလုပ် အတူတူ လုပ်ခဲ့ကြတုန်းကတည်းက တစ်ဦးကိုတစ်ဦး သိပြီး ခင်လာခဲ့ကြတာပါ"



PDF_ Yaybawal

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



"အော်. . . အင်း. . . အင်း"

"အဲဒီတုန်းကတည်းက ကြီးကြီးစုက အစ်ကိုကြီး အကြောင်းကို မကြာ မကြာပဲ ပြောသံကြားရတယ်"

"အော်. . အော်. . . အော်"

ဆရာဝန်ကြီး ဦးလွှမ်းဝေသည် လူနာအကြောင်းကို နားထောင်ခြင်း မပြုရဘဲ သေဆုံးသွားလေသော ၎င်း၏ကြီးတော်နှင့် မိမိတို့ ဆက်ဆံရေး အကြောင်းများကိုသာ ကြားနာရသူသက်သက် ဖြစ်နေလေသည်။

"ကြီးကြီးစုက သူ့မှာ တူတစ်ယောက်ရှိတဲ့အကြောင်း၊ ဒုတိယ ကမ္ဘာ စစ်ကြီး မဖြစ်ခင်က အမ်ဘီဘီအက်(စ်) အောင်တဲ့အကြောင်း၊ အစိုးရ ပညာတော်သင် ရတာကိုတောင် လက်မခံဘဲ ရပ်တကာ ရွာတကာ လှည့်ပြီး ဆေးလိုက်ကုနေတဲ့အကြောင်းတွေ ပြောပြလို့ မိမိက အဲဒီတုန်းကတည်းက အစ်ကိုကြီးကို လေးစားနေခဲ့တာပါ"

ဆရာဝန်ကြီး ဦးလွှမ်းဝေသည် အနေရ အထိုင်ရခက်လှသလိုပင် ဖြစ်လေသည်။ သို့ရာတွင် ထိုအဖြစ်ကို သူသည် ကြာကြာတော့ မခံလိုက်ရချေ။ အဘယ်ကြောင့်ဆိုသော် ထိုအမျိုးသမီး မောင်းလာသော ဇက်ဖာကားသစ် ကလေးသည် အဆင်သင့် ဝင်းတံခါးဖွင့်ထားသော ခြံဝင်းကြီး တစ်ခုအတွင်းသို့ စက်ရှိန်သတ်ကာ ဝင်သွားသောကြောင့် ဖြစ်လေသည်။

မိမိက ဦးဆောင်၍ တိုက်အပေါ်ထပ်သို့ ခေါ်သွားလေသည်။ လူနာ ၏ အခန်းအတွင်း၌ အိမ်တွင် ခိုင်းစေထားသော လူကြီးတစ်ယောက်သည် စောင့်ကြပ် ကြည့်ရှုနေသည်ကို တွေ့ရလေသည်။

လူနာအခန်းအတွင်းသို့ရောက်လျှင် ဆရာဝန်ကြီး ဦးလွှမ်းဝေသည် ၎င်း၏လုပ်ငန်းကို တစ်ခါတည်း စလေသည်။ ဆရာ၏အကြောင်းကို သိပြီးဖြစ် သော တပည့် မနော်ကလည်း ဆေးလွယ်အိတ်ကိုဖွင့်ကာ ပြင်ဆင်စရာရှိသည် တို့ကို ပြင်ဆင်ခြင်း ပြုလေတော့သည်။

မိမိတို့ တူဝရီးနှစ်ယောက်တို့သည် လူမမာ၏ ခုတင်ခြေရင်းဘက် တွင်ရပ်ကာ ဆရာဝန်ကြီး ဦးလွှမ်းဝေ လုပ်နေကိုင်နေပုံကို ငြိမ်သက်စွာ ကြည့်ရှု နေကြလေသည်။ ဒေါက်တာလွှမ်းဝေသည် အတွေ့အကြုံများ ကြွယ်ဝလှသော ဆေးသမားကြီးတစ်ဦး ဖြစ်သည့်အလျောက် သူသည် သတိလစ်နေသော



PDF_ Yaybawal

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



လူမမာကို ခေတ္တမျှသာ စမ်းသပ်ကြည့်ရှုပြီးနောက် ၎င်းလုပ်ကိုင်ရမည့် အလုပ်ကို တစ်ခါတည်း သိလိုက်သည်။

မနော်ကလည်း ဆရာကောင်းတပည့်ပီပီ အိမ်ရှင်များက အဆင်သင့် ပြင်ဆင်ထားနှင့်သော ရေနွေးများနှင့် အပ်များ၊ ဆေးထိုးပိုက်များကို သန့်ရှင်း ထားပြီး ဖြစ်လေသည်။

အချိန်အနည်းငယ်အတွင်း ဆရာဝန်ကြီးသည် သတိလစ်နေသော စက်ရှင်တရားသူကြီးကို တစ်လုံးပြီးတစ်လုံး ဆေးနှစ်လုံးမျှ ထိုးထည့်လိုက်သည်။

ဆေးထိုးပေးပြီးသည့်နောက်မှ ဦးလွမ်းဝေသည် ၎င်း၏နဖူးပြင်မှ ချွေးများကို လက်ကိုင်ပုဝါဖြင့် သုတ်ရင်း လူနာရှင်များဘက်သို့ မျက်နှာမူလိုက် လေသည်။ ဆရာဝန်က ပြောဆိုမည့်စကားကိုလည်း လူနာရှင်များသည် နားတစွင့်စွင့်နှင့် ရှိနေကြလေသည်။

"စိုးရိမ်ရမယ့် အခြေအနေကိုတော့ တားထားလိုက်နိုင်ပါပြီ၊ ဒါပေမဲ့ နောက်ထပ် တစ်နာရီလောက်တော့ စောင့်ကြည့်ပေးဖို့ လိုလိမ့်ဦးမယ်"

ထိုမျှသာ ပြောကြားလိုက်ပြီးနောက် ခေါင်းရင်းဘက်မှ ပိတ်ထားသော ပြတင်းပေါက်ကို သူသည် သွား၍ ဖွင့်လိုက်သည်။ ထို့နောက် သူသည် ပြတင်း ပေါက်ဝတွင်ရပ်ကာ အမှောင်ထုလွှမ်းနေသော လောကဓာတ်တစ်ခွင်ကို အတန်ကြာမျှ ငြိမ်သက်စွာ ကြည့်ရှုနေသည်။

အိမ်တွင် ထမင်းဟင်းချက်ရန်အတွက် ငှားရမ်းထားဟန်တူသည့် မိန်းမကြီးတစ်ယောက်သည် ဆရာဝန်ကြီး ဦးလွမ်းဝေနှင့် ၎င်း၏တပည့် မနော် တို့ အတွက် အငွေ့တထောင်းထောင်းထနေသော ကော်ဖီပန်းကန်ကို ယွန်း လင်ပန်း နှင့်ထည့်ကာ အခန်းတွင်းသို့ ယူဆောင်လာသည်။

မိမိသည် ကော်ဖီတစ်ပန်းကန်ကို ယွန်းလင်ပန်းထဲမှ လှမ်းယူကာ ဦးလွမ်းဝေဆီသို့ လျှောက်သွားပြီးလျှင်. . .

"ကော်ဖီပူပူကလေး သောက်လိုက်ပါဦးလား အစ်ကိုကြီး"

ဟု ပြောဆိုရင်း ပေးလေသည်။

ဦးလွမ်းဝေသည် မိမိ ပေးနေသော ကော်ဖီကို လှမ်းယူပြီး သောက် သော်လည်း သူသည် စကားတစ်ခွန်းမျှ မပြောချေ။ ကော်ဖီကို သောက်ပြီးနောက် ပန်းကန်ကိုသာ ပြန်၍ ပေးလိုက်သည်။

**နေရီရီ**

PDF_ Yaybawal

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



အခန်းအတွင်း၌ ကျန်းမာနေသော လူကောင်းများ၏ အသက်ရှူသံမှ တစ်ပါး အခြား ဘာသံကိုမှ မကြားရချေ။ တိတ်ဆိတ်ငြိမ်သက် နေပေသည်။ လူနာသည်လည်း ပြန်လည် အသက်ဝင်လာခြင်း မရှိသေးသကဲ့သို့ ငြိမ်သက်မြဲ ငြိမ်သက်နေပေသည်။

ယင်းသို့ တိတ်ဆိတ်လှသော ညသန်းခေါင်ကျော်အချိန်တွင် တစ်နာရီ နီးပါးခန့်မျှ ငြိမ်သက်နေကြပြီးနောက် ဒေါက်တာလွမ်းဝေသည် ၎င်း၏လူနာကို ချဉ်းကပ်ကြည့်ရှုပြန်လေသည်။ လူနာသည် သတိပြန်၍ လည်မလာသေးချေ။ သစ်တုံးကြီးတစ်တုံးနှင့်မခြား ငြိမ်သက်ကာ သတိလစ်နေတုန်းပင် ဖြစ်လေသည်။

ဦးလွမ်းဝေသည် လူနာ၏ လက်ဖဝါး၊ ခြေဖဝါးများကို ရှေးဦးစွာ စမ်းသပ်ကြည့်လေသည်။ ထို့နောက် လက်သွေးကို စမ်းကြည့်ပြန်လေသည်။ ထိုမျှနှင့် စိတ်ကျေနပ်မှု ရရှိသေးဟန်မတူသော ဆရာဝန်ကြီးသည် ၎င်း၏ နားကြပ်ကို ဆင်မြန်းကာ လူနာ၏ ခန္ဓာကိုယ်အတွင်းမှ ပစ္စည်းများကို တစ်ခုပြီး တစ်ခု စမ်းသပ်ကြည့်ရှုပြန်လေသည်။

သူသည် လူနာကို နာရီတစ်မတ်ခန့်မျှ စမ်းသပ်ကြည့်ရှုပြီးနောက် ပိုမို၍ စိတ်ချနိုင်ခြင်း ရှိစေရန်အတွက် နောက်ထပ် ဆေးတစ်လုံးကို ထပ်၍ ထိုးကြည့်လိုက် ပြန်သည်။ သို့ရာတွင် သတိလစ်နေသော စက်ရှင်မင်းကြီးသည် တွန့်ပင် မတွန့်ချေ။

ဆေးတစ်လုံးထပ်၍ ထိုးပေးပြီးနောက် ဒေါက်တာလွမ်းဝေသည် ၎င်း၏ နဖူးပြင်မှ ချွေးများကို လက်ကိုင်ပဝါဖြင့် သုတ်လေသည်။ ထို့နောက် သူသည် သူ့အား မျှော်လင့်ခြင်းကြီးစွာဖြင့် လှမ်း၍ ကြည့်နေသော မိမိ၏ မျက်နှာကို တစ်ချက်မျှ လှမ်းကြည့်လိုက်သည်။ သို့ရာတွင် သူသည် လူနာရှင် အား ဘာတစ်ခွန်းမျှ စကားမပြောဘဲ ခပ်စောစောက ရပ်နေသော ပြတင်း ပေါက်ဆီသို့ လျှောက်သွားပြီးလျှင် ရပ်နေလိုက်ပြန်သည်။

ထိုသို့ ဆရာဝန်ကြီး ဦးလွမ်းဝေသည် ပြတင်းပေါက်ဝတွင်ရပ်ကာ အမှောင်လွှမ်းနေသော လောကဓာတ်တစ်ခွင်ဘက်သို့ ငေးမောကြည့်ရှုနေသည့် အခိုက် လူနာသည် သက်ပြင်းကို ခပ်ပြင်းပြင်းချကာ လူးလွန့်လှုပ်ရှားစ ပြုလာ သည်။ လူနာ သတိပြန်ဝင်လျှင်ပင် လူနာရှင်နှစ်ဦးစလုံးပင် ရွှင်ပျကြည်လင်၍ သွားလေသည်။



PDF_ Yaybawal

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



"ဟော. . . ဖေဖေ သတိရလာပြီ"

မိမိက ဝမ်းသာအားရ ပြောဆိုလိုက်သည်။

ဒေါက်တာလွမ်းဝေသည် မိမိ၏ အသံကို ကြားလိုက်ရသောကြောင့် အပြင်ဘက်သို့ ကြည့်နေရာမှ ပြန်လှည့်၍ ကြည့်လေသည်။ လူနာသည် တစ်ဖက်သို့စောင်း၍ အိပ်နေရာမှ တစ်ဘက်သို့ စောင်းလိုက်လေသည်။ ထို့နောက် ငြိမ်သက်၍ နေပြန်လေသည်။

ဦးလွမ်းဝေသည် ပြတင်းပေါက်ဝတွင် ရပ်နေရာမှ လူနာအနီးသို့ ပြန်လာလေသည်။ ထို့နောက် လူနာ၏ လက်သွေးကို စမ်းသပ်ကြည့်ရှုပြီးနောက် သူသည် ၎င်း၏ လက်ပတ်နာရီကို ကြည့်ရှုလိုက်ပြန်သည်။

အချိန်သည် လင်းအားကြီး ၃ နာရီခွဲသာသာခန့် ဖြစ်ပေသည်။ ယင်းသို့ ဆရာဝန်ကြီးသည် ၎င်း၏နာရီကို ကြည့်ရှုနေခိုက် လူနာသည် လူးလွန့်လှုပ်ရှားလာပြန်သည်။

ဦးလွမ်းဝေသည် လူနာကို ငြိမ်သက်စွာ ငုံ့ကြည့်လျက်ရှိသည်။ လူနာသည် တစ်ဖက်သို့ စောင်းနေရာမှ ၎င်းဘာသာ၎င်း ပက်လက်လှန်လေသည်။

ထို့နောက် မျက်လုံးများကို ပွတ်သပ်လေသည်။

"ဟော. . . ဖေဖေ သတိရလာပြီ"

မိမိသည် ဝမ်းသာအားရ ပြောဆိုကာ လူနာ၏ ခြေသလုံးကို ဖမ်း၍ကိုင် လိုက်၏။

လူနာသည် မျက်လုံးများကို တဖြည်းဖြည်း ဖွင့်လာသည်။ ထို့နောက် ၎င်း၏ဖြစ်နေပုံနှင့် ဘေးမှလူများကို အဘယ်သို့မျှ ဆက်စပ်၍ နားမလည်နိုင်သကဲ့သို့ တောင်တောင်မြောက်မြောက် ကြည့်ရှုခြင်း ပြုနေသည်။

မိမိသည် လူနာ၏ ဘေးတွင် လာ၍ ထိုင်လေသည်။

"ဖေဖေ သတိရလာပြီနော် ဟုတ်လား"

ဟု ဖခင်လုပ်သူ၏ လက်ကိုကိုင်ရင်း မေးလေသည်။

"ဖေဖေ ဘာဖြစ်လို့လဲဟင် မိမိ"

လူနာသည် ၎င်း၏ဖြစ်ရပ်ပုံကို သိရှိလိုသကဲ့သို့ မေးလာသည်။

"ည တစ်နာရီလောက်က ဖေဖေ အိမ်သာကိုထွက်ရင်း မူးလဲလို့လေ"

မိမိက အကျိုးအကြောင်း ရှင်းလင်းပြောပြရလေသည်။



PDF_ Yaybawal

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



"ဟင်. . . ဟုတ်လား"

လူနာသည် ထိုမျှသာ ပြန်ပြောပြီးနောက် ငြိမ်သက်စွာ မှိန်းနေလိုက်ပြန်သည်။

ဦးလွမ်းဝေသည် ထိုညအဖို့ ၎င်း၏ ကုန်ဆုံးသွားသော တာဝန်ကို ကောင်းစွာ သိရှိသူတစ်ဦးဖြစ်သည့်အလျောက် မနော်ကို လှမ်း၍ ကြည့်လိုက်သည်။ မနော်သည် ၎င်း၏ ပစ္စည်းများကို သိမ်းဆည်းခြင်း ပြုလေသည်။

"ဦးရဲ့ အခြေအနေကတော့ ဘာမှ စိုးရိမ်စရာ မရှိတော့ပါဘူး၊ စိတ်ချရပါပြီ"

ဦးလွမ်းဝေသည် လူနာရှင် အမျိုးသမီးအား အကျိုးအကြောင်း ရှင်းလင်းပြောကြားပြီးနောက် ၎င်း၏နေအိမ်သို့ ပြန်ရန် ပြင်ဆင်ခြင်း ပြုလေသည်။

"ဟင်. . . အစ်ကိုကြီး အိမ်ပြန်တော့မလို့လား"

မိမိက မပြန်စေလိုသေးသကဲ့သို့ ပြောဆိုလိုက်သည်။

"အစ်ကိုကြီး ရှိနေဖို့ မလိုတော့ပါဘူး၊ မနက်ကြတော့မှ တစ်ခေါက်လာကြည့်ပါဦးမယ်လေ"

"အစ်ကိုကြီး ပြန်မယ်ဆိုရင်လည်း မိမိ လိုက်ပို့ပါ့မယ်"

"အိမ်ချင်းလည်း သိပ်မှမဝေးတာဘဲ မိမိရယ်၊ အစ်ကိုကြီးတို့ ဘာသာပဲ အညောင်းပြေ လျှောက်ပြန်ကြမလို့ပါ"

"မဟုတ်ပါဘူး အစ်ကိုကြီးရယ်၊ မိမိကိုယ်တိုင် အိမ်ကကားနဲ့ လိုက်ပို့ပေးပါရစေ"

မိမိသည် မနော် လက်ဝယ်မှ ဆရာဝန်ကြီး ဦးလွမ်းဝေ၏ ဆေးအိတ်ကို လှမ်း၍ ဆွဲယူရင်း ပြောဆိုလိုက်သဖြင့် ဦးလွမ်းဝေသည် ထိုကိစ္စနှင့်ပတ်သက်၍ ငြင်းဆန်နေရန် အကြောင်းမဟုတ်သောကြောင့် ငြိမ်သက်နေလိုက်သည်။

* * *



PDF_ Yaybawal

# မိသားစုဆရာဝန်

## (၁)

စံပယ်မြိုင်နှင့် ခြံသုံးလေးခြံလောက် အကွာတွင်ရှိသော မာလာမြိုင်မှ စက်ရှင်တရားသူကြီး ဦးဘ၏ အမူးရောဂါကို ပျောက်ကင်းသွားအောင် ကုသပေးလိုက်ပြီးသည့်နောက်ပိုင်းမှစ၍ ဒေါက်တာလွမ်းဝေသည် ထိုအိမ်ထောင်စု၏ ဆရာဝန်ကဲ့သို့ ဖြစ်မှန်းမသိ တစ်စထက်တစ်စ ဖြစ်လာပေသည်။ အိမ်သူ အိမ်သား တစ်ယောက်ယောက် ဗိုက်နာသည်ကအစ ခေါင်းခဲသည်အထိ ဒေါက်တာလွမ်းဝေမှ ဒေါက်တာလွမ်းဝေ ဖြစ်နေပေသည်။ အထူးသဖြင့် စက်ရှင်တရားသူကြီး ဦးဘသည် ဒေါက်တာလွမ်းဝေနှင့် ၎င်း၏ အလုပ်အကိုင်ကို ပိုမို၍ သဘောကျနေပုံရသည်။

"ဦးလည်း ငယ်ငယ်တုန်းကတော့ မောင့်လို ဆရာဝန်တစ်ယောက် သိပ်ဖြစ်ချင်သပေါ့ကွယ်၊ ဒါပေမယ့် ဆရာဝန်ဖြစ်ဖို့ ဇာတာ ပါမလာလို့ ထင်ပါရဲ့လေ. . . ဥပစာသိပ္ပံအောင်ပြီးကာမှ ဝိဇ္ဇာတန်း ပြောင်းခဲ့ရတယ်"

စက်ရှင်တရားသူကြီးသည် ၎င်း၏ နောက်ကြောင်းကို မကျေမချမ်း ပြန်၍ ပြောဆိုတတ်လေသည်။

"ကျွန်တော်လည်း ဆေးသိပ္ပံကို ခဲခဲယဉ်းယဉ်း သင်ခဲ့ရပါတယ်ဦး၊ တကယ်လို့ ဆုံးသွားတဲ့ ကြီးကြီးစုကသာ ဆက်မသင်ပေးခဲ့ရင် ကျွန်တော် အင်မတန် ဖြစ်ချင်တဲ့ ဆရာဝန်တစ်ယောက် ဘယ်လိုနည်းနဲ့မှ ဖြစ်လာလိမ့်မယ် မဟုတ်ပါဘူး ခင်ဗျာ"

ဒေါက်တာလွမ်းဝေကလည်း ခက်ခက်ခဲခဲ ရုန်းကန်လာခဲ့ရသော

၎င်းဘဝ၏ နောက်ကြောင်းများကို အိမ်ရှင်အား ရင်းရင်းနှီးနှီး ပြောပြလေသည်။

"မောင့်ကြီးကြီးလို မိန်းမမျိုးကတော့ ရှားပါတယ်လေ၊ တကယ့်သူတော်ကောင်းမကြီး တစ်ယောက်ပါ"

"ကြီးကြီးစုက ကျွန်တော့်ကိုသာ မဟုတ်သေးဘူး ဦးရဲ့၊ ပညာသင်ချင်လျက်နဲ့ မသင်နိုင်ရှာတဲ့ ဒီ့အပြင်က မရှိဆင်းရဲသား သားသမီးတွေကိုလည်း သင်ပေးတတ်ပါတယ်"

"မောင့်ကြီးကြီးနဲ့ ဦးတို့ မကွေးမှာ အတူနေကြရတုန်းက မောင့်ဦးကြီးရဲ့ရုံးက မင်းစေတစ်ယောက်ရဲ့သားကိုတောင် ကျောင်းထားပေးခဲ့တာ ဦးမှတ်မိသေးတယ်"

ယင်းသို့ ၎င်း၏ဖခင်နှင့် ဒေါက်တာလွမ်းဝေတို့ ဧည့်ခန်း၌ စကားကောင်းနေကြခိုက် မိမိသည် မီးဖိုချောင်ဘက်တွင် ၎င်း၏ဒေါ်လေးနှင့် စီမံခန့်ခွဲနေရာမှ ဝင်လာတတ်သည်။

"အစ်ကိုကြီး မြူးဇစ် ဝါသနာပါတယ်ဆို ဟုတ်လား"

မိမိသည် ၎င်းပြောဆိုလိုသောအကြောင်းကို ကလေးသူငယ်မလေး တစ်ယောက်လို ဖြုန်းဖြုန်းဒိုင်းဒိုင်း ဝင်ရောက်ပြောဆိုခြင်းလည်း ပြုတတ်သည်။

တစ်ယောက်တည်းသာရှိသော သမီးကလေးကို များစွာ အရေးပေး အလိုလိုက်ထားဟန်ရှိသော မုဆိုးဖိုကြီး ဦးဘသည် ဘာတစ်ခွန်းမျှ ဟန့်တား ပြောဆိုခြင်းမပြုတတ်ဘဲ ပြုံးပြုံးကြီး ကြည့်နေလေ့ရှိသည်။

လူကြီးများ စကားပြောဆိုနေခိုက် ထိုကဲ့သို့ ကြားဖောက် ဝင်ရောက် ပြောဆိုတတ်သောအလေ့ကို များစွာ အားပေးခြင်း ပြုလိုဟန် မရှိသော ဒေါက်တာလွမ်းဝေသည် မိမိ၏ မေးခွန်းကို ပြန်၍ ဖြေကြားခြင်း မပြုဘဲ ပြုံးရုံမျှ ပြုံးနေတတ်လေသည်။

"တစ်နေ့ညက မိမိ မြို့ထဲကအပြန် အစ်ကိုကြီးတို့အိမ်ရှေ့ကို ဖြတ်လာရတော့ အစ်ကိုကြီးတို့ အိမ်ပေါ်ထပ်က လက်ဆွဲဘာဂျာသံ ကြားရလို့ပါ"

မိမိသည် ဦးလွမ်းဝေ အနီးရှိ ကုလားထိုင် အလွတ်တစ်လုံးတွင် ဝင်၍ ထိုင်ရင်း ပြောဆိုလေသည်။

ဆရာဝန်ကြီး ဦးလွမ်းဝေသည် ပြုံး၍သာ နားထောင်ခြင်း ပြုလေသည်။ သို့ရာတွင် မိမိ၏ စကားကိုကား ရောနှောပြောဆိုခြင်း မပြုသေးချေ။



PDF_ Yaybawal

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



"နားထောင်လို့ ကောင်းတာနဲ့ အစ်ကိုကြီးတို့ အိမ်ရှေ့က ကုက္ကိုပင်ရိပ်မှာ မော်တော်ကားကိုရပ်ပြီး အစ်ကိုကြီး ဆွဲနေတဲ့ ယိုးဒယားဖိန်းချားကလေးကို ဆုံးအောင် မိမိ ခိုးပြီး နားထောင်ခဲ့မိသေးတယ်"

မိမိသည် ရိုးသားပွင့်လင်းသော ကလေးသူငယ်မကလေး တစ်ယောက်ကဲ့သို့ ပြောဆိုလိုရာကို တစ်ယောက်တည်း ပြောဆိုနေပေသည်။

စက်ရှင်တရားသူကြီးသည် ၎င်း၏ဆရာဝန်နှင့် သမီး၏ မျက်နှာများကို တစ်လှည့်စီကြည့်ကာ ပြုံးနေသည်။

"နောက်တစ်နေ့ မနော်ကို မိမိ မေးကြည့်တော့မှ အစ်ကိုကြီးဟာ လက်ဆွဲဘာဂျာကိုသာမကဘဲ တယောကိုပါ ထိုးတတ်တဲ့အကြောင်း သိခဲ့ရတယ်"

"မနော်က မိမိကို အစ်ကိုကြီးရဲ့ အတွင်းရေးတွေ ပြောပြလိုက်တဲ့အတွက် ဒီကောင့်ကို ဒဏ်ပေးရလိမ့်ဦးမယ်"

ပြုံး၍ နားထောင်နေရာမှ ဆရာဝန်ကြီး ဦးလွမ်းဝေသည် ပထမအကြိမ် စကားပြောခြင်း ပြုလိုက်လေသည်။

"အစ်ကိုကြီးက သီချင်းကြီး သီချင်းခန့်တွေ တော်တော် ရတယ်နဲ့တူတယ်"

မိမိသည် ၎င်းစိတ်ဝင်စားသိလိုသော အကြောင်းအရာကိုသာ ဆက်တိုက် မေးမြန်းခြင်း ပြုနေပေသည်။

"ကောလိပ်မှာတုန်းကတော့ တော်တော်ကလေး နှံ့စပ်အောင် တက်ခဲ့ဖူးပါတယ်၊ ဒါပေမယ့် ငယ်ငယ်တုန်းကလို အလေ့အကျင့်က မရှိလေတော့ မေ့တာတွေလည်း မေ့ကုန်ပါပြီ"

"ပီယာနိုကော အစ်ကိုကြီး အလေ့အကျင့် လုပ်ဖူးသေးလား ဟင်"

"အစ်ကိုကြီး ညီတစ်ယောက်ကတော့ သီချင်းတွေလည်း အများကြီးရပြီး ပီယာနိုလည်း သိပ်တော်တယ်"

စကားစပ်မိသောကြောင့် ပီယာနို အတီးကောင်းလှသော ညီလုပ်သူ၏ အကြောင်းကို ဆရာဝန်ကြီး ဦးလွမ်းဝေက ထည့်သွင်းပြောဆိုလိုက်သည်။

"ဩော်. . . မောင့်မှာ ညီအစ်ကို မောင်နှမတွေ ရှိသေးသကိုး"

ငြိမ်သက်စွာ ထိုင်၍နားထောင်နေသော စက်ရှင်တရားသူကြီးက ဝင်၍ မေးမြန်းလိုက်သည်။

နေရီရီ

PDF_ Yaybawal

"ကျွန်တော်နဲ့ အဖေတူ အမေကွဲ နှမနှစ်ယောက်နဲ့ ညီအငယ်ဆုံး တစ်ယောက် ရှိပါသေးတယ်ဦး"

"အော်. . . အော်. . . အော်"

ထိုမျှသာ အာမေဍိတ်ပြုလိုက်ပြီးနောက် မိမိ၏ဖခင်သည် ငြိမ်သက်နေလိုက်လေသည်။

"အစ်ကိုကြီး ညီဆိုတာက ဘယ်မှာနေလို့လဲဟင်၊ အစ်ကိုကြီး ဆီကို ဝင်တာထွက်တာ မိမိ တစ်ခါမှ မတွေ့မိ မမြင်မိပါလား"

"သူက ဗမာ့ရေတပ်မတော်မှာ တာဝန်ထမ်းဆောင်နေပါတယ်၊ စစ်တွေ ရေတပ်မှာ တာဝန်ရှိနေလို့ပါ"

"အော်. . . ရေတပ်မတော်က ဟုတ်လား"

"အတီးအမှုတ်ကို လိုက်စားလွန်းလို့ ဘီအေ မအောင်နိုင်တော့တဲ့ အဆုံး ရေတပ်ထဲကို ဝင်သွားတာပေါ့လေ"

"အော်. . . အစ်ကိုကြီးညီက ဂီတသမားကိုး"

"မောင်သန်းမောင်အကြောင်းပြောရင်း တစ်နေ့ကပဲ သူ့ဆီက စာတစ်စောင်လာသေးတာ ခုမှ သတိရတယ်"

"အစ်ကိုကြီး ညီရဲ့နာမည်က ဗိုလ်သန်းမောင်တဲ့လား"

"ဟုတ်တယ်. . . သူလည်း ရှေ့အပတ်ထဲလောက် စစ်တွေ ရေတပ်ခွဲက ရန်ကုန်ကို ပြန်ပြောင်းရတော့မှာမို့ အစ်ကိုကြီးဆီမှာ လာနေလိုတဲ့ အကြောင်း ခွင့်တောင်းထားတယ်"

"ဂီတသမားဆိုရင်တော့ အစ်ကိုကြီးအိမ်မှာပဲ နေပါစေလား ဟင်. . အစ်ကိုကြီး၊ မိမိလည်း သီချင်းကြီးတွေ ဘာတွေ တက်ရတာပေါ့"

"အစ်ကိုကြီးရဲ့ ညီအငယ်ပဲ မိမိရယ်၊ အစ်ကိုကြီးဆီမှာ လာနေချင်တယ်ဆိုတာကို အစ်ကိုကြီး ဘယ်လိုလုပ်ပြီး ငြင်းလို့ ဖြစ်နိုင်ပါ့မလဲ"

ယင်းသို့ ဧည့်ခန်း၌ ဆရာဝန်ကြီး ဦးလွမ်းဝေနှင့် မိမိတို့ သားအဖ စကားကောင်းနေခိုက် မိမိတို့ သားအဖကို စောင့်ရှောက် အုပ်ထိန်းပေးနေသော ဦးဘ၏ နှမဝမ်းကွဲ အဒေါ်ကြီးသည် ဝင်လာသည်။

"စကားကောင်းနေကြတယ်နဲ့တူတယ်၊ ဒါပေမဲ့ ထမင်းတော့ ပြင်ထားပြီးနေပြီ"

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



ညစာစားသောက်ရန်အတွက် အဆင်သင့် ခူးခပ်ပြင်ဆင်ထားပြီးသည့် အကြောင်းကို မိမိ၏ ဒေါ်လေးက အားလုံးအတွက် ပြောဆိုရင်း. . .

"ဆရာကြိုက်တတ်တဲ့ ဟင်းရွက်စုံသနပ်လည်း ပါပါတယ်"

ဟု ဒေါက်တာလွမ်းဝေကို သတ်သတ်ပြောဆိုလေသည်။

"ကျွန်တော်လည်း ဒေါ်လေးတို့ အိမ်မှာချည်းလိုလို စားနေသောက်နေကြ ဖြစ်နေတော့လို့ အိမ်က ဦးခန့်တို့ လင်မယားကတောင် ညနေတိုင်း မနက်ဖြန် အိမ်မှာ ထမင်းစားမလားလို့ မေးမေးနေကြပြီ"

တနင်္ဂနွေတစ်ပတ်လျှင် မိမိ၏နေအိမ်၌ ညစာကို သုံးနပ်စာမျှ လောက်သာ စားရတော့သော ဦးလွမ်းဝေက ပြန်လည်ပြောဆိုလိုက်လေသည်။

"ဘာလဲ ဦးခန့်တို့က အစ်ကိုကြီးကို မိမိတို့အိမ်မှာ ထမင်းစားစားနေတာကို မနာလိုကြတော့ဘူး ထင်ပါရဲ့"

မိမိက ၎င်း၏ မကျေနပ်ချက်ကို ဝင်ရောက် ပြောဆိုလိုက်ပြန်လေသည်။

"ဒီလိုတော့ ဟုတ်မယ် မထင်ပါဘူး မိမိရယ်၊ ဆရာ့ကို အိမ်မှာစားမယ်ထင်ပြီး ချက်ထားပြုတ်ထားရာက အိမ်မှာ ဆရာက မစားတော့ အလဟဿ ဖြစ်ကုန်လို့နဲ့ တူပါတယ်"

မိမိ၏ ဒေါ်လေးကပင် မိမိ၏ စကားကို ပြန်၍ ဖြေရှင်းပြောကြားလိုက်သည့်အတွက် ဦးလွမ်းဝေသည် ဘာမျှပြောဆိုခြင်း မပြုရတော့ဘဲ အိမ်သားများနှင့်အတူ ထမင်းစားခန်းထဲသို့ လိုက်ပါလာခဲ့လေသည်။

## (၂)

စံပယ်မြိုင်တွင် ကြေးဝါဆိုင်းဘုတ်ကလေးကို မိမိသဘောတစ်ခုတည်းနှင့် ချိတ်ဆွဲလိုက်ပြီးနောက် ဆရာဝန်ကြီးဦးလွမ်းဝေသည် သက်ဆိုင်ရာမှ မည်သို့ မည်ပုံ တုံ့ပြန်ခြင်းနှင့် အရေးယူခြင်းပြုမည့် အရေးအခင်းများကို စောင့်ဆိုင်းရင်း ကံဘဲ့နှင့် အနီးအနားတစ်ဝိုက်တွင် တစ်စထက်တစ်စ လူသိများသော ဆရာဝန်ကြီးတစ်ဦး ဖြစ်လာပေသည်။ မာလာမြိုင်မှ စက်ရှင်တရားသူကြီး ဦးဘနှင့် အိမ်သားများက ကံဘဲ့တစ်ဝိုက်တွင် အေးအေးချမ်းချမ်း နေထိုင်လျက်ရှိကြသောအထက်တန်းစားများကို ကြော်ငြာပေးလျက် ရှိကြသဖြင့် ဆရာ



PDF_ Yaybawal

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



ဝန်ကြီး ဦးလွမ်းဝေ၏ တစ်စထက်တစ်စ တိုးတက် များပြားလာသော လူနာများ ထဲတွင် လူကုံထံများနှင့် ကြေးရတတ်များလည်း တော်တော် များပြားလာကြ လေသည်။ ကံဘဲ့ အနီးအနား တစ်ဝိုက်တွင် ဥယျာဉ်ခြံမြေ လုပ်ကိုင်စားသောက် ကြသော လူဆင်းရဲတစ်ဦး၊ နှစ်ဦးကို မေတ္တာဖြင့် ကုသပေးလိုက်သည်ကို အကြောင်းပြု၍လည်း ဆရာဝန်ကြီး ဦးလွမ်းဝေ၏ လူနာများထဲတွင် ဆင်းရဲသား နှင့် အောက်တန်းစားများသည်လည်း တစ်နေ့တခြား တိုးတက်များပြား၍ လာ ပေသည်။ မည်ကဲ့သို့ပင် လူနာများ တစ်စထက်တစ်စ တိုးတက်များပြားလျက် ရှိနေစေကာမူ မာလာမြိုင်မှ စက်ရှင်တရားသူကြီး ဦးဘနှင့် မိသားစုတို့ကတော့ ဆရာဝန်ကြီး ဦးလွမ်းဝေကို ၎င်းတို့၏ မိသားစု ဆရာဝန်ကဲ့သို့ သဘောထား မြဲထားကာ ဆက်ဆံမြဲ ဆက်ဆံလျက်သာ ရှိကြပေသည်။ ဗိုက်နာသည်ကအစ ခေါင်းကိုက်သည်အဆုံး ဦးလွမ်းဝေကို ပြရမှ စိတ်ကျေနပ်ကြပေသည်။ ဒေါက်တာလွမ်းဝေတိုက်သော မဆေးကိုသောက်ရမှ ပျောက်သည်ဟု အထင် ရောက်ရှိနေကြပေသည်။

တစ်စထက်တစ်စ လူသိများလာသည့် အလျောက်လည်း လူနာများ ကို လက်မလည်အောင် ကုသခြင်း ပြုနေရသည့်အတွက် မနော်တစ်ယောက် ကတော့မူ ငယ်ရွယ်သူပီပီ ဝမ်းမြောက်ဝမ်းသာ ဖြစ်နေပေသည်။ သူသည် လက်မလည်နိုင်အောင် အလုပ်တို့ကို လုပ်ကိုင်နေရသော်လည်း လေကလေး တချွန်ချွန်နှင့် ပျော်ရွှင်လျက် ရှိနေပေသည်။

ဒေါက်တာလွမ်းဝေကတော့မူ ၎င်းလုပ်နေ ကိုင်နေသော အလုပ်ကို ၎င်းဘာသာ အသိဆုံး ဖြစ်လေသည်။ တကယ်ဆိုတော့ သက်ဆိုင်ရာ တန်ခိုးရှင် နှင့် အာဏာပိုင်သူတို့က ရေးဆွဲသတ်မှတ်ထားသော တရားဥပဒေ အပြင်ဘက် မှ သူသည် ဆရာဝန်တစ်ယောက် ဖြစ်လေသည်။ သူ လုပ်ကိုင်နေသော အလုပ် သည် တရားဥပဒေ အပြင်ဘက်က အလုပ်ဖြစ်နေ၍ သူသည် ထိုအမှုအတွက် အချိန်မရွေး ရင်ဆိုင်ခြင်း ပြုရဖို့အကြောင်း ရှိနေလေသည်။ သို့ရာတွင် ထိုသို့ ရင်ဆိုင်ခြင်းပြုရန် အမှုအတွက် သူသည် ကောင်းစွာ စဉ်းစားပြင်ဆင်ပြီးမှ သူ လုပ်သင့်လုပ်ထိုက်သည်ဟု ထင်မြင်၍ ပြုလုပ်ခဲ့ခြင်းလည်း ဖြစ်လေသည်။

သူ၏ကြီးတော် သေဆုံးပြီးနောက် တစ်လပြည့်သောနေ့တွင် သူသည် ကြေးဝါဆိုင်းဘုတ်ကို တင်ခဲ့လေသည်။ သူ၏ ပထမဦးဆုံး ဖောက်သည်မှာ



PDF_ Yaybawal

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



လည်း စက်ရှင်တရားသူကြီးတစ်ဦးပင် ဖြစ်လေသည်။ ယခုအခါတွင် ထို ဆိုင်းဘုတ်ကို တင်ခဲ့သည်မှာ သုံးလမျှပင် ကျော်လွန်၍ သူသည်လည်း လူနာ ပေါင်း ၅၀၀ ကျော်ကျော်ကို ဆေးကုသ ပြီးခဲ့လေပြီ။ သို့ရာတွင် သူ စောင့်မျှော် နေသော သက်ဆိုင်ရာမှ မည်ကဲ့သို့မျှ တုံ့ပြန်ခြင်းအမှုတော့ကား မရှိသေးချေ။

သက်ဆိုင်ရာ အာဏာပိုင်များသည် ဒေါက်တာလွမ်းဝေ တိတိ လင်းလင်း လုပ်ကိုင်လျက်ရှိသော အလုပ်ကို လုံးဝမသိ၍ပင် ဖြစ်လေသလော၊ သို့မဟုတ် သိလျက်နှင့်ပင် နားလည်မှုဖြင့် မသိချင်ယောင်ဆောင်နေလေ သလော။ ထိုလော နှစ်လောကို ဆရာဝန်ကြီး ဦးလွမ်းဝေသည် အမျိုးမျိုး ချိန်ထိုး ခန့်မှန်းကြည့်ရလေသည်။ ရန်ကုန်ကဲ့သို့ မြို့ကြီး၏ တစ်နေရာတွင် အတိ အလင်း ဆိုင်းဘုတ်တင်ကာ လူနာပေါင်း မြောက်မြားစွာကို ဆေးကုသပေးနေ သော ဆရာဝန်တစ်ဦး၏ လုပ်ငန်းကို သက်ဆိုင်ရာ အာဏာပိုင်တို့သည် မသိဘဲတော့ကား မဖြစ်နိုင်ရာချေ။

စံပယ်မြိုင်တွင် ကြေးဝါဆိုင်းဘုတ်တင်လိုက်ပြီးနောက် ၃ လ ကျော် လွန်၍ လာသည့်တိုင်အောင် မည်ကဲ့သို့မျှ ထူးထူးခြားခြားနှင့် လှုပ်လှုပ်ရှားရှား ဖြစ်မလာသောအခါ ဆရာဝန်ကြီး ဦးလွမ်းဝေသည် တစ်စထက်တစ်စ စိတ်လက်အေးချမ်းစ ပြုလာပေသည်။ သို့ရာတွင် ထိုစိတ်လက်အေးချမ်းမှုသည် ကြာကြာတော့ကား တည်မြဲခြင်း မရှိချေ။ လူတို့၏ ဘဝလမ်းခရီးတစ်လျှောက်၌ စိတ်ပင်ပန်းစရာ၊ သို့မဟုတ် စိတ်ညစ်ညူးစရာအကြောင်းများသည် တစ်မျိုး မဟုတ်လျှင် တစ်မျိုးမျိုးကဖြင့် ကြံဖန်၍ ပေါ်လာတတ်သကဲ့သို့၊ စိတ်အေး လက်အေး အေးအေးချမ်းချမ်းနှင့် နေရထိုင်ရတော့မည်ကဲ့သို့ ရှိနေလေပြီ ဖြစ်သော ဆရာဝန်ကြီး ဦးလွမ်းဝေတွင်လည်း တစ်မျိုးမဟုတ် တစ်မျိုးသော အကြောင်းသည် ကြံဖန်၍ ပေါ်ပေါက်ရပြန်လေသည်။

## (၃)

ထိုသို့ ကြံဖန်၍ ပေါ်ပေါက်လာသည်ဆိုသော အကြောင်းမှာလည်း အခြားအကြောင်းတော့ကား မဟုတ်ချေ။ စစ်တွေ ရေတပ်ခွဲတွင် တာဝန်ထမ်း ဆောင်နေရာမှ ရန်ကုန် ရေတပ်သို့ ပြောင်းရွှေ့လာရသော ဆရာဝန်ကြီး ဦးလွမ်းဝေ၏ ညီအငယ်ဖြစ်သူ ဗိုလ်သန်းမောင်၏ အကြောင်းပင် ဖြစ်လေ



PDF_ Yaybawal

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



သည်။

ဗိုလ်သန်းမောင်သည် အသက်အစိတ်သာသာခန့် လူငယ်တစ်ဦး ဖြစ်လေသည်။ ညီအစ်ကို မောင်နှမများတစ်စုတွင် သူသည် အငယ်ဆုံး ဖြစ်သောကြောင့် မိဘများလက်ထက်ကရော၊ မိဘများမရှိကြသည့် နောက်ပိုင်းမှာရော အားလုံး၏ အရေးပေးခြင်းနှင့် အလိုလိုက်ခြင်းကို ခံထားရသော သူတစ်ယောက်လည်း ဖြစ်လေသည်။

မိဘများရှိစဉ်က သူသည် အတီးအမှုတ်နှင့် ပျော်မှုပါးမှုလောက်ကိုသာ အချိန်ပေးနေသူ ဖြစ်လေသည်။ ထို့ကြောင့် သူသည် အများတကာ တစ်နှစ်နှင့် မအောင်လျှင် နှစ်နှစ်လောက်နှင့် အောင်လေ့ရှိကြသော ဘီအေကိုပင် ၃ နှစ် ဆက်ဖြေ၍မှ မအောင်ခဲ့သူ ဖြစ်လေသည်။ ဘီအေကို မည်ကဲ့သို့မျှ မအောင်နိုင်သောအခါ သူသည် ၎င်း၏မိခင် မုဆိုးမကြီးကို သော်လည်းကောင်း၊ ၎င်း၏ အစ်ကိုကြီး ဦးလွမ်းဝေနှင့် အစ်မလတ်၊ အစ်မလေးတို့ကို လည်းကောင်း တိုင်ပင်ပြောကြားခြင်း ဘာတစ်ခွန်းမျှမပြုဘဲ ၎င်း၏သဘောတစ်ခုတည်းနှင့် ဗမာ့ရေတပ်မတော်သို့ ဝင်ရောက်ခြင်း ပြုသွားသော သူတစ်ယောက်လည်း ဖြစ်လေသည်။ ယင်းသို့ ရေတပ်သို့ဝင်ရောက်သွားပြီးနောက် ဗိုလ်သာ ဖြစ်လာခဲ့သည်။ သူ၏လခကိုမျှပင် တစ်လနှင့်တစ်လ အလျှင်မီအောင် သုံးစွဲခြင်း ပြုတတ်သူတစ်ယောက်ပင် မဟုတ်ချေ။ အစ်ကိုကြီးဆီတစ်လှည့်၊ အစ်မလတ်နှင့် အစ်မလေးတို့ဆီ တစ်လှည့် လှမ်း၍ လှမ်း၍ တောင်းသုံးနေသောသူ ဖြစ်လေသည်။ ၎င်းနှင့် အဖေတူ အမေကွဲ များဖြစ်ကြသော အစ်မလတ်နှင့် အစ်မလေးတို့သည် ဗိုလ်သန်းမောင်ကို များစွာ အလိုမလိုက်တတ်ကြချေ။ သို့ရာတွင် ၎င်း၏ အစ်ကိုကြီး ဦးလွမ်းဝေကတော့မူ ညီအငယ်ဆုံး ဖြစ်သော ဗိုလ်သန်းမောင်ကို အလိုလိုက်လေ့ရှိသည်။ ယင်းသို့ အစ်ကိုကြီးလုပ်သူက ညီအငယ်ဆုံးကို အလိုလိုက်လေ့ရှိသောကြောင့် ကြားမှ မိန်းမသားနှစ်ဦးတို့သည် ၎င်းတို့၏ အစ်ကိုကြီးလုပ်သူကို ထိုမျှအထိ အလိုမလိုက်ရန် မကြာခဏ စာရေး၍ ဆူပူ ပြောဆိုတတ်ကြသည်။

"သန်းမောင်ကို အစ်ကိုကြီး ခုလိုသာ အလိုလိုက်နေရင် ဒီကောင် ဒီထက် ပျက်စီးလိမ့်မယ်၊ အစ်ကိုကြီးက သူ့ကို အလိုလိုက်မှန်းသိလို့ ဒီကောင်ဟာ ခုလို ဆိုးနေတာ"



PDF_ Yaybawal

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



ဗိုလ်သန်းမောင် ထက်အကြီး၊ ၎င်းထက် အငယ်များဖြစ်ကြသော မိန်းမသားနှစ်ဦးတို့က ဦးလွမ်းဝေကို လှမ်း၍လှမ်း၍ အပြစ်တင်ရေးသားခြင်း ပြုတတ် ကြလေသည်။

ဗိုလ်သန်းမောင်သည် ၎င်း၏ ညီအငယ်ဆုံးဖြစ်၍ ဆရာဝန်ကြီး ဦးလွမ်းဝေသည် တော်တော်ကလေး ချစ်လေသည်။ ငယ်စဉ်မှစ၍ တော်တော် ကလေးလည်း အရေးပေး၊ အလိုလိုက်ခဲ့သည်။ ယင်းသို့ အစ်ကိုကြီး၏ အရေးပေး၊ အလိုလိုက်ခြင်းခံခဲ့ရသောကြောင့် ဗိုလ်သန်းမောင်သည် ၎င်းအထက် အကြီး များ အပေါ်တွင် ဆိုးချင်သလို ဆိုးလာခဲ့သည်။ အစ်ကိုကြီး ဦးလွမ်းဝေ ကလွဲ လျှင် ကျန်သော အစ်မနှစ်ယောက်တို့ကို သူသည် အသက်ရှိသည်ပင် မထင်ချေ။

"သန်းမောင်ဟာ တို့အထဲမှာ အငယ်ဆုံး မဟုတ်လား၊ နင်တို့ဟာ ဒီ ကလေးကို ဒါလောက်ကလေးမှတောင် သည်းညည်းမခံချင်ကြတော့ဘူးလားကွယ်"

ဗိုလ်သန်းမောင်နှင့် ပတ်သက်၍ နှမအလတ်များက အပြစ်ဆို တိုင်ကြားလိုက်သောအခါများတွင် ဦးလွမ်းဝေသည် ညီအငယ်လုပ်သူဘက်မှ ကာဆီးကာဆီးလုပ်ကာ ထိုကဲ့သို့ အပြစ်တင် ရေးသားလိုက်တတ်သည်။ ယင်းသို့ အစ်ကိုကြီး ဦးလွမ်းဝေက ၎င်းတို့ဘက်မှ မနေဘဲ၊ အငယ်ဆုံး ဗိုလ်သန်းမောင် ဘက်ကချည်းလိုလို နေတတ်သဖြင့် ကြားမှ မိန်းမသားနှစ်ဦးတို့သည် ၎င်းတို့၏ အစ်ကိုကြီး အပေါ်၌ များစွာ မကျေမနပ် ဖြစ်တတ်ကြလေ့ရှိသည်။

"ဒီအကောင်ကို အစ်ကိုကြီး ခုလိုသာ ကြပ်ကြပ်အလိုလိုက်ပါ၊ တစ်နေ့ အစ်ကိုကြီးကိုတောင် စော်ကားသွားလိမ့်မယ်၊ ဒီအကြောင်းကို ကျွန်မတို့ က သတိမပေးဘူးရယ်လို့သာ မရှိပါစေနှင့်"

နှမအလတ်နှစ်ယောက်စလုံးက ဤကဲ့သို့ သဘောနှင့် အနက် အဓိပ္ပာယ် ပါရှိသောစာမျိုးကို ရေးခဲ့ကြလေသည်။ သို့ရာတွင် ဦးလွမ်းဝေသည် နှမအလတ်များ၏ သတိပေးစာများကို အနည်းငယ်မျှ အရေးလည်း မထား၊ ဂရုလည်း မစိုက်ခဲ့ချေ။ သူသည် ထိုညီအငယ်ကို အချစ်လည်း အချစ်ဆုံးဖြစ် သည့်အလျောက် အလိုလိုက်မြဲပင် လိုက်ထားခဲ့သည်။

ယခုအခါတွင် ဆရာဝန်ကြီး ဦးလွမ်းဝေ၏ညီ ရေတပ်မတော်မှ ဗိုလ် သန်းမောင်သည် စစ်တွေရေတပ်ခွဲမှ ရန်ကုန်သို့ ပြောင်းရွှေ့လာရတော့မည် ဖြစ်သဖြင့် ၎င်းနှင့်အတူ လာရောက်နေထိုင်ခြင်းပြုရန် စာရေး အခွင့်တောင်း



PDF_ Yaybawal

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



လိုက်လေပြီ။

တစ်ယောက်နှင့်တစ်ယောက် နှစ်ပေါင်းကြာမြင့်စွာ လူချင်းကွဲ၍ နေထိုင်ခဲ့ရသော ဆရာဝန်ကြီး ဦးလွမ်းဝေသည် ညီအငယ်လုပ်သူကို ဝမ်းမြောက်ဝမ်းသာ လက်ခံမည်ဖြစ်ကြောင်း စာပြန်လိုက်လေသည်။ သူ့ထက် အသက် ၁၅ နှစ် ကျော်ကျော်မျှ ငယ်ရွယ်သော ညီအငယ်ကို ဦးလွမ်းဝေသည် ၎င်း၏ နေအိမ်၌ လက်ခံရန် အဆင်သင့်ပြင်ဆင်ခြင်း ပြုလေသည်။ သို့ရာတွင် ၎င်း၏ ညီအငယ် ဗိုလ်သန်းမောင် ရောက်ရှိလာသောကိစ္စသည် ၎င်း၏ ဘဝကြီး တစ်ခုလုံးကို မည်သို့ မည်ပုံ ပြောင်းလွဲပစ်လိုက်တော့မည်ဆိုသည့်အကြောင်းကိုကား ဆရာဝန်ကြီး ဦးလွမ်းဝေတစ်ယောက်သည် အဘယ်သို့ သိရှိနိုင်ပါမည်နည်း။ ထို့အတူ အသက်ငယ်ရွယ်၍ အမှုမဲ့ အမှတ်မဲ့ နေထိုင်ခြင်းပြုတတ်သော ဗိုလ်သန်းမောင်ကလည်း အဘယ်သို့ သိရှိနိုင်ပါမည်နည်း။

ရတနာပုံရေဆိပ်သို့ ဗိုလ်သန်းမောင် အုပ်ချုပ်ရသော တိုက်သင်္ဘော စစ်တွေမှ ရောက်ရှိသောနေ့က ဆရာဝန်ကြီး ဦးလွမ်းဝေသည် အိမ်မှ မော်တော်ကားကို ၎င်းကိုယ်တိုင်မောင်း၍ သွားရောက်ကြိုကာ စံပယ်မြိုင်သို့ ခေါ်ဆောင်လာခဲ့လေသည်။ သို့ရာတွင် ငယ်ရွယ်သော ဗိုလ်သန်းမောင်သည် ၎င်း၏ အစ်ကိုကြီးနှင့် စံပယ်မြိုင်သို့ တစ်ပါတည်း လိုက်မလာချေ။ လမ်းတွင် ဆင်းကျန်ရစ်ခဲ့သည်။ သူသည် အပေါင်းအသင်းများနှင့် တွေ့သဖြင့် အစ်ကိုကြီးထံမှ ငွေ ၁၀၀ တောင်းကာ ကျန်ရစ်ခဲ့ခြင်း ဖြစ်လေသည်။

"အိမ်မှာ ညစာချက်ထားတယ်ဟေ့နော် မောင်သန်းမောင်၊ မင်း သိပ်မိုးချုပ်အောင် လျှောက်လည်မနေနဲ့ ကြားလား၊ ၇ နာရီထက် နောက်မကျအောင် ပြန်လာခဲ့"

ဒေါက်တာလွမ်းဝေသည် ရန်ကုန်သို့ ရောက်ရောက်ချင်း ၎င်း၏ အပေါင်းအသင်းများနှင့် လည်ပတ်သုံးစွဲရန်အတွက် ငွေ ၁၀၀ တန် စက္ကူတစ်ရွက်ကို ထုတ်ပေးရင်း မှာကြားပြောဆိုလိုက်ရသည်။ သို့ရာတွင် ညီလုပ်သူကတော့ ဘာမျှပြန်၍ မပြောချေ။ ရေတပ်မှ ဂျစ်ကားပေါ်သို့ တက်ကာ ၎င်း၏ အပေါင်းအသင်းများနှင့် လိုက်ပါ၍ သွားလေသည်။

* * *

**နေရီရီ**

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com

# အိပ်၍ မပျော်သော ဆရာဝန်ကြီး

(၁)

စစ်တွေမှ ရန်ကုန်သို့ ပြောင်းရွှေ့ရောက်ရှိလာပြီး နောက်တစ်နေ့တွင် ဆရာဝန်ကြီး ဦးလွမ်းဝေတို့ ညီအစ်ကိုနှစ်ယောက်စလုံးကို မာလာမြိုင်မှ ညစာ စားသောက်ခြင်း ပြုရန်အတွက် မိမိ ကိုယ်တိုင် စံပယ်မြိုင်သို့ လာ၍ ဖိတ်ကြား လေသည်။ ထိုသို့ မိမိ လာရောက်ဖိတ်ကြားသော အချိန်သည် နံနက် ၉ နာရီခွဲ သာသာ ၁၀ နာရီခန့်ဖြစ်၍ ဆရာဝန်ကြီး ဦးလွမ်းဝေသည် ၎င်း၏ ဆေးခန်းထဲတွင် အပြင်လူနာများနှင့် အလုပ်များနေလေသည်။ သူသည် မိမိ အိမ်ထဲသို့ ရောက်ရှိ လာပြီးနောက် ဧည့်ခန်းထဲ၌ထိုင်ကာ ဆေးသိပ္ပံမဂ္ဂဇင်းများကို ဟိုလှန် ဒီကြည့် လုပ်ရင်း စောင့်ဆိုင်းနေခြင်းကိုပင် သတိမထားမိအားချေ။ သူ၏ ဆေးခန်းအပြင် ဘက်တွင် စီတန်း၍ထိုင်ကာ ၎င်းတို့၏ အလှည့်များကို စိတ်ရှည်လက်ရှည် စောင့်ဆိုင်းနေကြသော လူနာများကို တစ်ယောက်ပြီးတစ်ယောက် ဆေးထိုးပေး နေသည်။ ဒေါက်တာလွမ်းဝေကိုယ်တိုင် အလုပ်များနေသောအခါ ၎င်းကို အစစ အရာရာတွင် အကူအညီပေးနေရသော မနော်သည်လည်း လက်မလည်နိုင် အောင် အလုပ်များနေပေသည်။ ထို့ကြောင့် မနော်သည်ပင် ဧည့်ခန်းထဲတွင် ထိုင်စောင့်နေသော မိမိ ကို မမြင်ချေ။

ဦးလွမ်းဝေအား ချက်ပြုတ်ကျွေးမွေးကာ စောင့်ရှောက်နေကြသော ဦးခန့်နှင့် ဒေါ်လှတို့ လင်မယားနှစ်ယောက်အနက် ဦးခန့်သည် ဈေးသို့ သွားနေ ရာမှ အိမ်သို့ ပြန်မရောက်သေးချေ။ ဒေါ်လှကလည်း နံနက်စာကို အချိန်မှန် ကျွေးမွေးနိုင်ရန်အတွက် မီးဖိုချောင်ဘက်တွင် တစ်ယောက်တည်း အလုပ်များ



PDF_ Yaybawal

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



နေသဖြင့် မိမိတစ်ယောက် ရောက်နေသည်ကို တွေ့မြင်မိဟန်မရှိချေ။

မိမိသည် ဆေးသိပ္ပံအတတ်ပညာနှင့် ပတ်သက်၍ ဘာမျှသင်ကြားဖူးသော မိန်းကလေးတစ်ယောက်မဟုတ်သော်လည်း တက္ကသိုလ်ကျောင်းကြီးထွက်နှင့် ခေတ်ပညာတတ်တစ်ဦးအနေနှင့် ဆေးသိပ္ပံ မဂ္ဂဇင်းတစ်စောင်မှ ကင်ဆာရောဂါနှင့် ပတ်သက်သော ဆောင်းပါးတစ်စောင်ကို ဗဟုသုတ ရလိုရငြားနှင့် အပျင်းပြေ ဖတ်ရှုနေပေသည်။ ယင်းသို့ ဧည့်ခန်း၌ ဧည့်ခံမည့်သူ အိမ်ရှင်မရှိဘဲ မဂ္ဂဇင်းတစ်စောင်ကို အဖော်လုပ်နေရသော မိမိကို ရှေးဦးစွာ စ၍မြင်သူမှာ အိမ်အပေါ်ထပ်မှ မျက်နှာသုတ်ပုဝါကို လည်ပင်းတွင် ဖိုသီဖတ်သီပတ်ကာ ဆင်းလာသော ဒေါက်တာလွမ်းဝေ၏ ညီလုပ်သူပင် ဖြစ်လေသည်။

ဗိုလ်သန်းမောင်သည် ၎င်း၏ အပေါင်းအသင်းများနှင့် ည ၉ နာရီခွဲပွဲ ရုပ်ရှင်ကို ကြည့်ရှုပြီးမှ စံပယ်မြိုင်သို့ ပြန်လာလေသည်။ သူသည် တစ်နာရီကျော်ကျော်မှ အိပ်ရာသို့ဝင်ရသောကြောင့် နေတော်တော်ကြီးမြင့်ကာမှ အိပ်ရာမှ နိုးလာဟန် ရှိပေသည်။

မျက်နှာသစ်ရန်အတွက် အိမ်အပေါ်ထပ်လှေကားမှ ဆင်းလာကတည်းက ရေတပ်အရာရှိတစ်ဦးပီပီ မျက်စိလျင် ဖျတ်လတ်သော ဗိုလ်သန်းမောင်သည် ဧည့်ခန်းလယ်၌ ဧည့်ခံမည့်သူမရှိသဖြင့် တစ်ယောက်တည်း ငုတ်တုတ်ကလေး ထိုင်ကာ စာကြည့်နေသော မိန်းမချောကလေးတစ်ယောက်ကို တွေ့မြင်လိုက်ပြီး ဖြစ်လေသည်။ မိမိကတော့မူ လှေကားထက်မှဆင်းလာသော ဆရာဝန်ကြီး ဦးလွမ်းဝေ၏ ညီလုပ်သူကို သတိမထားမိချေ။ ဖတ်ရှုနေသော ဆောင်းပါးထဲတွင် စိတ်ပါဝင်စားကာ နစ်မြုပ်နေပုံရလေသည်။

အဖော်မရှိဘဲ တစ်ယောက်တည်း ထိုင်ကာ စာဖတ်နေသော မိန်းမလှကလေးကို ရေတပ်အရာရှိကလေးသည် စူးစိုက်ကြည့်ရှုရင်း အိမ်အပေါ်ထပ်လှေကားမှ ဆင်းလာပြီးနောက် လှေကားရင်းတွင် ရပ်လိုက်လေသည်။ သူသည် လှေကားရင်းတွင်ရပ်ကာ အတန်ကြာမျှ မိမိကို စူးစိုက်ကြည့်ရှုနေသည်။ သို့ရာတွင် မိမိ တစ်ယောက်ကတော့ သူ့ကို မမြင်ချေ။ ဆေးသိပ္ပံ မဂ္ဂဇင်းကို စိတ်ပါဝင်စားစွာ ဖတ်ရှုနေပေသည်။

ထိုမျှ လှပချောမောသော အမျိုးသမီးသည် ၎င်းအစ်ကိုကြီး၏ လူနာတစ်ဦးပင် ဖြစ်လေသလော။ သို့ရာတွင် ထိုအမျိုးသမီးသည် လူနာတစ်ဦး



PDF_ Yaybawal

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



နှင့် တော့ကား မတူလှချေ။ ကောင်းစွာ ကျန်းမာပုံရပေသည်။ အကယ်၍ လူနာတစ်ဦးဖြစ်လျှင်လည်း လူနာများထိုင်စောင့်နေကြသော ခုံတန်း၌သာ ၎င်း၏အလှည့်ကို စောင့်မျှော်နေဖို့ ရှိပေသည်။

မိန်းမပျိုသည် လှပချောမောသူတစ်ဦးဖြစ်သကဲ့သို့ သားသားနားနား ဝတ်စားဆင်မြန်း၍လည်း ထားလေသည်။ ခေတ်ဆန်ဆန်ထဲကလည်း ဖြစ်ပုံရလေသည်။

ထိုလှပသော ဧည့်သည်သည် ၎င်းအစ်ကိုကြီး၏ ဧည့်သည်ပင် ဖြစ်တန်ရာပေသည်။ သို့ရာတွင် ထိုဧည့်သည်သစ်ကို ဧည့်ခံမည့်သူ တစ်ဦးတစ်ယောက်မျှတော့ မရှိချေ။ သူသည် အစ်ကိုကြီး၏အစား ဝင်ရောက် ဧည့်ခံပေးရမည်လော။ သူသည် ထိုအလုပ်ကို ဘယ်သူကမှလည်း မခိုင်းစေဘဲ အလိုလို စိတ်ဝင်စားနေပုံ ရလေသည်။

သူသည် သန့်ရှင်းခြင်း မပြုရသေးသော သူ၏ အဖြစ်ကိုလည်း သတိရလာပြန်သည်။ ဤကဲ့သို့ပုံစံနှင့် လှပချောမောသော ဧည့်သည်ကို ဧည့်ခံ၍လည်း မဖြစ်သေးချေ။ လူတစ်ဦးနှင့်တစ်ဦး ပထမဦးဆုံး တွေ့ဆုံရခြင်းအမှု၌ အမြင်ကောင်းဖို့လိုအပ်သည် မဟုတ်သလော။ သူသည် ရေချိုးခန်းဘက်သို့ ခပ်သွက်သွက်ကလေး ထွက်သွားသည်။ ထို့နောက် မျက်နှာကို ကတိုက်ကရိုက်သစ်ကာ အိမ်အပေါ်ထပ်သို့ အပြေးကလေး ပြန်တက်လာခဲ့သည်။ ၁၀ မိနစ်ခန့်မျှ အတွင်း သူသည် ဧည့်ခန်းဆောင်ရှိ ဧည့်သည်တစ်ယောက်ယောက်နှင့် ဧည့်ခံစကားပြော ဆိုနိုင်သော အသွင်အပြင်ကို ဖန်ဆင်းပြီးစီးလေသည်။

ကိုယ်လုံးပေါ်မှန်ကြီးထဲတွင် သူ၏ကိုယ်ကို စိတ်ကျေနပ်လောက်အောင် အဘက်ဘက်က လှည့်ပတ်ကြည့်ရှုပြီးနောက် ဗိုလ်သန်းမောင်သည် အိမ်အပေါ်ထပ်လှေကားမှ ဣန္ဒြေရရ ဆင်းလာသည်။ လှေကားရင်းသို့ ရောက်သောအခါ သူသည် ဆေးသိပ္ပံ မဂ္ဂဇင်းတစ်စောင်ကို စူးစိုက်ဖတ်ရှုနေတုန်းပင်ဖြစ်သော အမျိုးသမီးကို တစ်ချက်မျှ လှမ်းကြည့်လိုက်ပြီးနောက်၊ ထိုဧည့်သည်ရှိရာသို့ ခပ်အေးအေး ခပ်မှန်မှန် လျှောက်လာသည်။

မိမိသည် ရေတပ်အရာရှိကလေးကို မမြင်ချေ။ ကင်ဆာဆောင်းပါးသည် ပြီးဆုံးကာနီးနေပြီဖြစ်၍ စူးစိုက်ဖတ်ရှုနေသည်။

ဗိုလ်သန်းမောင်သည် စားပွဲထက်မှ နေ့စဉ်ထုတ် အင်္ဂလိပ်ဘာသာ



PDF_ Yaybawal

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



ဖြင့် ပုံနှိပ်သော သတင်းစာတစ်စောင်ကို လှမ်းယူရင်း မိမိနှင့် မျက်နှာချင်းဆိုင် ကုလားထိုင်တစ်လုံးတွင် ထိုင်ချလိုက်လေသည်။ ဒီတော့မှပင် လှပချောမောသော ဧည့်သည်သည် ဧည့်ခန်းထဲသို့ နောက်ထပ် ဝင်လာသော လူတစ်ယောက်ကို ရုတ်တရက် မော့၍ ကြည့်လေသည်။

မျက်နှာစိမ်းဖြစ်သော ၎င်းနှင့် သက်တူရွယ်တူ ယောကျ်ားပျို တစ်ယောက်ကို ပြုံးစားကြီး တွေ့မြင်လိုက်ရသဖြင့် မိမိသည် အနည်းငယ်တော့ ရှက်ရွံ့သလို ဖြစ်သွားပုံရလေသည်။ သို့ရာတွင် ရဲရင့်ခေတ်မီသော ပညာတတ်မိန်းကလေးတစ်ဦးပီပီ ၎င်း၏ ဝမ်းတွင်းစိတ်ကို ပိပိရိရိ ဖုံးဖိကာ ပြုံးရုံမျှ ပြုံးလိုက်သည်။

"အစ်ကိုကြီးကို တွေ့ချင်လို့ စောင့်နေတယ် ထင်ပါတယ်"

ဖျတ်လတ်သော ရေတပ်အရာရှိကလေးတစ်ဦး ပီပီ ဗိုလ်သန်းမောင်သည် ၎င်းဘယ်သူဘယ်ဝါဖြစ်သည့်အကြောင်းကို သွယ်ဝိုက်၍ ပြောပြရင်း တစ်ယောက် တည်း ပျင်းရိနေသော မိန်းမပျိုကို အဖော်ပြုလိုက်သည်။

"အော် . . . ရှင်က အစ်ကိုကြီးရဲ့ညီ ကိုသန်းမောင်ဆိုတာလား"

မိမိကလည်း ရေတပ်အရာရှိကလေး၏စကားကို အစထုတ်၍ ပြောဆိုလေသည်။

"အစ်ကိုကြီးက ကျွန်တော့်အကြောင်းကို . . . "

"မိမိလို့ ခေါ်ပါတယ်"

"မိမိကို ပြောပြထားတယ်နဲ့ တူတယ်"

မိမိက ပြုံး၍ ဦးခေါင်းကိုသာ ညိတ်ပြလိုက်သည်။

"အစ်ကိုကြီးကို စောင့်နေတာ တော်တော်ကြာသွားပါပြီလားဟင်"

မိမိနှင့် အဆက်မပြတ် စကားပြောဆိုလိုဟန်ရှိသော ရေတပ်အရာရှိကလေးက စကားမရှိ စကားရှာ၍ မေးမြန်းပြောဆိုလိုက်ပြန်သည်။

"သိပ်တော့ မကြာလှသေးပါဘူး"

"ကိစ္စက အရေးများကြီးသလားဟင်၊ အရေးကြီးရင် ကျွန်တော် ဝင်ခေါ်ပေးပါ့မယ်လေ" ဂ

"အရေးမကြီးပါဘူး၊ မိမိ တို့အိမ်မှာ ဒီနေ့ည အစ်ကိုကြီးနဲ့ ရှင်တို့ညီအစ်ကိုနှစ်ယောက် ညစာစားဖို့ လာဖိတ်တာပါ"



PDF_ Yaybawal

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



ယင်းသို့ မိမိက ပြောဆိုနေခိုက် ဆရာဝန်ကြီး ဦးလွမ်းဝေသည် ဆေးထိုးပြီးစီးသွားသော လူနာတစ်ယောက်ကို အခန်းအပြင်သို့ လိုက်ပို့ကာ စကားပြောရင်း တွေ့မြင်သွားသဖြင့်. . .

"ဟော. . . မိမိပါလား၊ ဘယ်အချိန်က ရောက်နေတာလဲ ဟင်"

ဟု လှမ်း၍မေးလိုက်သည်။ ထို့နောက် ဦးလွမ်းဝေသည် ၎င်း၏ လူနာအား မှာကြားစရာရှိသောကိစ္စများကို ဆက်လက်မှာကြားပြီးလျှင် ဧည့်ခန်းဘက်သို့ လျှောက်လာလေသည်။

"ဒီနေ့ည ညစာစားဖို့ အစ်ကိုကြီးတို့ ညီအစ်ကိုနှစ်ယောက်ကို လာဖိတ် တဲ့အကြောင်း ကိုသန်းမောင်ကို ပြောပြနေတာပါ"

မိမိက ထိုင်ရာမှထရင်း ဦးလွမ်းဝေအား ပြောကြားခြင်း ပြုလေသည်။

"ဟင်. . . မိမိနဲ့ မောင်သန်းမောင်တို့တောင် တစ်ယောက်ကို တစ်ယောက် သိနေကြပြီကိုး"

ဒေါက်တာလွမ်းဝေသည် လူငယ်နှစ်ဦး တစ်ဦးနှင့်တစ်ဦး လျင်လျင်မြန်မြန် သိရှိသွားကြသည့်အဖြစ်ကို များစွာ အံ့သြနေသော အမူအရာဖြင့် ပြောဆိုလိုက်သည်။

မိမိသည် ရေတပ်အရာရှိကလေးကို တစ်ချက်မျှ လှမ်းကြည့်လိုက်ပြီးနောက် မျက်လွှာကို ချထားလိုက်လေသည်။ ညီလုပ်သူကတော့မှု အစ်ကိုကြီးဖြစ်သူအား စပ်ဖြဲဖြဲနှင့် လှမ်း၍ကြည့်နေလေသည်။

(၂)

မာလာမြိုင်တွင် ညစာ စားသောက်ခြင်း ပြုကြရသောညက သက်တူရွယ်တူများ ဖြစ်ကြနေကြသော မိမိနှင့် ဗိုလ်သန်းမောင်တို့သည် ဂီတကို နှစ်သက် ဝါသနာပါသူချင်းဖြစ်၍ လွယ်လင့်တကူ ရင်းနှီးခင်မင်၍ သွားကြလေသည်။ ညစာကို မစားကြမီကပင် ငယ်ရွယ်သူ နှစ်ယောက်တို့သည် ရင်းရင်းနှီးနှီးနှင့် ရယ်ကာမောကာ ပြောဆိုလိုက် ရှိနေကြပေသည်။ သူတို့နှစ်ယောက်စလုံးသည် လူကြီးများ စကားဝိုင်းအတွင်းသို့ မဝင်ဘဲ၊ ၎င်းတို့ ထက်သန်ရာနှင့် စိတ်ဝင်စားရာ အကြောင်းအရာများကို နှစ်ယောက်သား ပြောဆိုလျက် ရှိကြလေသည်။

နေရိရိ

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



အိမ်ရှင် စက်ရှင်တရားသူကြီးသည် တရားသူကြီးပီပီ ၎င်း၏ တစ်ယောက်တည်းသော သမီးကလေး မိမိနှင့် ၎င်း၏ မိတ်ဆွေ ဆရာဝန်ကြီး ဦးလွမ်းဝေ၏ညီ ဗိုလ်သန်းမောင်တို့ လျှင်လျှင်မြန်မြန်ကြီး မိတ်ဆွေဖြစ်ကာ ရင်းနှီးလွယ်လှသည့်အကြောင်းကို မသိမသာ အကဲခတ် စဉ်းစားနေပုံရသည်။ သို့ရာတွင် ၎င်း၏ ဝမ်းတွင်းမှ စိတ်ထားနှင့် စေတနာများ ပေါ်လွင်ခြင်း မရှိရအောင်ကိုမူကား တရားသူကြီးသည် သိပ်သိပ်သည်းသည်းနှင့် ပိပိရိရိ ထိန်းသိမ်းထားပုံရလေသည်။

တရားသူကြီးနှင့် ဆရာဝန်ကြီးတို့သည် တိုင်းရေးပြည်ရေးအကြောင်းများနှင့် ၎င်းတို့ အသီးသီး၏ ထင်မြင်ချက်များကို ဧည့်ခန်းလယ်၌ အေးအေးဆေးဆေး ပြောကြားလျက်ရှိနေကြစဉ် ထိုအကြောင်းအရာများကို စိတ်ဝင်စားခြင်း မပြုနိုင်ကြသေးသော ငယ်ရွယ်သူနှစ်ယောက်တို့သည် ၎င်းတို့နှစ်ဦးစလုံး စိတ်သဘောချင်း တူညီတိုက်ဆိုင်လျက်ရှိကြသော ကာလပေါ် မြန်မာတေးဂီတများနှင့် နာမည်ကြီး အဆိုတော်များအကြောင်းကို စိတ်အားထက်သန်စွာ ပြောဆိုနေကြလေသည်။

ဒေါက်တာလွမ်းဝေသည် အိမ်ရှင်နှင့် တစ်ဘက်တွင် စကားပြောဆိုလျက်သာရှိသော်လည်း အခြားတစ်ဘက်တွင် မလှမ်းမကမ်း၌ မိမိနှင့် ညီလုပ်သူတို့ ပြောဆိုနေကြသော အကြောင်းအရာနှင့် စကားများကိုလည်း မသိမသာ နားစွင့်လျက်ရှိသည်။ တစ်ချိန်တည်းမှာပင် ထိုလူငယ်နှစ်ယောက်တို့၏ ရင်းရင်းနှီးနှီး ဖြစ်နေခြင်းကို အိမ်ရှင်အဘိုးကြီးက အဘယ်သို့ အဘယ်ပုံ သဘောထားသည် ဆိုသော အချက်ကိုလည်း လိမ်လိမ်မာမာ အကဲခတ်နေရပေသည်။

မိမိသည် ၎င်းစွဲလမ်းနှစ်သက်ပုံရသော အဆိုတော် ကိုအံ့ကြီးနှင့်သူ သီဆိုထားသော ကာလပေါ်သီချင်းများအကြောင်းကို လည်းကောင်း၊ ဗိုလ်သန်းမောင် ကတော့မူ အဆိုတော် တင်တင်မြနှင့် သူ သီဆိုထားသော ကာလပေါ်သီချင်းများအကြောင်းကို လည်းကောင်း ပြောဆိုလေသည်။ ထိုကဲ့သို့ နှစ်ယောက်သား ပြောဆိုနေကြရာမှ မိမိက ခေါ်ဆောင်သွားသဖြင့် ဗိုလ်သန်းမောင်သည် ပီယာနို ရှိရာသို့ ထလိုက်၍ သွားလေသည်။

ပီယာနိုအဖုံးကို မိမိက ဖွင့်ပေးလေသည်။ ထို့နောက် ဗိုလ်သန်းမောင်ကို သီချင်းတစ်ပုဒ်လောက် တီးရန် ခိုင်းစေနေပုံရသည်။ ဗိုလ်သန်းမောင်သည်



PDF_ Yaybawal

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



အစပထမ၌ လက်တွန့်သလို ဖြစ်နေပုံရလေသည်။ သို့ရာတွင် မိမိက အတင်းတိုက်တွန်းလျက်ရှိသဖြင့် ထိုင်ခုံပေါ်တွင် ထိုင်လိုက်သည်။

လူကြီးနှစ်ယောက်တို့သည် စကားပြတ်သွားကြပြီးလျှင် ပီယာနိုတွင် အလုပ်များနေကြဟန်ရှိသော လူငယ်နှစ်ယောက်တို့ကို မသိမသာလှမ်း၍ ကြည့်ရှုနေကြသည်။ မိမိနှင့် ဗိုလ်သန်းမောင်တို့သည် လူကြီးများကိုပင် မြင်မိကြဟန် မရှိတော့ချေ။ ဤကမ္ဘာမြေကြီး တစ်ပြင်လုံးတွင် ဒင်းတို့နှစ်ယောက်တည်းသာ ရှိကြသကဲ့သို့ အောက်မေ့ထင်မှတ်နေကြပုံရလေသည်။

ဗိုလ်သန်းမောင်သည် ငယ်ရွယ်သူ ပီပီ ဧည့်ခန်းအတွင်း၌ ၎င်းတို့နှစ်ယောက်အပြင် ရှိနေကြသေးသော အခြားလူကြီးနှစ်ယောက်တို့ကိုမျှပင် လှည့်၍ ကြည့်ရှုခြင်း မပြုချေ။ သူသည် မိမိခိုင်းစေသော ယိုးဒယား ဖိန်းချား ကလေးကို တီးပြလျက်ရှိသည်။ ထို့အတူ မိမိတစ်ယောက်ကလည်း ကျေကျေနပ်နပ်ကြီး နားထောင်လျက် ရှိလေသည်။ ဗိုလ်သန်းမောင်သည် ပီယာနိုကို တီးနေရာမှ တစ်ချက် တစ်ချက်တွင် အဓိပ္ပာယ်များစွာ ပါရှိလှသော မျက်လုံးကြီးများဖြင့် ၎င်းနှင့် ဆန့်ကျင်ဘက် လိင်ကို လှမ်း၍ လှမ်း၍ ကြည့်ရှုလိုက်သော အခါတိုင်း မိမိသည် ပြုံး၍ ပြုံး၍ နေတတ်လေသည်။

ဗိုလ်သန်းမောင်က သီချင်းကို တီးပြ၍ ပြီးစီးသွားသောအခါ မိမိက ၎င်း သီချင်းကိုပင် ဝင်၍ စမ်းသပ်တီးခေါက်ကြည့်ရှုပြန်လေသည်။ မိမိသည် ပန်းဟေဝန် ယိုးဒယားကို ကောင်းကောင်းရဟန် မရှိချေ။ အချို့သော အပိုဒ်များတွင် အကွက်များ ကျန်၍ နေတတ်လေသည်။ ထိုအခါများ၌ ဗိုလ်သန်းမောင်က ဝင်၍ ဝင်၍ ထောက်ကာ ပြသပေးလေသည်။

ထိုညက ညစာစားသောက်ကြပြီးနောက် ဒေါက်တာလွမ်းဝေသည် တစ်နေ့လုံးလိုလို လူနာများနှင့် ပင်ပန်းလာခဲ့ရသောကြောင့် အိမ်သို့ပြန်၍ အနားယူလိုလျက် ရှိပေသည်။ သို့ရာတွင် မိမိက အတင်းဆွဲထားသဖြင့် သူသည် အိမ်အပြင်သို့ထွက်ကာ လေတိုက်ခံရင်း တရားသူကြီးနှင့် စကားပြောဆိုခြင်း ပြုနေရပြန်လေသည်။ ယင်းသို့ လူကြီးနှစ်ယောက်တို့ အိမ်အပြင်ဘက်သို့ ထွက်ကာ အိမ်ရှေ့ပန်းခြံအတွင်း၌ စကားပြောဆိုနေကြခိုက်၊ ငယ်ရွယ်သော မိမိနှင့် ဗိုလ်သန်းမောင်တို့သည် ပီယာနိုအနားမှပင် မခွာကြတော့ချေ။ တစ်ယောက်တစ်လှည့်စီ တီးနေကြသည်။ မိမိ ကောင်းစွာမရသော သီချင်းများ



PDF_ Yaybawal

ကို ဗိုလ်သန်းမောင်က ပြသပေးနေသည်။

ထို့ကြောင့် ထိုညက ဆရာဝန်ကြီး ဦးလွမ်းဝေသည် မာလာမြိုင်မှ စံပယ်မြိုင်သို့ ညီလုပ်သူကို ခေါ်ငင်ကာ ၁၀ နာရီ ထိုးပြီးမှ ပြန်ရလေသည်။

(၃)

မိမိတို့အိမ်မှ ညစာစားသောက်ပြီး စံပယ်မြိုင်သို့ပြန်လာပြီးနောက် ဒေါက်တာလွမ်းဝေသည် အိမ်သို့ ရောက်လျှင်ရောက်ခြင်း နှစ်နှစ်ခြိုက်ခြိုက်ကြီး အိပ်ပျော်သွားလိမ့်မည်ဟု ၎င်း၏ကိုယ်ကို ထင်မှတ်လျက်ရှိလေသည်။ အဘယ်ကြောင့်ဆိုသော် ထိုနေ့က တစ်နေ့လုံးလိုလို သူသည် လူနာအများအပြားနှင့် ဆက်ဆံခဲ့ရသောကြောင့် ဖြစ်လေသည်။ သို့ရာတွင် မီးများငြိမ်းသတ်ကာ အိပ်ရာထက်တွင် လှဲလိုက်သောအခါ သူသည် မျက်လုံးများကြောင်၍ နေလေသည်။ အိပ်ချင်လှပြီဖြစ်၍ ဦးခေါင်းတို့သည် မူးဝေနောက်ကျိနေသော်လည်း မျက်လုံးများသည် ဆန့်ကျင်ဘက် ဖြစ်နေကြသည်။

လူက အိပ်ချင်လှပြီ ဖြစ်သော်ငြားလည်း မျက်လုံးများက မအိပ်နိုင်သောကြောင့် အလွန်တရာ စိတ်ရှည်လှသော ဆရာဝန်ကြီးတစ်ဦးသည် စိတ်တိုချင်သကဲ့သို့ပင် ဖြစ်လာပေသည်။ သူသည် တစ်ဘက်သို့ စောင်းနေရာမှ တစ်ဘက်သို့ စောင်း၍ အိပ်စက်ကြည့်ပြန်လေသည်။ သို့ရာတွင် မျက်လုံးများသည် ကြောင်စီစီ ဖြစ်မြဲ ဖြစ်နေလေသည်။ အဘယ်ကဲ့သို့မျှ အိပ်စက်၍ မရချေ။

သူသည် ပက်လက်လှန်၍ တောင့်တင်းကောင်း တောင့်တင်းနေလိမ့်မည် ဖြစ်တန်ရာသော အကြောအခြင်များကို လျှော့ပါးခြင်း ရှိစေရန်အတွက် ဖြေလျှော့ကြည့်လေသည်။ မျက်လုံးများကိုလည်း မှိတ်ကာ အိပ်ပျော်သွားစေရန် အာရုံပြုကြည့်လေသည်။ သို့ရာတွင် တစ်စုံတစ်ခုသည် ထစ်၍ နေသကဲ့သို့ ဒေါက်တာလွမ်းဝေသည် အိပ်စက်၍ မရနိုင်ချေ။

နောက်ဆုံး၌ သူသည် အိပ်ရာမှ ပင်ပန်းစွာ ထလိုက်ရသည်။ ထို့နောက် ခေါင်းရင်းပြတင်းပေါက်ကိုဖွင့်ကာ အပြင်ဘက်သို့ လှမ်း၍ ကြည့်ရှုနေလေသည်။ ညသည် လရောင်ဖြင့် တန်ဆာဆင်ထားခြင်းတော့ မရှိချေ။ သို့ရာတွင် ကြယ်တို့ သည် မိုးကောင်းကင်တစ်ပြင်လုံး၌ တဖိတ်ဖိတ်တောက်နေကြသည်။



PDF_ Yaybawal

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



ကြယ်ရောင်များကြောင့် အမှောင်ထုလွှမ်းနေသော ကမ္ဘာသည် ဝိုးတဝါး လင်းနေပေသည်။

ဆရာဝန်ကြီး ဦးလွှမ်းဝေသည် မိုးကောင်းကင်ပေါ်မှ ကြယ်များကို ရေတွက်ခြင်းငှာ အားထုတ်နေဘိသကဲ့သို့ စူးစိုက်၍ ကြည့်ရှုနေသည်။ မိမိနှင့် ညီလုပ်သူတို့၏ အကြောင်းသည် အလိုလိုနေရင်း သူ၏ ဦးခေါင်းထဲသို့ ဝင်လာသည်။ သူတို့သည် ငယ်ရွယ်သူနှစ်ဦး ဖြစ်ကြလေသည်။ တစ်ဦးကိုတစ်ဦး စ၍ တွေ့လျှင် သဘောကျ ခင်မင်သွားကြပုံလည်း ရသည်။ သို့ရာတွင် ထိုလူငယ်နှစ်ဦးတို့သည် ယခုမှစ၍ တွေ့ကြကာစမျှသာ ဖြစ်သည်။ ရှေ့တွင် အဘယ်သို့ ဖြစ်လာကြဦးမည် မသိနိုင်သေးချေ။

သူ့ဖခင်သေဆုံးပြီးကတည်းက သားအကြီး အဖအရာဆိုသော မြန်မာစကားရှိသည့်အတိုင်း သူသည် ထိုညီအငယ်ပေါ်၌ ကြီးမားသော တာဝန်များ ရှိနေခဲ့ပေသည်။ ဦးလွှမ်းဝေသည် ညီလုပ်သူနှင့် ပတ်သက်၍ ထိုအရေးနှင့် တာဝန်များကိုပါ ထည့်သွင်းစဉ်းစားမိလာပေသည်။

သို့ရာတွင် သန်းမောင်သည် ၎င်းနှင့် အဖေစုံ အမေစုံမွေးသော အစ်မနှစ်ယောက်တို့အပေါ်၌သာလျှင် မဟုတ်သေး၊ အဖေတူ အမေကွဲ ဖြစ်သော အစ်ကိုကြီးအပေါ်၌ပါ ဆိုးခွင့်ရလျှင် ဆိုးလေ့ရှိသူ ဖြစ်လေသည်။ ကျောင်းသားဘဝမှာတုန်းကတည်းက အစ်မများထံမှ ညှဥ်း၍ မရသောအခါတိုင်း ထို အစ်ကိုကြီး လုပ်သူကို အမျိုးမျိုး လှည့်ပတ်ညှဉ်းပန်းခဲ့သူ ဖြစ်သည်။

မည်ကဲ့သို့ပင် ဖြစ်စေကာမူ ယခုအခါတွင် သူသည် တာဝန်အရှိဆုံးနှင့် အကြီးဆုံးပုဂ္ဂိုလ် ဖြစ်နေပေသည်။ သန်းမောင် ရန်ကုန်သို့ ပြန်ပြောင်းရမည့် အကြောင်းနှင့် ရန်ကုန်သို့ ပြန်ပြောင်းရသောအခါ ၎င်းထံတွင် လာရောက်နေထိုင်ခြင်းပြုလိမ့်မည့်အကြောင်းကို နယ်များတွင် ရောက်ရှိနေသော နှမ နှစ်ယောက်တို့ထံသို့ သူသည် စာရေးအကြောင်းကြားလိုက်သည်။ ထိုနှမ နှစ်ယောက်စလုံးသည် ဦးလွှမ်းဝေကို ၎င်းတို့၏ ဖခင်ကဲ့သို့ အလွန်တရာ ချစ်ခင်ရိုသေကြသော မိန်းမသားများ ဖြစ်ကြလေသည်။ ထိုနှမနှစ်ယောက် စလုံးက သန်းမောင်ကို အိမ်၌ လက်ခံခြင်း မပြုဖို့ ညှိနှိုင်း၍ထားသည့်အလား တစ်သံတည်း ရေးသားကန့်ကွက်ကြလေသည်။

"အစ်ကိုကြီးလည်း သိသားပဲ၊ အဲဒီကောင်ဟာ ဘယ်လောက်



PDF_ Yaybawal

ဆိုးသလဲ ဆိုတာ၊ တော်တော်ကြာ အစ်ကိုကြီးကိုပါ ဒုက္ခပေးသွားလိမ့်ဦးမယ်"

ဟု နှမအလတ်က ထိုသို့ ရေးသားလိုက်သည်။

"သန်းမောင်ဟာ ကျွန်မကိုတော့ နှိပ်စက်ပေါင်း များလှပါပြီ၊ အစ်ကိုကြီးက သူ့ကို အလိုလိုက်ထားဦးမယ်ဆိုရင်တော့ ဒီအကောင်ဟာ အစ်ကိုကြီးကိုလည်း ချမ်းသာပေးမှာ မဟုတ်ဘူး၊ သူ့ကို ဝေးဝေးမှာထားပြီး သူလိုတဲ့အခါ ပေးတာ ကမ်းတာက ပိုကောင်းလိမ့်မည်ထင်ပါသည်"

ဟူ၍လည်း နှမအငယ်လုပ်သူက ဝေးဝေးတွင်ထားရန် သတိပေးရေးသားခြင်း ပြုလိုက်ပေသည်။ သို့ရာတွင် ဦးလွမ်းဝေသည် စာရေးလိုက်ကြသူများ ကဲ့သို့ မိန်းမသားတစ်ဦး မဟုတ်ချေ။ ယောကျ်ားရင့်မာကြီး တစ်ယောက်လုံး ဖြစ်လေသည်။ သူသည် လွတ်လပ်၍ အိမ်ထောင်မရှိသော လူတစ်ယောက်လည်း ဖြစ်လေသည်။ ၎င်းအပြင် အငယ်ဆုံးဖြစ်သော ညီလုပ်သူကို အစ်ကိုကြီးနှင့် လာရောက်နေထိုင်ချင်လှပါသည်ဟု တောင်းဆိုခြင်းကိုလည်း သူသည် မည်သည့်နည်းနှင့်မျှ မငြင်းဆန်နိုင်ချေ။

ညီအစ်ကိုချင်းသာ ဖြစ်သော်လည်း တစ်ယောက်နှင့်တစ်ယောက် လူချင်းကွဲနေကြသည်က များသောကြောင့် ဦးလွမ်းဝေသည် နေရတုန်းနေရခိုက် ညီလုပ်သူနှင့် နေချင်ထိုင်ချင်ပေသေးသည်။

ရေတွက်ခြင်းငှာ မတတ်နိုင်သော ကြယ်များကို မော့ကြည့်ရင်း ဒေါက်တာလွမ်းဝေသည် ညီလုပ်သူ၏ ရှေ့ရေးကို စဉ်းစားတွေးတောလျက် ရှိလေသည်။ ထိုသူငယ်သည် ၎င်းကို အကြောင်းပြု၍ မိမိဆိုသော မိန်းကလေးနှင့် တွေ့သွားခဲ့လေပြီ။ သူတို့နှစ်ယောက်၏ ဆက်ဆံရေးသည် ရှေ့တွင် အဘယ်သို့ ပြောင်းလဲလာဦးမည် မသိရသေးချေ။ မိမိသည် ၎င်းနှင့် သက်တူရွယ်တူလည်း ဖြစ်၊ ဝါသနာတူချင်းလည်း ဖြစ်သော သန်းမောင်ကို တွေ့လျှင်တွေ့ချင်း များစွာ သဘောကျနေပုံပင် အကဲခတ်ရပေသည်။ သို့ရာတွင် မိမိ၏ဖခင် ဦးဘ တစ်ယောက်ကတော့မူ သန်းမောင်ကို များစွာသဘောကျ နှစ်ခြိုက်လှသော အမူအရာ မပြချေ။ မည်ကဲ့သို့ဖြစ်စေ သူတို့လူငယ်ချင်း နှစ်ဦးသဘောတူသွားကြလျှင် တစ်ဘက်မှ လူကြီးများသည် အရုပ်ဆိုးလောက်အောင်တော့ ကန့်ကွက်လိမ့်မည်ဟု ဒေါက်တာလွမ်းဝေက မထင်ချေ။

မိမိဘာသာ တစ်ကိုယ်တည်း နေထိုင်ခဲ့စဉ်က ဘာတာဝန်မျှလည်း



PDF_ Yaybawal

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



မရှိ ဘာအတွက်မှလည်း ပူပန်ခြင်းမပြုခဲ့ရသော ဆရာဝန်ကြီး ဦးလွမ်းဝေသည် ယခုအခါတွင် တာဝန်လည်း ရှိလာလေပြီဖြစ်၍ စဉ်းစားပူပန်ရခြင်းများလည်း ရှိလာခဲ့လေပြီ။

* * *



PDF_ Yaybawal

# ဘူးလေးရာ ဗရုံဆင့်

## (၁)

စစ်တွေ ရေတပ်စခန်းမှ ရန်ကုန်ရေတပ်စခန်းသို့ ညီဖြစ်သူ ရေတပ်မတော်အရာရှိကလေး ဗိုလ်သန်းမောင် ပြောင်းရွှေ့လာခဲ့ပြီးနောက် တနင်္ဂနွေ နှစ်ပတ်သာသာခန့်အကြာတွင် ဆရာဝန်ကြီး ဦးလွမ်းဝေ၌ ပြဿနာတစ်ခု ပေါ် ပေါက်၍ လာလေသည်။ ထိုပြဿနာမှာ အခြားတော့ကား မဟုတ်ချေ။ မြန်မာ နိုင်ငံ ဆေးကောင်စီအဖွဲ့တွင် လူကြီးတစ်ဦးဖြစ်သော ၎င်း၏ ဆရာကြီး ဟောင်းက သူ့အား အမြန်ဆုံးလာရောက်တွေ့ဆုံဖို့အတွက် ဒေါက်တာလွမ်းဝေ ၏ စံပယ်မြိုင် ဆေးတိုက်သို့ လူတစ်ယောက် သတ်သတ်လွှတ်၍ အရေးတကြီး အကြောင်းကြား လိုက်သောကိစ္စပင် ဖြစ်လေသည်။

တစ်နေ့ခင်းလုံး မြောက်များလှစွာသော လူနာများအကြားတွင် လက်မလည်နိုင်အောင် အလုပ်များနေခိုက် သန့်သန့်ပြန့်ပြန့်ဝတ်စားထားသော အသက် ၃၀ ခန့် လူတစ်ယောက်သည် ဦးလွမ်းဝေကို လာရောက်တွေ့ဆုံခြင်း ပြုလေသည်။ ထို့နောက် စာအိတ်နှင့် စာတစ်စောင်ကို ပေးလေသည်။

"ဆရာကြီးက ဆရာ့ကို လက်ထဲရောက်အောင် အပေးခိုင်းလိုက်လို့ပါ ခင်ဗျာ"

ထိုသူသည် ဤကဲ့သို့သာပြောဆိုပြီးနောက် ထိုင်ပင်မထိုင်တော့ဘဲ တစ်ခါတည်း ထ၍ပြန်သွားလေသည်။

ဒေါက်တာလွမ်းဝေသည် စာအိတ်ကို လက်ခံထားလိုက်ပြီးနောက် ရုတ်တရက် ဖွင့်၍မဖတ်နိုင်သေးချေ။ တစ်ပိုင်းတန်းလန်းနှင့် ထားပစ်ခဲ့ရသော

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



လူမမာတစ်ဦးကို လုပ်ကိုင်ပေးနေရသေးသည်။ သူသည် ထိုစာကို နေ့လယ် လက်ဖက်ရည်သောက်ချိန်ကြတော့မှပင် ဖတ်ရှုခြင်း ပြုနိုင်လေသည်။

"အရေးကြီးသော ကိစ္စတစ်ခုရှိသည်။ ဆရာ့ကို အမြန်ဆုံးလာရောက် တွေ့ဆုံပါ" ဟုသာ ဆရာကြီးက စာထဲတွင် ရေးလိုက်သည်။ သို့ရာတွင် ထိုအရေးကြီးသည်ဆိုသော ကိစ္စသည် မည်ကဲ့သို့သောကိစ္စဆိုသည်ကိုကား ထည့်၍ မရေးလိုက်ချေ။

စာကို ဖတ်ရှုပြီးနောက် အရေးကြီးသော ကိစ္စဆိုသည်မှာ အဘယ် ကဲ့သို့သော ကိစ္စဖြစ်နိုင်မည်ကို ဒေါက်တာလွမ်းဝေသည် ငိုင်၍ စဉ်းစားနေ သည်။ သို့ရာတွင် သူသည် အားလပ်ခွင့် အချိန်များများ ရရှိသူတစ်ဦး မဟုတ်ချေ။ ဘောက်ထော်ဘက်မှ လူနာရှင်တစ်ဦးက အရေးတကြီး လာရောက် ပင့်သဖြင့် လက်ဖက်ရည်ကို ကမန်းကတန်းသောက်ကာ မနော်ကိုခေါ်၍ လိုက်သွားရပြန်လေသည်။ ဘောက်ထော်ဘက်မှ လူမမာအတွက် သူသည် တစ်နာရီသာသာခန့်မျှ အချိန်ပေးခဲ့ရပြီးနောက်၊ စံပယ်မြိုင်သို့ ပြန်ရောက် ပြန်သောအခါ၌လည်း သူ့ကို အားကိုး အားထားခြင်းကြီးစွာ၊ မျှော်လင့်ခြင်း ကြီးစွာနှင့် စောင့်ဆိုင်းနေကြသော လူနာတစ်ဒါဇင်နှင့် ရင်ဆိုင်ရပြန်လေသည်။ ထို့ကြောင့် အမြန်ဆုံးလာတွေ့ပါဆိုသော ဆရာကြီးဆီသို့ ချက်ချင်း မသွားနိုင် ပြန်ချေ။ သူသည် လူနာများကို တစ်ယောက်ပြီး တစ်ယောက် လက်ခံကြည့်ရှုရ ပေသည်။ ဆေးပေးရသည်။ ဆေးထိုးရသည်။

ညနေဘက်တွင် ရေမိုးချိုး၍ အဝတ်အစားများ လဲလှယ်ကာ သူသည် ဆရာကြီးနေထိုင်သော ပြည်လမ်းဘက်သို့ မော်တော်ကားကို ကိုယ်တိုင်မောင်း ၍ ထွက်လာခဲ့သည်။ ယင်းသို့ ထွက်အလာတွင် ဘယ်ကလာ၍ ဘယ်သို့သွား ကြမှန်း မသိသော ညီဖြစ်သူနှင့် မိမိတို့ကို ဇက်ဖာကားကလေးတစ်စီးပေါ်တွင် လှမ်း၍ မြင်လိုက်ရသည်။ သန်းမောင်သည် ၎င်း၏ ရေတပ်အရာရှိ စစ်ဝတ်စုံကို ဆင်မြန်းထားလေသည်။ မိမိသည် ၎င်း၏ကားကလေးကို ကိုယ်တိုင်မောင်း လေသည်။ ငယ်ရွယ်သူနှစ်ဦးသည် တက္ကသိုလ်ရိပ်သာလမ်းမကြီးအတိုင်း အော်စတင်ကားကလေးကို ခပ်မှန်မှန်မောင်းလာသော ဒေါက်တာ လွမ်းဝေကို မတွေ့မမြင်နိုင်ကြချေ။ တစ်ဦးနှင့်တစ်ဦး ရယ်ကာ မောကာ စကားပြောရင်း ၈ မိုင်ဘက်သို့ ကားကို ခပ်မြန်မြန်ကလေး မောင်းနှင်၍ သွားကြလေသည်။

**နေရီရီ**

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



ဒေါက်တာလွမ်းဝေသည် သန်းမောင်နှင့် မိမိတို့ကို အတန်ကြာမျှ လှမ်း၍ ကြည့်ရှုနေသည်။ ထို့နောက် သူသည် သက်ပြင်းကို ခပ်လေးလေးချရင်း ကမာရွတ်အဝိုင်းကြီးအတိုင်း ကားကိုကွေ့လာခဲ့သည်။

စံပယ်မြိုင်မှ ထွက်လာခဲ့စဉ်က သူသည် အရေးကြီးသောကိစ္စ အကြောင်းနှင့် ပတ်သက်၍ စဉ်းစားတွေးတောလာခဲ့ရသော်လည်း ကမာရွတ် အဝိုင်းကြီးကို ကွေ့လာခဲ့ပြီးသည့်နောက်ပိုင်း၌ ထိုအရေးကြီးသောကိစ္စသည် ရုတ်တရက် ပျောက်ကွယ်သွားပြီးလျှင် အခြားအရေးကြီးသောကိစ္စ တစ်ခုကို ဆက်လက်စဉ်းစား လာခဲ့ပေသည်။

ဒေါက်တာလွမ်းဝေသည် အသက် ၄၀ ပင် ကျော်လွန်နေပြီ ဖြစ်သော လူပျိုကြီးတစ်ဦး ဖြစ်လေသည်။ သူသည် တစ်ကိုယ်တည်းသမားလည်း ဖြစ် လေသည်။ သူသည် ငယ်ရွယ်စဉ်ကတည်းက ပညာကို ချို့ချို့ငဲ့ငဲ့နှင့် သဲသဲမဲမဲ သင်ကြားခြင်း ပြုလာခဲ့ရသူတစ်ယောက်ဖြစ်၍ ပညာသင်ကြားတတ်မြောက်ဖို့ အရေးကလွဲ၍ အခြားမည်သည့်ကိစ္စနှင့် အရေးအခင်းကိုမျှ ဂရုမပြုနိုင်အား ခဲ့ချေ။ တက္ကသိုလ်ကျောင်းသားဘဝ၌မှာပင်လျှင် သူသည် မိမိကိုယ်ကို လှဖို့ပဖို့ အရေးများကို သတိလစ်နေခဲ့သော သူတစ်ယောက် ဖြစ်သည်။ မိန်းကလေးများ နှင့် သမီးရည်းစားဖြစ်ဖို့နှင့် ချစ်ကြိုက်ဖို့အရေးကိုကား ထားဘိဦး၊ မိတ်ဖြစ်ဆွေ ဖြစ်မျှပင် စကား မပြောဖူးခဲ့ချေ။ သူသည် ဤမှာဘက်တွင် လူရိုင်းသက်သက် တစ်ယောက် ဖြစ်လေသည်။

ဆေးသိပ္ပံ ဒီဂရီကို ရရှိပြီးနောက် ဆရာဝန်ကြီးတစ်ဦး ဖြစ်လာခဲ့သည့် နောက်ပိုင်း၌လည်း သူသည် မိမိ၏လုပ်ငန်း၌သာ စိုက်ဝင်နစ်မြုပ်နေသူတစ်ဦး ဖြစ် လေသည်။ ထို့ကြောင့် လူ့အနွယ်ကြီး၏ တိုးတက်ပွားများရေးနှင့် စည်ပင် ဝပြော ရေးဆိုင်ရာတာဝန်ကို လူ့စိတ်ဝင်တစ်ဦးပီပီ ထမ်းဆောင်ခြင်းပြုရမည့် တာဝန်ကိုလည်း ဂရုမပြုနိုင်အားလောက်အောင် ဖြစ်နေခဲ့သည်။ တကယ်ဆို တော့ သူသည် မိမိနှင့် အရွယ်တူ စိတ်တူဖြစ်သော ဆန့်ကျင်ဘက် လိင်တစ်ဦး နှင့် အိမ်ထောင်ကျရမည့်အစား သူ လုပ်ကိုင်နေသော အလုပ်အကိုင်နှင့်သာ အိမ်ထောင်ကျနေ ခဲ့ပေသည်။

အသက် ၄၀ ပင် ကျော်လွန်လာခဲ့ပြီဖြစ်သော ဆရာဝန်ကြီးတစ်ဦး အနေနှင့် ၎င်း၏အိမ်ထောင်ရေးကို ထည့်သွင်းစဉ်းစားခြင်း ပြုဖို့နှင့် စိတ်ကူးယဉ်



PDF_ Yaybawal

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



ဖို့ အရေးများကို ဘယ်တုန်းကမျှ အချိန်မရရှိခဲ့သော ဒေါက်တာလွမ်းဝေသည် ညီ လုပ်သူနှင့် မိမိ တို့ ဤမျှ လျင်မြန်စွာ ရင်းရင်းနှီးနှီး ခင်မင်သွားလာနေခြင်းကို တွေ့မြင်လိုက်ရသောအခါ များစွာ အံ့ဩနေပေသည်။ ထိုမျှ လျင်မြန်လှခြင်းကို လည်း မစဉ်းစားတတ်အောင် ဖြစ်နေပုံရလေသည်။

ထိုငယ်ရွယ်သူနှစ်ဦးတို့ကို သူသည် အံ့ဩခြင်းပင် ပြုရလေမည်လော၊ သို့မဟုတ် နားမလည်နိုင်အောင် ဖြစ်နေရမည်လော။

သန်းမောင်နှင့် မိမိတို့နှစ်ဦး၏ အကြောင်းကိုသာ စဉ်းစားရင်း ကားကို ခပ်ဖြည်းဖြည်း ခပ်မှန်မှန် မောင်းလာခဲ့သော ဆရာဝန်ကြီး ဦးလွမ်းဝေသည် ၎င်း၏ ဆရာကြီးတိုက်ရှေ့သို့ ရောက်ရှိ၍ ကျော်လွန်လာခဲ့သော ၎င်း၏ အဖြစ် ကိုပင် သတိမရလိုက်ချေ။ တော်တော်ကြီးလွန်လာခဲ့ပြီးမှ သူသည် သတိရလေ သည်။ ထို့ကြောင့် သူသည် မော်တော်ကားကို ပြန်လှည့်ရလေသည်။

ဆရာကြီးနှင့်သူသည် နှစ်ယောက်တည်းပင် တွေ့ဆုံစကားပြောဆို ခြင်း ပြုရလေသည်။ ဆရာတို့မည်သည် ၎င်းတို့၏ တပည့်သားမြေးများအပေါ်၌ ရင်မှဖြစ်သော သားသမီးများကဲ့သို့ ချစ်ခင်၍ မေတ္တာစေတနာထားရှိတတ် သည့်အတိုင်း ဆရာကြီးသည် ၎င်း၏ တပည့်ဟောင်းအား ပြောစရာရှိသော အကြောင်းအရာများ ကို ကြင်ကြင်နာနာ ပြောကြားခြင်း ပြုလေသည်။

"မင်းသဘောအတိုင်း ကံဘဲ့ဘက်မှာ ဆေးကုနေတဲ့အကြောင်း ပြည်ထဲရေးဌာနက ဆရာတို့ဆီကို တိုင်ကြားထားတဲ့ စာတစ်စောင်ရောက်လာလို့ ပါကွယ်"

ဆရာကြီးက လူကြီးတို့၏ ထုံးစံအတိုင်း ခပ်ဖြည်းဖြည်း ခပ်အေးအေး ပင် ပြောကြားခြင်း ပြုလေသည်။

"ဒီအလုပ်ကို ကျွန်တော်ပြန်လုပ်နေတာ ၄၊ ၅ လလောက်တောင် ရှိနေပါပြီ ဆရာ"

ဒေါက်တာလွမ်းဝေသည် ဆရာလုပ်သူကို မှန်မှန်ကန်ကန် ပြော ကြားခြင်းပြုလိုက်သည်။

"ပုလိပ်ဆိုတာကတော့ ထုံးစံအတိုင်း ဆရာတို့ကို တစ်ခုခုအရေးယူစေ ချင်တယ်နဲ့ တူပါတယ်ကွာ"

"ကျွန်တော်ကတော့ ဆရာတို့ အရေးယူစရာရှိတာကို ယူစေချင်ပါ



PDF_ Yaybawal

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



တယ်၊ ဒီလို အရေးယူလိုက်မှလည်း ကျွန်တော့်ကိစ္စဟာ ပုံမှန် ပြန်ဖြစ်လာနိုင်လိမ့်မယ် ထင်တာပဲ"

ဒေါက်တာလွမ်းဝေသည် ၎င်း၏ သဘောထားကို ခပ်အေးအေး ခပ်မှန် မှန်ပင် ထုတ်ဖော်ပြောကြားလိုက်လေသည်။

ဆရာကြီးသည် ဝန်လေးပင်ပန်းခြင်း ရှိလှသကဲ့သို့ သက်ပြင်းကို ခပ်လေးလေးချလိုက်သည်။ ထို့နောက် ဦးခေါင်းကိုလည်း ခါယမ်းနေသည်။

"ဆရာတို့ လူကြီးတွေ အားလုံးကိုလည်း ကျွန်တော် အားနာပါတယ်၊ ရိုလည်း ရိုသေပါတယ် ဆရာ၊ ဒါပေမဲ့ ကျွန်တော့်အဖြစ်က ဒီလိုမှမလုပ်ရင် တခြားလုပ်စရာနည်းလမ်းမှ မရှိတော့တာဘဲ"

"ဆရာတို့လည်း ကိုယ်ချင်းစာပါတယ် မောင်လွမ်းဝေ၊ ဒါပေမဲ့ မင်းကိစ္စက တို့ဆေးဘက်နဲ့မဆိုင်ဘဲ၊ နိုင်ငံရေးနဲ့ဆိုင်နေလို့ ခက်နေတာပေါ့ကွာ"

"ဆရာတို့နဲ့ မဆိုင်တဲ့ကိစ္စကို သူတို့က အရေးယူနိုင်းတဲ့အတိုင်း အရေး ယူစရာရှိတာသာ အရေးယူပါဆရာ၊ ကျွန်တော်ကတော့ အဆိုးဆုံးကို ရင်ဆိုင်ဖို့ ပြင်ဆင်ထားတာတာပဲ"

"ဒီလိုလည်း ဘယ်တော်ပ့ါမတုန်း တပည့်ရာ၊ အသက်တွေလည်း တဖြည်းဖြည်း ကြီးလာကြမယ့်ဟာ"

"ကျွန်တော့်အဖို့ တခြားနည်းလမ်းရှိသေးရင်လည်း ဆရာပဲ ပေးစေချင်ပါတယ်"

ဆရာကြီးသည် ဦးခေါင်းကို ကုတ်ဖွလိုက်ပြီးနောက် သက်ပြင်းကို ချလေသည်။ သူသည် တစ်စုံတစ်ရာကို စဉ်းစားနေသလိုပြုလုပ်နေပြီးမှ. . .

"မင်း ပြည်ထဲရေးကို သွားတွေ့လိုက်ပါဦးလား မောင်လွမ်းဝေ၊ မင်းကိစ္စဟာ ဆရာတို့ထက် သူတို့က ပိုင်ဆိုင်တယ်ဆိုတာ မင်းကိုယ်တိုင်လည်း အသိသားပဲ မဟုတ်လားကွာ"

"ကောင်းပါပြီ ဆရာ"

သူသည် အာမဘန္တေခံပြီးနောက် ဆရာကြီးရှေ့မှ ထလာခဲ့သည်။



PDF_ Yaybawal

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



(၂)

ဆရာကြီးက ပြည်ထဲရေးနှင့် သွားတွေ့လိုက်ပါဦးဟု မှာကြားလိုက်သဖြင့် အကျိုးအကြောင်း သိရလိုသိရငြား သူသည် စမ်းချောင်းဘက်တွင် အိမ်တစ်လုံး ငှားရမ်းနေထိုင်ခြင်းပြုသော အတွင်းဝန်မင်းဆီသို့ လှည့်ဝင်လာခဲ့သည်။ သူသည် အနည်းငယ် ကံကောင်းလာသည်ဟု ဆိုရပေမည်။ အဘယ်ကြောင့်ဆိုသော် သူနှင့် ကျောင်းနေဖက်သူငယ်ချင်းအပြင် ထောက်လှမ်းရေးဘက်ဆိုင်ရာ ရဲမင်းကြီးကိုပါ အခန့်သင့်တွေ့လိုက်ရသောကြောင့် ဖြစ်လေသည်။

အတွင်းဝန်မင်း၏ အိမ်ပေါ်သို့တက်လာလျှင် တက်လာခြင်း ဧည့်ခန်း၌ အတွင်းဝန်မင်းနှင့်အတူ ထိုင်၍ စကားပြောဆိုနေသော ထောက်လှမ်းရေးရဲမင်းကြီးက ဒေါက်တာလွမ်းဝေကို လှမ်း၍ ပြုံးလေသည်။ တစ်ဘက်သားက ပြုံးသဖြင့် မြန်မာအမျိုးသားတို့၏ ယဉ်ကျေးမှုအရ သူကလည်း ပြန်၍ ပြုံးလိုက်လေသည်။ သို့ရာတွင် သူ၏စိတ်ထဲ၌ ထိုသို့လှမ်း၍ ပြုံးသော သူကို တစ်ရံရောအခါက တွေ့ခဲ့သိခဲ့ဖူးသလိုတော့ စိတ်ထဲတွင် အောက်မေ့မိလေသည်။ သို့ရာတွင် ဘယ်တုန်းကနှင့် ဘယ်နေရာမှာတော့ မသိ၊ ဇဝေဇဝါဖြစ်နေသည်။

ထောက်လှမ်းရေး ရဲမင်းကြီးသည် အရပ်ဝတ်အရပ်စားနှင့် ဖြစ်သည်။ အသက် ၄၀ သာသာခန့်ဖြစ်သော်လည်း ဒေါက်တာလွမ်းဝေထက် အနည်းငယ် အိုစာသလို ထင်ရလေသည်။

"ဘယ်လိုက ဘယ်လို မျက်စိလည် လမ်းမှားပြီး ကျုပ်အိမ်ကို တန်းတန်းမတ်မတ် ဝင်လာရတာတုန်းဗျ ကိုလွမ်းဝေ"

အတွင်းဝန်မင်းက လှမ်း၍ နှုတ်ဆက် စကားပြောဆိုရင်း နေရာထိုင်ခင်း ပေးလေသည်။ ဒေါက်တာလွမ်းဝေသည် အိမ်ရှင် တည်ခင်းပေးသော ကုလားထိုင်အလွတ်တစ်လုံးတွင် ဝင်၍ ထိုင်လိုက်သည်။ သို့ရာတွင် သူသည် အိမ်ရှင်ကို စကားပြန်မပြောနိုင်သေးဘဲ အရပ်ဝတ်အရပ်စားနှင့် ဖြစ်သော ထောက်လှမ်းရေး ရဲမင်းကြီးကို အကဲခတ် ကြည့်ရှုနေလေသည်။

"ကိုလွမ်းဝေ ကျွန်တော့်ကို မမှတ်မိတော့ဘူးနဲ့ တူတယ်"

ရဲမင်းကြီးက ၎င်းအား ဆရာဟု မခေါ်ဘဲ ကိုလွမ်းဝေဟု ခေါ်ဝေါ်ကာ နှုတ်ဆက်ပြောဆိုလိုက်သည့်အတွက် ထိုသူသည် ၎င်းနှင့် ခပ်ငယ်ငယ်



PDF_ Yaybawal

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



ကတည်းက သိက္ခမ်းဖူးသူတစ်ယောက်ဖြစ်ရမည်ဟု ဒေါက်တာလွမ်းဝေသည် တွက်ချက်လိုက်ရပေသည်။ သို့ရာတွင် သူသည် ထိုသူကို မမှတ်မိတော့ချေ။ ထို့ကြောင့် အသာအရာ ပြုံးရင်း. . .

"ဆိုစမ်းပါဦးဗျ" ဟု ခပ်ဝါးဝါးကလေး ပြောဆိုလိုက်ရသည်။

"၃၅ ခုနှစ်က ရန်ကုန်ဟိုက်စကူးမှာလေဗျာ. . . မြဘူး အစီရင်ခံစာနဲ့ ပတ်သက်ပြီး ခင်ဗျားတို့ ကျုပ်တို့တစ်တွေ ဆူဆူပူပူ လုပ်ခဲ့ကြသေးတာတွေကော"

အရပ်ဝတ်အရပ်စားနှင့် ရဲမင်းကြီးက ထိုကဲ့သို့ ပြန်လည်ပြောကြားခြင်း ပြုတော့မှ သူသည် လွန်လေပြီးသော နှစ်ပေါင်းအစိတ်သာသာခန့်က အကြောင်းအရာနှင့် အဖြစ်အပျက်များကိုပါ သတိရလာသည်။ သို့ရာတွင် သူသည် ထိုသူ၏ နာမည်ကို ခေါ်ဆို၍ မရနိုင်သေးချေ။

"ပြန်သတိရပြီလား" ရဲမင်းကြီးက ပြုံး၍ မေးလိုက်ပြန်သည်။

အိမ်ရှင် အတွင်းဝန်မင်းက ဘေးတွင်ထိုင်ကာ ပြုံး၍ နားထောင်နေသည်။

ဒေါက်တာလွမ်းဝေသည် ထိုသူ၏ ငယ်ရုပ်ကို ကောင်းစွာ မှန်းဆမိသော်လည်း နာမည်ကိုကား ဖော်၍မရချေ။

"ဖေသန်းမောင်လေဗျာ"

ထိုကဲ့သို့ ထုတ်ဖော်ပြောဆိုလိုက်တော့မှပင် ၎င်းထက်တစ်တန်းငယ်သော ကျောင်းနေဖက် သူငယ်ချင်းဟောင်းကို ကောင်းစွာ သတိရရှိလာပေသည်။

"ကိုဖေသန်းမောင်၊ အင်း. . . အင်း သတိရပြီဗျို့၊ ဘုရင့်နောင် အသင်းက ကပ္ပတိန် မဟုတ်လား"

"မှတ်မိတော့လည်း ဒါတွေပါ ခင်ဗျားက မှတ်မိတာကိုး၊ အေးဗျာ ကျုပ်တို့ လူချင်းကွဲသွားတာ နှစ်ပေါင်း အစိတ်တောင်ကျော်သွားပြီနော်"

"ကျုပ် ကောလိပ်ရောက်ပြီး နောက်တစ်နှစ် ဟိုက်စကူးက ခင်ဗျား ၁၀ တန်းအောင်တာ ကြားတယ်၊ ဒါပေမယ့် ခင်ဗျား ကောလိပ်ကို လိုက်မလာဘဲ မန္တလေး ဆပ်ကျောင်းတက်သွားတာကိုလည်း ကြားလိုက်တယ်"

"ကျုပ် ဖားသားကြီး ဆုံးတာနဲ့ နောက်ပိုင်းက ကျန်ရစ်ခဲ့တဲ့ ကလေးတွေကို ထောက်ပြီး အလုပ်ဝင်လုပ်ခဲ့ရတယ်ဗျာ"

ထိုညက ဒေါက်တာလွမ်းဝေသည် ၉ နာရီကျော်မှ စမ်းချောင်းအိမ်မှ ကံဘဲ့သို့ ပြန်လာခဲ့လေသည်။ ကျောင်းနေဖက် သူငယ်ချင်းများဖြစ်၍ လူချင်းကွဲ



PDF_ Yaybawal

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



နေသည့် ကြားကာလအကြောင်းအရာနှင့် အဖြစ်အပျက်များကို ပြောဆိုခြင်း ပြုနေကြသည်နှင့် အချိန် တော်တော်ကုန်သွားကြလေသည်။ အိမ်သို့ ပြန်ခါနီးမှ ဒေါက်တာလွမ်းဝေသည် ၎င်း၏ကိစ္စကို သူငယ်ချင်းဟောင်းနှစ်ဦးတို့အား ထုတ်ဖော် ပြောကြားခြင်း ပြုရလေသည်။

တန်ခိုးအာဏာ ရှိသင့်သလောက်ရှိကြသော ပြည်ထဲရေးဌာနအတွင်းဝန်မင်းနှင့် ထောက်လှမ်းရေး ရဲမင်းကြီးတို့က သူ ရှင်းလင်းပြောကြားသမျှကို စိတ်ရှည်လက်ရှည် နားထောင်ခြင်း ပြုကြလေသည်။ ထိုကဲ့သို့ နားထောင်နေပြီးမှ ရဲမင်းကြီးလုပ်သူကပါ အတတ်နိုင်ဆုံး အကူအညီပေးမည့်အကြောင်းကို ဝန်ခံပြောဆိုလေသည်။ နှစ်ယောက်စလုံးကပင် ဒေါက်တာလွမ်းဝေအား ၎င်းတို့ အထက်မှ လူကြီးဖြစ်နေသော ပြည်ထဲရေးဝန်ကြီးနှင့် လူချင်း သွားရောက် တွေ့ဆုံလိုက်ဖို့ တိုက်တွန်းပြောဆိုခြင်း ပြုကြလေသည်။

ထိုအချက်ကို ဆရာဝန်ကြီး ဦးလွမ်းဝေသည် မည်ကဲ့သို့မျှ နားမလည်နိုင်ချေ။ နားမလည်သော အလုပ်တစ်ခုကို အများက လုပ်သင့်သည်ဆိုတိုင်း မလုပ်တတ်သော ဒေါက်တာလွမ်းဝေအတွက် ထိုကိစ္စသည် ဖြေရှင်း၍ မရနိုင်သော အတုံးကြီး တစ်တုံးကဲ့သို့ ဖြစ်နေပေသည်။

ပြည်ထဲရေးဝန်ကြီးကဲ့သို့ ဧရာမပုဂ္ဂိုလ်ကြီးတစ်ဦးကို မဆိုထားနှင့် ဘာမျှ မဟုတ်သော ဇရပ်ပေါ်မှ လူနာတစ်ဦးကိုပင် သွားရောက်တွေ့ဆုံရန် ဝန်လေး ပင်ပန်းခြင်းမရှိခဲ့သော ဒေါက်တာလွမ်းဝေ ဖြစ်ပါသည်။ သို့ရာတွင် သူသည် မည်ကဲ့သို့သော ပြစ်မှုကို ကျူးလွန်ခဲ့၍ ပြည်ထဲရေးဝန်ကြီးကို သွားရောက် တွေ့ဆုံရမည်နည်း။ မိမိ၌ ချို့ယွင်းချက် တစ်ခုခုရှိခဲ့လျှင် လည်းကောင်း၊ ပြစ်မှုတစ်ခုခု ရှိခဲ့လျှင် လည်းကောင်း၊ ဒေါက်တာလွမ်းဝေသည် မိမိ၏အမှားအတွက် ဝန်ချတောင်းပန်ခြင်းပြုဖို့ အချိန်မရွေး အဆင်သင့်ရှိ နေသူတစ်ယောက် ဖြစ်လေသည်။ မိမိ၏ အမှားအယွင်းများကို မြန်မြန် ဆန်ဆန် မြင်နိုင်သူ တစ်ဦးလည်း ဖြစ်လေသည်။

သူသည် လွတ်လပ်သော သမ္မတနိုင်ငံသားတစ်ဦးတစ်ယောက် မဟုတ်သလော။ လွတ်လပ်သော သမ္မတနိုင်ငံတော်သားတစ်ဦးသည် ထိုနိုင်ငံတော်၏ တရားဥပဒေကို ချိုးဖောက်ခြင်း မပြုပါဘဲနှင့် အဘယ်သူ



PDF_ Yaybawal

ကို ခယ တောင်းပန်နေရဦးမည်နည်း။

"စဉ်းစားရသေးတာပေါ့ဗျာ"

သူသည် ထိုမျှသာပြောဆိုပြီး အိမ်ပေါ်မှ ပြန်ဆင်းလာခဲ့လေသည်။

(၃)

စံပယ်မြိုင်သို့ ဒေါက်တာလွမ်းဝေ ပြန်ရောက်သောအခါ ည ၉ နာရီခွဲ လုနီးခန့် ရှိလေပြီ။ ဦးခန့်တို့ လင်မယားနှင့် မနော်တို့က ညစာကို ပြန်၍နွေးကာ ခူးခပ်ကျွေးမွေးကြသောအခါ ၁၀ နာရီပင် ထိုးလုနီးပါးခန့် ရှိသွားလေပြီ။

ညစာကို တစ်ယောက်တည်း ခပ်ဖြည်းဖြည်းစားရင်း သူသည် ညီငယ်ကို သတိရလာသည်။ ခါတိုင်း ထိုသူငယ်သည် ညစာကို အစ်ကိုလုပ်သူနှင့် မှန်မှန်စားနေကြ ဖြစ်လေသည်။ သို့ရာတွင် ယနေ့ညတွင် သူသည် များစွာ နောက်ကျနေသဖြင့် ထိုသူငယ်သည် မစောင့်နိုင်၍ စားပြီးသွားလေပြီလား။

"မောင်သန်းမောင်တစ်ယောက်ကော ဘယ်အချိန်က စားပြီးသွားသလဲ ဟင် ဦးခန့်"

သူသည် အငွေ့တလူလူနှင့် ကြာဇံဟင်းချိုပန်းကန်မှ ဟင်းချိုတစ်ဇွန်းကို ခပ်ရင်း ထမင်းစားပွဲဘေး၌ စောင့်ကြပ်ကြည့်ရှုပေးနေသော ဦးခန့်ကို လှမ်း၍ မေးမြန်းလိုက်သည်။

"ညနေကတည်းက အိမ်ကိုတောင် ပြန်မလာသေးပါဘူး ခင်ဗျာ"

ဦးခန့်က ၎င်းပြောကြားရန်ရှိသောကိစ္စကို ပြောဆိုလေသည်။

"ရေတပ်စခန်းက ညနေအလုပ်ပြီးရင် အိမ်ကို မှန်မှန်ပြန်နေကြ၊ ဒီ သူငယ်တစ်ယောက် ခုချိန်အထိ ဘာလို့ အိမ်ပြန်ထမင်းမစားသေးတာလဲ"

ဦးလွမ်းဝေသည် ထိုကဲ့သို့ ပြောဆိုပြီးမှ တစ်စုံတစ်ရာကို ရုတ်တရက် ပြန်လည် သတိရလာသကဲ့သို့ ငိုင်၍ စဉ်းစားနေလေသည်။ သူသည် ညနေ စောင်းလောက်ကပင် သန်းမောင်နှင့် မိမိတို့ နှစ်ယောက်ကို မိမိတို့ အိမ်မှ ဇက်ဖာကားကလေးနှင့် ကမာရွတ်အဝိုင်းကြီးနားတွင် တွေ့ခဲ့ရသည် မဟုတ် သလော။ ထိုငယ်ရွယ်သူနှစ်ဦးတို့သည် သူ့ကို မမြင်ကြချေ။ ၈ မိုင် ဘက်သို့ ရယ်ကာမောကာနှင့် ကားကို မောင်းသွားကြသည်။

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



ည ၁၀ နာရီထိုးလုနီးပြီ ဖြစ်သော်လည်း ညီလုပ်သူ အိမ်ပြန် မရောက်သေးခြင်း၏ အကြောင်းရင်းကို ဆရာဝန်ကြီး ဦးလွမ်းဝေသည် စဉ်းစားမိလာသည်။ သူတစ်ပါး၏ သမီးပျိုကလေးနှင့် သန်းမောင်သည် ဤမျှ အချိန်မှဲ့အောင် အဘယ်သို့များ သွားနေသနည်း။ သူသည် ညီလုပ်သူ အတွက်ထက် တစ်ဘက်မှ မိန်းကလေးအတွက် ပို၍ စိုးရိမ်မကင်း ဖြစ်လာသည်။ တကယ်ဆိုတော့ စက်ရှင်တရားသူကြီး ဦးဘသည် ဇင်းကို အင်မတန်လေးစား ခင်မင်သော အဘိုးကြီးတစ်ဦး ဖြစ်သည် မဟုတ်သလော။ အလွန်တရာ အားနာစရာ၊ မျက်နှာပူစရာ ကဲ့သို့လည်း ဖြစ်နေပေသည်။

ယင်းသို့ ထမင်းစားရင်း စဉ်းစားတွေးတောနေခိုက် မာလာမြိုင်မှ မိမိ၏ ဒေါ်လေးဆိုသော အမယ်ကြီးသည် အိမ်တွင်းသို့ ကတိုက်ကရိုက်ဝင်လာလေသည်။ ထို့ကြောင့် ဦးလွမ်းဝေက. . .

"ထမင်းစားပါဦး ဒေါ်လေး" ဟု ဖိတ်မန္တက ပြုလိုက်ရလေသည်။

"ခုမှ ညစာစားရသလား၊ စားပါ. . . စားပါ"

ထိုကဲ့သို့ ပြန်လည်ပြောကြားရင်း ထမင်းစားပွဲရှိ ကုလားထိုင် အလွတ်တစ်လုံးတွင် ဝင်၍ ထိုင်လိုက်လေသည်။

တစ်စုံတစ်ခုသော ကိစ္စနှင့် လာသည်ဟု ထင်သဖြင့်. . .

"ကိစ္စများအထွေ အထူးရှိပါသေးသလား ခင်ဗျာ"

ဟု ဒေါက်တာလွမ်းဝေက မေးလိုက်သည်။

"မိမိတစ်ယောက် မောင်သန်းမောင်နဲ့ ညနေ ၃ နာရီခွဲပွဲ ရုပ်ရှင်ကြည့်မလို့ဆိုပြီး အိမ်ကကားနဲ့ ထွက်သွားတာ ခုချိန်အထိ အိမ်ပြန် မရောက်လာသေးလို့ အစ်ကိုကြီးက အမေးခိုင်းလိုက်လို့ပါ"

"အော်. . . ဟုတ်လား"

သူသည် အလိုက်သင့် ပြောကြားခြင်း ပြုလိုက်ရပေသည်။

"ခုထက်ထိတော့ သူတို့နှစ်ယောက်စလုံး ပြန်မရောက်ကြသေးဘူး နော် ဆရာ" မိမိ၏ ဒေါ်လေးသည် မရဲတရဲနှင့် မေးလေသည်။

"ကျွန်တော်လည်း ခုလေးတင်ပဲ မြို့ထဲက ပြန်ရောက်ပါတယ် ဒေါ်လေး"

ဦးလွမ်းဝေက အဖြေတစ်ခုကို လွှဲ၍ ပေးလိုက်သည်။

"ဒါဖြင့် အစ်ကိုကြီးကို အကျိုးအကြောင်း ပြန်ပြောရအောင် ကျွန်မ



PDF_ Yaybawal

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



ပြန်လိုက်ပါဦးမယ် ဆရာ"

အမယ်ကြီးသည် ထိုသို့ ခွင့်ပန်ပြောဆိုကာ ထိုင်ရာမှ ထ၍ ကတိုက်ကရိုက်ပင် ပြန်ထွက်သွားလေသည်။

ဦးလွမ်းဝေသည် ညစာကို ဆက်လက်၍ မစားနိုင်တော့ချေ။ သူသည် လက်ဆေးကာ ရေသောက်ပြီးနောက် ထမင်းစားပွဲမှ ထလာခဲ့သည်။ သူသည် ဧည့်ခန်း၌ ထိုင်တော့မည်ကဲ့သို့ ပြုလုပ်ပြီးကာမှ မထိုင်ဖြစ်ပြန်ဘဲ အိမ်အပြင်သို့ ထွက်လာခဲ့သည်။

သူသည် စံပယ်ရုံကြီးတစ်ရုံအောက်ရှိ ခုံတန်းလျားထက်တစ်ခုတွင် ထိုင်ရင်း သက်ပြင်းကို ခပ်လေးလေးချလိုက်သည်။ ညီလုပ်သူအတွက်နှင့် သူသည် မျက်နှာပျက်ရဦးတော့မည်လော။

သူသည် ကောင်းကင်ယံမှ ကြယ်များကို မော့၍ကြည့်လိုက်ပြန်သည်။ ယင်းသို့ ကြယ်များကို မော့ကြည့်နေခိုက် အိမ်ရှေ့တွင် ကားကလေးတစ်စီး ထိုး၍ ရပ်လိုက်သော အသံကို ကြားလိုက်ရသည်။

ရေတပ်အရာရှိကလေးသည် အင်္ဂလိပ်သီချင်းတစ်ပုဒ်ကို ခပ်ရွှင်ရွှင်ကလေး လေချွန်ရင်း ခြံတံခါးကိုဖွင့်ကာ အတွင်းသို့ ဝင်လာသည်။ သူသည် စံပယ်ရုံအောက်မှ အစ်ကို လုပ်သူကို မြင်မိဟန် မရှိချေ။ အိမ်ထဲသို့ ခုန်ပေါက်၍ ဝင်သွားလေသည်။

ဆရာဝန်ကြီး ဦးလွမ်းဝေသည် မိုးကောင်းကင်မှ ကြယ်များကို မော့ကြည့်လိုက်ပြီးနောက် ဦးခေါင်းကို ခါယမ်းလိုက်ပြန်သည်။ ထို့နောက် သူသည် သက်ပြင်းကို ခပ်လေးလေးပင်ပင် ချလိုက်ပြန်လေသည်။

* * *



PDF_ Yaybawal

# သေစေသူနှင့် ရှင်စေသူ

## (၁)

ထိုညက ဒေါက်တာလွမ်းဝေသည် တစ်ညလုံးလိုလို အိပ်စက်၍မရချေ။ သူသည် မိမိရင်ဆိုင်နေရသော အလုပ်အကိုင်နှင့် ပတ်သက်သော ပြဿနာအတွက်ရော၊ ညီလုပ်သူအတွက်ပါ တောင်စဉ်းစား၊ မြောက်စဉ်းစား စဉ်းစားရင်း မိုးလင်းလုခါနီးမှ အိပ်ပျော်လေသည်။

သူ့သဘောနှင့်သူ လုပ်နေသော အလုပ်အကိုင်အတွက်နှင့် ပတ်သက်၍ ဆရာလုပ်သူက လူကြီးတို့၏ ဝတ္တရားနှင့် စေတနာအတိုင်း သူ့အတွက် နည်းလမ်းကို ရှာဖွေပေးခဲ့ပြီးလေပြီ။ သူနှင့် ကျောင်းနေဖက် သူငယ်ချင်းဟောင်းများ ဖြစ်ကြသော အတွင်းဝန်မင်းနှင့် ရဲမင်းကြီးတို့ကလည်း အကောင်းဆုံးသော နည်းလမ်းကို ညွှန်ပြခဲ့ကြပြီးလေပြီ။

သူ့အဖို့ ပြည်ထဲရေးဝန်ကြီးဆိုသူနှင့် လူချင်းသွားရောက်တွေ့ဆုံဖို့သာ ကျန်ရှိပေတော့သည်။ ပြည်ထဲရေးဝန်ကြီးဆိုသူမှာ နိုင်ငံရေးနှင့် အုပ်ချုပ်ရေး တန်ခိုးအာဏာများရှိသော ပုဂ္ဂိုလ်ကြီးတစ်ဦး ဖြစ်လေသည်။ ထိုကဲ့သို့သော ပုဂ္ဂိုလ်ကြီးတစ်ဦးကို သာမန်ကိစ္စတစ်ခုနှင့် လူချင်း သွားရောက် တွေ့ဆုံရန်အတွက် ဆရာဝန်ကြီး ဦးလွမ်းဝေသည် ဘာမျှ အပန်းကြီးလှသည်တော့ မဟုတ်ချေ။ သို့ရာတွင် သူသည် မည်သည့်ရာဇဝတ်မှုမျှကိုလည်း မကျူးလွန်ခဲ့၊ နိုင်ငံတော်၏ ငြိမ်ဝပ်ပိပြားရေးကိုလည်း မည်ကဲ့သို့မျှ အနှောင့်အယှက် မပေးခဲ့ပါဘဲနှင့် သူ့အား သက်သက်မဲ့ ဖမ်းဆီးထားရုံမျှမက သူ၏လုပ်ငန်းကိုပင် ရပ်ဆိုင်းထားပစ်ခဲ့သော ထိုကဲ့သို့ ပုဂ္ဂိုလ်ကြီးကိုကား ဒေါက်တာလွမ်းဝေသည်



PDF_ Yaybawal

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



လူချင်းသွားရောက် တွေ့ဆုံခြင်းပြုရန် အမှုအတွက် မည်ကဲ့သို့မျှ စဉ်းစား၍ မရချေ။

ပြည်ထဲရေးဝန်ကြီးကို သွားရောက်တွေ့ဆုံ၍ အကျိုးအကြောင်း ရှင်းလင်းပြောပြကာ တောင်းပန်စကားပြောကြားခြင်း ပြုလိုက်လျှင် သူ၏ ကိစ္စသည် အဆင်ပြေ လွယ်ကူသွားနိုင်စရာ အကြောင်းတော့ ရှိလေသည်။ သို့ရာတွင် သူသည် မည်ကဲ့သို့သော အမှားအယွင်းနှင့် ပြစ်မှုများကို ကျူးလွန်ခဲ့မိ၍ ယခုကဲ့သို့ သွားရောက်ကာ အကျိုးအကြောင်း ရှင်းလင်း ပြောကြားရပါမည်နည်း။ အဘယ် ကျူးလွန်မှုအတွက် သူသည် တောင်းပန် ပြောဆိုရပါမည်နည်း။

ဆရာလုပ်သူနှင့် မိတ်ဆွေများက စေတနာဖြင့် ဝိုင်းဝန်း၍ အကြံပေး ပြောကြားကြသည့်အတိုင်း၊ ထိုကဲ့သို့မှ သူသည် မလိုက်နာ မပြုလုပ်နိုင်လျှင် သူလုပ် လိုလှသော အလုပ်ကို အေးအေးချမ်းချမ်း လုပ်ကိုင်နိုင်ခွင့် ရရှိလိမ့်မည်တော့ကား မဟုတ်ချေ။ ထိုသို့မှ လုပ်ခွင့်ကိုင်ခွင့် မရလျှင် မြောက်မြားစွာသော လူနာတို့အား ကြည့်မည့်ရှုမည့်သူ မရှိဖြစ်ချေတော့မည်။

ဆရာဝန်မရှိ၍ ကြည့်ရှုကုသမည့်သူ ကင်းမဲ့ကာ တောကြိုအုံကြားများ၌ ညည်းတွားနေကြသော လူနာများ၏ အသံဗလံတို့ကို သူသည် ကြားယောင်လာလေသည်။ သို့ရာတွင် ထိုလူနာများနှင့် ဆရာဝန်ကြီး ဦးလွမ်းဝေတို့အကြား၌ ပြည်ထဲရေးဝန်ကြီးသည် ကာဆီးလျက် ရှိလေသည်။ ထိုနည်းတူပင် ဒေါက်တာလွမ်းဝေနှင့် ပြည်ထဲရေးဝန်ကြီးတို့၏ အကြားတွင်လည်း မည်ကဲ့သို့မျှ တံတားခင်း၍ မရနိုင်သော ချောက်ကမ်းပါးသည်လည်း ခံနေပေသည်။

အဘယ်ကဲ့သို့ လှည့်၍ စဉ်းစားစဉ်းစား နောက်ဆုံး၌ ဆရာဝန်ကြီး ဦးလွမ်းဝေသည် ထိုချောက်ကမ်းပါးဆီသို့ ပြန်၍ ပြန်၍သာလျှင် လည်လာရပေသည်။

ထို့ချောက်ကမ်းပါးကိုမူကား သူသည် တံတားခင်းကာ ဖြတ်ကျော်ခြင်း မပြုနိုင်ချေ။ ထိုသို့ မပြုနိုင်သည့်အတွက် တစ်ဖက်ကမ်းမှ ကြည့်ရှုကုသမည့်သူ မရှိ၍ အော်ဟစ်ညည်းတွားနေကြကုန်သော လူနာတို့၏ အသံဗလံများကို နားမချမ်းမြေ့ဖွယ်ရာ ကြားနေရပေသည်။

ဆရာဝန်ကြီး ဦးလွမ်းဝေသည် ၎င်း၏ နားနှစ်ဖက်စလုံးကို ပိတ်ထား



PDF_ Yaybawal

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



လိုက်ရလေသည်။ ထိုကဲ့သို့ နားနှစ်ဖက်ကို ပိတ်ထားလိုက်ရစဉ် ညီလုပ်သူ ကိစ္စသည် ဦးခေါင်းထဲသို့ တိုးဝှေ့ဝင်ရောက်လာပြန်သည်။

သန်းမောင်နှင့် မိမိတို့သည် ယခုကဲ့သို့ လျင်လျင်မြန်မြန်ကြီး ရင်းနှီးသွားကြလိမ့်မည်ဟု သူသည် မမျှော်လင့်ခဲ့ချေ။ လူပျိုကြီးတစ်ဦးပီပီ သူ၏အတွေးသည် ခေတ်နောက်ကျပေသည်။ ထိုငယ်ရွယ်သူနှစ်ဦးတို့သည် အံ့သြဖွယ်ရာကောင်းလောက်အောင် မြန်မြန်ဆန်ဆန်ကြီး ရင်းနှီး၍ကား နေကြလေပြီ။ ထိုအမှုကို အဘယ်သူသည် တားဆီးနိုင်ဦးမည်နည်း။

ဦးလွမ်းဝေသည် ယောက်ျားကလေးရှင်ဘက်မှ နေရသဖြင့် ထိုလူငယ်နှစ်ဦး၏ကိစ္စကို ဝတ္တရားရှိသည့်အတိုင်း ဆောင်ရွက်ပေးရန် အဆင်သင့်ရှိလေသည်။ သို့ရာတွင် တစ်ဖက်မှ မိန်းကလေးရှင်၏ သဘောနှင့် စိတ်နေစိတ်ထားများကို မသိရသေးချေ။ ထိုသို့ မသိရှိရသေးသည့်အတွက် တစ်ဖက်မှ လူကြီးများကို များစွာ အားနာလျက် ရှိပေသည်။ မျက်နှာပူလျက် ရှိလေသည်။

သန်းမောင် ရောက်မလာမီက သူသည် ဘာပြဿနာမျှ မပေါ်ခဲ့ချေ။ သူ့ဘာသာသူ အေးအေးဆေးဆေး နေနိုင်ခဲ့ပေသည်။ ယခုအခါတွင် ဤကဲ့သို့ နေထိုင်ခွင့် သူသည် မရတော့ချေ။ ပူရပန်ရသောကိစ္စများ တစ်မျိုးမဟုတ်တစ်မျိုးပေါ်ပေါက်လာလေသည်။

မိမိနှစ်သက်မြတ်နိုးလှသော အလုပ်တစ်ခုကို မိမိသဘောအတိုင်း လွတ်လွတ်လပ်လပ်နှင့် အေးအေးချမ်းချမ်း လုပ်ကိုင်လို၍ မိမိကိုယ်ကို မြိုးခြံနေထိုင်ခဲ့သော ဆရာဝန်ကြီး ဦးလွမ်းဝေသည် ယခုအခါတွင် နောက်မီးမွေးခဲ့သော ဖခင်လုပ်သူ၏ ဒဏ်ကို ခံနေရပေသည်။ သို့ရာတွင် သူသည် မည်သူတစ်ဦးတစ်ယောက်ကိုမျှ အပြစ်မတင်တတ်သော လူတစ်ယောက်ပီပီ ၎င်းရင်ဆိုင်နေရသော အမှုကို ဖြေရှင်းနိုင်ရန်အတွက် အကောင်းဆုံးသော နည်းလမ်းကိုသာ စဉ်းစားရှာဖွေခြင်း ပြုရပေသည်။

သို့ရာတွင် မိုးသာ စင်စင်လင်းကာနီးခဲ့သည်။ သူသည် ပြဿနာနှစ်ခုစလုံးအတွက် ပြီးမြောက်အောင် စဉ်းစားခြင်း မပြုနိုင်ခဲ့ချေ။ နံနက်လင်းအားကြီး ၄ နာရီသာသာခန့်တွင် ဦးနှောက်ကို ထုပူနေအောင် တစ်ညလုံး အလုပ်ပေးခဲ့သော ဒေါက်တာလွမ်းဝေသည် အားအင်ကုန်ခန်းကာ အိပ်ပျော်သွားလေသည်။

နေရိရိ

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



(၂)

နောက်တစ်နေ့တွင် နေတော်တော်ကြီးမြင့်မှ ဦးလွမ်းဝေသည် အိပ်ရာမှ နိုးလေသည်။ မျက်နှာသစ်၍ ကော်ဖီသောက်ရန်အတွက် မျက်နှာသုတ်ပဝါကို လည်ပင်းတွင်ရစ်သိုင်းကာ အိမ်အောက်ထပ်သို့ ဆင်းလာသောအခါ အိမ်အောက်ထပ် ဆေးခန်းရှေ့တွင် ၎င်းအား လာရောက် စောင့်ဆိုင်းနေကြသော လူနာများဖြင့် ပြည့်ကျပ်နေသည်ကို တွေ့ရလေသည်။ ဆေးသမားကို အားထားမျှော်လင့်ခြင်း ကြီးစွာဖြင့် လှမ်းမျှော်ကြည့်ရှုနေကြသော ၎င်း၏ လူနာများကို ဆရာဝန်ကြီးဦးလွမ်းဝေသည် အတတ်နိုင်ဆုံး ကြိုးစား၍ ပြုံးလိုက်ရပေသည်။ လူနာများကို ပြုံးပြရခြင်းသည် ဆရာဝန်များ၏ အလုပ်ဖြစ်လေသည်။

လှေကားရင်းသို့ ရောက်လျှင်ပင် တော်တော်ကလေး အရေးကြီးနေပုံရသော လူနာရှင်သုံးဦးတို့သည် ဆရာဝန်ကြီးဦးလွမ်းဝေဆီသို့ အူယားဖားယား ပြေးလွှားရောက်ရှိလာကြပြီးလျှင် ၎င်းတို့၏ လူနာများအကြောင်းကို သူ့ထက်ငါ အလုအယက် ပြောဆိုခြင်း ပြုကြလေသည်။

ဒေါက်တာလွမ်းဝေသည် မျက်နှာပင် မသစ်ရသေးချေ။ သို့ရာတွင် အရေးကြီးသော လူနာသုံးဦးသည် သူ့ကို စောင့်ဆိုင်းလျက် ရှိပေသည်။ ထို့ကြောင့် သူသည် မျက်နှာသစ်ဖို့အရေးကို သတိမပြုနိုင်တော့ချေ။ အရေးကြီးသော လူနာသုံးဦးကို ချက်ချင်းပင် စမ်းသပ်ကြည့်ရှုခြင်း ပြုရလေသည်။ ခွဲစိတ်၍ ဆေးထည့်ပေး ရသောလူနာကို ဆေးထည့်ပေးရကာ ဆေးထိုးပေးရသော လူနာကိုလည်း ဆေးထိုးပေးနေရသည်။

အရေးကြီးသော လူနာသုံးဦးကို ရှင်းလင်းလိုက်ပြီးနောက်၊ သူသည် မျက်နှာသစ်ရန်နှင့် ကော်ဖီသောက်ရန် ကိစ္စများကို ဂရုမစိုက်နိုင်တော့ချေ။ ကျန်လူနာများကို တစ်ယောက်ပြီး တစ်ယောက်ဆိုသလို ကြည့်ရှုခြင်း ပြုရပြန်လေသည်။ သောက်ဆေးပေးတန်သူတို့ကိုပေးကာ၊ ထပ်မံ ဆေးထိုးပေးသင့်သူတို့ကို တစ်ယောက်ပြီးတစ်ယောက် လုပ်ကိုင်ပေးနေရသဖြင့် ၁၂ နာရီပင် ထိုးသွားလေသည်။

ထိုနေ့နံနက်ပိုင်းက ဆရာဝန်ကြီး ဦးလွမ်းဝေသည် မျက်နှာသစ်ရသော အလုပ်နှင့် ရေချိုးခြင်း ပြုရသော အလုပ်တို့ကို တစ်ခုစီ မခွဲခြားနိုင်တော့



PDF_ Yaybawal

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



ချေ။ ထို့အတူ နံနက်ကော်ဖီနှင့် နံနက်စာထမင်းတို့ကိုလည်း တစ်ပေါင်းတည်း ကိစ္စပြီးစီးလိုက်ရလေသည်။

နေ့ခင်း တစ်နာရီသာသာခန့်တွင် ထမင်းစားသောက်ပြီးစီး၍ အနားယူရင်း ထိုနေ့ထုတ် သတင်းစာများကို ဖတ်ရှုနေခိုက် ညီလုပ်သူသည် ၎င်း၏ ရေတပ် မော်တော်ကားကလေးနှင့် အိမ်သို့ ကမန်းကတန်း ပြန်လာလေသည်။ သန်းမောင်သည် ကိုယ်တိုင်မောင်းလာသော ကားကလေးကို ဆင်ဝင်အောက်တွင် ရပ်ထားခဲ့ပြီးနောက် အိမ်ထဲသို့ အပြေးအလွှားဝင်ရောက်လာရင်း. . .

"အစ်ကိုကြီး. . . အစ်ကိုကြီး"ဟု အော်ဟစ်ခေါ်ဝေါ်ခြင်း ပြုလေသည်။

ဒေါက်တာလွမ်းဝေသည် ညီငယ်၏ အမူအရာနှင့် ပြုလုပ်နေပုံကို ရုတ်တရက် နားမလည်နိုင်သဖြင့် ငြိမ်၍ ကြည့်နေမိသည်။ အစ်ကိုကြီး လုပ်သူကို လှမ်း၍ တွေ့မြင်သွားသည်နှင့် တစ်ပြိုင်နက် ရေတပ်အရာရှိကလေးသည် ဦးလွမ်းဝေ၏ စာကြည့်ခန်းထဲသို့ ပြေးဝင်လာပြီးလျှင်. . .

"ကျွန်တော် မြိတ်ကို ပြောင်းရမယ် အစ်ကိုကြီး"

ဟု ၎င်း၏ ကိုယ်ရေးကိုယ်တာကိစ္စကို အမောပင် မဖြေနိုင်ဘဲ မောကြီး ပန်းကြီး ပြောဆိုလေသည်။

"ဟင်. . . ရန်ကုန် ရောက်တာမှ မကြာသေးဘူး၊ မင်းဟာက ခုချက်ချင်းပဲ မြိတ်ကို ပြောင်းရဦးမယ်တဲ့လားကွာ"

ဒေါက်တာလွမ်းဝေသည် အလန့်တကြား မေးမြန်းလိုက်ရသည်အထိပင် ဖြစ်လေသည်။

"မြိတ်ကို ပြောင်းရတယ်ဆိုပေမဲ့ ဟိုမှာ သိပ်ကြာကြာ နေရမယ်တော့ မထင်ဘူး၊ အရေးကြီးတဲ့ စစ်ဆင်ရေးတာဝန်တစ်ခုကို ထမ်းဆောင်ပြီးရင် ရန်ကုန် ကို ပြန်လာရပါလိမ့်မယ်"

ဗိုလ်သန်းမောင်သည် အသက်ကို ခပ်မြန်မြန်ရှူရင်း ရှင်းလင်းပြောပြလေသည်။

"မြိတ်မှာ ဘယ်လောက်လောက် ကြာမယ်တဲ့လဲကွ"

ဦးလွမ်းဝေသည် ၎င်းသိရှိလိုသောအချက်ကိုသာ မေးလေသည်။

"ဘယ်လောက်ကြာမယ်ဆိုတာကို ကျွန်တော် ကိုယ်တိုင်လည်း မခန့်မှန်းတတ်သေးဘူး အစ်ကိုကြီး၊ တနင်္ဂနွေ နှစ်ပတ်၊ သုံးပတ်လောက် ကြာရင်



PDF_ Yaybawal

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



လည်း ကြာမယ်၊ မဟုတ်ရင်လည်း ၂ လ၊ ၃ လအထိကြာရင်လည်း ကြာနိုင်တယ်"

ဗိုလ်သန်းမောင်သည် ၎င်း၏ ဦးထုပ်ကို ချွတ်လိုက်ပြီးနောက် နဖူးပြင်မှ ချွေးများကို လက်ကိုင်ပဝါဖြင့် သန့်ရှင်းရင်း ပြောဆိုလေသည်။

"ဘယ်တော့လောက် မင်းထွက်ရမလဲဟင် သန်းမောင်"

ဒေါက်တာလွမ်းဝေသည် အင်္ဂလိပ်သတင်းစာတစ်စောင်ကို လှမ်းယူရင်း ၎င်းသိရှိလိုသော အချက်ကို မေးမြန်းခြင်း ပြုလိုက်ပြန်လေသည်။

"မနက်ဖြန် မနက်စောစော ၄ နာရီလောက်၊ ရန်ကုန်ဆိပ်ကမ်းက ကျွန်တော်တို့သင်္ဘော ထွက်ရလိမ့်မယ် အစ်ကိုကြီး၊ ဒါကြောင့် ကျွန်တော် အိမ်ပြန်လာပြီး ပြင်စရာ ဆင်စရာရှိတာ လာပြင်ဆင်တာပဲ"

"မင်းတို့ အလုပ်ကလည်း ခုဆိုခုပါပဲလားကွာ"

ဆရာဝန်ကြီးဦးလွမ်းဝေသည် သတင်းစာကို မဖတ်ဖြစ်သေးဘဲ ဘေးသို့ ပြန်ချလိုက်ပြီးနောက် ညည်းတွားနေပြန်သည်။

"စစ်ထွက်ရတဲ့ အလုပ်က ဒီလိုပဲ အစ်ကိုကြီး၊ အချိန်ရှိတာ မဟုတ်ဘူး"

"၁၉၄၂ ခုနှစ်၊ ဒီဇင်ဘာလ၊ ၂၃ ရက်နေ့၊ ရန်ကုန်မြို့လယ်ကို ဗုံး စ ကြဲတဲ့နေ့က စလာခဲ့တဲ့စစ်ပွဲဟာ ခုထက်ထိတောင် မပြီးသေးဘဲကိုး"

ဦးလွမ်းဝေသည် နောက်ကြောင်းကို ပြန်၍ စဉ်းစားမိသကဲ့သို့ မကျေမချမ်း ပြောဆိုလိုက်သည်။

"ဒီနေ့ည ကျွန်တော် ဒီမှာပဲ အိပ်ဦးမယ် အစ်ကိုကြီး၊ မနက်ကြမှ ကျွန်တော့်စစ်သင်္ဘောက ရဲဘော်တွေ တပ်ကကားနဲ့ လာခေါ်ကြလိမ့်မယ်"

ရေတပ်အရာရှိကလေးသည် ထိုကဲ့သို့ပြောဆိုပြီးနောက် ၎င်း၏ ပစ္စည်းများကို စုဆောင်းသိမ်းဆည်းခြင်းပြုရန်အတွက် မနော်ကို အကူအညီခေါ်ယူကာ အိမ်အပေါ်ထပ်သို့ အပြေးအလွှား တက်သွားလေသည်။

## (၃)

"အရေးကြီးတဲ့ စစ်ဆင်ရေးတာဝန်တစ်ခုကို ထမ်းဆောင်ပြီးရင်. . . "

ဟူ၍ ညီငယ်ပြောကြားသွားသော စကားကို ပြန်လည်ကြားယောင်ရင်း ဆရာဝန်ကြီး ဦးလွမ်းဝေသည် ငိုင်၍ စဉ်းစားနေပေသည်။ စစ်တာဝန်ကို



PDF_ Yaybawal

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



ထမ်းဆောင်နေရသော စစ်အရာရှိတစ်ဦးသည် ၎င်း၏ တာဝန်ကို အချိန်မရွေး ထမ်းဆောင်ရန် အဆင်သင့် ရှိရပေမည်။ သို့ရာတွင် ဆရာဝန်ကြီးဦးလွမ်းဝေသည် ၎င်းဘာသာ တစ်ယောက်တည်း နေထိုင်ရစဉ်ကာလများက ထိုအကြောင်းကို ထည့်သွင်း စဉ်းစားခြင်း မပြုမိဘူးချေ။ သို့ရာတွင် ၎င်းနှင့်ဆက်စပ်နေသော ညီဖြစ်သူနှင့် ပတ်သက်လာသောအခါ စဉ်းစားမိလာပေသည်။ သူသည် ညီဖြစ်သူ အတွက် စိုးရိမ်မိလာပေသည်။

သူသည် လူတစ်ဖက်သား၏ နာကျင်ခြင်းကို ချမ်းသာပျောက်ကင်းအောင် ကုသရသော ဆေးသမားတစ်ဦး ဖြစ်သော်လည်း ညီလုပ်သူမှူကား တစ်ဘက်သားကို တိုက်ခိုက်သတ်ဖြတ်ခြင်းပြုရသော စစ်အရာရှိတစ်ဦး ဖြစ်နေပေသည်။ သူ၏အလုပ်သည် နာကျင်ပင်ပန်းသော သူအပေါင်းတို့ကို လိုက်လံရှာဖွေကာ သက်သာပြေငြိမ်းခြင်းပြုရသော အလုပ်ဖြစ်ပေသည်။ ညီ လုပ်သူ၏ အလုပ်မှာမူကား၊ ၎င်းတိုက်ခိုက်သတ်ဖြတ်ရမည့်သူကို လိုက်လံရှာဖွေကာ တိုက်ခိုက်သတ်ဖြတ်ခြင်း ပြုရသော အလုပ် ဖြစ်လေသည်။

ဒေါက်တာလွမ်းဝေသည် စောစောက ဖတ်ရှုမည်ကြံရွယ်ထားသော သတင်းစာကို ဖတ်ရှုခြင်းပြုရန် မေ့လျော့သွားပြီးလျှင် စာကြည့်ခန်းထဲမှ ထလာခဲ့သည်။ သူသည် စစ်ဆင်ရေးတာဝန်တစ်ခုအတွက် မြန်မာနိုင်ငံ တောင်ဘက်ပိုင်း ပင်လယ်ပြင်သို့ စစ်ထွက်ရတော့မည့် ညီလုပ်သူအတွက် လှုပ်လှုပ်ရှားရှား ဖြစ်နေပုံရလေသည်။ စစ်တိုက်သည်ဆိုသည်မှာ သူက မသတ်လျှင် ကိုယ်က သတ်ရသော လူသတ်ပွဲပင် ဖြစ်လေသည်။ ထို့ကြောင့် သူမသေလျှင် ကိုယ် သေရသော သေပွဲလည်း ဖြစ်လေသည်။ တစ်ခါတစ်ရံမှူ နှစ်ဘက်စလုံး သို့မဟုတ် နှစ်ဦးစလုံး သေရသော သေပွဲလည်း ဖြစ်တတ်လေသည်။

ဒေါက်တာလွမ်းဝေသည် ဧည့်ခန်း၌ ထိုင်တော့မည် ပြုလုပ်ပြီးကာမှ မထိုင်ဖြစ်ပြန်ဘဲ အိမ်အပြင်သို့ ထွက်လာခဲ့သည်။ သူသည် ခိုလှုံနေကြဖြစ်သော စံပယ်ရုံကြီးအောက်သို့ ပြေးဝင်လာခဲ့သည်။ ထို့နောက် ခုံတန်းလျားပေါ်တွင် ထိုင်ကာ ငိုင်နေသည်။

သူသည် အလွန်တရာ သန့်ရှင်းမွန်မြတ်လှသော အလုပ်တစ်ခုကို လုပ်ကိုင်နေသူ အဖြစ်ဖြင့် မိမိကိုယ်ကို ယုံကြည်ထားသူ ဖြစ်လေသည်။ သို့ရာတွင် သူ၏ ညီငယ်မူကား မိမိနှင့် ဇာတ်တူသားများကို ပစ်ကွင်းအဖြစ်ဖြင့်



PDF_ Yaybawal

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



လိုက်လံရှာဖွေနေရသော အလုပ်ကို လုပ်နေရသူ ဖြစ်နေပေသည်။ ဆန့်ကျင်ဘက် အလုပ်များကိုသာ လုပ်ကိုင်နေကြသော်လည်း သူတို့နှစ်ဦးသည် ညီအစ်ကိုများ အဖြစ်ဖြင့် တော်စပ်နေကြပေသည်။

ထိုကဲ့သို့ စံပယ်ရုံအောက်တွင် ငြိမ်သက်စွာ ထိုင်ကာ စဉ်းစားနေခိုက် ညီငယ်ဖြစ်သူသည် အရပ်ဝတ်အရပ်စားများကို လဲလှယ်ကာ အိမ်အတွင်းမှ ထွက်လာပြီးနောက် ခြံအပြင်ဘက်သို့ အရေးတကြီး ထွက်သွားတော့မည် အပြု. . .

"မောင်သန်းမောင်. . . ခဏဟေ့"

ဟု ဦးလွမ်းဝေက လှမ်း၍ ခေါ်လိုက်လေသည်။ သန်းမောင်သည် ကိုယ်ရှိန်သတ်ကာ အစ်ကိုကြီးဆီသို့ ပြန်လှည့်လာသည်။

"ဒါ မင်းဘယ်သွားမလို့လဲဟင်"

သွားမည့်နေရာနှင့် ကိစ္စကို သိလျက်နှင့်ပင် ဦးလွမ်းဝေသည် မေးမြန်းခြင်း ပြုနေသည်။

"မိမိတို့အိမ်ကို သွားနှုတ်ဆက်မလို့ပါ အစ်ကိုကြီး"

ဒေါက်တာလွမ်းဝေသည် ညီလုပ်သူအား စကားတစ်ခွန်းပြောမည်ဟု ကြံရွယ်ပြီးကာမှ တစ်စုံတစ်ရာကို ရုတ်တရက် စဉ်းစားမိလာသကဲ့သို့ ပြောဆိုခြင်း မပြုတော့ဘဲ ငိုင်နေလိုက်သည်။

မိမိသွားလိုရာခရီးကို သွားချင်လှပြီဖြစ်သော ညီငယ်လုပ်သူက. . .

"ဒါဖြင့် ကျွန်တော် သွားလိုက်ဦးမယ်"

ဟု ပြောဆိုကာ ချာခနဲ လှည့်ထွက်သွားလေသည်။

ဒေါက်တာလွမ်းဝေသည် ရေတပ်အရာရှိကလေးကို မျက်စိတစ်ဆုံး ငေးမောကြည့်ရှုနေရာမှ ဦးခေါင်းကို တညိတ်ညိတ်လုပ်နေသည်။ သူသည် ညီငယ် လုပ်သူအား ရေတပ်မှ စာချုပ်နှစ်စေ့လျှင် ထွက်၍ ဘီအေနှင့် ဘီအီးဒီ များ အောင်အောင် သင်ကြားကာ ကျောင်းဆရာအလုပ်လုပ်ဖို့ နားချပြောဆို ရန် ခပ်စောစောက စဉ်းစားထားလေသည်။ သို့ရာတွင် ယခုကဲ့သို့ ခရီးထွက် ကာနီးတွင် ပြောဆိုရန် မသင့်သေးဘဲ ပြန်လာတော့မှ ပြောဆိုခြင်း ပြုတော့မည် ဟု အောက်မေ့ကာ ဆိုင်းငံ့ထားခဲ့ခြင်း ဖြစ်လေသည်။

* * *



PDF_ Yaybawal

# ဗျာများရလှသော ဆရာဝန်ကြီး

(၁)

စစ်ဆင်ရေး တာဝန်ဝတ္တရားတစ်ခုဖြင့် ညီဖြစ်သူ ရန်ကုန်မှ ထွက်ခွာသွားပြီးနောက် တနင်္ဂနွေ တစ်ပတ်ခန့် အကြာတွင် ဆရာဝန်ကြီး ဦးလွမ်းဝေသည် များစွာ စိတ်မချမ်းမြေ့စရာကောင်းလှသော သတင်းတစ်ရပ်ကို သက်ဆိုင်ရာ အာဏာပိုင်များထံမှ တစ်ဆင့် ကြားနာခြင်း ပြုရသေည်။ ယင်း စိတ်မချမ်းမြေ့စရာ သတင်းမှာ အခြားတော့မဟုတ်၊ ဆရာဝန်ကြီး ဦးလွမ်းဝေ၏ ညီဖြစ်သူ တာဝန်ထမ်းဆောင်လျက်ရှိသော ဗမာ့ရေတပ်မတော်မှ တိုက်သင်္ဘောကလေးတစ်စင်းသည် လုံခြုံရေးနှင့် ကာကွယ်ရေးတာဝန်များကို မြိတ်ကျွန်းစုများတစ်ဝိုက်တွင် ထမ်းဆောင်ရင်း ပျောက်ဆုံးသွားသော သတင်းပင် ဖြစ်လေသည်။

ဗမာ့ရေတပ်မတော်မှ တာဝန်ခံအရာရှိတစ်ယောက်သည် ဆရာဝန်ကြီးကို ကိုယ်တိုင်ကိုယ်ကျ လာရောက်တွေ့ဆုံကာ ထိုသတင်းကို ခပ်တိုးတိုး ခပ်အုပ်အုပ် ပြောပြလေသည်။

"ဗိုလ်သန်းမောင်ပါဝင်တဲ့ အဲဒီတိုက်သင်္ဘောနဲ့ အဆက်အသွယ်ပြတ်သွားတာကတော့ ၇၂ နာရီကျော်လွန်သွားပါပြီ၊ ရှာဖွေတဲ့ အဖွဲ့တွေကတော့ လက်မလျှော့ကြသေးပါဘူး၊ ဆက်လက်ပြီး ရှာဖွေနေကြတုန်းပါပဲ"

ရေတပ်အရာရှိသည် အခြေအနေ အရပ်ရပ်တို့ကို ပြောကြားပြီးနောက် ပျောက်ဆုံးနေသော တိုက်သင်္ဘောကလေးကို လိုက်လံရှာဖွေနေကြတုန်း ဖြစ်သည့် အကြောင်းကိုလည်း ပြောဆိုလေသည်။

ဒေါက်တာလွမ်းဝေသည် ငိုင်၍ နားထောင်နေသည်။

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



"ဒီသတင်းကိုတော့ လူသိရှင်ကြား ထုတ်ပြန်ကြေညာခြင်း မပြုသေးတဲ့အတွက် သက်ဆိုင်ရာ ဆွေမျိုးသားချင်းတွေကိုသာ အကျိုးအကြောင်း သိရှိရအောင် အကြောင်းကြားတာပဲ ဖြစ်ပါတယ်"

ရေတပ်အရာရှိသည် ၎င်း၏ ဝတ္တရားကို ထမ်းဆောင်ပြီးနောက် ပြန်သွားလေသည်။

ထိုသတင်းကို ကြားသိရပြီးလျှင်ပြီးချင်း ဦးလွမ်းဝေသည် မြို့ထဲသို့ မော်တော်ကားကို ကိုယ်တိုင်မောင်း၍ ထွက်လာခဲ့သည်။ သူသည် ကြေးနန်းရုံးကြီးသို့ ရှေးဦးစွာသွားပြီးနောက် နယ်များတွင် ရောက်ရှိနေကြသော နှမအလတ်နှင့် အငယ်တို့ထံသို့ ကြေးနန်းတစ်စောင်စီ ရိုက်လိုက်လေသည်။ ကြေးနန်းတွင် ထွေထွေထူးထူး ဘာမှမပါ၊ အလွန်တရာ အရေးကြီးသည်၊ ရန်ကုန်သို့ မိရာရထားနှင့် လိုက်လာခဲ့ပါဟူ၍ ဖြစ်လေသည်။

ကြေးနန်းရုံးမှ ထွက်လာခဲ့ပြီးနောက် ဦးလွမ်းဝေသည် နောက်ထပ်သတင်းများ ထူးလိုထူးငြား စစ်ရုံးကြီးသို့ဝင်ကြည့်လေသည်။ ယခင် ဗမာ့ကာကွယ်ရေးတပ်မတော်တုန်းက ဆေးမှူးကြီးဖြစ်ခဲ့သော ဗိုလ်ကြီးလွမ်းဝေနှင့် ရဲဘော်ရဲဘက်များဖြစ်ခဲ့ကြသော ဒု-ဗိုလ်မှူးကြီးတစ်ဦးနှင့် ဗိုလ်မှူးကြီးတစ်ဦးတို့က ဆရာဝန်ကြီး ဦးလွမ်းဝေကို တတ်နိုင်သမျှ အကူအညီပေးကြလေသည်။ သို့ရာတွင် စစ်ရုံးကြီးမှ အရာရှိကြီးများသည် ရေတပ်မတော်မှ အရာရှိ ပြောကြားသွားခဲ့သော သတင်းထက် ပိုမို၍ ပြောကြားနိုင်ခြင်းတော့ မရှိချေ။ ထို့ကြောင့် ဒေါက်တာလွမ်းဝေသည် စစ်ရုံးကြီးမှ လေးလံစွာ ပြန်ထွက်လာခဲ့ရသည်။

စစ်ရုံးကြီးမှ ထွက်လာခဲ့ပြီးနောက် ဒေါက်တာလွမ်းဝေသည် ဘယ်သို့မျှ နောက်ထပ်မဝင်တော့ဘဲ စံပယ်မြိုင်သို့ တန်း၍ ပြန်လာခဲ့လေသည်။ ထိုနေ့ညနေပိုင်းတွင် ၎င်းအား လာရောက်စောင့်ဆိုင်းနေကြသော လူမမာများကို ကြည့်ရှုခြင်း ပြုရာ၌ ခါတိုင်းလောက် သူသည် စိတ်ပါလက်ပါဝင်စားခြင်း မရှိနိုင်တော့ချေ။

လူနာများ ရှင်းလင်းသွားသော ညနေပိုင်းတွင် ဆရာဝန်ကြီးသည် လှပချောမောသော ဧည့်သည်တစ်ဦးကို တွေ့ဆုံဧည့်ခံခြင်း ပြုရပြန်လေသည်။ ယင်းဧည့်သည်မှာ အခြားသူတော့ကား မဟုတ်ချေ။ မိမိ ဖြစ်လေသည်။

ဧည့်ခန်းအတွင်းသို့ ဝင်လာကတည်းက မျက်စိမကောင်း၊ မျက်နှာ



PDF_ Yaybawal

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



မကောင်း ဖြစ်နေသော မိမိ၏ အနေအထားနှင့် အမူအရာကို ဦးလွမ်းဝေသည် သတိထားလိုက်မိလေသည်။ မိမိသည် ဦးလွမ်းဝေနှင့် မလှမ်းမကမ်းရှိ ကုလားထိုင် လွတ်တစ်လုံးတွင် ဝင်၍ထိုင်ရင်း. . .

"ကိုသန်းမောင်သတင်း အစ်ကိုကြီး ကြားပြီးပြီလား ဟင်"

ဟု လွတ်ခနဲ မေးလိုက်သည်။ မိမိ၏အသံသည် ကတုန်ကယင် ဖြစ်နေသည်။

မိမိသည် ထိုသတင်းကို ကြားသိလေပြီလော၊ ထိုသတင်းကို ဘယ်က ရသနည်း။ ဦးလွမ်းဝေသည် အဖြေကို ဆိုင်းထားလိုက်သည်။ မိမိကိုသာ အံ့အားသင့်သော အမူအရာဖြင့် အငေးသား ကြည့်နေမိသည်။

"ခုညနေပဲ ကိုသန်းမောင်ရဲ့သူငယ်ချင်း ရေတပ်မတော်အရာရှိ တစ်ယောက်ဆီက ကိုသန်းမောင် ပါတဲ့သင်္ဘော ပျောက်နေတဲ့သတင်းကို ကြားလာခဲ့တယ်"

မိမိသည် ၎င်းကြားလာခဲ့ရသော သတင်းကို ပြောကြားနေသည်။

ဒေါက်တာလွမ်းဝေသည် ငြိမ်သက်စွာ နားထောင်လေသည်။ သို့ရာတွင် ဘာမှတော့ ပြန်မပြောချေ။

"အစ်ကိုကြီး ဒီသတင်းကို ကြားပြီးပြီလားဟင်"

သိသိသာသာကြီး ပျက်နေသော မိမိ၏ အမူအရာကို အကဲခတ်ကြည့်ရင်း ဒေါက်တာလွမ်းဝေသည် ဦးခေါင်းကို ညိတ်ရုံမျှသာ ညိတ်ပြလိုက်လေသည်။

မိမိသည် ၎င်းရရှိလာခဲ့သောသတင်းကို ပြောကြားပြီးနောက် ပြန်ထွက်သွားလေသည်။ ထ၍ပြန်သွားသော မိမိကိုပင်လျှင် ဆရာဝန်ကြီးသည် နှုတ်မဆက်လိုက်မိချေ။

ထိုညက ဦးလွမ်းဝေသည် ညစာကိုပင် မစားနိုင်တော့ချေ။ သူသည် အိမ်အပြင်သို့ထွက်ကာ စံပယ်ရုံအောက်တွင် ညဉ့်တော်တော်ကလေးနက်သည် အထိ တစ်ယောက်တည်း ထိုင်၍ နေသည်။ သူသည် ၁၀ နာရီခွဲသာသာခန့်မှ အိမ်အပေါ်သို့ ပြန်တက်လာခဲ့သည်။ သို့ရာတွင် မီးကို ငြိမ်းသတ်ကာ အိပ်ရာထက်တွင် လှဲချလိုက်မည်အပြုတွင် . . .

"ဆရာ. . . ဆရာ"

ဟူ၍ မနော်၏ အော်ခေါ်သံကို ကြားလိုက်ရသဖြင့် သူသည် ပြန်၍ ထရပြန်လေသည်။

**နေရီရီ**

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



လူနာရှင်သည် အိမ်အပေါ်ထပ်သို့ပင် ရောက်ရှိနေလေပြီ။ လူနာရှင်မှာလည်း တခြားသူမဟုတ် မိမိ ဖြစ်လေသည်။

"အစ်ကိုကြီး ဖေဖေ မူးပြီးလဲပြန်လို့ လိုက်ကြည့်ပေးပါဦး"

မိမိသည် ငိုမဲ့ငိုမဲ့နှင့် ပြောဆိုလေသည်။

ဦးလွမ်းဝေသည် မနော်ကို ဆေးအိတ်ကို အဆင်သင့်ပြုလုပ်ခိုင်းပြီးနောက် မိမိနှင့်အတူ ကတိုက်ကရိုက်ထ၍ လိုက်လာရလေသည်။ သို့ရာတွင် ယခု တစ်ခေါက်၌ ဆရာဝန်ကြီး ဦးလွမ်းဝေသည် စက်ရှင်တရားသူကြီး ဦးဘ၏ အသက်ကိုပင် မမီလိုက်တော့ချေ။ မိမိ မောင်းလာသော ဇက်ဖာကားကလေးသည် ဆင်ဝင်အောက်၌ ထိုး၍ ရပ်သွားလျှင် ရပ်သွားခြင်း. . .

"အမယ်လေး အစ်ကိုကြီးရဲ့၊ အစ်ကိုကြီး သမီးကလေးကို ဘယ်သူနဲ့ စိတ်ချလို့ ခုလိုလုပ်သွားလိုက်တာလဲ အစ်ကိုကြီးရဲ့"

ဟူသော မိမိ၏ ဒေါ်လေးလုပ်သူ၏ ရင်ထု၍ အော်ဟစ်ငိုယိုသံကို စူးစူးဝါးဝါး ကြားလိုက်ရလေသည်။

(၂)

စက်ရှင်တရားသူကြီး ဦးဘ၏ ဈာပနာကိစ္စ ပြီးစီးပြီးနောက် ဆရာဝန်ကြီး ဦးလွမ်းဝေ၏ လူနာများစာရင်းတွင် တစ်ယောက်ထပ်မံ၍ တိုးလာပြန်လေသည်။ ထိုလူနာမှာ အခြားသူတော့မဟုတ်၊ မိမိ ဖြစ်လေသည်။

ယင်းသို့ မိမိကို လူနာအဖြစ်ဖြင့် အားဆေးများစ၍ ထိုးပေးရသောနေ့တွင်ပင် ဆရာဝန်ကြီး ဦးလွမ်းဝေ၏ စံပယ်မြိုင်အိမ်ကြီး၌ ဧည့်သည်နှစ်ဦး တိုးလာပြန်လေသည်။ ထိုဧည့်သည်များမှာ အခြားသူများတော့ မဟုတ်ကြချေ။ ညီလုပ်သူကိစ္စနှင့် ပတ်သက်၍ ၎င်းက သံကြိုးရိုက်ခေါ်လိုက်သဖြင့် နယ်များမှ ကတိုက်ကရိုက်နှင့် ငိုယိုကာ လိုက်လာကြသော ဒေါက်တာလွမ်းဝေ၏ နှမအလတ်နှင့် နှမအငယ်တို့ပင် ဖြစ်ကြလေသည်။

ထိုရက်များအတောအတွင်း ဆရာဝန်ကြီး ဦးလွမ်းဝေသည် စိတ်မအား လူမအား ဖြစ်နေရလေသည်။ သူသည် အဖေတစ်ယောက်လုံး လေဖြတ်သေဆုံးသွားပြီးနောက် မျက်နှာ အားငယ်နေသော လူမမာ မိမိကို တစ်ဖက်မှ အားပေးနှစ်သိမ့်ရင်း တစ်ဖက်မှ ဆေးကုသခြင်းလည်း ပြုရလေသည်။ အခြား

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



တစ်ဖက်တွင်လည်း ၎င်းတို့၏ အငယ်ဆုံး မောင်ကလေးတစ်ယောက် ပင်လယ်ပြင်တွင် ပျောက်ဆုံးနေရာမှ ဘယ်လိုသတင်းမျှ မကြားရသဖြင့် တငိုငို တယိုယိုလုပ်နေကြသော နှမနှစ်ယောက်တို့ကိုလည်း နှစ်သိမ့်အားပေးခြင်းနှင့် ချော့မော့ခြင်း ပြုရသေးသည်။ သို့ရာတွင် သန်းမောင်နှင့်တကွ မြိတ်ကျွန်းစုကြားပင်လယ်ပြင်တွင် ပျောက်ဆုံးနေသော တိုက်သင်္ဘောကလေး၏ သတင်းကိုကား ဘာမျှ မကြားရချေ။ သူသည် နေ့စဉ်လိုလို စစ်ရုံးကြီးနှင့် ရေတပ်စစ်ဦးစီးရုံးများသို့ မှန်မှန် ရောက်လေသည်။ သို့နှင့် တနင်္ဂနွေ နှစ်ပတ်ခန့်သာ ကြာမြင့်ခဲ့လေသည်။ ဘာသတင်း အစေအနကိုမျှ မရချေ။

ဦးလွမ်းဝေ၏ နှမနှစ်ယောက်တို့သည် တနင်္ဂနွေ နှစ်ပတ်သာသာ သုံးပတ်ခန့်မျှ စံပယ်မြိုင်တွင် နေထိုင်ကြပြီးနောက် အကြောင်းဘယ်သို့မျှ မထူးတော့သဖြင့် မောင်လုပ်သူကို သေဆုံးပြီဟု သဘောထားကာ သပိတ်သွတ်၊ တရားနာခြင်းများ ပြုကြလေသည်။ နှမများ၏ စိတ်အေးချမ်းမှုနှင့် သက်သာမှုကို အနှောင့်အယှက် အဟန့်အတား မပြုလိုသော ဆရာဝန်ကြီးဦးလွမ်းဝေသည် နှမနှစ်ယောက်တို့ ပြုလုပ်သမျှကို ဘာတစ်ခွန်းမျှ ဝင်ရောက်ပြောဆိုမေးမြန်းခြင်းမပြု၊ မသိလိုက် မသိဘာသာ ကြည့်နေလိုက်ပေသည်။

ပြန်တမ်းတွင် ဗမာ့ရေတပ်မတော်မှ 'ဝံဘို' အမည်ရှိ တိုက်သင်္ဘောနှင့် ယင်းတိုက်သင်္ဘောတွင် တာဝန်ထမ်းဆောင်နေကြသော အရာရှိ အရာခံ အကြပ်နှင့် တပ်သားများအားလုံးတို့သည် မြိတ်ကျွန်းစုပင်လယ်ပြင်တွင် ပျောက်ဆုံးလျက်ရှိရာ မည်ကဲ့သို့မျှ ရှာဖွေစုံစမ်း၍ မရတော့သဖြင့် နစ်မြုပ်သေဆုံးပြီဟု ယူဆရကြောင်းဖြင့် ဖော်ပြထားလေသည်။

ဆရာဝန်ကြီးဦးလွမ်းဝေသည် ၎င်းတို့၏ မောင်လုပ်သူအတွက် တပ်မတော်မှ ပေးကမ်းသော ကရုဏာကြေးများနှင့် ရသင့်ရထိုက်သော လစာများကို နှမနှစ်ယောက်အား လိုက်လံထုတ်ပေးခြင်း ပြုရသော အလုပ်တစ်ခုသည် တိုးလာပြန်သည်။ ထို့ကြောင့် သူနှင့် သက်ဆိုင်သော အလုပ်ကိစ္စအတွက် ဘာမျှလည်း မစဉ်းစားနိုင်၊ လုပ်လည်း မလုပ်နိုင်ချေ။

ကိစ္စများ ပြီးစီး၍ နှမနှစ်ယောက်တို့ကို ၎င်းကိုယ်တိုင် အိမ်မှကားကို မောင်းကာ ရန်ကုန်ဘူတာကြီးသို့ လိုက်လံပို့ပေးပြီးနောက် ဒေါက်တာလွမ်းဝေသည် အိမ်သို့မပြန်သေးဘဲ အတွင်းဝန်များရုံးဘက်သို့ လှည့်ဝင်လာခဲ့လေသည်။

**နေရီရီ**

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



သူ၏ အခြေအနေနှင့် ပတ်သက်၍ အကြောင်းဘယ်ကဲ့သို့မျှ ထူးခြားတိုးတက်လာစရာ မရှိနိုင်သော်လည်း ရှိရင်းစွဲ အခြေအနေထက် အဘယ်မျှ ဆိုးရွားနေသည်ကို အကဲခတ်နိုင်ရန်အတွက် ဖြစ်လေသည်။

သူသည် ခါတိုင်းကဲ့သို့ အတွင်းဝန်မင်းဆီသို့ တိုက်ရိုက်မဝင်သေးဘဲ နောက်ထပ်တိုးလာသော ကျောင်းနေဖက် ရဲမင်းကြီးဆီသို့ ရှေးဦးစွာ ဝင်လေသည်။

"ခင်ဗျားဝင်လာတာ အခန့်သင့်လိုက်တာဗျာ"

ထောက်လှမ်းရေးဘက်ဆိုင်ရာ ရဲမင်းကြီးက ၎င်း၏စားပွဲမှ လှမ်း၍ ပြောဆိုလိုက်သဖြင့် ဒေါက်တာလွမ်းဝေသည် ရုတ်တရက်သော် နားမလည်လိုက်ချေ။

"ခင်ဗျား ပေါ်မလာလို့တောင် ကျွန်တော်နဲ့ အတွင်းဝန်မင်းတို့ နှစ်ယောက် ခင်ဗျားဆီကို ဒီနေ့ ညနေဘက်လောက် လှည့်လာကြမလို့ဗျ"

၎င်း၏ စားပွဲကြီးရှေ့တွင် ဝင်၍ထိုင်လိုက်သော ဒေါက်တာလွမ်းဝေကို စီးကရက်ဘူးနှင့် မီးခြစ်ဘူးလှမ်း၍ပေးရင်း ရဲမင်းကြီးက ထပ်မံပြောဆိုလိုက်သည်။

"ဆိုစမ်းပါဦးဗျ၊ ဘယ်လိုများ ထူးလာလို့လဲ၊ ကျုပ်ကို ထပ်ပြီးတော့များ ဖမ်းကြမလို့လားဗျ ကိုဖေသန်းမောင်"

ဒေါက်တာလွမ်းဝေသည် ရယ်သလို မောသလို ပြောဆိုလိုက်လေသည်။

"ခင်ဗျားကတော့ ဝန်ကြီးနဲ့ လူချင်းတွေ့မဲ့ လူစားမဟုတ်လို့ ကျွန်တော်တို့ နှစ်ယောက် တိုင်ပင်ပြီး ခင်ဗျားကိစ္စအတွက် ဝန်ကြီးကို ပြောဆိုကြည့်တယ်ဗျ"

၎င်း၏လက်ချက်ကြောင့် ၆ လကျော်ကျော်မျှ ဖမ်းဆီးချုပ်နှောင်ခြင်းခံခဲ့ရသော ကျောင်းနေဘက်သူငယ်ချင်းအတွက် များစွာ စိတ်မကောင်းဖြစ်နေခဲ့ဟန်ရှိသော ရဲမင်းကြီးက ဆရာဝန်ကြီး ဦးလွမ်းဝေကို ပြောဆိုလိုက်သည်။

"ခင်ဗျားတို့ ဝန်ကြီးက ဘာပြောသလဲဗျ၊ ဆိုစမ်းပါဦး"

ဒေါက်တာလွမ်းဝေသည် စိတ်အားထက်သန်လာသောအသံဖြင့် ပြန်၍ မေးမြန်းလိုက်သည်။

"ဝန်ကြီးကတော့ ကျွန်တော်တို့နှစ်ယောက်ကသာ တာဝန်ယူကြမယ်ဆိုရင် ဆေးကောင်စီကို ပေးပို့ထားတဲ့ မူလအကြောင်းကြားချက်နဲ့ မေတ္တာရပ်ခံချက်ကို ပြန်လည်ရုပ်သိမ်းပေးဖို့တော့ သဘောတူလိုက်ပြီဗျ"

"တကယ်လားဗျ၊ ဒါဖြင့် ကျုပ် အရင်က လုပ်လာခဲ့တဲ့အလုပ်ကို



PDF_ Yaybawal

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



ပြန်ပြီး လွတ်လွတ်လပ်လပ် လုပ်နိုင်ကိုင်နိုင်ပြီပေါ့နော် ဟုတ်လား"

ဒေါက်တာလွမ်းဝေသည် ထိုင်ရာမှ ပြုန်းခနဲ ထလိုက်ရင်း အားရဝမ်းသာ ပြန်၍ မေးလိုက်မိလေသည်။

"ဒါပေမဲ့ ဝန်ကြီးက တစ်ခုတော့ ပြောတယ်ဗျ"

ဟု ရဲမင်းကြီးက ဆိုလာသဖြင့် ဒေါက်တာလွမ်းဝေသည် ငိုင်၍ သွားလေသည်။

ငိုင်နေသော ဆရာဝန်ကြီး ဦးလွမ်းဝေကို ရဲမင်းကြီးသည် ရင်းပြောဆိုခြင်းပြုရမည့်ကိစ္စအတွက် အားနာသကဲ့သို့ နောက်တွန့်နေသည်။ သူ ထုတ်ဖော်ပြောကြားခြင်း ပြုရမည့်စကားကိုပင် ပြောသင့်၊ မပြောသင့် စဉ်းစားချိန်ဆနေပုံရလေသည်။

ဦးလွမ်းဝေသည် သက်ပြင်းကို ခပ်လေးလေးချလိုက်ပြီးနောက် ငိုင်နေရာမှ ထောက်လှမ်းရေး ရဲမင်းကြီးကို လှမ်း၍ကြည့်လိုက်သည်။ ထိုသို့ကြည့်ကာ ကြိုးစား၍ပြုံးရင်း. . .

"ဘယ်လို တစ်ခုဆိုတာကိုလည်း ပြောပြဦးမှပေါ့ဗျ" ဟု ပြောလိုက်သည်။

"ခင်ဗျားကို ပြန်ပြီးတော့ **(Practice)** လုပ်နိုင်ခွင့် ပေးဖို့ကိုတော့ သဘောတူလိုက်ပါပြီဗျ၊ ဒါပေမဲ့ ဝန်ကြီးက ဒီလိုခွင့်ပြုလိုက်ရင် ခင်ဗျား တောတွေကို လျှောက်လှည့်ပြီး သူပုန်တွေကိုပါ ဆေးလိုက်ကုနေမှာစိုးတယ်နဲ့ တူတယ်"

"ဒီလိုဆို တောရွာတွေမှာ သူပုန်မရှိအောင် အစိုးရက လုပ်ပေးပါလားဗျ"

"ဒါကတော့ နိုင်ငံရေး ပြဿနာပဲလေ"

"နိုင်ငံရေးပြဿနာကို ပြေလည်ရှင်းလင်းအောင်တော့ မလုပ်နိုင်ဘဲ ကြားလူတွေကိုသာ လျှောက်ပညတ်နေလို့ ကိစ္စက ပြီးနိုင်မတဲ့လားဗျာ"

"ဒါတွေကို ထားပါတော့ဗျာ၊ ခင်ဗျားကို ပြန်ပြီးတော့ **(Practice)** လုပ်ခွင့်ပေးရင် ခင်ဗျား ရန်ကုန်မှာ တစ်နှစ်လောက်နေပေါ့မယ်လို့ ကတိပေးနိုင်ပါ့မလားဟင် ကိုလွမ်းဝေ"

"ဘာလဲဗျ ကျုပ်ကို ခြေချုပ်လုပ်ကြဦးမလို့လား"

ဒေါက်တာလွမ်းဝေသည် ထိုင်ရာမှ ပြုန်းခနဲ ထလိုက်သည်။

"ကျုပ်တို့ကိုတော့ ခင်ဗျား တလွဲမထင်ပါနဲ့ ကိုလွမ်းဝေ၊ ခင်ဗျားအတွက် အကောင်းဆုံးနဲ့ ဖြစ်နိုင်တဲ့နည်းကို ကျုပ်တို့နှစ်ယောက် တိုင်ပင်ပြီး



PDF_ Yaybawal

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



လုပ်ပေးရတာပါဗျာ"

ဒေါက်တာလွမ်းဝေသည် ထောက်လှမ်းရေး ရဲမင်းကြီး၏ စကားကို ဆုံးအောင်ပင် နားမထောင်တော့ချေ။ ဆရာဝန်ကြီးဦးလွမ်းဝေ ဘဝကို တရားဝင် ပြန်လည်ရရှိပြီ ဖြစ်သော်လည်း ရန်ကုန်နယ်နိမိတ်အတွင်း အကျဉ်းသမား ဖြစ်နေပြန်သော ၎င်း၏ဘဝကို မကျေချမ်းနိုင်သော ဒေါက်တာလွမ်းဝေသည် ရဲမင်းကြီး၏ ရုံးခန်းအတွင်းမှ ကလေးသူငယ်တစ်ယောက်ကဲ့သို့ စိတ်ဆိုးမာန်ဆိုးနှင့် ထွက်ချလာခဲ့လေသည်။

ထောက်လှမ်းရေး ရဲမင်းကြီးသည် အစိုးရ အမှုထမ်းတစ်ဦး ဖြစ်လေသည်။ သူ၏ တာဝန်ကို ထမ်းဆောင်နေရသူလည်း ဖြစ်လေသည်။ သို့ရာတွင် သူသည် ဒေါက်တာလွမ်းဝေကို မျက်နှာချင်းဆိုင်ရန် မျက်နှာပူလှသောကြောင့် ၎င်း၏ ရာဇဝတ်အုပ်ကလေးတစ်ယောက်ကို ဆရာဝန်ကြီး ဦးလွမ်းဝေနောက်သို့ အလျင်အမြန်လိုက်၍ မေးစရာ ကျန်ရှိနေသေးသော အစိုးရကိစ္စနှင့် စာအုပ်ရှည်ကြီးတစ်အုပ်ကို အပေးခိုင်းလိုက်ရလေသည်။

ရာဇဝတ်အုပ်ကလေးသည် ရဲမင်းကြီးနှင့် ကျောင်းနေဘက် သူငယ်ချင်း ဖြစ်သော ဆရာဝန်ကြီးနောက်သို့ မရဲတရဲလိုက်၍ ၎င်းအား အပေးခိုင်းလိုက်သော စာအုပ်ကို ရိုရိုသေသေ ပေးလေသည်။

သူငယ်ချင်းဖြစ်သော ရဲမင်းကြီးကို စိတ်လုပ်၍ကောင်းသော်လည်း ၎င်း၏တာဝန်ကို ထမ်းဆောင်ခြင်းပြုရရှာသော ရာဇဝတ်အုပ်ကလေး ကိုကား ဒေါက်တာလွမ်းဝေသည် လူကြီးလူကောင်းတစ်ဦး ပီပီ လက်ခံလေသည်။ ထိုရဲအရာ ရှိကလေးက ပေးလာသော အစိုးရကိစ္စနှင့် စာအုပ်ရှည်ကြီးကိုလည်း ဣန္ဒြေရရ လက်ခံလိုက်ရလေသည်။ ထိုစာအုပ်ကို လက်ခံပြီးစီးသော အချိန်ကာလမှ အစပြုလျက် ဆရာဝန်ကြီး ဦးလွမ်းဝေသည် ၎င်း၏ကိုယ်ကို ရန်ကုန်ခရိုင် နယ်နိမိတ်အတွင်း၌သာ နေထိုင်ခြင်း ပြုရတော့မည့် အကျဉ်းသမားကြီးတစ်ဦး အဖြစ်ဖြင့်လည်း ကောင်းစွာ နားလည်လိုက်ပေသည်။

* * *



PDF_ Yaybawal

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com

# အသက်များကို ရှင်စေသူ

## (၁)

ရန်ကုန်ခရိုင် ရဲမင်းကြီးထံမှ သဘောတူညီခွင့်ပြုချက် မရရှိဘဲနှင့် ရန်ကုန်ခရိုင် နယ်နိမိတ်အတွင်းမှ အခြားအဘယ်သို့မှ သွားရောက်ခြင်း မပြုပါရန် အကြောင်းကြားစာကို ထောက်လှမ်းရေး ရဲမင်းကြီးထံမှ ရရှိခဲ့ပြီးနောက် တနင်္ဂနွေ တစ်ပတ်ခန့် မကြာမီ ၎င်းအား မြန်မာနိုင်ငံ၌ မှတ်ပုံတင်ထားသော ဆရာဝန်များ စာရင်းတွင် ပြန်လည် ထည့်သွင်းထားလိုက်ပြီဆိုသော အကြောင်းကြားချက် စာတစ်စောင်ကိုလည်း ဆရာဝန်ကြီး ဦးလွမ်းဝေသည် ဆေးကောင်စီထံမှ ရရှိပြန်လေသည်။ ဆေးကောင်စီထံမှ အကြောင်းကြားစာကို ရရှိသောနေ့က တရိုတသေ သိမ်းဆည်းထားရသော ထောက်လှမ်းရေး ရဲမင်းကြီးထံမှစာကို အံဆွဲထဲမှ ပြန်ထုတ်ယူကာ ဒေါက်တာလွမ်းဝေသည် ထိုစာနှစ်စောင်ကို နှိုင်းယှဉ်၍ ကြည့်ရှုမိလေသည်။ တစ်စောင်သော အကြောင်းကြားစာသည် ရုပ်သိမ်းထားခြင်းကို ခံရသောသူ၏ မူလအခွင့်အရေးကို ပြန်လည် အပ်နှင်းခြင်း ပြုသောစာ ဖြစ်သည်။ ဒုတိယ စာတစ်စောင်ကတော့ လူတို့၏ မွေးရာပါ အခွင့်အရေးကြီးတစ်ခုကို ကန့်သတ် ချုပ်ချယ်ခြင်း ပြုလိုက်သော စာတစ်စောင် ဖြစ်လေသည်။

ဒေါက်တာလွမ်းဝေသည် ထိုစာနှစ်စောင်ကို တစ်လှည့်စီ ပြန်လည် ဖတ်ရှုရင်း ပြုံးလိုက်မိသည်။ ဆရာဝန်တစ်ဦး၏ အခွင့်အရေးကို သူသည် ပြန်လည်ရရှိသော်လည်း လူတစ်ဦးတစ်ယောက်၏ အခွင့်အရေး တစ်ရပ်ကိုမူကား ချုပ်ချယ်ပိတ်ပင်ခြင်း ခံထားရပြန်သည်။ သို့ရာတွင် သူသည် ချုပ်ချယ်ခြင်းကို ငြိမ်၍ ခံနေတတ်သော လူတစ်ယောက်တော့ကား မဟုတ်ချေ။ ရဲရဲရင့်ရင့်



PDF_ Yaybawal

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



တိုက်ပွဲဝင်၍ ပြန်လည် ရယူတတ်သော လူတစ်ယောက် ဖြစ်လေသည်။ သူ၏ မူလအခွင့်အရေးများကို ပြန်လည် ရယူနိုင်မှသာလျှင် သူ၏ မူလလုပ်ငန်းနှင့် အစီအစဉ်တို့ကို ဆက်လက်လုပ်ကိုင်ခြင်း ပြုနိုင်လိမ့်မည် မဟုတ်သလော။

ကြည့်ရှုကုသမည့် ဆရာဝန်မရှိ၍ အော်ဟစ်ညည်းတွားနေကြသော လူနာများ၏ အသံဗလံများကို သူသည် ကြားယောင်လာပေသည်။ ထိုလူနာများကို သူသည် ဒီအတိုင်း ပစ်ထားရတော့မည်လော။ ထိုကဲ့သို့ ကြည့်မည့်ရှုမည့် ဆရာဝန်မရှိသော နောက်ပိတ်ခွေး လူနာများကို ကြည့်ရှုကုသခြင်းပြုရန် ဆရာဝန်ကြီး ဦးလွမ်းဝေသည် သူ၏ကိုယ်ကို သူ၏သဘောအတိုင်း ခန့်အပ်ခြင်း ပြုခဲ့သော ဆေးသမားတစ်ယောက် ဖြစ်လေသည်။ ဘယ်သူကမျှ မခိုင်းစေရပါဘဲ မိမိ ကိုယ်ကို တာဝန်ပေးခဲ့သူတစ်ယောက်လည်း ဖြစ်လေသည်။

ဆေးကုသခြင်းအခွင့်ကို ရန်ကုန်ခရိုင် နယ်နိမိတ်အတွင်း၌ ပြန်လည် ရရှိခဲ့ပြီးသောနေ့မှစ၍ လူခြေတိတ်သော ညဘက်များတွင် ဆရာဝန်ကြီးဦးလွမ်းဝေသည် ၎င်းကိုလှမ်း၍ အော်ဟစ်ခေါ်ဝေါ်လျက် ရှိနေကြသော တောကြိုအုံကြားမှ လူနာများ၏ အသံဗလံတို့ကိုသာလျှင် ကြားယောင်နေပေသည်။ ချမ်းမြေ့ပျော်ရွှင်ဖွယ်ရာကောင်းလှသော စံပယ်မြိုင်ခြံကြီး၌ မိုးလုံလေလုံနှင့် နေထိုင်ခြင်း ပြုရသော ၎င်း၏ဘဝကိုပင် ဒေါက်တာလွမ်းဝေသည် မကျေမချမ်း ဖြစ်လာသည်။ မော်တော်ကားစီး၍ သွားလာနေရသော သူ၏အဖြစ်ကိုလည်း စိတ်ပျက်ငြီးငွေ့လာသည်။ ဆရာဝန်တစ်ဦး၏ ဘဝသည် ၎င်း၏ လူနာများကို ကျောခိုင်း၍ စည်းစိမ်ခံနေဖို့ မဟုတ်ချေ။ လူနာများ၏ အိတ်ကပ်ထဲမှ ရှိသမျှ ပိုက်ဆံများကို အနုနည်းနှင့် အေးအေးပြတိုက်ကာ စည်းစိမ်ခံနေဖို့လည်း မဟုတ်ချေ။ နာကျင်ပင်ပန်းနေကြသော လူအပေါင်းတို့၏ သက်သာပျောက်ကင်းမှုအတွက် လုပ်ဆောင်ပေးရင်း လူသားတို့၏ မေတ္တာနှင့် စေတနာတို့ကို ခံယူဖို့သာ ဖြစ်ပေသည်။

(၂)

ချုပ်ချယ်ရုပ်သိမ်းထားခြင်းကို ခံနေရသော ၎င်း၏ အခွင့်အရေးများကို ပြန်လည်ရရှိရန် နည်းလမ်းများကို ရက်သတ္တပတ်အတန်ကြာမျှ စဉ်းစား

နေရိရိ

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



ချိန်ဆခဲ့ပြီးနောက် ဆရာဝန်ကြီး ဦးလွမ်းဝေသည် တစ်ခုသောနည်းလမ်းကို ရွေးချယ်လိုက်လေသည်။

ကံဘဲ့ဘက်မှ ၎င်းထံသို့ လာရောက်ကြသော လူနာများကို တနင်္ဂနွေ တစ်ပတ်လျှင် ငါးရက်မျှသာ ပေးပြီးနောက် ကျန်နှစ်ရက်ကို ရန်ကုန်ခရိုင် နယ်နိမိတ် ပတ်ဝန်းကျင်မှ တွေ့သမျှလူနာများကို သူသည် ကားကလေးကို ကိုယ်တိုင်မောင်းကာ လိုက်လံရှာဖွေ၍ ကုသခြင်းပြုလေသည်။ သူသည် ရပ်ကွက် တစ်ခုပြီးတစ်ခု ဝင်လေသည်။ ထို့နောက် တစ်အိမ်တက် တစ်အိမ်ဆင်း မေးမြန်းလေသည်။

ရန်ကုန်ခရိုင် နယ်နိမိတ်ပတ်ဝန်းကျင်တွင် နေထိုင်ကြသူများသည် များသောအားဖြင့် မြို့လယ်ခေါင်တွင် နေထိုင်ခြင်း မပြုနိုင်ကြသော လူဆင်းရဲ များသာ များပေသည်။ စက်ရုံအလုပ်သမားများ ခေါင်းရွက်ဗျပ်ထိုးဈေးသည် များသာလျှင် လူနာစုကြီး ဖြစ်လေသည်။

ယင်းသို့ ရန်ကုန်ခရိုင်နယ်နိမိတ်မှ ဆရာဝန်နှင့် အလှမ်းဝေးနေကြ သော လူနာများကို လိုက်လံရှာဖွေကာ ကုသပေးရင်း၊ ဆရာဝန်ကြီး ဦးလွမ်းဝေ သည် တစ်ခါတစ်ရံ ဟံသာဝတီခရိုင်အတွင်းသို့ လည်းကောင်း၊ ပဲခူးနှင့် အင်းစိန် ခရိုင်များ အတွင်းသို့ လည်းကောင်း ကျော်လွန်၍ သွားတတ်လေသည်။ ထိုသို့ နယ်ကျော်လွန်သောအမှုကို ဆရာဝန်ကြီး ဦးလွမ်းဝေသည် မသိ၍ မဟုတ်ချေ၊ သိပေသည်။

ယင်းသို့ မိမိအလုပ်နှင့် မအားမလပ်ဖြစ်နေသော ဆရာဝန်ကြီး ဦးလွမ်းဝေ သည် ၎င်းဖခင်ကြီး သေဆုံးပြီးကာစက နေထိုင်မကောင်းဖြစ်နေခဲ့သော မိမိတို့ အိမ်သို့ ဆေးကုသဖို့အတွက် လေးငါးကြိမ်မျှ ရောက်ရှိခဲ့ပြီး နောက်ထပ် မရောက် နိုင်တော့ချေ။ သူသည် မိမိတစ်ယောက်လုံးကိုပင် မေ့လျော့သလို ဖြစ်နေပေ သည်။ ယင်းသို့ မိမိ၏ အလုပ်အကိုင်များနှင့် စိတ်မအား လူမအားနိုင်လောက် အောင် အလုပ်များနေခိုက် တစ်နေ့သ၌ မိမိ၏ ဒေါ်လေး လုပ်သူသည် စံပယ်မြိုင် သို့ အရေးတကြီး ပေါက်လာလေသည်။

ဆရာဝန်ကြီး ဦးလွမ်းဝေသည် နံနက်စာ စားသောက်ပြီးစီး၍ နေ့ခင်း အနားယူရင်း ၎င်း၏ စာကြည့်ခန်းကလေးအတွင်း၌ ထိုနေ့ထုတ် သတင်းစာများ ကို ဖတ်ရှုနေချိန် ဖြစ်လေသည်။ မိမိ၏ ဒေါ်လေးသည် မနော်နှင့် ဧည့်ခန်းဘက်



PDF_ Yaybawal

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



တွင် စကားတစ်ခွန်း နှစ်ခွန်းပြောဆိုသံကြားရပြီးနောက် ဒေါက်တာလွမ်းဝေ၏ စာကြည့်ခန်းအတွင်းသို့ အပြင်မှနေ၍ အသံပြုရင်း ဝင်ရောက်လာလေသည်။

"အော်. . . ဒေါ်လေးပါလား၊ ထိုင်ပါဦး"

ဒေါက်တာလွမ်းဝေသည် ဖတ်နေသော သတင်းစာကို ဘေးသို့ချလိုက်ပြီးနောက် လှမ်း၍ နှုတ်ဆက်လေသည်။

"ကျွန်မ မထိုင်တော့ပါဘူး ဆရာ၊ ကိစ္စက အရေးကြီးနေလို့ပါ"

မိမိ၏ အဒေါ်လုပ်သူသည် အိမ်ရှင်က အထိုင်ခိုင်းခြင်းကို ငြင်းဆန်ကာ မျက်စိပျက် မျက်နှာပျက် ပြောဆိုခြင်း ပြုလေသည်။

ဧည့်သည်က "ကိစ္စက အရေးကြီးနေလို့ပါ" ဟု ဆိုလိုက်သောအခါ ဆရာဝန်ကြီးသည် ထိုကိစ္စကို အကဲမခတ်တတ်အောင် ရှိနေသဖြင့်. . .

"ဘယ်လိုကိစ္စလဲ ဒေါ်လေး၊ ဘယ်သူ ဘာဖြစ်လို့လဲ"

ဟု မေးမြန်းရင်း ထိုင်နေရာမှ အလန့်တကြား ထလိုက်သည်။

"မိမိတစ်ယောက် ဘယ်လိုက ဘယ်လို ဖြစ်မှန်းမသိဘူး ဆရာ၊ သူ့ခုတင်ပေါ်မှာ တအင်းအင်းနဲ့ လူးလှိမ့်နေလို့ ကျွန်မလည်း ပြေးလာခဲ့ရတာပါ"

တူမတစ်ယောက်လုံး ဘာဖြစ်နေသည်ကို မသိရှာဘဲ ဆရာဝန် လာပင့်သော အဒေါ်က ငိုသံပါကြီးနှင့် ပြောဆိုလေသည်။

ထို့ကြောင့် ဒေါက်တာလွမ်းဝေသည် မနော်အား ၎င်း၏ ဆေးအိတ်ကို လှမ်းတောင်းလိုက်ပြီးနောက် ဆင်ဝင်အောက်တွင် အဆင်သင့်ရပ်ထားသော ၎င်း၏ကားနှင့် မာလာမြိုင်အိမ်ကြီးဘက်သို့ မောင်းထွက်လာခဲ့သည်။

မိမိသည် သတိလစ်လျက် ရှိလေသည်။ သို့ရာတွင် တအင်းအင်း ညည်းကာ ကုတင်ထက်တွင် လူးလှိမ့်နေသည်။

အတွေ့အကြုံ ကြွယ်ဝများပြားသော ဆေးသမားကြီးတစ်ဦးပင် ဖြစ်လင့်ကစား ဆရာဝန်ကြီးဦးလွမ်းဝေသည် ရုတ်တရက်သော် ဘာကစ ဘာကိုလုပ်ရ မှန်းမသိအောင် ပထမသော် ကြောင်နေပေသည်။ သူသည် လူနာကို ကြည့်ရှုတန် သလောက် ကြည့်ရှုပြီးနောက် ဘာဖြစ်နေမှန်း ဘယ်လိုမှ အကဲခတ် မှန်းဆ၍ မရသဖြင့်. . .

"ခုလိုဖြစ်နေတာ ဘယ်လောက်ကြာသွားပြီလဲဟင် ဒေါ်လေး"

ဟု ခုတင်ခြေရင်းတွင် ရပ်ကြည့်ကာ တရှုပ်ရှုပ်ငိုနေသော မိမိ၏



PDF_ Yaybawal

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



ဒေါ်လေးကို လှမ်း၍ မေးမြန်းလိုက်ရပေသည်။

"ကျွန်မလည်း အိမ်အောက်ထပ်မှာ အလုပ်များနေလို့ ခုတင်ကလေးကမှ အိမ်ပေါ် ပြန်အတက်လာမှာ ဒီလိုတွေ့ရလို့ ဆရာ့ဆီ ပြေးလာခဲ့တာပဲ"

ထိုအဖြေထက်ပို၍ ဘာမျှမရနိုင်မှန်း သိရှိရပြီဖြစ်သော ဆရာဝန်ကြီးသည် လူနာ၏ အရိပ်အခြေကိုသာ ဂရုစိုက်၍ စမ်းသပ်ကြည့်ရှုခြင်း ပြုရပေတော့သည်။ နောက်ဆုံး၌ လူနာသည် ဆေးတစ်ခုခုကို မှားသောက်မိဖွယ်ရာ ထင်မြင်သဖြင့် ဦးလွမ်းဝေသည် မနော်၏ အကူအညီဖြင့် မိမိဗိုက်ထဲမှ ပစ္စည်းများကို အပြင်သို့ထွက်လာအောင် နာရီဝက်ခန့်မျှ ပြုလုပ်ရပေသည်။ ဝမ်းဗိုက်ထဲမှ ပစ္စည်းများကို အပြင်သို့ ထွက်လာအောင် နည်းလမ်းနှစ်ခုစလုံးကို လျင်လျင်မြန်မြန်ကြီး အသုံးချလိုက်သဖြင့် ဆရာဝန်ကြီးဦးလွမ်းဝေသည် ၎င်း အလိုရှိနေသော အဖြေကို တစ်ခါတည်း ရရှိလိုက်လေသည်။

အဖြေကို ရရှိလျှင် ရရှိလိုက်ခြင်း ဆရာဝန်ကြီးဦးလွမ်းဝေသည် ၎င်းလူနာ၏ အဖြစ်ကို အဘယ်သို့မျှ နားမလည်နိုင်သဖြင့် မျက်လုံးများပင် ပြူးသွားလေသည်။ သို့ရာတွင် သူသည် တပည့်လုပ်သူ မနော်ပင်လျှင် မရိပ်မိရအောင် သူ၏ မျက်နှာကို ချက်ချင်းပြန်၍ ပြင်လိုက်သည်။ ထို့နောက် လူနာရှင်နှင့်နှစ်ယောက်တည်း လွတ်လွတ်လပ်လပ် စကားပြောဆိုခြင်း ပြုနိုင်ရန်အတွက် မနော်ကို အိမ်သို့ ပြန်လွှတ်၍ ဆေးအယူခိုင်းလိုက်လေသည်။

လူနာကို ခုတင်ထက်တွင် နေသားတကျပြန်ထားကာ ဆေးတစ်လုံးထိုးပေးပြီးနောက် ဒေါက်တာလွမ်းဝေသည် ဒေါ်လေးကို မျက်ရိပ်ပြကာ အပြင်ဘက်သို့ ခေါ်ထုတ်လာခဲ့သည်။ အကြောင်းရင်းကို ဘာမျှမသိရှာသော အမယ်ကြီးကလည်း မျက်ရည်စများကို သိမ်းဆည်းရင်း လိုက်ပါလာသည်၊ အပြင်ဘက်သို့ ရောက်လျှင်ရောက်ခြင်း. . .

"မိမိမှာ စိတ်ညစ်စရာ ဘာများရှိနေသလဲဟင် ဒေါ်လေး"

ဟု မေးလိုက်လေသည်။

"ဒါကိုတော့ ကျွန်မကို ဘာမှ ဖွင့်မပြောလို့ ကျွန်မလည်း ဘာမှမသိပါဘူး ဆရာရယ်"

မိမိ၏ ဒေါ်လေးလုပ်သူက ၎င်း မသိရှိသေးသည့်အကြောင်းကို အရိုးခံ အတိုင်း ထုတ်ဖော်ပြောဆိုလေသည်။



PDF_ Yaybawal

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



"မိမိ အဆိပ်သောက်တယ်ဆိုတာကို ဒေါ်လေးတစ်ယောက်ပဲ သိစေချင်တယ်"

ဦးလွမ်းဝေသည် အတန်ကြာမျှ ငိုင်၍စဉ်းစားနေပြီးမှ ပြောသင့်ပြောထိုက်သည်ထင်သော စကားကို ထိုအမယ်ကြီးအား ထုတ်ဖော်ပြောဆိုခြင်း ပြုလိုက်လေသည်။

"ဟင်. . . မိမိ အဆိပ်သောက်တယ်၊ ဟုတ်ရဲ့လား ဆရာရယ်"

အမယ်ကြီးက ကောင်းစွာယုံကြည်ခြင်း မပြုနိုင်သေးသကဲ့သို့ ပြန်၍ မေးနေပြန်သည်။

"ဒါတင်မကသေးဘူး၊ မိမိမှာ ကိုယ်လေးလက်ဝန်ရှိနေတာ ၃ လ သာသာ၊ ၄ လလောက်တောင် ရှိနေပြီ ခင်ဗျာ"

ဦးလွမ်းဝေသည် ၎င်းပြောဆိုရမည့် စကားကို ဆုံးအောင် ပြောဆိုလိုက်လေသည်။

"ဟုတ်နိုင်ပါ့မလား ဆရာရယ်"

မိမိ၏ ဒေါ်လေးသည် ဆရာဝန်ကြီး တစ်ယောက်လုံး၏ ပြောစကားကိုပင် ကောင်းစွာ ယုံကြည်လက်ခံခြင်း မပြုနိုင်သေးသကဲ့သို့ အလန့်တကြား မေးမြန်းနေပြန်သည်။

"နောက်တော့ ဒေါ်လေးလည်း သိလာပါလိမ့်မယ်လေ၊ အဲဒီတော့ မိမိ အနားက ဒေါ်လေးဘယ်မှ မသွားပါနဲ့၊ ညနေဘက်ကြတော့ ကျွန်တော် တစ်ခေါက်လာကြည့်ပါဦးမယ်"

ဆရာဝန်ကြီးဦးလွမ်းဝေသည် လူနာရှင်အား မှာကြားစရာရှိသည်တို့ကို သေသေချာချာ မှာကြားပြောဆိုပြီးနောက် ဦးခေါင်းကို ဖြည်းညင်းစွာ ယမ်းခါရင်း အိမ်အပေါ်ထပ်မှ ဆင်းလာခဲ့လေသည်။

## (၃)

ထိုနေ့ညနေပိုင်းဘက်တွင် ၎င်းထံသို့ လာရောက်ကြသော လူနာများကို ကြည့်ရှုဆေးကုခြင်းပြုရာအမှုတွင် ဆရာဝန်ကြီးဦးလွမ်းဝေသည် အခါတိုင်းကဲ့သို့ စိတ်ဝင်စားခြင်း မရှိလှတော့ချေ၊ ၎င်း၏ စိတ်သည် စံပယ်မြိုင်သို့ လာရောက်



PDF_ Yaybawal

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



ပြသကြသော လူမမာများတွင်မရှိ၊ မာလာမြိုင်မှ လူနာတစ်ဦးဆီသို့ ရောက်ရှိနေပေသည်။

မိမိသည် ခေတ်ပညာတတ် မိန်းကလေးတစ်ဦးပင် ဖြစ်လေသည်။ သို့ရာတွင် မိန်းကလေးသည် ၎င်း၏ကိုယ်ကို လုံခြုံအောင် ထိန်းသိမ်းစောင့်စည်းခြင်း မပြုနိုင်ချေ။ ၎င်း၏ သက်ဆိုင်သူနှင့် လူသိရှင်ကြား လက်မထပ်ရမီကပင်လျှင် မိခင်လောင်း ဖြစ်နေခဲ့လေပြီ။ ၎င်းအပြင် မိမိသည် ၎င်း၏ ဝမ်းဗိုက် အတွင်းမှ သန္ဓေသား၏ ဖခင်နှင့် အဘယ်သို့ ဖြစ်ကြလေသည်မသိ။ ၎င်း၏ ဖြစ်ခဲလှဘိသော အသက်ကိုပင်လျှင် ရန်ရှာခြင်း ပြုခဲ့ပြီးလေပြီ။ ကြီးမားသော ရာဇဝတ်မှုကြီးတစ်ခုကိုလည်း ကျူးလွန်ရန် အားထုတ်ပြီးစီးခဲ့လေပြီ။

ထိုမိန်းကလေးအား စောင့်ရှောက်ကာကွယ်ခြင်းပြုရန် ၎င်း၌ တာဝန်ရှိနေကြောင်း ဒေါက်တာလွှမ်းဝေသည် ကောင်းစွာ စဉ်းစားထားရှိပြီးကား ဖြစ်လေသည်။ မိမိ၌ ယခုအခါတွင် ဖခင်ပင်လျှင် မရှိတော့။ ထိုမိန်းကလေးသည် အားကိုးရာ ကင်းမဲ့လျက် ရှိလေပြီ။

လူနာများ ရှင်းလင်းသွားပြီးနောက် ဆရာဝန်ကြီးဦးလွှမ်းဝေသည် ရေမိုးချိုးကာ မာလာမြိုင်အိမ်ကြီးဘက်သို့ ထွက်လာခဲ့သည်။

မိမိသည် ကောင်းစွာ သတိရလျက် ရှိပေသည်။ သို့ရာတွင် ဒေါက်တာလွှမ်းဝေ ၎င်း၏ အခန်းအတွင်းသို့ ဝင်လာသည်နှင့် တစ်ပြိုင်နက် ခေါင်းအုံးကို မျက်နှာအပ်ကာ ကလေးသူငယ်မကလေးတစ်ယောက်လို တရှုပ်ရှုပ်ငိုယိုလေသည်။ ခြေရင်းဘက်တွင် ကုလားထိုင်တစ်လုံးနှင့် တုပမလုပ်သူကို စောင့်ကြပ်ကြည့်ရှုနေသော မိမိ၏ဒေါ်လေးအား ဦးလွှမ်းဝေသည် အဓိပ္ပာယ်ပါရှိသော မျက်လုံးများဖြင့် လှမ်း၍ ကြည့်လိုက်လေသည်။

"ဆရာ့ဖို့ ကော်ဖီသွားဖျော်လိုက်ဦးမယ်နော်"

အကင်းပါးသော ဒေါ်လေးသည် မိမိအား ထိုကဲ့သို့အကြောင်းပြပြောဆိုပြီးနောက် ထိုင်ရာမှထကာ လူနာအခန်းအတွင်းမှ အပြင်သို့ ခပ်သွက်သွက်ကလေး ထွက်ခွာသွားလေသည်။

ဆရာဝန်ကြီးဦးလွှမ်းဝေသည် တရှုပ်ရှုပ်ငိုယိုနေသော ၎င်း၏ လူနာကို တစ်ချက်မျှ လှမ်းကြည့်လိုက်ပြီးနောက် ခုတင်ခေါင်းရင်းဘက်ရှိ ပြတင်းပေါက်ဝသို့သွား၍ ရပ်လိုက်သည်။ သူသည် ဆည်းဆာ၏အလှကို အတန်ကြာမျှ ငေးစိုက်



PDF_ Yaybawal

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



ကြည့်ရှုနေသည်။ သူ၏လူနာထံမှ ဖွင့်ထွက်လာမည့် အသံကိုလည်း တစ်ဘက်တွင် နားစွင့်နေပုံရလေသည်။

မိမိသည် ၎င်း၏ ရင်တွင်း၌ လှုပ်ရှားရုန်းကန်နေသော အစိုင်အခဲများကို အပြင်သို့ မထုတ်ချေ။ မျိုသိပ်ကာ တရှုပ်ရှုပ် ငိုယိုမြဲ ငိုယိုနေပေသည်။

ပြတင်းပေါက်တွင်ရပ်ကာ အပြင်ဘက်သို့ အတန်ကြာမျှ ငေးမော ကြည့်ရှုနေရာမှ သက်ပြင်းကို ခပ်လေးလေးချရင်း ဒေါက်တာလွမ်းဝေသည် လူနာရှိရာသို့ လေးလံစွာ ပြန်လှည့်လာသည်။ တရှုပ်ရှုပ် ငိုယိုနေသော ထို မိန်းကလေးကို သူသည် အတန်ကြာမျှ ငေးစိုက်ကြည့်ရှုပြီးနောက်. . .

"မကြံအပ် မကြံစည်ရာကို ဘာပြုလို့ ကြံရတာလဲ မိမိရယ်"

ဟု မေးမြန်းလိုက်လေသည်။

မိမိသည် ဆရာဝန်ကြီး၏ မေးခွန်းကို ပြန်လည် ဖြေကြားခြင်း မပြုနိုင် သကဲ့သို့ မျက်နှာကို ခေါင်းအုံးနှင့်အပ်ကာ တရှုပ်ရှုပ်သာ ငိုမြဲငိုနေသည်။

"ခုလိုငိုနေလို့ မပြီးသေးဘူးထင်တယ် မိမိ"

ဦးလွမ်းဝေသည် သတိပေး ပြောဆိုခြင်း ပြုလိုက်ရပြန်လေသည်။

မိမိသည် ၎င်းအား ကြင်နာစွာမေးမြန်းသတိပေးနေသော ဒေါက်တာ လွမ်းဝေကို မကြည့်ဘဲ မျက်နှာကိုသာလျှင် ခေါင်းအုံးနှင့်အပ်၍ ထားလေသည်။

"မိမိကို ကူညီစောင့်ရှောက်ဖို့ အစ်ကိုကြီးမှာ တာဝန်ရှိတယ် မိမိ၊ အစ်ကိုကြီးကိုတော့ ဘာမဆို မိမိ ပွင့်ပွင့်လင်းလင်း တိုင်ပင်သင့်တယ် ထင်တယ်"

ထိုကဲ့သို့ ဒေါက်တာလွမ်းဝေက ပြောဆိုလိုက်သောအခါ မိမိသည် ခေါင်းအုံးနှင့် ကပ်ထားသော မျက်နှာကို ခွာလိုက်ပြီးလျှင်. . .

"မိမိ ကုသိုလ်ကံနဲ့ မိမိ ဘာသာပဲ ရှိပါစေတော့ အစ်ကိုကြီးရယ်"

ဟု ငိုသံပါကြီးနှင့် ပြောဆိုခြင်း ပြုလာပေသည်။

ဒေါက်တာလွမ်းဝေသည် စောစောကထက် အားတက်လာပုံရလေ သည်။ သူသည် မိမိ၏ ကုတင်အနီးသို့တိုး၍ ကပ်သွားပြီးလျှင်. . .

"ကံဆိုတာ လူက လုပ်တဲ့ဟာပဲ မိမိရယ်၊ ဘာပြုလို့ ကံစီမံရာကို ငုံ့ခံနေရမှာတဲ့လဲ" ဟု အားပေးပြောဆိုလိုက်သည်။

"မိမိ သိပ်ရှက်တာပဲ အစ်ကိုကြီး၊ ဒီအရှက်ကို မိမိ ဘယ်လိုမှ မကြံတတ် မစည်တတ်တော့လို့ ခုလိုကြံမိကြံရာ ကြံလိုက်တာပဲ"



PDF_ Yaybawal

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



မိမိသည် ၎င်း၏ ဖြစ်အင်ကို ပြောဆိုရင်း လှဲနေရာမှ ထထိုင်လိုက်သည်။

"လူ့အသက်ဆိုတာ အင်မတန် ဖြစ်ခဲတယ်ဆိုတာလည်း မိမိ အသိသားပဲ မဟုတ်လားကွယ်"

ဒေါက်တာလွမ်းဝေသည် လူနာကို လူနာတစ်ယောက်ကဲ့သို့ ပြောဆိုခြင်းမပြုဘဲ ဖခင်က သမီးငယ်အား ပြောဆိုဆုံးမခြင်းပြုသော လေသံမျိုးဖြင့် ဖျောင်းဖျပြောဆိုခြင်း ပြုလေသည်။

မိမိသည် ဘာမျှ ပြန်မပြောဘဲ တွေတွေကြီး စိုက်၍နားထောင်နေသည်။

"ဖြစ်ခဲ့တာဟာ ဖြစ်ပြီးပြီ၊ ဒီလိုဖြစ်ခဲ့တာကို ဘယ်လိုကောင်းလာအောင် ပြုလုပ်ရမလဲ ဆိုတာကိုသာ စဉ်းစားဖို့ လိုလိမ့်မယ်ထင်တယ်"

"မိမိတော့ ဘယ်လိုမှ မကြံတတ်တော့လို့ ခုလို ကြံလိုက်စည်လိုက်မိတာပဲ အစ်ကိုကြီး"

"မိမိရဲ့ချစ်သူက မိမိ ဒီလိုကြံရစည်ရအောင် မိမိ အပေါ် ဒါလောက် တောင်မှပဲ ရက်စက်ရသတဲ့လားကွယ်"

ဦးလွမ်းဝေသည် မိမိမျက်နှာကို ကြည့်ရင်း မေးမြန်းလိုက်လေသည်။

"ဒါတွေကို မေးလည်း မမေး၊ ပြောလည်း ပြောမနေပါနဲ့တော့ အစ်ကိုကြီးရယ်၊ မိမိအဆိုးနဲ့ မိမိအမိုက်၊ မိမိထိုက်နဲ့ မိမိကံသာ ရှိပါစေတော့လေ"

မိမိသည် ထိုအကြောင်းကို မပြောဆိုလိုတော့သကဲ့သို့ တံခါးပိတ်ပြောဆိုခြင်း ပြုလေသည်။

"မိမိက ကာယကံရှင်အနေနဲ့ ဒီလိုစော်ကားထားတာကို ငုံ့ခံနိုင်ပေမဲ့ အစ်ကိုကြီးအနေနဲ့ မိန်းကလေးတစ်ယောက်အပေါ်မှာ ခုလိုစော်ကားသွားတဲ့ ကိစ္စကို ဘယ်လိုခွင့်လွှတ်နိုင်ပါ့မလဲ မိမိရယ်"

ရင်ထဲ၌ ဖြစ်ပေါ်နေသည့်အတိုင်း ဆရာဝန်ကြီးဦးလွမ်းဝေသည် လှိုက်လှိုက်လှဲလှဲ ပြောဆိုလိုက်သည်။

"ပြီးခဲ့တဲ့ ကိစ္စတွေကို ပြောမနေပါနဲ့တော့ အစ်ကိုကြီးရယ်"

မိမိသည် ထိုအကြောင်းကို ထပ်၍ မပြောလိုလှတော့သကဲ့သို့ တံခါးပိတ် ပြောဆိုခြင်း ပြုလိုက်ပြန်လေသည်။

"ဒီလို မတရားမှုတွေကို ငြိမ်ခံနေတာဟာ ဒီလိုမတရားလုပ်တဲ့လူမျိုးတွေကို သက်သက်မဲ့ အားပေးနေတာနဲ့ တူလိမ့်မယ်ထင်တယ် မိမိ"



PDF_ Yaybawal

"အစ်ကိုကြီးကို မိမိ တစ်ခုတောင်းပန်ပါရစေ"

"ဘာပြောချင်လို့လဲ ဟင်. . . မိမိ. . . ပြောပါ"

"တခြားတော့ မဟုတ်ဘူး၊ မိမိ အသက်မသေစေချင်ရင် မိမိ အရှက်ကို ဖြစ်နိုင်တဲ့နည်းနဲ့ အစ်ကိုကြီး ဖျက်ဆီးပေးစေချင်ပါတယ်"

"ဟိုက်"

ဆရာဝန်ကြီးဦးလွမ်းဝေသည် များစွာ တုန်လှုပ်ချောက်ချားသွားပုံရလေသည်။

သူသည် လူသားတို့၏နာကျင်မှုကို ပြေငြိမ်းစေခြင်းအမှု အလို့ငှာ သူ၏ ဘဝကြီးတစ်ခုလုံးကို ပေးလှူထားသော လူတစ်ယောက် ဖြစ်သည်။ သူသည် လူသတ်သမားတစ်ဦး မဟုတ်ချေ။

ဆရာဝန်ကြီး ဦးလွမ်းဝေသည် ၎င်းအား လူသတ်သမား အလုပ်ခိုင်းနေသော ထိုလူနာကို အလန့်တကြား ကြည့်ရှုနေသည်။ သူသည် မျက်စိပျက်၊ မျက်နှာပျက်လည်း ဖြစ်နေပေသည်။

"ဒီကလေးကို ဒီ့ပြင် ဘယ်သူမှမသိရအောင် အနှိပ်သည်မိန်းမကြီး တစ်ယောက်နဲ့ ဖျက်ဆီးပစ်ဖို့ မိမိလုပ်တာ သုံးလေးကြိမ်ရှိပြီ အစ်ကိုကြီး၊ ဘယ်လိုမှ ဖျက်ဆီးလို့ မရတဲ့အဆုံး မိမိဘဝကို အဆုံးစီရင်ဖို့ ကြံခဲ့မိတာပဲ"

မိမိသည် စောစောက ငြင်းဆန်ခဲ့သော အကြောင်းအရာများကို တစ်စထက်တစ်စ ထုတ်ဖော်ပြောဆိုခြင်း ပြုလာပေသည်။

"မိုက်လှပါကလား မိမိရယ်"

ဒေါက်တာလွမ်းဝေသည် အပြစ်တင် ပြောကြားလိုက်လေသည်။

"ဒီ့အပြင် နည်းလမ်းရှိရင် အစ်ကိုကြီးကပဲ ပေးစမ်းပါဦး"

လူနာ၏ ရောဂါကိုသာ ကုစားတတ်သော ဆရာဝန်ကြီးသည် ထိုပြဿနာအတွက် နည်းလမ်း ရှာဖွေမပေးတတ်ချေ။ သူသည် မိမိကို မျက်လုံးအပြူးသားနှင့် ငေးစိုက်ကြည့်ရှုနေလေသည်။

"အစ်ကိုကြီးလည်း နည်းလမ်းမပေးနိုင်တော့ဘူး မဟုတ်လား ဟင်"

မိမိက အပေါ်စီးယူကာ ပြောဆိုလိုက်ပြန်သည်။

ထိုကဲ့သို့ ပြောဆိုခြင်းခံနေရသည့်အတွက် ဦးလွမ်းဝေသည် ထိုအမှု၏ တရားခံကို အလွန်တရာ ဒေါသထွက်လျက် ရှိပုံရသည်။ ထို့ကြောင့်. . .

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



"ဒါလောက် မိုက်ရိုင်းတဲ့ သတ္တဝါကိုသာ အစ်ကိုကြီးကို ထုတ်ပြောစမ်းပါ" ဟု ခပ်မာမာကလေး အော်ဟစ်ပြောဆိုလိုက်လေသည်။

"ထုတ်ပြောပေမဲ့ အကြောင်းကတော့ သိပ်ပြီးထူးမှာ မဟုတ်ဘူး ထင်တယ် အစ်ကိုကြီး"

"ဒါလောက် ယုတ်မာလှတဲ့အကောင်ကို ပြောသာပြောစမ်းပါ မိမိ၊ အစ်ကိုကြီး တရားတဲ့အတိုင်း ဖြစ်စေရအောင် လုပ်ပေးပါ့မယ်"

ဆရာဝန်ကြီး ဦးလွမ်းဝေသည် စိတ်လိုက်မာန်ပါပြောဆိုလိုက်လေသည်။

"တကယ်ပြောနေတာပဲလား အစ်ကိုကြီးရယ်"

"ပြောမှာသာ ပြောစမ်းပါလေ၊ အစ်ကိုကြီးဘက်က တာဝန်ကျေပါ့စေမယ်"

"တခြား လူတော့မဟုတ်ဘူး၊ အစ်ကိုကြီးရဲ့ညီ ကိုသန်းမောင်လေ"

"ဟင်"

ထိုမျှသာ ဦးလွမ်းဝေသည် အာမေဋိတ်ပြုနိုင်ရှာသည်။

မိမိ၏ ဒေါ်လေးသည် ကော်ဖီပန်းကန်ကို လင်ပန်းနှင့် ထည့်၍ ယူကာ လူနာအခန်းတွင်းသို့ ဝင်လာလေသည်။

* * *



PDF_ Yaybawal

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com

# လှည်းကျိုးကိုလည်း ဝင်၍ထမ်းရသော ဆရာဝန်ကြီး

## (၁)

ဆရာဝန်ကြီး ဦးလွမ်းဝေသည် များစွာ တုန်လှုပ်ချောက်ချား၍ နေလေသည်။ ထိုကဲ့သို့သော ပြဿနာမျိုးကို သူ၏တစ်သက်တွင် ဘယ်သော အခါမှ ရင်ဆိုင်ခြင်း ပြုရလိမ့်မည်မဟုတ်ဟု သူသည် ထင်ခဲ့ပေသည်။ သို့ရာတွင် ယခုအခါ၌ ထိုပြဿနာကြီးကို ရင်ဆိုင်ခြင်းပြုရုံမျှ မဟုတ်တော့ဘဲ လက်တွေ့ ဖြေရှင်းခြင်းပြုရန် အမှုအတွက် တာဝန်ကြီးတစ်ရပ်သည် သူ၏ပခုံးထက်သို့ ကျရောက်လာပြီဖြစ်ကြောင်း ဒေါက်တာလွမ်းဝေသည် ကောင်းစွာ နားလည် လာလေသည်။

သူသည် ထိုပြဿနာကို အဘယ်ပုံ၊ အဘယ်နည်း ဖြေရှင်းရပါမည် နည်း။ သူသည် ဦးခေါင်းကို အေးအေးထား၍ စဉ်းစားနေရပေသည်။ ၎င်းအပြင် လေးလေးနက်နက်လည်း စဉ်းစားခြင်း ပြုရပေသည်။

တကယ်ဆိုတော့ ဆရာဝန်ကြီးဦးလွမ်းဝေ၏ ထိုပြဿနာဖြေရှင်းမှု အပေါ်တွင် မိမိတို့ သားအမိနှစ်ယောက်၏အသက်သည် လည်းကောင်း၊ သေဆုံးလေပြီဟု ယူဆထားရသော ညီငယ်လုပ်သူ၏ ဂုဏ်သိက္ခာသည် လည်းကောင်း တည်နေပေသည်။ သူသည် သက်ရောက်လာမည့် အကြောင်း တရားများကို အဘက်ဘက်မှ စဉ်းစားခြင်းပြုပြီးမှသာ ထိုပြဿနာကို ဖြေရှင်းရပေတော့မည်။

နေရီရီ

PDF_ Yaybawal

သို့ရာတွင် ထိုပြဿနာကို သူသည် အချိန်ကြာကြာဆွဲထား၍လည်း မဖြစ်သေးချေ။ မိမိသည် ငယ်ရွယ်သူပီပီ မိုက်မိုက်ကန်းကန်း ထွက်ပေါက်ကို ရှာကြံခဲ့ပြီးလေပြီ မဟုတ်သလော။ သူသည် အချိန်မှီ ထိန်းသိမ်းနိုင်ခဲ့၍သာလျှင် ထိုအမှုသည် လူသိရှင်ကြား မဖြစ်ခဲ့ရခြင်း ဖြစ်လေသည်။ သို့ရာတွင် မိမိသည် အလွန်တရာ စိတ်အားငယ်နေသော အခြေတွင် ရှိနေပေသည်။ ထိုပြဿနာကို အချိန်မီ မဖြေရှင်းနိုင်ခဲ့လျှင် ရှိရင်းစွဲ မိမိ၏အခြေသည် ယခုထက် ပိုမိုဆိုးရွား သွားနိုင်လေသည်။ ယခုတစ်ခေါက် မိမိသည် တစ်ခုခုကို ပြုလုပ်လိုက်လျှင် သူ၏ အပေါ်၌ပါ ကြီးစွာသော တာဝန်ရှိနေလိမ့်မည် ဖြစ်သည့် အကြောင်းကို လည်း ဆရာဝန်ကြီးဦးလွမ်းဝေသည် မစဉ်းစား၍ မဖြစ်တော့ချေ။ သူသည် ထိုအချက်ကို အလေးအနက် ထည့်သွင်းစဉ်းစားလာရပေသည်။

ထိုညက တစ်ညလုံး ဆရာဝန်ကြီး ဦးလွမ်းဝေသည် ၎င်းတာဝန်ယူ ဖြေရှင်းခြင်းပြုရတော့မည့် ပြဿနာကို အပြန်ပြန် အလှန်လှန် စဉ်းစားခြင်း ပြုလေသည်။ နောက်ဆုံး၌ စွန့်စားခြင်း တစ်စုံတစ်ရာ မပြုဘဲနှင့်တော့ ထို ပြဿနာကို အဘယ်သို့မျှ ဖြေရှင်းခြင်းပြု၍ မရနိုင်သည့်အကြောင်းကို သူသည် ကွက်ကွက်ကွင်းကွင်း တွေ့မြင်လာလေသည်။

ထိုသို့ တွေ့မြင်လာလေပြီဖြစ်သောအမှုကို သူသည် ပြုနိုင်၊ မပြုနိုင် သူ၏ဝိညာဉ်ကို ဆရာဝန်ကြီးဦးလွမ်းဝေသည် အကြိမ်ကြိမ် အထပ်ထပ် စစ်ဆေး မေးမြန်းခြင်း ပြုကြည့်သည်။ အပြန်ပြန် အလှန်လှန်လည်း စစ်ကြော ခြင်း ပြုကြည့်သည်။

ထိုနေ့ည ၁၂ နာရီမထိုးမီကလေးတွင် ထိုပြဿနာ၏ မေးခွန်းကို ဆရာဝန်ကြီးဦးလွမ်းဝေသည် ဖြေဆိုပြီးစီးလေသည်။ ထိုသို့ ဖြေဆိုပြီးစီးလျှင် ပြီးစီးချင်း သူသည် အချိန်ကို အကုန်မခံနိုင်သည့်အလျောက် သူ၏ သက္ကလတ် လောင်းကုတ်အင်္ကျီကြီးကို ဝတ်ဆင်ကာ မာလာမြိုင်သို့ အရေးတကြီး ထွက်လာ ခဲ့သည်။

မိမိတို့ တူဝရီးနှစ်ယောက်တို့သည် အိပ်စက်ခြင်း မပြုနိုင်ကြသေးချေ။ ဒေါ်လေးသည် ဆရာဝန်ကြီးဦးလွမ်းဝေကို အိမ်တံခါးဖွင့်ပေးခြင်း ပြုလေသည်။

"မိမိတစ်ယောက်ကော အိပ်နေပြီလားဟင် ဒေါ်လေး"

ဒေါက်တာလွမ်းဝေသည် ၎င်းသိရှိလိုသော ကိစ္စကိုသာ မေးမြန်းလေသည်။

**နေရိရိ**

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



"မအိပ်သေးပါဘူးဆရာ၊ သူ့အခန်းထဲမှာ ရှိပါတယ်"

"ဒီလိုဆိုရင် ကျွန်တော့်အတွက် ကော်ဖီတစ်ခွက်လောက် ဖျော်ယူလာပေးပါလားဟင် ဒေါ်လေး"

ဒေါက်တာလွမ်းဝေသည် ဒေါ်လေးကို ထိုကဲ့သို့ မှာကြားခြင်းပြုပြီးနောက် အိမ်အပေါ်ထပ်သို့ တက်လာခဲ့လေသည်။

"ဟင်. . . အစ်ကိုကြီးပါလား"

မိမိသည် များစွာ အံ့အားသင့်သွားပုံ ရပေသည်။

"မိမိကို အစ်ကိုကြီး အင်မတန်အရေးကြီးတဲ့ စကားတစ်ခွန်းပြောချင်လို့ အိပ်ရာထဲက ထလာခဲ့တာပါ"

ထိုကဲ့သို့ ခပ်အေးအေးဆေးဆေးပြောဆိုရင်း ဒေါက်တာလွမ်းဝေသည် မိမိခုတင်ခေါင်းရင်းက ပိတ်ထားသော ပြတင်းပေါက်တံခါးဆီသို့ လျှောက်သွားပြီးလျှင် ဖွင့်လိုက်သည်။

မိမိသည် အိပ်ရာထက်တွင် ထထိုင်လိုက်လေသည်။ ထို့နောက် ဆရာဝန်ကြီး ဦးလွမ်းဝေကို ငေးမော၍ ကြည့်ရှုနေသည်။

"မနက်ဖြန်ကာ မိမိနဲ့ အစ်ကိုကြီး တရားရုံးတစ်ခုကိုသွားပြီး လက်ထပ်လိုက်ချင်တယ်၊ ဒါကို မိမိ ဘယ်လိုသဘောရသလဲ ဟင်"

"ဘုရားရေ"

မိမိသည် ၎င်း၏နားကိုပင် မယုံကြည်နိုင်အောင် ဖြစ်နေပုံရပေသည်။

"လက်ထပ်တယ်ဆိုတာက တစ်ခုပါ မိမိ၊ နောက်ပိုင်းမှာတော့ မိမိသဘောအတိုင်း မိမိ နေတာပေါ့"

ဦးလွမ်းဝေသည် ၎င်းပြောဆိုလိုသော အကြောင်းကို မိမိအား မကြည့်ဘဲ ကျောခိုင်းကာ ပြောဆိုနေသည်။

"အစ်ကိုကြီး ပြောနေတာတွေ မိမိ တစ်ခုမှ နားကို မလည်ဘူး"

မိမိသည် ၎င်း၏ အခြေအနေကို ထုတ်ဖော်ပြောဆိုလိုက်သည်။

"မိမိတို့ သားအမိနှစ်ယောက်ရဲ့အသက်နဲ့အရှက်ကို ကာကွယ်နိုင်ရာလည်း ရောက်အောင်၊ ပြီးတော့ အစ်ကိုကြီးညီရဲ့ ဂုဏ်သိက္ခာကိုလည်း ထိန်းသိမ်းနိုင်အောင် အစ်ကိုကြီး စဉ်းစားလို့ရတဲ့နည်းလမ်းကို ပြောနေတာပါ"

ဒေါက်တာလွမ်းဝေသည် ကောင်းကင်မှ မရေတွက်နိုင်သော



PDF_ Yaybawal

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



ကြယ်များကို လှမ်း၍ ကြည့်ရင်း ပြောဆိုလေသည်။

"ဖြစ်နိုင်ပါ့မလား အစ်ကိုကြီးရယ်"

မိမိသည် မရဲတရဲနှင့် ပြန်မေးလေသည်။

"မိမိမှာ စဉ်းစားလို့ရထားတဲ့ တခြားနည်းလမ်းရှိသေးရင် အစ်ကိုကြီး ကြားပါရစေဦး"

"ဒါကြောင့် မိမိ ပြောတာမဟုတ်ပါဘူး အစ်ကိုကြီးရယ်"

မိမိ၏အသံ၌ ငိုသံများ ပါစပြုလာသည်။

"ဒါဖြင့် ဘာကြောင့် မဖြစ်နိုင်ရတာလဲဆိုတာ အစ်ကိုကြီးကို ပြောပြစမ်းပါဦး"

ဒေါက်တာလွမ်းဝေသည် ၎င်း၏ လူနာကို ပြန်လှည့်၍ မကြည့်ဘဲ ပြောဆိုမြဲ ပြောဆိုနေသည်။

"အစ်ကိုကြီးအတွက် ပြောတာပါ အစ်ကိုကြီးရယ်"

မိမိ၏ အသံသည် တုန်၍ နေလေသည်။

"အစ်ကိုကြီးအတွက် အစ်ကိုကြီးဘာသာ စဉ်းစားပြီးလို့ မိမိကို ခုလို လာပြောတာလေ၊ ဒီအတွက်ကိုတော့ မိမိ စဉ်းစားနေဖို့ မလိုပါဘူး"

"အစ်ကိုကြီးအဖို့ အင်မတန် နစ်နာနေလွန်းလို့ မိမိက ပြောမိတာပါ အစ်ကိုကြီးရယ်"

"ဒါတွေကို ပြောနေဖို့ အချိန်မဟုတ်တော့ဘူး မိမိ။ အဲဒီတော့ အစ်ကိုကြီး ပြောတဲ့ကိစ္စကို မိမိ သဘောတူနိုင်ရဲ့လား၊ ဒါကိုပဲ ပြောတော့"

ဒေါက်တာလွမ်းဝေသည် ၎င်း၏လူနာကို ကျောခိုင်းနေရာမှ ပြန်၍ မျက်နှာချင်းဆိုင်လိုက်လေသည်။ သို့ရာတွင် သူသည် ထိုမိန်းကလေး၏ မျက်နှာကို ခပ်ရဲရဲ မကြည့်ဝံ့ချေ။

"အစ်ကိုကြီးက တော်မယ်ထင်ပြီး စီစဉ်တာကို မိမိ ဘာမှမပြောတော့ ပါဘူးလေ"

"ဒီလို တရားဝင် ရုံးတက်လက်ထပ်ပြီးတဲ့ နောက်ပိုင်းမှာ မိမိ သဘောနဲ့ မိမိ လွတ်လွတ်လပ်လပ် နေနိုင်တယ်ဆိုတာကိုလည်း ခုကတည်းက အစ်ကိုကြီး ပြောထားမယ်။ အစ်ကိုကြီးကတော့ ဟိုသူငယ်အတွက်ရော မိမိတို့ သားအမိ နှစ်ယောက်စလုံးအတွက်ပါ အကောင်းဆုံး ဖြစ်အောင် စီစဉ်ရတာပဲလေ"

**နေရီရီ**

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



"အစ်ကိုကြီး စိမ်တာကို မိမိ နာခံပါ့မယ် အစ်ကိုကြီးရယ်"

မိမိသည် မျက်ရည်စကလေးများကို သိမ်းဆည်းရင်း ဝမ်းနည်းပက်လက် ပြောဆိုလေသည်။

"ကလေး မျက်နှာမြင်ပြီးတဲ့ နောက်ပိုင်းမှာ မိမိ ကြိုက်သလို လုပ်တာပေါ့ ဟုတ်လား"

မိမိသည် ဦးခေါင်းကိုသာ ညိတ်၍ ပြနိုင်လေသည်။ နှုတ်ကဖြင့်မူ ဘာမျှ မပြောနိုင်တော့ချေ။

"တကယ်လို့ အစ်ကိုကြီးညီ မောင်သန်းမောင်တစ်ယောက် မသေမပျောက်ဘဲ ပြန်ရောက်လာရင်လည်း မိမိတို့ လင်မယားချင်း အကျိုးအကြောင်း ရှင်းပြပြီး ပြန်ပေါင်းနိုင်ကြသားပဲ မဟုတ်လား"

ထိုကဲ့သို့ ဒေါက်တာလွမ်းဝေက ရှင်းလင်းပြောဆိုနေခိုက် ဒေါ်လေးသည် ကော်ဖီပန်းကန်ကို လင်ပန်းနှင့်ထည့်ကာ အခန်းအတွင်းသို့ ဝင်လာသဖြင့် မိမိသည် ဦးခေါင်းကိုသာ ညိတ်၍ ပြလိုက်လေသည်။

(၂)

နာမည်ကျော် ဆရာဝန်ကြီးတစ်ဦးနှင့် စက်ရှင်တရားသူကြီးတစ်ဦး၏ သမီးတို့၏ လက်ထပ်ပွဲကို တရားရုံးတစ်ခု၌ အကျဉ်းရုံးပြီးစီးလိုက်ခြင်းကို သက်ဆိုင်ရာ ပတ်ဝန်းကျင်နှင့် အပေါင်းအသင်းများ၊ မိတ်ဆွေများသည် များစွာ အံ့အားသင့်လျက် ရှိကြလေသည်။ အထူးသဖြင့် ဒေါက်တာလွမ်းဝေနှင့် သက်ဆိုင်သော ပတ်ဝန်းကျင်မှ အသိမိတ်ဆွေများသည် ထိုမင်္ဂလာသတင်းကို အင်္ဂလိပ်၊ မြန်မာ သတင်းစာများ၌ တွေ့မြင်လိုက်ကြရ၍သာ ၎င်းတို့၏ မျက်လုံးများကို ပွတ်သပ်၍ အကြိမ်ကြိမ် ဖတ်ရှုခြင်း ပြုခဲ့ကြရသော်လည်း မယုံကြည်နိုင်လောက်အောင် ဖြစ်နေကြသည်။ ဦးလွမ်းဝေ၏ အချို့သောနယ်မှ အသိမိတ်ဆွေများသည် ထိုသတင်း ဟုတ်မဟုတ်ကို ကြေးနန်းရိုက်၍ မေးသူက မေးကြလျက် စာတစ်တန် ပေတစ်တန် ရေး၍ မေးသူများကလည်း မေးကြသည်။ ရန်ကုန်ပေါ်ရှိ မိတ်ဆွေအချို့သည် ထိုသတင်းကို မည်ကဲ့သို့မျှ မယုံကြည်နိုင်ကြသဖြင့် အိမ်တိုင်ရာရောက် ကြည့်ရှုခြင်းပင် ပြုကြသည်အထိ ဖြစ်လေသည်။



PDF_ Yaybawal

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



ဆေးသိပ္ပံမှ ဒီဂရီရရှိ၍ ထွက်သွားပြီးကတည်းက ၎င်း၏ လူနာများနှင့်သာ အိမ်ထောင်ပြုလျက်ရှိနေသော ဆရာဝန်ကြီးဦးလွမ်းဝေ၏အကြောင်းကို ကောင်းကောင်းကြီး သိရှိထားကြသော ကျောင်းနေဘက်များနှင့် အသိမိတ်ဆွေများသည် ၎င်းထက် အနှစ် ၂၀ နီးပါးခန့်မျှ အသက်ငယ်ရွယ်သော စက်ရှင်တရားသူကြီးတစ်ဦး၏ သမီးကလေးနှင့် အိမ်ထောင်ကျနေခြင်းကို မျက်ဝါးထင်ထင် တွေ့မြင်နေရသော်ငြားလည်း မယုံရခက် ယုံရခက် ဖြစ်နေကြပုံရလေသည်။

"ကိုယ့်လူတော့ ဒီတစ်သက် အိမ်ထောင်ပြုမှာ မဟုတ်တော့ဘူးလို့ ထင်နေတာ"

ဒေါက်တာလွမ်းဝေနှင့် တစ်နှစ်တည်းတွင် ဒီဂရီအတူရရှိခဲ့သော ရန်ကုန်ဆေးရုံမှ ခွဲစိတ်ဘက်ဆိုင်ရာ နာမည်ကျော်ဆရာဝန်ကြီးတစ်ဦးက ပခုံးကို ရင်းရင်းနှီးနှီးဖက်၍ ပြောဆိုခြင်းပြုသည်အထိဖြစ်သည်။

"ကျုပ်တို့ ဘုရားသခင် ကိုယ်တော်မြတ်ကြီးကလည်း ဟောတော်မူခဲ့သားပဲဗျာ၊ ကြံရွယ်သော်လည်း ပျက်တတ်၍ မကြံရွယ်ဘဲနှင့်လည်း ဖြစ်တတ်တယ် ဆိုတဲ့ ဒေသနာတော်အတိုင်းပေါ့"

ဒေါက်တာလွမ်းဝေသည် ၎င်းနားလည်ထားသော အဓိပ္ပာယ်နှင့် ဘုရားသခင်၏ ဒေသနာတော်ကို ကိုးကား၍ ပြန်လည်ပြောဆိုခြင်း ပြုရပေသည်။

၎င်းနှင့် နီးစပ်ရာ သက်ဆိုင်ရာ အပေါင်းအသင်း မိတ်ဆွေများကို မအားမလပ်ရအောင် ရှင်းလင်းဖြေကြားနေရသည်နှင့် ဆရာဝန်ကြီးဦးလွမ်းဝေ၏ ကိစ္စသည် မပြီးစီးသေးချေ။ ပြဿနာတစ်ခုက ခြေထောက်ပေါက်ကာ အိမ်ပေါ်သို့ အပြေးအလွှားတက်ရောက်ခြင်း ပြုလာပြန်လေသည်။

ထိုပြဿနာဆိုသည်မှာ အခြားတော့မဟုတ်၊ ဆရာဝန်ကြီးဦးလွမ်းဝေ၏ မင်္ဂလာသတင်းကို သတင်းစာများ၌ ဖတ်ရှုရပြီးနောက် နယ်များမှ ရန်ကုန်သို့ အပြေးအလွှားလိုက်လာကြသော ၎င်း၏ နှမနှစ်ယောက်တို့အား ရှင်းလင်းဖြေကြားရသော ကိစ္စပင် ဖြစ်လေသည်။ ဦးလွမ်းဝေ၏ နှမနှစ်ယောက်စလုံးပင် ၎င်းတို့၏ အစ်ကိုကြီး ပြုလုပ်လိုက်ပုံကို မကျေနပ်ကြချေ။ သို့ရာတွင် အိမ်ထောင်ပြုသောအမှုကို မကျေနပ်ကြခြင်းတော့ကား မဟုတ်ချေ။ ပြုလုပ်ပုံ ပြုလုပ်နည်းကို မကျေနပ်ကြခြင်းမျှသာ ဖြစ်လေသည်။

ထိုသို့ လက်ထပ်ခြင်း ပြုမည့်ကိစ္စကို နှမအငယ်လုပ်သူက ၎င်းအား



PDF_ Yaybawal

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



မတိုင်ပင်ရကောင်းလားဟူ၍ အပြစ်တင်လေသည်။ နှမအလတ်လုပ်သူကတော့ ထိုကဲ့သို့ ပြီးစလွယ် အကျဉ်းရုံးခြင်းကို အပြစ်တင်ပြောဆိုလေသည်။

၎င်းအား ဆူဆူပူပူ ပြုလုပ်ပြောဆိုနေကြသော နှမလုပ်သူတို့၏ ပြောသံဆိုသံများကို ဆရာဝန်ကြီး ဦးလွမ်းဝေသည် အစပထမ၌ ဘာတစ်ခွန်းမျှ ပြန်လည် ပြောကြားရှင်းလင်းခြင်း မပြုချေ။ သူသည် ငြိမ်သက်စွာ နားထောင်ခြင်း ပြုလေသည်။ ထိုသို့နားထောင်ရင်း မိမိပြုလုပ်ခဲ့သော ကိစ္စ၏ အတွင်းရေးကို ထိုမိန်းမနှစ်ယောက်တို့အား ဖွင့်ဟပြောကြားသင့် မသင့်ဆိုသော အချက်ကိုလည်း သူသည် လေးလေးနက်နက်နှင့် ရှည်ရှည်ဝေးဝေး စဉ်းစားတွေးတောလျက် ရှိလေသည်။

တစ်နေ့သ၌ သူသည် မိမိနှင့် တရားဝင်ကွာရှင်းကောင်း ကွာရှင်းရပေမည်။ ထိုသို့ မဟုတ်လျှင်လည်း တစ်နေ့သ၌ ပျောက်ဆုံးနေသော ညီလုပ်သူသည် အသက်မသေသေးဘဲ ပြန်လာကောင်း ပြန်လာပေလိမ့်မည်။ ထိုနေ့ရက်နှစ်ရက်တို့အနက် တစ်နေ့သည် ဧကန်ဆိုက်ရောက်လာလိမ့်မည်ကား ဖြစ်လေသည်။ ထိုကာလ၌ သူသည် မလွဲရှောင်သာ ပြုရလိမ့်မည်ဖြစ်သော အမှုတစ်ခုခုအတွက် အဘယ်သို့ အဖြေပေါ်ရမည်နည်း။ ဆရာဝန်ကြီး ဦးလွမ်းဝေသည် ရှည်ရှည်ဝေးဝေး လှမ်း၍ စဉ်းစားကြည့်လေသည်။ ထို့ကြောင့် မိမိနှင့် ဒေါ်လေးတို့ နှစ်ယောက်ကလွဲ၍ အခြား မည်သူတစ်ဦးတစ်ယောက်မျှ မသိရှိကြသေးသော သူ၏ အတွင်းရေးကို နောက်ဆုံး၌ နှမလုပ်သူများအား ထုတ်ဖော်ပြောကြားလိုက်လေသည်။

ဆရာဝန်ကြီး ဦးလွမ်းဝေ လက်ထပ်ရခြင်းအကြောင်း၏ အတွင်းရေးများကို ကြားနာသိရှိရသည်နှင့် တစ်ပြိုင်နက် ၎င်း၏နှမလုပ်သူများသည် ယမ်းပုံမီးကျ ပေါက်ကွဲကြလေတော့သည်။

"အစ်ကိုကြီးက သူများလှည်းကျိုး ဝင်ထမ်းတာပေါ့လေ ဟုတ်လား"

နှမအငယ်က မခံမရပ်နိုင်ဖြစ်ကာ အော်ဟစ်ပြောဆိုခြင်း ပြုလေသည်။

"သူတို့ဘာသာသူတို့ ကမြင်းကြတာကို အစ်ကိုကြီးက ဘာပြုလို့ ဓားခုတ်ရာ လက်ဝင်လျှိုရတာလဲဟင်"

နှမအလတ်ကလည်း ကရုဏာဒေါသောကလေးနှင့် ပြောဆိုခြင်း ပြုလေသည်။



PDF_ Yaybawal

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



အစ်ကိုကြီးလုပ်သူအတွက် မခံမရပ်နိုင်ဖြစ်နေကြသော နှမလုပ်သူများ၏ ကရုဏာဒေါသော ပေါက်ကွဲသံများကို စိတ်ရှည်လက်ရှည် ကြားနာခြင်း ပြုပြီးနောက် ဒေါက်တာလွမ်းဝေသည် ငယ်ရွယ်သူများ နားဝင်၍ လက်ခံလာအောင် ရှင်းလင်းပြောကြားခြင်း ပြုရလေသည်။

"မိမိရဲ့ ဗိုက်ထဲက ကလေးဟာ ဘယ်သူ့သွေးလည်း ဆိုတာကို နင်တို့ ပထမ စဉ်းစားကြည့်စမ်း"

ဦးလွမ်းဝေသည် ထိုမေးခွန်းကို စတင်၍ မေးလေသည်။

နှမနှစ်ယောက်တို့သည် ဘာမျှ မပြောနိုင်ကြချေ။

"နောက်ပြီးတော့ နင်တို့ယောက်မနဲ့ တူကလေးရဲ့ အသက်ကို ဒီအတိုင်း အပျက်အစီးခံကြမလား"

ဒေါက်တာလွမ်းဝေသည် ဒုတိယမေးခွန်းကို မေးလေသည်။ ခပ်စောစောက ဒေါသူပုန်ထနေကြသော မိန်းမနှစ်ယောက်စလုံး ငြိမ်သက်စွာ နားထောင်နေကြလေသည်။ ဘာမျှ ပြန်မပြောကြတော့ပေ။

"တစ်နေ့ သန်းမောင်ဟာ မသေသေးဘဲ ပြန်ချင်လည်း ပြန်လာနိုင်တယ်၊ ငါ ခုလိုမှ မထိန်းသိမ်းထားရင် နင်တို့မောင်က ငါ့ကို ဘာပြောမလဲဆိုတာလည်း စဉ်းစားကြစမ်းပါဦး"

တတိယမေးခွန်းကို ဒေါက်တာလွမ်းဝေက မေးမြန်းလိုက်သောအခါ နှမနှစ်ယောက်စလုံးပင် ခေါင်းငုံ့၍ နားထောင်နေကြလေပြီ။

ဒေါက်တာလွမ်းဝေသည် အတန်ကြာမျှ ငြိမ်သက်၍ နေလေသည်။ သို့ရာတွင် ထိုသားအမိ သားအဖသုံးဦးတို့အတွက် ၎င်း၏နာမည်ကြီးတစ်ခုလုံး အငြိအစွန်းအဖြစ် ခံလိုက်ရသောကိစ္စကိုကား စဉ်းစားနေခြင်း မဟုတ်ချေ။

"အစ်ကိုကြီးက ကောင်းလိမ့်မယ်ထင်လို့ စီမံတဲ့ကိစ္စကို ကျွန်မတို့ ပြောစရာ မရှိတော့ပါဘူးလေ"

နှမအလတ်က သဘောပေါက်လာသကဲ့သို့ စတင်၍ ဝန်ခံပြောဆိုလေသည်။

"နင်ကကော နောက်ထပ်ဘာများ ပြောချင်ဆိုချင်တာ ရှိသေးသလဲ"

ဦးလွမ်းဝေက နှမအငယ်ကို ထပ်၍ မေးမြန်းလိုက်သည်။

"ကျွန်မအနေနဲ့ ဘာမှ ပြောစရာမရှိတော့ပါဘူး အစ်ကိုကြီး၊ ကျွန်မ



PDF_ Yaybawal

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



စိုးရိမ်တာတစ်ခုပဲ ရှိပါတယ်"

နှမအငယ်လုပ်သူက ၎င်း၏ စိုးရိမ်ချက်ကို ဖွင့်ထုတ် ပြောဆိုခြင်း ပြုလာသည်။

"ဘာကိုများ စိုးရိမ်တာလဲ ပြောပဲ ပြောစမ်းပါဦး"

ဒေါက်တာလွမ်းဝေက ခပ်ဆတ်ဆတ်ကလေး ပြန်၍ မေးလိုက်လေသည်။

"တခြားတော့မဟုတ်ပါဘူး အစ်ကိုကြီး၊ သန်းမောင်မသေဘဲ ပြန်လာတဲ့အခါ အစ်ကိုကြီး ကာကွယ်စီမံထားတဲ့အတိုင်း အဆင်ပြေမှ ပြေပ့ါ မလားလို့ ကျွန်မ အနေနဲ့ စိုးရိမ်မိလို့ပါ"

နှမအငယ်လုပ်သူက ပြောဆိုလိုက်သောစကားကို ဆရာဝန်ကြီး ဦးလွမ်းဝေသည် ငိုင်၍ နားထောင်နေသည်။ သို့ရာတွင် ထိုအငယ်မ၏ စိုးရိမ်ချက်ကို သူသည် ဘာမျှ ပြန်လည် ပြောဆိုခြင်း မပြုလိုက်တော့ချေ။ သူသည် အကောင်းဆုံးကို မျှော်လင့်ကာ၊ အဆိုးဆုံးအတွက်လည်း အဆင်သင့် ပြင်ဆင်ထားသူတစ်ယောက်ပင် ဖြစ်ပေသည်တကား. . . ။

(၃)

ဆရာဝန်ကြီး ဦးလွမ်းဝေနှင့် မိမိတို့သည် တရားရုံးတစ်ခု၌ လင်မယားများအဖြစ်ဖြင့် စာအုပ်လက်မှတ်ရေးထိုးခဲ့ကြပြီးနောက် သူတို့နှစ်ဦးသည် လူအများ၏ မြင်ကွင်း၌ လင်မယားကဲ့သို့ နေထိုင်ခြင်း ပြုကြရသော်လည်း အိမ်အတွင်း၌ မူကား တစ်ခန်းစီ၊ တစ်ခုတင်စီ၊ တစ်အိပ်ရာစီ အိပ်စက်နေထိုင်ခြင်းပြုလျက် ရှိကြလေသည်။ ထိုသို့ နေထိုင်ခြင်း ပြုရသော အမှုကိုလည်း ဒေါ်လေးတစ်ယောက်က လွဲ၍ အခြားအိမ်သူအိမ်သားများ အနည်းငယ်မျှ မရိပ်မိမသိရှိကြရအောင် ပိပိရိရိနှင့် အုပ်အုပ်ဆိုင်းဆိုင်း နေထိုင်လျက် ရှိကြလေသည်။

တကယ်ဆိုတော့ မိမိတို့သည် အကြင်လင်မယားများလည်း မဟုတ်ကြပါဘဲနှင့် အများတကာ၏ မြင်ကွင်း၌ အကြင်လင်မယားများကဲ့သို့ ဆက်ဆံပြသကာ နေထိုင်ကြရသော အမှုသည် လွယ်ကူလှသော အမှုတော့ကား မဟုတ်ချေ။ များစွာ စိတ်ကျဉ်းကျပ် ဆင်းရဲခြင်းရှိလှသော အလုပ်တစ်ခုပင် ဖြစ်လေသည်။ ဆရာဝန်ကြီးဦးလွမ်းဝေသည် ထိုကဲ့သို့ စိတ်ဆင်းရဲ ပင်ပန်းခြင်း ရှိလှသော အလုပ်ကို မည်သို့သော ကာလသို့တိုင် လုပ်ဆောင် ပြုလုပ်နေရဦး



PDF_ Yaybawal

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



မည်နည်း။ ထိုနေ့ရက်၏ အဆုံးကို သူသည် မှန်းမျှော်ကြည့်ရှု မတွေ့မမြင်ရသေးချေ။

တစ်ခါတစ်ရံ မိမိတစ်ယောက်သည်လည်း အဘယ်ကဲ့သို့ ရှိနေ၊ ဖြစ်နေလိမ့်မည်ကို ဆရာဝန်ကြီးဦးလွမ်းဝေသည် မသိမသာ အကဲခတ်ကြည့်ရှုမိလေသည်။ ၎င်းတို့နှစ်ဦး တရားရုံးတွင် လက်မှတ်ရေးထိုးပြီးစီး၍ အိမ်သို့ ပြန်ရောက်သောနေ့ခင်းက စတင်၍ မိမိ၏ ပြုံးရွှင်သော မျက်နှာကို သူသည် သတိပြုခဲ့မိသည်။ နောက်ပိုင်း၌လည်း မိမိသည် တစ်စထက်တစ်စ ရယ်ကာမောကာ နေထိုင်ခြင်း ပြုလာပေသည်။

မိမိတစ်ယောက် ထိုကဲ့သို့ မေ့မေ့ပျောက်ပျောက်နှင့် ရယ်ကာမောကာ နေထိုင်ခြင်း ပြုလာတတ်သည့်အတွက် ဒေါက်တာလွမ်းဝေသည် စိတ်သက်သာ ပျော်ရွှင်မှုကို မသိမသာ ခံစားရသလို ဖြစ်လာသည်။ သို့ရာတွင် ထိုအကြောင်းကို ကာယကံရှင် ဆရာဝန်ကြီးကိုယ်တိုင် မသိရှာချေ။ တစ်ခါတစ်ရံ မိမိက ပူဆာသဖြင့် ဆရာဝန်ကြီးဦးလွမ်းဝေသည် သူ၏ မယားမဟုတ်သော ထိုမယားကလေးကို ရုပ်ရှင်လိုက်၍ ပြသခြင်း ပြုရလေသည်။ တစ်ခါတစ်ရံ မိမိ၏ အသိ မိတ်ဆွေ အိမ်များသို့ပင် အလည်အပတ် လိုက်ပို့ပေးရလေသည်။

မိမိ၏ ကိုယ်ဝန်သည် တစ်စထက်တစ်စ ရင့်လာပြီးနောက် ၅ လ သာသာ၊ ၆ လခန့်တွင် နေထိုင်မကောင်းဖြစ်လာပေသည်။ ထိုအခါများ၌ ဆရာဝန်ကြီးဦးလွမ်းဝေသည် ၎င်း၏ မယားမဟုတ်သော ထိုမယားနှင့် သားမဟုတ်သော ထိုသားအတွက် ကိုယ်ဖိရင်ဖိ ပြုစုရပေသည်။ မအိပ်မနေ စောင့်ရှောက်ခြင်းလည်း ပြုရပေသည်။

မိမိ အိပ်ပျော်၍ သွားသောအချိန်များ၌ ဆရာဝန်ကြီးဦးလွမ်းဝေသည် ထိုမိန်းမ အိပ်စက်သောအခန်း၏ ခေါင်းရင်းပြတင်းပေါက်ဝတွင် ထိုင်ကာ လူနာကို ကိုယ်တိုင်စောင့်ကြပ်ရင်း မိုးကောင်းကင်ပြင်၌ တလက်လက် တောက်ပနေကြသော ကြယ်များကို ကျောက်ရုပ်ကဲ့သို့ မလှုပ်မရှား ငေးမောကြည့်ရှုနေရတတ်ပေသည်။ သူ၏ စိတ်ဆင်းရဲ ကျဉ်းကျပ်ခြင်းများကို ထိုအချိန်နာရီများ၌ ဒေါက်တာလွမ်းဝေသည် ပြန်လည် စဉ်းစားမိတတ်လေသည်။ သို့ရာတွင် သူသည် ထိုအမှုကို ကြာရှည်သဖြင့် လက်ခံခြင်း မပြုချေ။ သူ၏ ဦးနှောက်အတွင်းမှ အမြန်ဆုံး ရှင်းလင်း မောင်းထုတ်ပစ်လိုက်လေ့ ရှိတတ်



PDF_ Yaybawal

လေသည်။

တစ်ခါတစ်ရံတွင်လည်း မိမိ မျက်နှာမြင်မည့် အရေးကိစ္စနှင့် ထိုသားအမိနှစ်ယောက်တို့၏ ရှေ့ရေးများကိုလည်း သူသည် မစဉ်းစား၍ မဖြစ်သဖြင့် စဉ်းစားလေ့ရှိသည်။ သန်းမောင်သည် ပျောက်ဆုံးနေသော လူတစ်ယောက်ဖြစ်လေသည်။ သူသည် ပြန်လာချင်မှ ပြန်လာပေတော့မည်။ အကယ်၍ သန်းမောင် ပြန်မလာခဲ့လျှင် သူသည် ထိုသားအမိနှစ်ယောက်တို့နှင့် အဘယ်သို့ဆက်လက်၍ အသက်ရှင် နေထိုင်ရပါမည်နည်း။ သူသည် မိမိကို တရားဝင်ကွာရှင်းခြင်း ပြုရပါမည်လော။ သို့တည်းမဟုတ် သူ၏ မယားမဟုတ်သော မိမိကို မသေမချင်း ထိုကဲ့သို့ မယားအဖြစ်ဖြင့် ဆက်လက်ထိန်းသိမ်း စောင့်ရှောက်နေရတော့မည်လော။

နေ့ရက်များသည် တဖြည်းဖြည်း ကုန်ခန်း၍ လာလေသည်။ သို့ရာတွင် မိမိသည် နေ့လမစေ့မီ ၎င်း၏သားငယ်ကို မျက်နှာမြင်လိုက်ပေသည်။ ကလေး၏ အသက်ကား ပါမလာတော့ချေ။ သန္ဓေစတည်ကာစ ကတည်းက ဖျက်ဆီးခြင်း ခံခဲ့ရသောကြောင့် ထိုကလေးသည် ကမ္ဘာမြေပြင်မှ လေကို ရှူရှိုက်ရုံမျှသာ ရှူရှိုက် လိုက်ရလေသည်။ ထို့နောက် ဤကမ္ဘာမြေပြင်မှ စိတ်နာကြည်းစွာဖြင့် ထွက်ခွာသွားလေသည်။

* * *



PDF_ Yaybawal

# ပတ်ထမ်းရပြန်သော ဆရာဝန်ကြီး

## (၁)

ရက်လမစေ့မီ မျက်နှာမြင်လိုက်သော မိမိ၏ကလေးငယ် သေဆုံးသွားပြီးနောက် တနင်္ဂနွေ ၅ ပတ်သာသာခန့် အကြာတွင် တစ်စုံတစ်ရာမျှ ကြိုတင်၍ အကြောင်းကြားခြင်းမပြုဘဲ ဆရာဝန်ကြီးဦးလွမ်းဝေ၏ နှမအလတ်နှင့် နှမအငယ် နှစ်ယောက်တို့သည် ရှေ့ဆင့်နောက်ဆင့်ဆိုသလို ရန်ကုန်သို့ ရောက်ရှိလာကြလေသည်။ တစ်ယောက်နှင့် တစ်ယောက် တစ်ရက်မျှစီသာ ခြား၍ စံပယ်မြိုင်သို့ ရောက်ရှိလာကြသော နှမနှစ်ယောက်တို့ အဘယ်ကိစ္စအတွက် အကြောင်းတစ်စုံတစ်ရာမျှ မကြားဘဲ ထိုကဲ့သို့ ပြုန်းပြုန်းစားစားကြီး ရောက်ရှိလာကြခြင်းကို အစ်ကိုကြီး လုပ်သူသည် အစပထမ၌ နားမလည်ချေ။ အခြား ကိစ္စတစ်ခုအတွက် ရန်ကုန်သို့ လာကြရင်း သူ့ထံတွင် ဝင်ရောက်တည်းခိုကြသည်ဟု ထင်လေသည်။ ထို့ကြောင့် သူသည် နှမလုပ်သူများအား ဘာကိစ္စလာသည်ကိုပင် အရေးလုပ်၍ မမေးမိချေ။ သူ၏ များပြားလှသော လူနာများဖြင့် လက်မလည်နိုင်အောင် အလုပ်ရှုပ်လျက် ရှိနေပေသည်။

ဦးလွမ်းဝေ၏ နှမနှစ်ယောက်တို့သည် စံပယ်မြိုင်သို့ရောက်ရှိလာကြပြီးနောက် မကြာမီအတွင်း၊ မိမိကို တွေ့ကာ မြင်ကာမျှနှင့် အခြေအနေအရပ်ရပ်တို့ကို ရိပ်မိသိရှိလိုက်ကြပြီး ဖြစ်လေသည်။ မိမိ ရက်လမစေ့မီ မျက်နှာမြင်သည့်အကြောင်းနှင့် ထိုကလေး အဖတ်မတင်သည့်အကြောင်းများကို စုံစမ်းသိရှိကြပြီး ဖြစ်လေသည်။ သို့ရာတွင် ထိုမိန်းမနှစ်ယောက်စလုံး ထိုကိစ္စနှင့် ပတ်သက်၍ ၎င်းတို့၏ အစ်ကိုကြီးဖြစ်သူအား ဘာတစ်ခွန်းမျှ စ၍ မမေးရဲ၊



PDF_ Yaybawal

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



မပြောရဲကြချေ။

ရန်ကုန်သို့ ထိုညီအစ်မနှစ်ယောက်တို့ လိုက်လာကြစဉ်က တစ်ယောက်နှင့် တစ်ယောက် စာအားဖြင့် လှမ်း၍ တိုင်ပင်စရာရှိသည်တို့ကို တိုင်ပင်ကြပြီးမှ လိုက်လာကြခြင်း ဖြစ်လေသည်။ သူတို့သည် ယောက်မလုပ်သူ မီးဖွားရေးကိစ္စကို လာရောက်စောင့်ရှောက်ရန် လိုက်လာကြခြင်း ဖြစ်သကဲ့သို့ ကလေးမျက်နှာမြင်ပြီးနောက် ရှေ့ရေးနှင့် ပတ်သက်၍ ပြောတန်သောစကားများကို ပြောဆိုရန် လိုက်လာကြခြင်းလည်း ဖြစ်လေသည်။ သို့ရာတွင် ရန်ကုန်သို့ရောက်ရှိကြသော အခါ မိမိ မျက်နှာမြင်ရန်ကိစ္စသည် သူတို့ရောက်မလာမီ တစ်လသာသာခန့်က ပြီးစီးနေနှင့်သည်ကို တွေ့နေရသည်။ ထို့ကြောင့် မိမိနှင့် အစ်ကိုကြီးလုပ်သူတို့၏ ရှေ့ရေးကို အရိပ်အခြည်ကြည့်၍ ပြောဆိုတန်သော စကားများကို ပြောဆိုခြင်း ပြုရန်သာ ကျန်ရှိလေသည်။ သို့ရာတွင် ၎င်းတို့ ပြောဆိုချင်ကြသော အကြောင်းအရာများကို အစ်ကိုကြီးလုပ်သူ မစဘဲနှင့်တော့ ထိုမိန်းမသားနှစ်ယောက်တို့သည် ပါးစပ်မဟရဲကြချေ။ သူတို့သည် သူတို့ အစ်ကိုကြီး၏ အကြောင်းကို ကောင်းစွာ သိရှိနားလည် ထားကြလေသည်။

ဆရာဝန်ကြီးဦးလွမ်းဝေသည် ၎င်း၏နေအိမ်သို့ ရောက်ရှိလာကြသော နှမနှစ်ယောက်တို့ကို ရန်ကုန်သို့စ၍ ရောက်သောနေ့ကသာ အနည်းငယ် စကားလက်ခံပြောဆိုပြီးနောက် နောက်နေ့များတွင် သူ၏အလုပ်နှင့်သူ အချိန်ကုန်နေပေသည်။ နှမလုပ်သူများကို သူသည် ဘာစကားတစ်ခွန်းမျှပင် မပြောကြားချေ။

မိမိနှင့် ဒေါက်တာလွမ်းဝေတို့ တရားရုံးတွင် လက်ထပ်ပြီးစီးပြီးကတည်းက ဆရာဝန်ကြီး ဦးလွမ်းဝေသည် စံပယ်မြိုင်အိမ်ကြီးကို ၎င်း၏ဆေးတိုက်အဖြစ်ဖြင့် အသုံးပြုကာ ၎င်းမူကား မာလာမြိုင်တွင် အိပ်စက်နေထိုင်လျက် ရှိနေခဲ့ပေသည်။ မာလာမြိုင်အိမ်တွင် လူသိရှင်ကြား အိပ်စက်နေထိုင်ခြင်း ပြုသည်ဟုသာ ဆိုရသော်ငြားလည်း သူသည် တနင်္ဂနွေ တစ်ပတ်လျှင် စံပယ်မြိုင်၌ ငါးရက်ခန့်မျှ အိပ်စက်လျက် မာလာမြိုင်တွင် လူမြင်ကောင်းအောင် နှစ်ရက်မျှလောက်သာ အိပ်စက်ခြင်း ပြုလေ့ရှိသည်။

ဦးလွမ်းဝေ၏ နှမငယ်နှစ်ယောက်တို့သည် စံပယ်မြိုင်သို့ ရောက်ရှိလာကြပြီးနောက် တနင်္ဂနွေ တစ်ပတ်ခန့်မျှ ၎င်းတို့ အစ်ကိုကြီး၏ အရိပ်အခြည်ကို အကဲခတ် ကြည့်ရှုနေခဲ့ကြဟန်တူပေသည်။ ၎င်းတို့ အစ်ကိုကြီးက စ၍ ပြော



PDF_ Yaybawal

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



လိမ့်မည့်စကားကို နားစွင့်နေခဲ့ကြဟန်လည်း ရှိပေသည်။ သို့ရာတွင် တနင်္ဂနွေ တစ်ပတ်ကျော်လွန်၍ နှစ်ပတ်အတွင်းသို့ ရောက်ရှိလာခဲ့သည့် တိုင်အောင် ထိုလူကြီးက ဘာတစ်ခွန်းမျှ ပြောဆိုခြင်း ပြုမလာသောအခါ ၎င်းတို့၏ လင်များနှင့် သားသမီးများ ရှိရာသို့ ပြန်ချင်လှပြီဖြစ်သည့်အလျောက် လှုပ်လှုပ်ရွရွ ဖြစ်လာကြလေသည်။ ညီအစ်မနှစ်ယောက်တို့သည် တီးတိုးတီးတိုး တိုင်ပင်ခြင်း ပြုလာကြလေသည်။

ဒေါက်တာလွမ်းဝေသည် နှမနှစ်ယောက်တို့၏ အခြေအနေကို မရိပ်မိ မသိရှိ၍ကား မဟုတ်ချေ။ သူ့တွင်လည်း သူ၏အခက်အခဲနှင့် သူ ရှိလေသည်။ မည်ကဲ့သို့ပင်ဖြစ်စေ သူသည် မိမိ၏ တရားဝင် လင်ယောကျ်ား ဖြစ်နေသည်။ သေဆုံးသွားသောကလေး၏ တရားဝင် ဖခင်လည်း ဖြစ်လေသည်။ တကယ်ဆို တော့ သူသည် ဘာမျှမဟုတ်ချေ။ မိမိ၏ ချစ်သူ၊ ခင်ပွန်း၊ လင်ယောကျ်ား မဟုတ် သကဲ့သို့ သေဆုံးသွားသော ကလေး၏ ဖခင်လည်း မဟုတ်ချေ။ သို့ရာတွင် သူ၏ တရားဝင်မယားဖြစ်သော မိမိက သူတို့နှစ်ယောက်၏ အနာဂတ် အရေး နှင့် ပတ်သက်၍ ဘာတစ်ခွန်းမျှ ဖွင့်ဟခြင်း မပြုသေးသည့်အတွက် သူသည် အဘယ်သို့ လှုပ်၍ ဖြစ်နိုင်ပါ့မည်နည်း။

ညီလုပ်သူ၏ သားငယ် သေဆုံးသွားခဲ့ပြီးနောက် ဆရာဝန်ကြီး ဦးလွမ်းဝေ သည် အိပ်စက်၍ မရသော ညပေါင်းများစွာတို့ကို ကျော်လွှားခြင်း ပြုခဲ့ရပေ သည်။ သူသည် ဆေးသမားမရှိ၍ နာကျင်လျက် ရှိနေကြသော လူနာများရှိရာ အရပ်သို့ သွားရောက်ဆေးကုလိုသော ဆေးသမားတစ်ယောက် ဖြစ်လေသည်။ ထိုအခွင့်အရေးကို သူသည် ယာယီအားဖြင့် ရပ်ဆိုင်းထားခြင်းကို ခံနေရလင့် ကစား တစ်နေ့သောအခါ ထိုတရားမျှတသော သူ၏ အခွင့်အရေးကို ပြန်လည် ရရှိလိမ့်မည်ဟု စွဲမြဲယုံကြည်ထားသူ ဖြစ်သည်။ များမကြာမီကပင် ပြည်သူ့ ရွေးကောက်ပွဲသည် ကျင်းပပြီးစီးကာ အစိုးရအဖွဲ့သစ်တွင် ယခင်ပြည်ထဲရေး ဝန်ကြီးသည် အခြား တစ်ဌာနသို့ ပြောင်းရွှေ့သွားခဲ့လေပြီ။ ပြည်ထဲရေးဝန်ကြီး သစ်သည် သူ၏အမှုနှင့် ပတ်သက်၍ ပြန်လည်စဉ်းစားနေလေပြီ။ ထို အကြောင်း ကို ထောက်လှမ်းရေး ရဲမင်းကြီးနှင့် အတွင်းဝန်မင်းတို့က သူ့ကို မိမိ မီးမဖွားမီကလေးလောက်က သတင်းကောင်းတစ်ရပ်အနေနှင့် အကြောင်း ကြားခဲ့ကြလေသည်။

**နေရီရီ**

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



အကယ်၍ ပြည်ထဲရေးဝန်ကြီးအသစ်သည် သူ့အား မူလအခွင့်အရေးများကို ပြန်လည်ပေးအပ်ခဲ့လျှင် သူသည် အဘယ်သို့ လုပ်ရပါမည်နည်း။ သူသည် ထိုအကြောင်းကို စဉ်းစားရင်းနှင့် တစ်ပါတည်း မိမိနှင့် သူ၏ရှေ့ရေးကိုပါ ဆက်စပ် စဉ်းစားလာရလေသည်။ သူသည် မိမိ၏တာဝန်ကို အဘယ်အချိန်ကာလသို့တိုင်အောင် ယခုကဲ့သို့ ဆက်လက်ထမ်းဆောင်နေရဦးမည်နည်း။ ထိုမိန်းမသားတစ်ယောက်၏ အရှက်ကို ယခုကဲ့သို့ ကာကွယ်နေရဦးမည်လော။

ဆရာဝန်ကြီးဦးလွမ်းဝေသည် ၎င်း၏နာမည်တစ်လုံးနှင့် ဂုဏ်သိက္ခာတို့ကို အထိခိုက် အနစ်မွန်းခံကာ မိန်းမသားတစ်ဦး၏ အရှက်ကို လည်းကောင်း၊ အသက်ကို လည်းကောင်း ကာကွယ်နိုင်စွမ်းပေသည်။ သို့ရာတွင် သူ၏ ယုံကြည်ချက်နှင့် လုပ်ငန်းတို့ကိုပင် အပျက်အစီးခံကာ တာဝန်ကြီးကို မချိမဆန့် ထမ်းဆောင်နိုင်ပါဦးမည်လော။

ပြည်ထဲရေးဌာနမှ ၎င်း၏ အမှုနှင့် ပတ်သက်သောသတင်းကို တစ်ဘက်မှ နားထောင်ရင်း အခြားတစ်ဖက်မှ မိမိက စတင်ပြောဆိုမည့် ၎င်းတို့၏ ရှေ့ရေးကိစ္စများကို ဆရာဝန်ကြီး ဦးလွမ်းဝေသည် စောင့်ဆိုင်းနေခဲ့ခြင်း ဖြစ်လေသည်။ သို့ရာတွင် မိမိသည် ယခုတိုင် ဘာမျှ ထုတ်ဖော်ပြောဆိုခြင်း မပြုသေးချေ။ စဉ်းစားချိန်ဆနေကောင်း နေမည်လားလည်း မပြောနိုင်ချေ။ ထိုကဲ့သို့သော အချိန်နှင့် အခြေအနေတွင် ဒေါက်တာလွမ်းဝေ၏ နှမနှစ်ယောက်တို့သည် စံပယ်မြိုင်သို့ ရုတ်တရက် ရောက်ရှိလာကြခြင်းပင် ဖြစ်လေသည်။

## (၂)

၎င်းတို့၏ လင်သားနှင့် သားသမီးများဆီသို့ မပြန်မီတစ်နေ့ နံနက်စာ ထမင်းစားပွဲတွင် ဒေါက်တာလွမ်းဝေ၏ နှမနှစ်ယောက်တို့သည် ၎င်းတို့နှစ်ယောက် ရန်ကုန်သို့လိုက်လာကြသော ကိစ္စကို ထုတ်ဖော်ပြောဆိုခြင်း ပြုကြလေသည်။

ဆရာဝန်ကြီး ဦးလွမ်းဝေသည် များစွာ လှုပ်လှုပ်ရှားရှား ဖြစ်သွားလေသည်။ သို့ရာတွင် ထိုသို့ ဖြစ်ရခြင်းကို နှမနှစ်ယောက်တို့ မရိပ်မိ မသိရှိရအောင်



PDF_ Yaybawal

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



သူသည် ကြိုးစား၍ ဟန်ဆောင်ထားလေသည်။

နံနက်စာထမင်းစားပွဲတွင် ၎င်းတို့ မောင်နှမသုံးယောက်တည်းသာ ဖြစ်လေသည်။ မိမိသည် အိမ်၌ မရှိချေ။ မနော်နှင့် ဒေါ်လေးတို့ကိုခေါ်ကာ ၎င်း၏ ဇက်ဖာကားကလေးနှင့် မြို့ထဲသို့ အိမ်သုံးပစ္စည်းများ ဝယ်ခြမ်းရန် အတွက် နံနက်စောစောကတည်းက အိမ်မှ ထွက်သွားလေသည်။

"အစ်ကိုကြီးတို့ ကိစ္စကကော ဘယ်လိုလဲဟင်"

ဟု မေးမြန်းလာသော နှမအငယ်လုပ်သူ၏ မေးခွန်းကို ဦးလွမ်းဝေသည် ပြန်၍ အဖြေမပေးနိုင်ချေ။ အဘယ်ကြောင့်ဆိုသော် ကာယကံရှင်ကိုယ်တိုင်၌ အဖြေမရှိသေးသောကြောင့်ပင် ဖြစ်လေသည်။

"ရှင်းလင်းစရာရှိတာကို ရှင်းလင်းပစ်လိုက်ဖို့ အချိန်ရောက်ပြီထင်တယ် အစ်ကိုကြီး" နှမအလတ်ဖြစ်သူကပါ ထိုကဲ့သို့ ပြောဆိုလိုက်သောအခါ အစ်ကိုကြီး ဦးလွမ်းဝေသည် များစွာ တုန်လှုပ်၍ သွားလေသည်။

သူသည် ထမင်းတစ်ပန်းကန်ကို တစ်ဝက်မျှပင် ကုန်အောင်မစားတော့ချေ။ လက်ဆေးလေသည်။ သို့ရာတွင် ထမင်းစားပွဲမှ ထသွားခြင်းတော့ မပြုချေ။ ဖီးကြမ်းငှက်ပျောသီးတစ်လုံးကို တဖြည်းဖြည်းစားရင်း ငိုင်နေသည်။

"အစ်ကိုကြီးတို့ ကိစ္စကို ခုလောက်ကတည်းက ခပ်ရှင်းရှင်း ခပ်ပြတ်ပြတ် လုပ်လိုက်ကြဖို့ တော်ပြီထင်တယ်" ဟု နှမအငယ်က ဆက်၍ ပြောလေသည်။

ဒေါက်တာလွမ်းဝေသည် နှမအငယ်ကို ထိတ်လန့်တကြား လှမ်း၍ ကြည့်လိုက်မိသည်။

"ကြာနေရင် အစ်ကိုကြီးအဖို့ ခုထက် စိတ်ဒုက္ခ ရောက်နေရလိမ့်မယ်"

နှမအလတ်က ထပ်မံ ပြောဆိုလိုက်ပြန်လေသည်။

ဆရာဝန်ကြီး ဦးလွမ်းဝေသည် နှမအလတ်ဖြစ်သူကို အလန့်တကြား လှမ်း၍ ကြည့်လိုက်မိပြန်သည်။ သူသည် ဘာလုပ်ရမည်နည်း။ ထိုမိန်းမ နှစ်ယောက်တို့ကို အဘယ်သို့ ပြန်လည် ပြောကြားရပါမည်နည်း။

ယင်းသို့သော အခိုက်အတန့်တွင် မည်ကဲ့သို့မျှ မျှော်လင့်ယုံမှတ်နိုင်စရာမရှိသော အကြောင်းအရာတစ်ခုသည် ဖြစ်ပျက်သွားလေသည်။ ထို အကြောင်းအရာ တစ်ခုဆိုသည်မှာ အခြားတော့ကား မဟုတ်ချေ။ မြန်မာနိုင်ငံ



PDF_ Yaybawal

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



တောင်ဘက်ပိုင်း ပင်လယ်ပြင်တွင် ရက်လအတန်ကြာမျှ ပျောက်ဆုံးလျက်ရှိရာမှ သေဆုံးလေပြီဟု ယူဆထားရပြီဖြစ်သော ရေတပ်အရာရှိကလေးတစ်ဦးသည် ရယ်ကာမောကာနှင့် ထမင်းစားခန်းအတွင်းသို့ ဝင်လာခြင်းပင် ဖြစ်လေသည်။

ထမင်းစားခန်းအတွင်းမှ မောင်နှမသုံးဦးတို့သည် ၎င်းတို့၏ မျက်လုံးများကို မယုံကြည်နိုင်ကြလောက်အောင် တုန်လှုပ်ဖွံ့ဩနေကြပုံရသည်။ တကယ်ဆိုတော့ လွန်ခဲ့သော နာရီတစ်မတ်ခန့်လောက်ကပင် ရေတပ်မတော်မှ ဂျစ်ကားကလေးတစ်စီးသည် စံပယ်မြိုင်ခြံဝင်းတံခါးဝတွင်ရပ်ကာ အရာရှိကလေး တစ်ယောက်ကို လာရောက်ပို့ဆောင်သွားပေးခဲ့သည်။ သို့ရာတွင် ထမင်းစားခန်းအတွင်းမှ မောင်နှမ သုံးယောက်တို့သည် ၎င်းတို့၏ စိတ်သောကများနှင့် ၎င်းတို့ ဘာသာလေးနက် ပူပန်နေကြသဖြင့် ထိုအမှုကို သတိမမူလိုက်မိကြခြင်း မျှသာ ဖြစ်လေသည်။

တကယ်ဆိုတော့ ဗိုလ်သန်းမောင်တို့ လူသိုက်သည် ပင်လယ်ပြင်တွင် သင်္ဘောပျက်ပြီးနောက် သူပုန်များနယ်သို့ ရောက်ရှိကာ ဖမ်းဆီးစစ်ဆေးခြင်းကို ခံခဲ့ရလေသည်။ လက်နက်ကိုင် တော်လှန်ရေးသမားများသည် သူတို့လူသိုက်ကို တော်တော်နှင့် ပြန်၍ မလွှတ်ချေ။ ၆ လ သာသာ ၇ လ နီးပါးခန့်မျှ ဖမ်းဆီးထားပြီးမှ ပြန်၍ လွှတ်လိုက်ခြင်း ဖြစ်လေသည်။ ထိုသူပုန်များလက်မှ လွတ်လာပြီးနောက် မြိတ်မှနေ၍ ရန်ကုန်သို့ လေယာဉ်ပျံနှင့် ချက်ချင်းဆိုသလို ပို့ပေးလိုက်ခြင်း ဖြစ်လေသည်။

ဗိုလ်သန်းမောင်သည် ရန်ကုန်သို့ရောက်သော နာရီပိုင်းအတွင်းလောက်ကပင် ၎င်း၏ချစ်သူ မိမိနှင့် အစ်ကိုကြီးတို့ အိမ်ထောင်ကျနေပြီဆိုသော သတင်းနှင့် ကလေးတစ်ယောက်ပင် မျက်နှာမြင်ကာ သေဆုံးသွားပြီဆိုသော သတင်းများကို အသိမိတ်ဆွေများထံမှ ကြားသိခဲ့ပြီး ဖြစ်လေသည်။ သို့ရာတွင် သူသည် ပျော်ပျော်ပါးပါးနှင့် ပေါ့ပေါ့ဆဆနေထိုင်တတ်သော လူငယ်တစ်ဦးအနေနှင့် လည်းကောင်း၊ သမီးရည်းစား အများအပြားထားရှိခဲ့ဖူးသော ဂီတသမား လူငယ်တစ်ဦးအနေနှင့် လည်းကောင်း အဘယ်သို့မျှ စိတ်ထိ ခိုက်ခြင်း မရှိခဲ့ချေ။

ရေတပ်မတော်မှ ဂျစ်ကားကလေးနှင့် လိုက်ပို့ပေး၍ သူသည် အိမ်အတွင်းသို့ဝင်လာစဉ် စံပယ်မြိုင်အိမ်ကြီး၌ အစ်ကိုကြီး ဦးလွမ်းဝေတစ်ယောက်



PDF_ Yaybawal

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



တည်းသာ မဟုတ်ဘဲ ၎င်း၏ အစ်မလတ်နှင့် အစ်မလေးနှစ်ယောက်တို့ပါ ရောက်ရှိ၍ ထမင်းစားခန်း၌ စကားပြောဆိုနေကြသော အသံဗလံများကို ကြားရသဖြင့် သူသည် ထမင်းစားခန်းထဲသို့ တစ်ခါတည်း ဝင်မလာသေးဘဲ ခန်းဆီးအပြင်တွင် အသာခို၍ ရပ်ကာ ချောင်း၍ နားထောင်ခြင်း ပြုခဲ့လေသည်။

ရေတပ်အရာရှိကလေးသည် ထမင်းစားခန်းအတွင်း၌ ၎င်းထက် အကြီးများ ပြောဆိုနေကြသောစကားကို မည်ကဲ့သို့မျှ နားမလည်နိုင်အောင် ဖြစ်နေပေသည်။

"အစ်ကိုကြီးတို့ကိစ္စ" ထိုစကားလုံးကို အစ်မနှစ်ယောက်တို့သည် ထပ်ခါတလဲလဲ ပြောဆိုနေကြပေသည်။ သို့ရာတွင် သူသည် ဘာအဓိပ္ပာယ်မျှ မသိချေ။

"ရှင်းရှင်းလင်းလင်းလုပ်" ဆိုသော စကားကိုလည်း သူတို့နှစ်ယောက် တည်းကပင် ဒိုင်ခံ၍ ပြောဆိုနေကြပေသည်။ သို့ရာတွင် သူ့အဖို့ အဘယ်သို့မျှ ဆက်စပ်၍ မရချေ။

ထို့ကြောင့်သူသည် ငယ်ရွယ်သူပီပီ အစ်ကိုကြီးနှင့် အစ်မများ အားလုံးကို ရုတ်တရက် အံ့သြဝမ်းသာစရာ ဖြစ်သွားစေရန်အတွက် ရယ်ကာ မောကာနှင့် ထမင်းစားခန်းအတွင်းသို့ ဝင်လာခဲ့ခြင်း ဖြစ်လေသည်။

အကြီးသုံးယောက်တို့သည် ရုတ်တရက် စကားမပြောနိုင်ကြဘဲ အငယ်ဆုံး ဖြစ်သူကို ပါးစပ်များ အဟောင်းသားနှင့် စူးစိုက်ကြည့်ရှုနေကြလေသည်။

ယင်းသို့ တစ်ဦးနှင့်တစ်ဦး အတန်ကြာမျှ စကားမပြောဆိုဘဲ ငြိမ်သက်နေကြပြီးမှ အစ်ကိုကြီး ဦးလွမ်းဓေသည် ထိုင်ရာမှ လေးလေးလံလံ ထရင်း. . .

"သန်းမောင်လည်း ပြန်ရောက်လာပြီဟာ၊ နင်တို့ပဲ ကြည့်ပြီးပြောကြပေတော့" ဟု ပြောဆိုပြီးနောက် အိမ်အပေါ်ထပ်သို့ ပြန်တက်သွားလေသည်။

ရေတပ်အရာရှိကလေးသည် ၎င်းအစ်ကိုကြီး ထိုင်နေရာမှ ထသွားသော ကုလားထိုင်တွင် ဝင်၍ထိုင်ကာ ဖီးကြမ်းငှက်ပျောသီးတစ်လုံးကို ယူ၍ စားလေသည်။ ယင်းသို့ စားနေခိုက် အစ်မနှစ်ယောက်တို့သည် ၎င်းမရှိခိုက် ဖြစ်ပွားခဲ့သော နောက်ကြောင်း အဖြစ်အပျက်များကို ဝိုင်းညှပ်ကာ ပြောပြခြင်း ပြုကြလေသည်။

**နေရီရီ**

PDF_ Yaybawal

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



အစ်မနှစ်ယောက်တို့ ပြောကြားလျက်ရှိသော စကားများကို ပြီးဆုံးအောင် နားထောင်ခြင်းပြုပြီးနောက် မောင်ငယ်သည် ထိုင်ရာမှထလေသည်။ သူသည် အတန်ကြာမျှ ရပ်ကာငိုင်နေပြီးမှ. . .

"အစ်ကိုကြီးက ကြားထဲက ဘာမှမဆိုင်ဘဲနဲ့ ဘာပြုလို့ ဝင်ပြီး မားစားခံရတာတဲ့လဲ၊ သူ့ကိုကော ဘယ်သူက ခိုင်းလို့လဲ ဟင်"

ဟု ခပ်မာမာ ခပ်ထန်ထန် ပြောဆိုလိုက်သည်။

"သန်းမောင် နင်ဘယ်လိုလုပ်ပြီး ဒီစကားမျိုးကို ပြောလိုက်ရတာလဲ ဟင်" ဟု အစ်မလတ်က အော်ဟစ်၍ ပြောဆိုခြင်း ပြုလိုက်သည်။

"မိမိနဲ့ ကျွန်တော်နဲ့ ဖြစ်ခဲ့ကြတယ်ဆိုတာကိုတော့ ကျွန်တော် မငြင်းလိုပါဘူး။ ဒါပေမယ့် ဒီကလေးဟာ ကျွန်တော့်ကလေးလို့ ဘယ်သူက သေသေချာချာ ပြောနိုင်သလဲ"

ရေတပ်အရာရှိကလေးသည် ၎င်း၏ တာဝန်ကို ငြင်းဆန်ခြင်း ပြုလိုက်လေသည်။

"တော်တော့ သန်းမောင်၊ နင် ဒီလိုစကားမျိုးမပြောနဲ့တော့"

အစ်မအငယ်လုပ်သူကလည်း မခံမရပ်နိုင်ဖြစ်ကာ အော်ဟစ်ပြောဆိုခြင်း ပြုလိုက်လေသည်။

"ဘာလဲ အစ်မတို့က အစ်ကိုကြီးတင်မကသေးဘူး ကျွန်တော့်ကိုပါ တစ်ဆင့် နွားအလုပ်ခိုင်းကြဦးမလို့လား"

ရေတပ်အရာရှိကလေးသည် ထမင်းစားပွဲကို လက်နှင့် ခပ်ကြမ်းကြမ်း ပုတ်၍ ဒေါကလေး မာန်ကလေးနှင့် ပြောဆိုလေသည်။

ထိုသို့ ပြောဆိုနေခိုက် ဆရာဝန်ကြီး ဦးလွမ်းဝေသည် အောက်ထပ်သို့ ပြန်ဆင်း၍လာကာ လှေကားရင်းတွင် ရပ်နေသည်။ သူသည် ထိုမောင်နှမသုံးယောက်တို့ ပြောဆိုနေကြသော စကားကို ငိုင်၍နားထောင်နေရာမှ. . .

"မင်းတာဝန်ကို မင်းငြင်းလိုက်ပြီပေါ့ ဟုတ်လားဟေ့ သန်းမောင်"

ဟု တည်တည်ငြိမ်ငြိမ် လှမ်း၍ မေးမြန်းခြင်း ပြုလိုက်လေသည်။

ရေတပ်အရာရှိကလေးသည် အစ်ကိုကြီးလုပ်သူကို အလန့်တကြား ပြန်လှည့်ကြည့်လေသည်။ သို့ရာတွင် သူသည် ဘာမျှတော့ ပြန်မပြောချေ။

ဆရာဝန်ကြီးဦးလွမ်းဝေသည် အလွန်တရာ စိတ်ရှည်၍ သည်းညည်း



PDF_ Yaybawal

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



ခံနိုင်သော လူကြီးတစ်ယောက် ဖြစ်ပေသည်။ သို့ရာတွင် ထိုအခိုက်အတန့်တွင် သူ၏အသားများသည် တဆတ်ဆတ်တုန်၍ နေပေသည်။

ဒေါက်တာလွမ်းဝေသည် သက်ပြင်းကို ခပ်လေးလေးပင်ပင် ချလိုက်ပြီး ထမင်းစား စားပွဲဆီသို့ လျှောက်လာသည်။ သူသည် ဒေါသကိုချုပ်တည်းထိန်းသိမ်းခြင်းပြုပြီးနောက် နှမနှစ်ယောက်တို့ကို တစ်ယောက်ပြီးတစ်ယောက် တစ်လှည့်စီလှမ်း၍ ကြည့်ရှုရင်း. . .

"နင်တို့မောင် ပြောတဲ့စကားကို နင်တို့ကိုယ်တိုင် နားနဲ့ကြားပြီ မဟုတ်လား" ဟု မေးလိုက်သည်။

ထမင်းစားပွဲတွင် ထိုင်နေကြတုန်းဖြစ်သော မိန်းမသားနှစ်ယောက်တို့သည် ဘာမျှပြန်မပြောနိုင်ကြချေ။ မျက်ရည်များ သုတ်နေကြလေသည်။

ယင်းသည့်အခိုက်တွင် အိမ်ထဲသို့ မည်သည့်အချိန်ကရောက်ရှိကာ နားထောင်နေမှန်းမသိသော မိမိသည် ထမင်းစားခန်းအတွင်းသို့. . .

"ရက်စက်လှပါကလား ကိုသန်းမောင်ရယ်"

ဟု ငိုယိုပြောဆိုရင်း ဝင်လာလေသည်။

ရေတပ်အရာရှိသည် မိမိကို မျက်နှာချင်းပင်မဆိုင်ချေ။ ထမင်းစားခန်း အတွင်းမှ အပြင်ဘက်သို့ ခပ်ဆောင့်ဆောင့်လုပ်၍ ထွက်သွားလေသည်။

"သန်းမောင်ရေ. . . ဟေ့. . . သန်းမောင်"

ဒေါက်တာလွမ်းဝေသည် ညီလုပ်သူထွက်သွားရာသို့ အပြေးအလွှား လိုက်ခေါ်ပေသည်။ သို့ရာတွင် ထိုသူသည် နောက်ကြောင်း ပြန်လှည့် မကြည့်တော့ချေ။ အိမ်အတွင်းမှ အိမ်အပြင်သို့ တစ်ခါတည်း ထွက်သွားလေသည်။

ဒေါက်တာလွမ်းဝေသည် ညီလုပ်သူ ထွက်သွားရာသို့ နောက်မှ အပြေးကလေး လိုက်ရပြန်လေသည်။

"သန်းမောင်ရေ. . . ဟေ့. . . သန်းမောင်"

သူသည် ညီငယ်ကို လှမ်း၍ အော်ဟစ်ခေါ်ဝေါ်ပြန်လေသည်။

စံပယ်မြိုင်ခြံဝင်းအပြင်သို့ ထွက်သွားပြီဖြစ်သော ရေတပ်အရာရှိကလေးသည် ဆရာဝန်ကြီးတစ်ဦးကို လှည့်၍မျှပင် မကြည့်တော့ချေ။ သူသည် မှတ်တိုင်တစ်ခုရှေ့တွင် အဆင်သင့်စောင့်နေသော ဘတ်စ်ကားကြီး တစ်စီးပေါ်သို့ ကတိုက်ကရိုက် တက်သွားလေသည်။

နေရီရီ

PDF_ Yaybawal

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



ဆရာဝန်ကြီး ဦးလွမ်းဝေသည် ညီငယ်နောက်သို့ ပြေး၍လိုက်ရန် ကြိုးစားကြည့်သေးသည်။ သို့ရာတွင် ဘတ်စ်ကားသည် ထွက်သွားလေပြီ။ သူသည် မီအောင် မလိုက်နိုင်တော့။

* * *



PDF_ Yaybawal

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com

# အသက်ပေးရသော ဆရာဝန်ကြီး

## (၁)

မျက်စိတစ်ဆုံးတွင် ပျောက်ကွယ်သွားသော ဘတ်စ်ကားကို ကျောက်ရုပ်ကြီးကဲ့သို့ မတုန်မလှုပ်ရပ်ကာ အတန်ကြာမျှ ငေးစိုက် ကြည့်ရှုပြီးနောက် ဒေါက်တာလွမ်းဝေသည် သူ ပြုထားခဲ့သောအမှုကို ရင်ဆိုင်ခြင်းပြုရန်အတွက် နောက်ကြောင်းသို့ ပြန်လှည့်လာခဲ့ရလေသည်။

ဧည့်ခန်း၌ တရှုပ်ရှုပ် ငိုယို၍နေကြသော နှမနှစ်ယောက်တို့ကို သူသည် တွေ့ရပေသည်။ သို့ရာတွင် မိမိတစ်ယောက်ကိုတော့ကား မတွေ့ရချေ။ ထိုမိန်းမတစ်ယောက်ကော အဘယ်သို့ ထွက်သွားရပြန်သနည်း။

"ဒီကောင့်အကြောင်းကိုသိလို့ စောစောကတည်းက လက်မခံထားဖို့ အစ်ကိုကြီးကို ကျွန်မ စာအတန်တန် ရေးခဲ့တယ် မဟုတ်လား"

နှမအငယ်လုပ်သူက တရှုပ်ရှုပ် ငိုလျက်နေရာမှ အစ်ကိုကြီး ဖြစ်သူအား လှမ်း၍ အပြစ်တင်လေသည်။

ဆရာဝန်ကြီးဦးလွမ်းဝေသည် ဦးခေါင်းကို ခါယမ်းခြင်း ပြုလိုက်မိသည်။ အကယ်၍ မူလကအတိုင်းသာ တောလက်ကျေးရွာများမှ လူနာများကို လိုက်လံဆေးကုနေရသော အလုပ်ဖြင့် အချိန်ကုန်လွန်နေရလျှင် ဤကဲ့သို့ စိတ်ဆင်းရဲပင်ပန်းစရာ ကောင်းလှသော အရေးအခင်းများနှင့် မည်သို့မျှ တွေ့ဆုံစရာ အကြောင်းမရှိနိုင်ချေဟု သူသည် တွေးတောနေမိသည်။

"ဒီကောင်ဟာ ဘယ်တော့မှ ကောင်းကျိုးပေးတတ်တဲ့သတ္တဝါ မဟုတ်ဘူးဆိုတာကိုလည်း အစ်ကိုကြီးကို ကျွန်မ အတန်တန်သတိပေးခဲ့သားပဲ



PDF_ Yaybawal

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



မဟုတ်လား၊ ခုတော့ ဘယ့်နဲ့ရှိစ"

နှမလုပ်သူကလည်း တရှုပ်ရှုပ် ငိုနရာမှ ဆရာဝန်ကြီးဦးလွမ်းဝေကိုသာ လှမ်း၍ အပြစ်တင် ပြောဆိုခြင်း ပြုလိုက်ပြန်လေသည်။

သူသည် ဂရုဏာဒေါသောနှင့် အပြစ်တင် ပြောဆိုနေကြသော နှမနှစ်ယောက်တို့ကို တစ်ယောက်တစ်လှဲစီ ကြည့်လေသည်။ ထို့နောက် သက်ပြင်းကို ခပ်ပြင်းပြင်းချရင်း. . .

"နင်တို့ နှစ်ယောက်စလုံး နက်ဖြန်ကာ ပြန်ကြမှာသာ အေးအေးဆေးဆေး ပြန်ကြတော့၊ ကျုန်တာ ငါ့ဟာနဲ့ငါ ရှိပါစေတော့ကွယ်"

ဟု အသံတုန်ကြီးနှင့် ပြောဆိုကာ အိမ်အပေါ်ထပ်သို့ လေးလေးကန်ကန် တက်လာခဲ့သည်။

လှေခါးထိပ်တွင် သူသည် မောပန်းလှသောကြောင့် ခေတ္တမျှ ငိုင်၍ ရပ်နေလိုက်ရသည်။ သူသည် ရှေ့ဆက်၍ ဘာလုပ်ရဦးမည်နည်း။ ဆရာဝန်ကြီးဦးလွမ်းဝေသည် သူလျှောက်ရမည့်လမ်းကို မှန်းမျှော်၍ ကြည့်မိသည်။ လမ်းစကိုသူသည် မတွေ့၊ သူ၏ အနာဂတ် ကမ္ဘာကြီး တစ်ခုလုံးသည်လည်း နှင်းများဖြင့်ဝေနေတော့သည်။

ယင်းသို့ လှေကားထိပ်တွင် ဦးလွမ်းဝေသည် ခေတ္တမျှရပ်ကာ ငိုင်၍ စဉ်းစားနေခိုက်. . .

"ဆရာကောဟင်၊ ဆရာတစ်ယောက် ဘယ်မှာလဲ"

ဟူသော ငိုသံပါကြီးနှင့် ထမင်းစားခန်းအတွင်းရှိ နှမနှစ်ယောက်တို့အား အရေးတကြီး မေးမြန်းနေသော ဒေါ်လေး၏အသံကို ဒေါက်တာလွမ်းဝေသည် ကြားလိုက်ရသည်။

ဒေါ်လေးသည် ဘာဖြစ်လာရပြန်သနည်း။

"အစ်ကိုကြီး ခုပဲ အပေါ်ထပ်ကို တက်သွားပါတယ်"

နှမအငယ်လုပ်သူ၏ ပြောကြားသံကိုလည်း ကြားလိုက်ရသည်။

"ဆရာ. . . ဆရာ"

ဒေါ်လေးသည် အသံခပ်စာစာနှင့် အော်ခေါ်ရင်း အိမ်အပေါ်ထပ်သို့ အပြေးကလေး တက်လာလေသည်။

ဒေါ်လေးသည် ဘယ်လိုများ အရေးတကြီး ဖြစ်လာရပြန်သနည်း။

**နေရိရိ**

PDF_ Yaybawal

ဦးလွမ်းဝေသည် သက်ပြင်းကိုချရင်း လှေကားအတိုင်း အပြေးအလွှား တက်လာသော ဒေါ်လေးကို လှည့်၍ ကြည့်လိုက်သည်။ ထိုအမယ်ကြီး အလွန်တရာ မျက်စိပျက် မျက်နှာပျက် ဖြစ်လာပေသည်။ အဘယ်သို့သော အရေးအခင်းများ ပေါ်ပေါက်လာရပြန်သနည်း။

"မိမိတော့ သူ့ကိုယ်ကိုသူ ကြံစည်ပြန်ပြီ ဆရာရယ်၊ လိုက်ကြည့်ပါဦး"

ဟုသာ ပြောဆိုပြီးနောက် ဒေါ်လေးသည် လှေကားထိပ်တွင် ငိုင်၍ ရပ်ကြည့်နေသော ဆရာဝန်ကြီး ဦးလွမ်းဝေ၏ ခြေရင်းတွင် ခြေပစ်လက်ပစ် ထိုင်ချလိုက်သည်။

ဆရာဝန်ကြီး ဦးလွမ်းဝေသည် တုန်လှုပ်၍ သွားလေသည်။ ရုတ်တရက် ကြားသိလိုက်ရသော သတင်းကြောင့် သူသည် ဘာကစ၍ ဘာကိုလုပ်ရမှန်း မသိနိုင်လောက်အောင် ဖြစ်နေပုံလည်း ရပေသည်။ သူသည် ဒေါ်လေးကို ငုံ့၍ ကြည့်ရင်း အတန်ကြာမျှ ကြက်သေသေကာ ရပ်နေသည်။

မိမိသည် ဒုတိယအကြိမ် ၎င်း၏ကိုယ်ကို ကြံစည်ခြင်း ပြုပြန်လေပြီ။ ပထမအကြိမ် ထိုကဲ့သို့ ကြံစည်စဉ်က သူသည် ထိုမိန်းမ၏အသက်နှင့် ၎င်း၏ ဝမ်းဗိုက်အတွင်းမှ သန္ဓေသားတို့ကို မနည်းပြန်၍ လုယက်ယူငင်ခြင်း ပြုခဲ့ရသည်။ ထို့နောက် ထိုသားအမိနှစ်ယောက်တို့ကို သူ၏ပစ္စည်းများ ဖြစ်လာပါသည်ဟူ၍ လူသိရှင်ကြား ကြေညာခြင်းလည်း ပြုခဲ့ရလေသည်။ ထိုနည်းဖြင့် သူသည် ပထမအကြိမ် ကြံစည်စဉ်က မိမိ၏ အသက်နှင့် အရှက်တို့ကို ကာကွယ်ခြင်း ပြုခဲ့ရသည်။ သူသည် မိမိ၏ အသက်နှင့် အရှက်တို့ကိုတော့ ကာကွယ်နိုင်ခဲ့သည်။ သို့ရာတွင် သားငယ်၏ အသက်ကိုကား မကယ်နိုင်ခဲ့ချေ။

ယခုတစ်ကြိမ်တွင်လည်း မိမိသည် ၎င်း၏ကိုယ်ကို မိုက်မိုက်မဲမဲနှင့် ပက်ပက်စက်စက် ကြံစည်ပြန်လေပြီတကား။ မိမိ ထိုကဲ့သို့ ၎င်း၏ကိုယ်ကို ဒုတိယအကြိမ် မိုက်မိုက်မဲမဲ ကြံစည်ခြင်းပြုရသည် ဆိုသောအကြောင်းကို အထူးအထွေ စဉ်းစားနေရန် ဆရာဝန်ကြီး ဦးလွမ်းဝေအတွက် မလိုတော့ချေ။ ထိုမိန်းမသားသည် ၎င်း၏အဖို့ မျှော်လင့်ချက်တစ်ခုအတွက်နှင့် အသက်ရှင်နေခဲ့ရာ ထိုမျှော်လင့်ချက်သည် ယနေ့ပင် ပျက်စီးသွားခဲ့ပြီ မဟုတ်သလော။

မိမိသည် ၎င်း၏ မျှော်လင့်ချက်နှင့် အသက်ရှင်နေနိုင်ခဲ့ခြင်း ဖြစ်ရာ ထိုမျှော်လင့်ချက် ကုန်ဆုံးသွားသည့်နောက်ပိုင်းတွင် အဘယ် အနက်အဓိပ္ပာယ်



PDF_ Yaybawal

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



ဖြင့် ဆက်လက်၍ အသက်ရှင်နေနိုင်ပါဦးမည်နည်း။ ဆရာဝန်ကြီး ဦးလွမ်းဝေသည် ၎င်းကုစားခဲ့ပြီးနောက် ထပ်မံ၍ ကုစားခြင်းပြုရဦးမည့် လူနာ၏ အဘိဓမ္မာကို ဆန်းစစ်မိသည်။ သူသည် မိမိကို သာမန်ဆေးကုရုံမျှနှင့် သူ၏ ဆေးကုခြင်းသည် မလုံလောက်နိုင်တော့ကြောင်း ကောင်းစွာ သိမြင်လာသည်။ သူသည် လူနာ၏ အနာဂတ်တွင် အသက်ရှင်နေနိုင်ရေးအတွက် အသစ်သော မျှော်လင့်ချက်ကိုပါ ပေးနိုင်ဖို့လိုအပ်နေကြောင်းကိုလည်း ထင်ထင်ရှားရှား တွေ့မြင်လာလေသည်။

ထိုမျှော်လင့်ချက်အသစ်ကို သူသည် မိမိအား ပေးနိုင်စွမ်းရှိသလော။ သူက ပေးနိုင်စွမ်းရှိသည့်တိုင်အောင်လည်း လူနာက လက်ခံနိုင်ပါ့မည်လော။ ဆရာဝန်ကြီး ဦးလွမ်းဝေသည် ထိုလောနှစ်လောကို စဉ်းစားလျက် ရှိပေသည်။ မည်ကဲ့သို့ပင်ဖြစ်စေ ပေးရမည့်တာဝန်မှာ သူ၏ တာဝန်မျှသာ ဖြစ်ခြင်းကိုလည်း စဉ်းစားမိလာသည်။ လက်ခံသည်၊ မခံသည်မှာ တစ်ဖက်သောသူ၏ တာဝန်မျှသာ ဖြစ်လေသည်။

တကယ်ဆိုတော့ ဆရာဝန်ကြီး ဦးလွမ်းဝေသည် ထောင်ပေါင်းများစွာသော လူနာတို့၏ အသက်အတွက် သူ၏ ဘဝကြီးတစ်ခုလုံးကို မတွန့်မဆုတ် ပေးလှူထားခဲ့သော လူတစ်ယောက်ပင်ဖြစ်သည် မဟုတ်သလော။ သို့ဖြစ်လျှင် ပထမအကြိမ်ကပင် သူ၏ကိုယ်ကို ပေးလှူကာ ရွေးနုတ်ခြင်းပြုခဲ့ရသော ထိုမိန်းမ၏ အသက်ကို ဒုတိယအကြိမ်တွင်လည်း အဘယ့်အတွက် သူသည် ရွေးနုတ်ခြင်း မပြုနိုင်ရသနည်း။ တကယ်ဆိုတော့ ဆရာဝန်တစ်ဦး၏ အမြင့်မြတ်ဆုံးသော လုပ်ငန်းသည် ပင်ပန်းနာကျင်သော လူသားတို့အတွက် ၎င်း၏ ဘဝကြီးတစ်ခုလုံးကို ပေးလှူထားခြင်းပင်ဖြစ်သည် မဟုတ်သလော။

## (၂)

အတွေ့အကြုံ များပြားရင့်ကျက်လျက် ဝါရင့်လှသော ဆေးသမားကြီး ဦးလွမ်းဝေသည် ၎င်း၏ တရားဝင်ဇနီးကလေး၏ ဝမ်းဗိုက်အတွင်းမှ လူတို့ကို များစွာ ဥပဒ်ပေးတတ်သောပစ္စည်းများအား မိနစ်အနည်းငယ်အတွင်း တပည့်ကျော် မနေဘ်၏အကူအညီဖြင့် ထုတ်ပစ်ခြင်းပြုလိုက်လေသည်။ သွေးများကို



PDF_ Yaybawal

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



အဆိပ်ဖြစ်စေသော ပစ္စည်းများ ရှင်းလင်းသွားသည်နှင့် တစ်ပြိုင်နက် လူနာသည် တစ်စထက်တစ်စ ငြိမ်သက်လာသည်။

ဆရာဝန်ကြီး ဦးလွမ်းဝေသည် ပိုမို၍ စိတ်ချနိုင်စေရန်အတွက် သွေးများကို ကြည်လင်သန့်ရှင်းသွားအောင် ဆေးတစ်လုံးကို ဇနီးလုပ်သူအား ထိုးပေးလေသည်။ သူ၏ ပြုစုရာရှိသော အမှုများကို ပြု၍ ပြီးစီးသွားသောအခါ ဒေါက်တာလွမ်းဝေသည် လူနာကို စောင်ခြုံပေးထားခဲ့ပြီးနောက် အခန်းအပြင်သို့ ထွက်လာခဲ့လေသည်။ သူ၏တာဝန်သည် ကုန်သွားပြီဖြစ်၍ ကျန်သော အပိုင်းကို သဘာဝအား ကြည့်ရှုခန့်ခွဲစေဖို့သာ ဖြစ်ပေသည်။

သူသည် အိမ်အပေါ်ထပ် စာကြည့်ခန်းအတွင်းသို့ ဝင်လာခဲ့ပြီးနောက် အဘိုးကြီးမသေမီ ထိုင်လေ့ရှိသော ကြိမ်ပက်လက်ကုလားထိုင်ကြီး ပေါ်တွင် ၎င်း၏ ကိုယ်ကို အသက်သာဆုံး နေနိုင်အောင် လှဲနေလိုက်သည်။

သူသည် မိမိ၏အသက်ကို ရှင်စေရုံမျှနှင့် ယခုအကြိမ်တွင် မပြီးတော့ချေ။ သေဆုံးသော နေ့ရက်သို့တိုင်အောင် ရှင်နေရမည့် သူ၏တာဝန်များကိုပါ စဉ်းစားရပေသည်။ တစ်ဖက်သား၏ အသက်ကို ရှင်စေရသော တာဝန်သည် သေးငယ်လွယ်ကူလှသော တာဝန်တော့ကား မဟုတ်ချေ။ ထိုမျှ ကြီးလေးလှသော တာဝန်ကိုလည်း ဆေးသိပ္ပံမှ ဆင်းလာပြီးကတည်းက တစ်ကြိမ်တစ်ခါမျှ ဦးခေါင်းထဲသို့ ထည့်သွင်းခြင်း မပြုခဲ့မိဖူးသေးသော ဆေးသမားသည် ယခုအခါတွင် စဉ်းစားလျက် ရှိလေပြီ။

တကယ်ဆိုတော့ သူသည် မိမိကို အသက်ရှင်စေနိုင်ရန်အတွက် တစ်ကြိမ်က သူ၏ဘဝကို ပေးခဲ့ရလေသည်။ ယခုတစ်ကြိမ်တွင် သူသည် ဘဝကို ပေးရုံမျှနှင့် မလုံလောက်တော့။ သူ၏အသက်ကို ပေးမှဖြစ်ပေလိမ့်မည်။ လူပေါင်းများစွာတို့၏ အသက်ကို ပြန်လည်ရှင်သန်စေခဲ့သော ဆရာဝန်ကြီး တစ်ဦးအနေနှင့် သူသည် တရားရုံးတစ်ခု၌ သူ၏မယားအဖြစ် လူသိရှင်ကြား လက်ထပ်ထိမ်းမြားထားသော ထိုမိန်းမသားအတွက် အဘယ့်အတွက် သူ၏ အသက်တစ်ချောင်းကို မပေးနိုင်ဘဲ ရှိအံ့နည်း။

တစ်သက်လုံးက ငြိမ်သက်ငိုက်မျဉ်းနေခဲ့သော ဆရာဝန်ကြီး ဦးလွမ်းဝေ၏ နှလုံးသားသည် ရုတ်တရက် ရုန်းကန်လှုပ်ရှားလာလေသည်။ ယင်းသို့ နှလုံးသားသည် ခုန်ပေါက်မြူးကြွလာသဖြင့် တည်ကြည်ရင့်ကျက်လှသော



PDF_ Yaybawal

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



ဆရာဝန်ကြီး ဦးလွမ်းဝေ၏ မျက်နှာသည် တဖြည်းဖြည်း နုပျိုလန်းဆန်းလာလေသည်။ သူ၏ တစ်ကိုယ်လုံးသည်လည်း ရုတ်တရက် ပေါ့ပါးသွက်လက်လာလေသည်။

ဆရာဝန်ကြီး ဦးလွမ်းဝေသည် သူ၏ကိုယ်ကို မည်ကဲ့သို့ အံ့ဩရမှန်း မသိနိုင်လောက်အောင် အံ့ဩနေပေသည်။ သူ၏ ဘဝတာတစ်လျှောက်လုံး ယခုကဲ့သို့ တစ်ကြိမ်ကစ်ခါမျှ လှုပ်ရှားခြင်း မရှိခဲ့ဘူးချေ။ သူသည် ပြန်လည် ငယ်ရွယ်လျက် ရှိလေသည်။

ယင်းသို့ စာကြည့်ခန်းအတွင်း၌ အဘယ်မျှ အချိန်ကြာသွားသည်တိုင်အောင် ဒေါက်တာလွမ်းဝေသည် တစ်ယောက်တည်း အနားယူရင်း ငြိမ်သက်နေသည်မသိ။ လူနာ၏ ညည်းတွားသံလိုလိုကြားလိုက်ရတော့မှ သူသည် ကမန်းကတန်းထကာ မိမိရှိရာသို့ ပြေးလာခဲ့သည်။

မိမိသည် ကောင်းစွာ သတိပြန်ရနေသည်။ အခန်းအတွင်းသို့ ဝင်လာသော လင်လုပ်သူကို အားကိုးအားထားပြုသော မျက်လုံးများဖြင့် ငေးစိုက်ကြည့်နေသည်။

ဆရာဝန်ကြီးဦးလွမ်းဝေသည် လူနာ၏ ဘေးတွင်ကပ်၍ ဘယ်တုန်းကမှ မထိုင်စဖူး ပိုင်စိုးပိုင်နင်း ဝင်၍ထိုင်လိုက်သည်။ ထို့နောက် လူနာ၏ နဖူးပြင်မှ ဆံစကလေးများကို ယုယုယယ သပ်ပေးရင်း. . .

"မိ သတိရလာပြီနော် ဟုတ်လား၊ အစ်ကိုကြီးဖြင့် ပူလိုက်ရတာကွယ်"

ဟု ရဲရဲတင်းတင်းနှင့် ရင်းရင်းနှီးနှီး ပြောဆိုလိုက်လေသည်။

မိမိသည် ဒေါက်တာလွမ်းဝေ၏ အမူအရာနှင့် ပြောပုံဆိုပုံများကို အစ ပထမ၌ ကြောင်အမ်းအမ်း ဖြစ်နေသည်။ နားမလည်နိုင်သကဲ့သို့လည်း ဖြစ်နေပုံ ရပေသည်။ အထူးသဖြင့် ၎င်းအား မခေါ်စဖူး "မိ" ဟူ၍ တစ်လုံးတည်း ခေါ်ဝေါ်လိုက်ခြင်းကို ကြည်နူးမိသလိုလည်း ခံစားနေရပုံရပေသည်။ သို့ရာတွင် ၎င်းတို့ နှစ်ယောက်၏ အကြားဝယ် ရုတ်တရက် ကြီးကြီးမားမား ပြောင်းလွဲနေသော ထိုအပြောင်းအလွဲကို လူနာသည် မီအောင်လိုက်နိုင်ရန် ရှန်းကန်နေရသဖြင့် ဘာမျှ ပြန်မပြောနိုင်စွမ်းချေ။

"ဘာပြုလို့ ဒီလိုကြံရသလဲ မိရယ်၊ အစ်ကိုကြီးတစ်ယောက်လုံး မိနဲ့အတူ ရှိနေတဲ့ဟာပဲ"



PDF_ Yaybawal

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



ဆရာဝန်ကြီးသည် ဆေးသမားစကားကို မပြောတော့ဘဲ ကာလသား စကားကို ပြောဆိုလေသည်။

"အစ်ကိုကြီး တကယ်ပြောနေတာလားဟင်"

လူနာသည် ၎င်း၏ နားကို စိတ်မချသကဲ့သို့ ပြန်၍ မေးမြန်းလာသည်။

"မိကို အစ်ကိုကြီး တစ်သက်လုံး စောင့်ရှောက်သွားဖို့ ဆုံးဖြတ်လိုက်ပြီမိ"

ဆရာဝန်ကြီးသည် လူနာ၏ နဖူးပြင်ကို လက်ဖြင့်မစမ်း၊ နှာခေါင်းဖြင့် စမ်းရင်း လှလှပပ ပြောဆိုလိုက်သည်။

"တကယ်ပြောလိုက်တာလားဟင် အစ်ကိုကြီး"

လူမမာသည် ချက်ချင်း ကျန်းမာလာသကဲ့သို့ လှဲနေရာမှ ဖြုန်းခနဲထ၍ ထိုင်ရင်းမေးလေသည်။

မေတ္တာရေစင်၏ ထက်မြက်လှသော စွမ်းပကားကို ဆရာဝန်ကြီး ဦးလွမ်းဝေသည် များစွာ အံ့ဩသွားပုံရလေသည်။ သို့ရာတွင် သူသည် ဦးခေါင်းကို ညိတ်ပြလိုက်ဖို့တော့ သတိမလစ်ချေ။

မိမိသည် ပျောက်ဆုံးသွားသော ကစားစရာအရုပ်လေးတစ်ခုကို ပြန်လည် တွေ့ရှိလိုက်ရသော ကလေးသူငယ်မကလေးတစ်ယောက်လို ၎င်း၏ အသက်တစ်ချောင်းအတွက် သူ၏ဘဝကိုသာမက အသက်ကိုပါ ပေးအပ်သော ဆရာဝန်ကြီး ဦးလွမ်းဝေ၏ လည်ပင်းကို တအားကြုံးဖက်ရင်း တရှုပ်ရှုပ်ငိုယိုခြင်း ပြုလိုက်သည်။ လူတို့သည် မမျှော်လင့်နိုင်သော ဝမ်းသာရခြင်းမျိုးနှင့် ရုတ်တရက် တွေ့ကြုံရသောအခါတွင် ဝမ်းသာငိုယိုတတ်ကြသည်ပင် မဟုတ်သလော။ ဝမ်းသာ၍ ငိုယိုရသော အရသာထက် အဘယ်အရသာသည် သာလွန် ကောင်းမွန်နိုင်သနည်း။

ယင်းသို့ မိမိက ဆရာဝန်ကြီး ဦးလွမ်းဝေ၏လည်ပင်းကို ဖက်ကာ ဝမ်းသာအားရ ငိုယိုနေခိုက်. . .

"ဆရာ. . . ဆရာ"

ဟု အသံပြုကာ လှေကားမှတက်လာသော မနော်၏အသံကို ကြားရလေသည်။ ဆရာဝန်ကြီး ဦးလွမ်းဝေသည် ဆေးသမားတို့ စောင့်စည်းအပ်



PDF_ Yaybawal

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



သော စည်းကမ်းကို ၎င်း၏ ဆေးသမားသက်တမ်းတွင် ပထမဦးဆုံးအကြိမ် ချိုးဖောက်ကာ ၎င်း၏လူနာအား နမ်းရှုပ်လိုက်သည်။ ထို့နောက် သူသည် လူနာကို အိပ်ရာထက်တွင် ပြန်လှဲစေကာ အခန်းအပြင်သို့ ထွက်လာခဲ့သည်။

မနော်သည် 'အစိုးရကိစ္စ' ဟူ၍ စာတန်းထိုးထားသော စာအိတ်ကြီး တစ်လုံးကို ၎င်း၏ ဆရာလုပ်သူအား လှမ်း၍ပေးပြီး အောက်ထပ်သို့ ပြန်၍ဆင်း သွားလေသည်။ စာမှာ ပြည်ထဲရေးဌာနမှ စာဖြစ်သဖြင့် ဆရာဝန်ကြီး ဦးလွမ်းဝေ သည် ထိုစာကို ကတိုက်ကရိုက်ဖောက်၍ ဖတ်ရှုခြင်းပြုလိုက်လေသည်။ စာပါ အကြောင်းအရာများသည် သူ စောင့်စားမျှော်လင့်ခဲ့သည့်အတိုင်းပင် ဖြစ်နေ သည်။ စာထဲတွင် ရန်ကုန်ခရိုင် ရဲမင်းကြီးက ဆရာဝန်ကြီး ဦးလွမ်းဝေအား ရန်ကုန်ခရိုင် နယ်နိမိတ်အတွင်းမှ အခြားအဘယ်သို့မျှ မသွားရ၊ မလာရ ဆိုသော အမိန့်ကို ပယ်ဖျက်ရုပ်သိမ်းလိုက်ပြီဆိုသော အကြောင်းကြားချက်ကို ဖော်ပြထားလေသည်။

ဆရာဝန်ကြီး ဦးလွမ်းဝေသည် ပြည်ထဲရေးဌာနမှ ယင်းစာကို ဖတ်ရှု ရင်း ဝမ်းသာလုံးဆို့နေသဖြင့် အခန်းအတွင်း၌ တစ်ယောက်တည်း ပစ်ထားခဲ့ရ သော လူနာကိုပင် မေ့လျော့နေပေသည်။ သို့ရာတွင် ထိုအခန်းအတွင်းမှ လူနာ ကို ရှေးဦးစွာ ပျောက်ကင်းအောင် ကုသပြီးမှသာလျှင် သူ့ကို လာပါ၊ ကယ်ပါ တစာစာနှင့် အော်ဟစ်ခေါ်ဝေါ်လျက်ရှိနေကြသော မြန်မာနိုင်ငံအရပ်ရပ်မှ လူနာများရှိရာသို့ ဆရာဝန်ကြီး ဦးလွမ်းဝေသည် သွားရောက်ကုသခြင်းနှင့် ပြုပြင်ခြင်းအမှုများကို ပြုနိုင်လိမ့်မည် မဟုတ်သလော။ ထို့ကြောင့် သူသည် လူနာရှိရာအခန်းအတွင်းသို့ ကတိုက်ကရိုက် ပြန်ဝင်လာခဲ့သည်။

မိမိသည် ဒေါက်တာလွမ်းဝေလက်ထဲမှ စာရွက်ကို လှမ်း၍ ကြည့်ရင်း. . .

"ဘယ်ကစာလဲဟင် အစ်ကိုကြီး" ဟု မေးလိုက်သည်။

"ပြည်ထဲရေးကစာလေ၊ အစ်ကိုကြီး မြန်မာတစ်နိုင်ငံလုံး သွားလိုရာ သွားနိုင်ဖို့ လွတ်လပ်ခွင့် ပြန်ပေးတဲ့စာပေါ့"

"ဟင်. . . ဟုတ်လား"

"အစ်ကိုကြီးသွားတဲ့နေရာတွေကို မိ လိုက်နိုင်ပါ့မလား ဟင်"

ဆရာဝန်ကြီးဦး လွမ်းဝေသည် လူနာ၏ မေးဖျားကလေးကို ကိုင်လှုပ် ရင်း မေးလိုက်မိသည်။



PDF_ Yaybawal

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



"အစ်ကိုကြီး ဘယ်ကို သွားမလဲ သွားလိုရာသာသွားပါ၊ မိမိကတော့ ကိုယ့်လင် ဘယ်သွားသွား ရေပူရေချမ်း ကမ်းလှမ်းရင်း လိုက်မှာပဲ"

ဟု လူနာက ပြောဆိုရင်း ဆေးသမားကြီးကို ၎င်း၏ ခုတင်ပေါ်သို့ ဆွဲ၍ အထိုင်ခိုင်းလိုက်လေသတည်း။

* * *

PDF_ Yaybawal

NYI SAY
MYANMAR EBOOK CREATOR

ဆေးပညာရှင်တို့သည်

မိမိတို့၏ ဆေးသိပ္ပံ အတတ်ကို

ပိုက်ဆံ ရှာဖွေဖို့ တစ်ခုတည်း

သက်သက် အတွက်သာ

သဘောထား အသုံးပြုကြမည် ဆိုလျှင်

ဤလောကရှိ လူကောင်းတို့ကို

အဘယ်သို့ အဘယ်မှာ

ရှာဖွေရနိုင်ပါဦးမည်နည်း။